
www.burmeseclassic.com



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည့်စုံ
သမားရိုးကျမဟုတ်သော ဝတ္ထု
Antimelodrama

# တင်သန်းဦး

# အချစ်အားနည်းရပ်ဝန်း

ပြည့်စုံ စာအုပ်တိုက်
[illegible] ဖုန်း ၂၄၃၇၅ [illegible]

ဖြန့်ချိရေး
*Green Books Store*
အမှတ်(၂၆၃)သိမ်ဖြူလမ်း၊ အမျိုးသား ဝိုင်အမ်စီအေ အဆောက်အအုံ၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း - ၂၉၆၄၄၂၊ ၇၀၆၀၀၂
email: ASK@ PYIZONEBOOKS. COM
WWW.PYIZONE BOOKS.COM

www.burmeseclassic.com

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း**

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

**အုပ်ရေ** - (၅၀၀)

**စာမူခွင့်ပြုချက်အမှတ်** - | ၅၀၀၀၂၁၀၁၀၉ |

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - | ၅၀၀၅၄၁၀၅၀၉ |

**မျက်နှာဖုံးမျက်နှာဖုံးဒီဇိုင်း** - မောင်ကျော်စိုး

**အတွင်းစာမျက်နှာဖွဲ့စည်းမှု** = ပြည့်စုံစာအုပ်တိုက်

**ထုတ်ဝေသူ**

ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက် (၀၄၂၈၅)

အမှတ်(၂၆၃)၊ အမျိုးသား ပိုင်အမ်စီအေ အဆောက်အဦ၊မြေညီထပ်၊

သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)

၁၉၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စာစီ** - ပြည့်စုံ

**အတွင်းဖလင်** - ဦးထွန်းဆိုင်

**စာအုပ်ချုပ်** - တင်မောင်ဦး

**စာမူ မူပိုင်** © တင်သန်းဦး

မျိုးအောင် (ရက္ခဗေဒ)၏ စီစဉ်ထုတ်လုပ်မှု

[redacted]

ထုတ်ဝေသည့်-စာအုပ်ကက်တလောက်အညွှန်း (CIP)

တင်သန်းဦး ၈၉၅.၈၃

အချစ်အားနည်းရပ်ဝန်း / တင်သန်းဦး ။ ရန်ကုန်

ပြည့်စုံစာအုပ်တိုက် - ၂၀၀၉

၂၂၄ စာ ၊ ၁၂ ဒသမ ၅ စင်တီ× ၁၈ ဒသမ ၅ စင်တီ

၁) အချစ်အားနည်းရပ်ဝန်း

BURMESE CLASSIC .com

# အခန်း-၁

## (က)

သူမ၏ ပိတုန်းရောင်နက်မှောင်သော ကေသာများသည် ဖြန့်ချလိုက်လျှင် တင်ပါးတစ်ဝက်ခန့်အထိပင်ရောက်အောင် ရှည်လျားခဲ့သော်ငြားလည်း ယခုတော့ ပျောက်ဆုံးကုန်လေပြီ။ ပခုံးများပေါ်သို့ ထိခတ်တို့ကာစားခြင်းငှာပင် မတတ်နိုင်လောက်အောင် တိုတိုနံ့နံ့ ဖြစ်နေလေပြီ။ ပြီးတော့ အရောင်ကလည်း နက်မှောင်တောက်ပြောင်နေခြင်း မရှိတော့။ အုန်းခွံရောင်နုနုနှင့် နီညိုရောင်ရင့်ရင့်ကြားမှာ အဝါရောင်အစင်းလိုက် ဆေးဆိုးထားသော ဆံပင်ကောက်ကောက်များကိုကြည့်ရသည်မှာ လှသည်ဟု အခြားသူများက ဆိုကောင်းဆိုမည် ဖြစ်သော်ငြားလည်း **ရာစစ်မှူး**အတွက်တော့ ယခင်က ဆံပင်ရှည်ကြီးကိုသာ နှမြောနေမိသည်။

**ဝေရီလွင်**သည် မိတ်ကပ်ကို ခပ်ပါးပါးလိမ်းထားသည်။ ပြုံးပြင်ပြီး ပုံပန်းကျနေပြီဖြစ်သော မျက်ခုံးတွေကို နီညိုရောင်ဆိုးပြီး မျက်ခွံပေါ်တွင် ပန်းရောင်ဆိုး၍ ငွေမှုန်တင်ထားသည်။ မျက်ဝန်းများ၏ပတ်လည်တွင် အိုင်းလိုင်နာဖြင့် ထင်းနေအောင် ခြယ်သထားသည်။ ကော့ရွန်းသော မျက်တောင်တွေက . အတုမဟုတ်ကြောင်းတော့ ရာစစ်မှူး အသိဆုံးပင်။ သို့သော် ဆေးဖြင့်ကူ၍ ကော့ထားတာတော့ သေချာသည်။

www.burmeseclassic.com



ဝေရီလွင်၏ နှုတ်ခမ်းများမှာလည်း ဆေးမင်ကြောင်ဖြင့် ပြုပြင်ပြီးပေပြီ။ ရဲနေသော နှုတ်ခမ်းထောင့်စွန်းတစ်ဘက်တွင် အငွေ့မသေသေးသော စီးကရက်က တွဲလွဲခိုနေတာကတော့ အရုပ်ဆိုးလှသည်။ လက်ယာဘက် နှုတ်ခမ်းထောင့်စွန်း၏ အထက်တွင် မှဲ့နက်တစ်လုံး ရှိသည်။ မာရီလင်မွန်ရိုးတွင်ရှိသော မှဲ့မျိုး။ ကမ္ဘာကျော်အလှမယ် စင်ဒီကရောဖို့တွင်လည်း ဤမှဲ့မျိုး ရှိသည်။ ဂျက်နက်ဂျက်ဆင်နှင့် မက်ဒေါနားမှာလည်း ဤမှဲ့မျိုးရှိသည်။ ဤမှဲ့မျိုးသည် ယောကျ်ားများကို ရူးသွပ်ပေါက်ကွဲ ဝေဖိုင်းသွားစေတာကတော့ အမှန်ပင်။

"ဝေ ဘယ်လိုလုပ်လိုက်တာလဲ"

ရာစစ်မှူးက လေသံကို မှန်ကန်အောင်ကြိုးစားရင်း ပြောလိုက်သည်။ ရင်ထဲမှာတော့ လျှော်လှုပ်သည်သို့ တုန်ခါနေလေပြီ။

"ရှင်းနေတာပဲလေ"

"ကိုကိုတော့ မရှင်းဘူး ဝေရယ်။ ကိုကိုတို့တဝေလေးက ဘယ်လောက်ငြိမ်းချမ်းလဲ။ ဘယ်လောက် သာယာလဲ"

"တည်ငြိမ်နေတဲ့ ကန်ရေပြင်ပေါ်ကို ကျွန်မက ပုလဲလုံးလေးတွေ ပစ်ချလိုက်တာပါ။ ပေါ်လာတဲ့ ဝိုင်းဝိုင်းစက်စက် ဂယက်ကလေးတွေကလဲ ပြင်းပြင်းထန်ထန်ကြီး မဟုတ်ပါဘူး ကိုရာစစ်မှူး"

"ကိုရာစစ်မှူး"

ရာစစ်မှူးစိတ်ထဲက ရေရွတ်မိသည်။ ဝေရီလွင်သည် ချစ်ခရီး စတင်ကတည်းက 'ကိုကို'ဟုသာ သူ့ကိုခေါ်ခဲ့သည်။ သူမကိုယ်သူမ 'ဝေ' ဟု ပြောဆိုသုံးနှုန်းခဲ့သည်။ ယခုတော့ နာမ်စားတွေက ပြောင်းပြီ။ **'ကျွန်မ'** ..... တဲ့။ **ကိုရာစစ်မှူးတဲ့။**

သံယောဇဉ်ကြိုးတွေက သံကွင်းဆက်ကြိုးကြီးများနယ်ပင် ခိုင်မာတောင့်တင်းလှသည်။ မည်သည့်လက်နက်ကိရိယာနှင့်မျှ ဖြတ်တောက်၍ ရမည်မဟုတ်။ ရာစစ်မှူးဘက်က ခိုင်ခိုင်ချည်ထားသည်။ သို့သော် ဝေရီလွင်ဘက်က ချည်နှောင်ထားသော ကြိုးများကို ဖြည်ထုတ်လိုက်မည်ဆိုပါက မည်သူကမျှ လာရောက်ဖြတ်တောက်ပေးစရာ မလိုတော့။





"ဝေ့ကို ကိုကိုချစ်တယ် ..."

"ဒါတွေကြားရတာ များလွန်းပြီရှင်"

"ဝေ့ကို ကိုကို အလိုလိုက်ခဲ့တယ်"

"ဆက်ပြီး အလိုလိုက်ဖို့ပဲ လိုတာပါ"

"ဝေ ဘာလုပ်ချင်လဲ။ ကိုကို ခွင့်ပြုခဲ့တယ်။ ဝေ ဘာလိုချင်လဲ။ အကုန်ရအောင် ဝယ်ပေးခဲ့တယ်။ ဝေ ဘာဖြစ်ချင်သလဲ။ ကိုကို ရအောင် ဖန်တီးပေးခဲ့တယ်။ ဝေက ကလေးမလိုချင်သေးဘူး။ အသက်သုံးဆယ် ကျမှ ယူမယ်ဆိုတာကိုလဲ ကိုကို မကန့်ကွက်ခဲ့ပါဘူး ...။"

ဝေရီလွင်က ပျင်းရိငြီးငွေ့စွာ သန်းဝေလိုက်သည်။

"ဒီကမ္ဘာကြီးပေါ်မှာ လူဦးရေ သိပ်များတယ် ကိုရာစစ်မှူး ရယ်။ သူများတွေက လူဦးရေထိန်းသိမ်းဖို့ လုပ်နေတာပါ။"

ဝေရီလွင် တမင်သက်သက် လှောင်ပြောင်နေခြင်းပင်။ သူမသည် လက်နှစ်ဘက်ဆန့်ကာ ခါးသိမ်သိမ်လေးကို ကော့၍ ပျင်းကြောဆန့်၍ သန်းဝေပြန်သည်။ ထိုအခါ သူမ၏ရင်တို့သည် သူ့ကို တိုက်ခိုက်တော့မည့် ဒုံးကျည်ထိပ်ဖူးများနှယ်။ သူမသည် ခြေထောက်တွေကို ပြောင်းချိတ်လိုက်သည်။ ဒေါက်ဖိနပ်လှလှလေးတစ်ဖက်ကို ချွတ်ချထားသည့် ခြေဖျားလေးကို လှုပ်ခါနေသည်။ ခြေသည်းတွေပေါ်မှာ ပန်းချီလှလှလေးတွေ ဆွဲထားသည်။ မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်ပြီး ငုံ့ကြည့်နေသူတစ်ယောက်အတွက်တော့ မီးခိုးရောင်နှင့် ရွှေညိုရောင် ရောထားသော အရောင်တစ်မျိုးကိုသာ ခပ်ဝါးဝါး မြင်ရပေမည်။

သို့ဆိုလျှင် ဝေရီလွင့် ခြေသည်းပန်းချီများကို မည်သူသည် အနီးကပ် ကြည့်ရှု၍ ခံစားခွင့်ရှိပါမည့်နည်း။

"ကိုကို အကောင်းပြောတာပါ။ မနောက်ပါနဲ့ဝေ ..."

သူ့လေသံသည် မာသွားသလား။

ရာစစ်မှူး စိုးရိမ်မိသည်။

ဝေရီလွင့်အတွက်တော့ သူသည် လိမ္မာရိုကျိုးသော မြွေတစ်ကောင်သာ ဖြစ်လိုသည်။ ဝေရီလွင်ကတော့ သူ့အတွက် အဆိပ်ပြင်းလှသော မြွေဟောက်တစ်ကောင် ဖြစ်နေလေပြီလား။

www.burmeseclassic.com



အနေတော်ပင်ဖြစ်သော သူတို့၏ ညွှေခန်းလေးထဲတွင် ဓာတ်ခဲနာရီတစ်လုံးမှ နာရီလက်တံသံကိုသာ မသဲမကွဲ ကြားနေရသည်။ မှောင်မိုက်သော ည၏လမ်းမပေါ်မှ ခြောက်ခြားဖွယ်ရာ အငွေ့အသက်များသည် ခပ်ညှို့ညှို့ ကန်ထရိုက်တိုက်၏ လေးထပ်အထိ ခြိမ်းခြောက်နေသည်။

"ဝေ့ကို ကိုကို ဘယ်လိုနားလည်ရမလဲ"

"ဘယ်လိုနားလည်ရမလဲဆိုတော့ ကျွန်မဟာ တစ်ချိန်တုန်းကတော့ ရှင်က အချစ်လို့ ကင်ပွန်းတပ်ထားတဲ့ လှောင်အိမ်ထဲက ငှက်ပေါ့"

"ဝေ့ကို ကိုကို မချုပ်ချယ်ခဲ့ပါဘူး"

"ဟုတ်ပါတယ်။ ကျွန်မက ရှင့်ရဲ့ အချစ်လှောင်အိမ်ထဲက မရုန်းထွက်နိုင်ခဲ့တာပါ။ ရှင်က ပျံသန်းခွင့်ပေးပေမယ့် ကျွန်မရဲ့ခြေထောက်မှာက ကြော့ကွင်းနှောင်ကြိုးနဲ့လေ။ ရှင်ဖြန့်ဆွဲယူလိုက်ရင် ကျွန်မဟာ ရှင့်နားပြန်ရောက်သွားတာပဲ။ ကျွန်မ ရှင့်နားက ဝေးဝေး မသွားနိုင်ခဲ့ဘူး"

"ဝေနဲ့ ကိုကိုနဲ့ဟာ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ။ အရမ်းကိုချစ်ခဲ့ကြတာပါ။ ချစ်လို့လဲ လူကြီးမိဘတွေ သဘောမတူခဲ့ပေမယ့် တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြတယ်။ ဒါပေမယ့် ကိုကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ခဲ့တယ်။ ဝေ့ကို ဝအောင်ကျွေးပြီး လှအောင်ဆင်ခဲ့တယ်"

ဝေက စီးကရက်ကို ကြမ်းပေါ်ပစ်ချသည်။ ဒေါက်ဖိနပ်စီးထားသော ခြေထောက်တစ်ဘက်ဖြင့် နင်းခြေသည်။ ခြေထောက်တွေကိုပြောင်း၍ ချိတ်သည်။ ဝေရီလွင်ထိုင်နေပုံက သူမ၏ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်အလှကို ပေါ်လွင်စေသည်။ ဝေရီလွင် အရပ်မြင့်သည်။ ရာစစ်မှူးနှင့် ယှဉ်ရပ်လျှင် အမြင့်ချင်း တူသည်။ ဝေရီလွင်က သုံးလက်မအမြင့်ရှိသော ဒေါက်ဖိနပ်ကိုသာ စီးလေရာ မန္တလေးကတ္တီပါဖိနပ်ကိုသာစီးသော ရာစစ်မှူး အရပ်နိမ့်သွားရသည်။



"ကန်ထရိုက် လေးထပ်တိုက်ပေါ်မှာ [illegible] လား ကိုရာစစ်မှူး"

"ဒါ ကိုကိုတို့ကိုယ်ပိုင်ပဲ။ ကြိုပွဲနိုင်နဲ့ ဝယ်ခဲ့တာပဲ။ ကိုကိုတို့ လက်ထပ်ခါစက သူများအိမ်မှာ သုံးလလောက် ကပ်နေရပေမယ့် နောက်တော့ ငှားနေနိုင်တယ်။ အခု ကိုယ်ပိုင်တိုက်ခန်းနဲ့ နေနိုင်ပြီ။ ဝေ အိမ်အလုပ်တွေလဲ မလုပ်ရဘူး။ ဓာဓာကို ခေါ်ထားတယ်"

ဓာဓာသည် ရာစစ်မှူးဘက်မှ ဆွေမျိုးနီးစပ်ဖြစ်သည်။ ဝေရီလွင်ကတော့ အိမ်ဖော်လိုသာ ဆက်ဆံသည်။ ဓာဓာ မကြာခဏ အရိုက်ခံရသည်။ နောက်ဆုံးအကြိမ်တွင် ဓာဓာသည် ခေါင်းပေါက်သွားသဖြင့် ဆေးခန်းသွားပြီး နှစ်ချက်ချုပ်ခဲ့ရသည်။ ဝေရီလွင်သည် ဓာဓာချက်ပြုတ်တာတွေ ခံတွင်းမတွေ့။ ဓာဓာလျှော်ဖွတ် မီးပူတိုက်ပေးသော အဝတ်များကို စိတ်တိုင်းမကျ။ ဓာဓာသည် ဝေရီလွင်ကို လက်ချောင်းတွေတောင့်အောင် နေ့စဉ် နှိပ်ပေးရသည်။ ဝေရီလွင်သည် ဓာဓာကို ဘယ်တော့မှ စိတ်မချ။ ဓာဓာသည် ရာစစ်မှူးနား ဘယ်တော့မှ မကပ်ရ။ စိတ်မထင်လျှင် ဝေရီလွင်သည် ရာစစ်မှူးကို ဓာဓာနှင့် စွပ်စွဲတတ်သည်။

"ရှင် မဂ္ဂဇင်းတိုက် သုံးတိုက်လောက်မှာ လှည့်ပတ်ပြီးလုပ်တဲ့ငွေက ကျွန်မထမီတစ်ထည်ဖိုး မရှိပါဘူး"

ရာစစ်မှူး အသည်းထဲမှာ မိုန်းတစ်ချောင်းဖြင့် အထိုးခံရသည့်သို့ စူးနစ်သွားရသည်။ သူသည် ဂျာနယ်သုံးစောင်တွင် အယ်ဒီတာလုပ်ပေးရသည်။ သတင်းတွေရေးရသည်။ ခရီးတွေ ထွက်ရသည်။ ဂျာနယ်များတွင်လည်း စာရေးရသည်။ အိမ်တွင် စာစီစာရိုက် လုပ်နိုင်သော ကွန်ပျူတာတစ်လုံး ရှိသည်။ ပင်တီယမ်ဖိုး ဖြစ်သည်။ ဂရပ်ဖစ်ဒီဇိုင်းပါ လုပ်နိုင်သည်။ နေ့ခင်းဘက်တွင် **ဆောင်းနှင်းစက်** ဟူသော ကောင်းမလေးသည် စာစီစာရိုက် လာလုပ်သည်။ သူက နံနက်ပိုင်း နိုင်းစရာရှိတာ နိုင်းပြီးမှ အိမ်အပြင်ထွက်သည်။ သူ ပြန်ရောက်လျှင် ဆောင်းနှင်းစက် မရှိတော့။ ညဘက် သူက ကွန်ပျူတာဖြင့် အလုပ်လုပ်သည်။ နောက်တစ်နေ့နံနက်ကျမှ ဆောင်းနှင်းစက်နှင့်

www.burmeseclassic.com



ပြန်တွေ့သည်။ သူနှင့် ဆောင်းနှင်းစက် တွေ့ဆုံချိန်မှာ တစ်နေ့လျှင် (၁၅) မိနစ်မျှသာရှိပြီး တနင်္ဂနွေတွင် မတွေ့။

"ရှင်ရတဲ့ငွေက ရှင့်ကောင်မကိုပေးရတဲ့ လခလောက်တောင် ရှိရဲ့လား"

ဝေရီလွှင်သည် ရာစစ်မှူးကို ဆောင်းနှင်းစက်နှင့် စွပ်စွဲလိုက်ပြန်သည်။ သူမသည် ဤသို့ပင် တွေ့သမျှမိန်းမများနှင့် သူ့ကို စွပ်စွဲမြဲဖြစ်သည်။ သူက သူမ၏ အူတိုမှု၊ သဝန်တိုမှု၊ စိတ်မချမှုများကို အချစ်ဟုထင်နေသည်။ ယခုတော့ သူ့ဘက်ကအချစ်တွေ မည်မျှပင် အားကောင်းပါစေ ဝေရီလွှင့်ဘက်က အချစ်တွေက အားနည်းနေပေပြီ။

သူခရီးထွက်ရာမှ ပြန်လာတော့ ဇာဇာကို မတွေ့ရ။ မေးကြည့်တော့ တောပြန်သွားသည်ဟု ဖြေသည်။ အိပ်ရာနိုးသည်မှ အိပ်ရာပြန်ဝင်သည်အထိ ဆိုင်ကိုသာ အားကိုးရသည်။ ဝယ်ပြီးသိမ်းထားသည့် အဝတ်လျှော်စက်ကို ထုတ်၍ ကိုယ့်အဝတ် ကိုယ်လျှော်ဝတ်ရသည်။ ဇာဇာသည် ခေါင်းကွဲအောင် အရိုက်ခံရသောအခါတွင်ကား ရာစစ်မှူးကိုရော ဝေရီလွှင်ကိုပါ ထိုင်ကန်တော့ပြီး ပြန်သွားသည်။ မပြန်ခင်မှာ ဇာဇာ၏ဆံပင်တွေကို ဝေရီလွှင်က ကတ်ကျေးဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ညှပ်ပစ်ခဲ့သည်။

နောက်တော့ ဆောင်းနှင်းစက်ကို အလုပ်ထုတ်ပစ်သည်။ မထုတ်လျှင်လည်း ဆောင်းနှင်းစက်က ထွက်စာတင်ထားပြီးဖြစ်သည်။ ကွန်ပျူတာနှင့် မော်နီတာကို ဘယ်အချိန်က ရောင်းပစ်လိုက်မှန်း မသိ။ ဝေရီလွှင်သည် ရာစစ်မှူးရှေ့တွင် အလွန်လိမ်မာသော ကြောင်ကလေးတစ်ကောင်ဖြစ်ပြီး ပွတ်သီးပွတ်သပ်နှင့် နေသည်။ ကွယ်ရာတွင် ကျားတစ်ကောင်ဖြစ်နေကြောင်း သတင်းတွေ ကြားနေရတာ ကြာပြီ။ ယခုတော့ ကျားသစ်မသည် သူ၏ရှေ့တွင် မာန်ဖီနေလေပြီ။

နာမည်အသင့်အတင့် ထင်ရှားသော ဂျာနယ်လစ်တစ်ယောက်သည် ၂၀ ရာစုအတွင်းတွင် ဖြစ်တည်နေသော မော်ဒန်မိန်းမတစ်ယောက်၏ ဆန္ဒတွေနှင့် လိုက်လျောညီညွတ်အောင် အလိုမလိုက်နိုင်တော့ပေ။





တကယ်တော့ သူ့တွင် အလိုလိုက်စရာ မကျန်တော့ပေ။ ဝေရီလွှင်သည် သူမသိအောင်ပင် အကွက်ချ စီစဉ်ခဲ့ပြီးပေ။ သူ စိုးစဉ်းမျှ မရိပ်မိခဲ့။

"ပေလုပ်တာ ကိုကို့ကို လုံးဝကျောခိုင်းဖို့ ဖြစ်နေပြီဆိုတာ ဝေ သိရဲ့လား။ ကိုကို့မှာ ဘာအပြစ်ရှိလို့လဲ"

"ရှင့်မှာ ဘာအပြစ်မှမရှိတာကိုက အပြစ်တစ်ခုပါပဲ။ ရှင်နဲ့ အျွန်မ ဘက်မညီတာတွေ အများကြီးပဲ။ ရှင် ကျွန်မ နိုက်ကလပ်သွားတာကို အပြစ်မြင်နေခဲ့တယ်"

"ကိုကို အပြစ်မြင်ပေမယ့် အပြစ်မတင်ခဲ့ဘူးနော်"

"ရှင် ကျွန်မနဲ့ အတူလိုက်ရမှာပေါ့"

"ကိုကိုတို့က နိုက်ကလပ်တက်ပြီး ပိုက်ဆံဖြုန်းနိုင်တဲ့ အနေအထားမှာ ရှိလို့လား။ ပြီးတော့ အဲဒီ နားကွဲလုမတတ် အသံတွေကို ကိုကို နားမထောင်နိုင်ဘူး။ လျှပ်စီးလက်တာထက်ဆိုးတဲ့ ဒစ္စကိုမီးတွေကို ကိုကို့မျက်လုံးက မခံနိုင်ဘူး"

"ဒါဟာ ရှင် ကျွန်မကို မှီအောင်မလိုက်နိုင်တာပဲ"

"ဒါပေမယ့် ကိုကို ကန့်ကွက်ခဲ့လို့လား"

သူသည် နံနက် သုံးနာရီ လေးနာရီမှ သူများတွေလိုက်ပို့၍ ပြန်လာရသော ဇနီးသည်ကို ကားလမ်းအထိ ဆင်းကြိုပြီး အရက်မူးပြေအောင် လုပ်ပေးရပေါင်း များပြီ။ တစ်တိုက်လုံး၏ သရော်တော်တော်အပြုံးတွေကို သူ ရင်ဆိုင်ခဲ့သည်။ အရေးအကြီးဆုံးက ဝေရီလွှင်သည် ရာစစ်မှူးကို ချစ်သည်ဆိုရုံနှင့် သူ လုံလောက်ခဲ့သည်။ ဝေရီလွှင်သည် အခြားသူများကိုလည်း ချစ်သည်ဆိုသော သတင်းမျိုးကို သူ မကြားချင်။ လာပြောသူရှိလျှင်လည်း သူက မကြားပါရစေနှင့်ဟု ငြင်းခဲ့သည်။ မည်သို့ဆိုစေ ယှဉ်ပြိုင်သူရှိလာလျှင်ပင် ဝေရီလွှင်သည် သူ့ကိုသာ အချစ်ဆုံးဟု ယူဆခဲ့သည်။

"ဝေ ကိုကို့ကို မချစ်တော့ဘူးနော်"

ဝေရီလွှင်က ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ချစ်နေတုန်းပါ။ ဝေပြန်လာရင် ကိုကို ဘာလုပ်ချင်သလဲ။ ဝေ အကုန်ဖန်တီးပေးမယ်"

ရာစစ်မှူးသည် ဝေရီလွင်က ဝေ၊ ကိုကို ဟူသော နာမ်စားများကို ပြန်လည်သုံးစွဲလိုက်သည်ကို သတိထားမိလိုက်သော်လည်း စိတ်သက်သာရာ မရတော့။

"မင်းမှားနေပြီ"

ရာစစ်မှူး၏အသံတွင် ပေါက်ကွဲတော့မည့် အရိပ်အယောင်တွေ ပါလာသည်။

"မင်းစဉ်းစားကြည့်။ မင်းမှာ ငါဆိုတဲ့ လင်တစ်ယောက်လုံး ငုတ်တုတ်ရှိတယ်။ ဒါပေမယ့် မင်းက ညည့်ငှက်မလို လုပ်နေတယ်။ မင်းနဲ့ငါနဲ့ အတူမအိပ်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဒါက ရှင်မှ မကြိုးစားဘဲ"

"ငါတစ်ယောက်လုံးရှိရက်နဲ့ မင်း နိုင်ငံခြားသားတစ်ယောက်ကို ထပ်လက်ထပ်တယ်"

"ဒါမှ အပြင်ထွက်နိုင်မှာလေ"

"ဒါပေမယ့် မင်း ဂရင်းမီးရထားဟိုတယ်မှာ တစ်ညလိုက်အိပ်တယ်"

"ဒါက ယုတ္တိရှိအောင် လုပ်ရတာလေ။ လက်ထပ်ပြီး အတူတူမအိပ်ဘူးဆိုရင် ဘယ်သူက လင်မယားလို့ ယုံမှာလဲ၊ အခုကြည့် အပြင်ကို တရားဝင်ထွက်လို့ရပြီ။ ပတ်(စ်)ပို့ကျပြီ။ ဗီဇာရပြီ။ ဟိုက ခေါ်စာရလို့ လွယ်တာနော်။ ဟိုမှာ အလုပ်ကလဲ အဆင်သင့်။ ရှင် ဆုံးဖြတ်ရမှာက ရှင်ဟိုကိုလိုက်လာဖို့ ကျွန်မက ဟိုက လှမ်းခေါ်ပေးရမလား။ လေယာဉ်လက်မှတ်ပါ ပို့ပေးမှာနော်။ ဒါမှမဟုတ်ရင် ဒီမှာပဲ နေပြီး ကျွန်မပို့ပေးတဲ့ငွေကို စုထားပေးမလား"

ရာစစ်မှူး ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

"မင်းက ဒီတိုက်ခန်းတောင် ရောင်းထားပြီးပြီဆိုတော့ ငါက ဘယ်မှာသွားနေရမလဲ"





"ရှင် တစ်ယောက်တည်းသမားပဲ"

"ကောင်းပါပြီ။ မင်းမှာ နောက်ထပ်ယောက်ျားတစ်ယောက် ရှိနေပြီပဲ။ အဲဒီကိုလိုက်ဖို့လည်း ပြင်ထားပြီးပြီပဲ။ ငါက မလိုတော့ပါဘူး။ မင်းကို ငါတားလို့မှ မရတာ"

"ဟုတ်ပါတယ်။ ရှင်တားလဲ ကျွန်မက လက်မခံပါဘူး။ ရှင့်ကို ကျွန်မ နှုတ်ဆက်ပါတယ်။ အမြဲတမ်းအတွက်တော့ မဟုတ်ဘူး။ ရှင်လဲ ဆောင်းနှင်းစက်များ ရှိနေဦးမလားဆိုပြီး အိမ်မြန်မြန်ပြန်လာဖို့ မလိုတော့ဘူး။ ရှင့်သူငယ်ချင်း စာရေးဆရာတွေ၊ ကဗျာဆရာတွေနဲ့ မူးနေဖို့ အချိန်ပိုရတာပေါ့။ ရန်ကုန်မှာ ရှင့်မိဘတွေရှိသားပဲ။ ကျွန်မ မရှိတော့ဘူးဆိုရင် ရှင် ကိုယ့်အိမ်ကိုယ်ပြန်ပြီး သူဌေးသားလေး လုပ်လို့ရပါတယ်"

သို့နှင့် ခိုင်မာလှပါသည်ဟုထင်ရသော သံကြိုးများသည် မည်သူကမျှ မဖြတ်တောက်ရပါဘဲနှင့် လွတ်ထွက်ကုန်ရသည်။ ရာစစ်မှူးရင်ထဲက ကဗျာတစ်ပုဒ် ထွက်ပေါ်လာပေမယ့် ပုံနှိပ်စာလုံးများ အဖြစ်သို့ ပြောင်းလဲခြင်းမရှိခဲ့ပေ။

'အချစ်ဟာ ကမ္ဘာပေါ်မှာ
ခွန်အားကြီးတာ အားလုံးအသိ။
သံမဏိကြိုးတွေဟာ
သံချေးတက် ရေညှိစွဲခဲ့
ဒါပေမယ့်ကွယ် ...
ငါ့ရဲ့ကျောက်ဆူး
အရှုံးသွပ်ဆုံး အချစ်ဦးကို
ဘယ်အရှုံးက ခိုးသွားပါလိမ့်။'

www.burmeseclassic.com

www.burmeseclassic.com

# (၁)

သူတို့ညီအစ်ကိုနှစ်ယောက် မတွေ့ရသည်မှာ ကြာပေပြီ။ ပြောရလျှင် ဝေရီလွင်နှင့် အိမ်ထောင်ကျပြီးကတည်းက ဖြစ်လိမ့်မည်။ မိဘများက ရာစစ်မှူးကို ဝေရီလွင်နှင့် သဘောမတူ။ မိခင်ဖြစ်သူက နှလုံးရောဂါနှင့် အကြောင်းပြခြိမ်းခြောက်ခဲ့သည်။ ဖခင်က အမွေနှင့် ခြိမ်းခြောက်ခဲ့သည်။ သူမနာခံခဲ့။ မိဘတွေက ဝေရီလွင်ကို မိန်းမပျက်သာသာမျှ သဘောထားခဲ့ကြသည်။ ဝေရီလွင့်မိဘတွေကိုလည်း အချောင်သမားလုပ်နေသော ဟန်ဆောင်ပန်ဆောင် အထည်ကြီးပျက်များ၊ တစ်နပ်စားများ၊ မပေါင်းသင့်တိုက်သူများဟု ပြောသည်။ ညီညီကမူ ဝေရီလွင်၏ လျှို့ဝှက်ရာဇဝင်ကိုပင် အခိုင်အမာ တည်ဆောက်ပြုစုခဲ့သည်။ ဓာတ်ပုံများကိုပါ ပြသခဲ့သည်။

သို့သော် ရာစစ်မှူးသည် ဝေရီလွင်ကို ရူးမလောက်ချစ်ခဲ့သူဖြစ်သည်။ ရူးမလောက်ချစ်ခဲ့လို့လည်း ချစ်သလောက်ရူးခဲ့ရသည်။ ဝေရီလွင်တစ်ယောက် သူ့ကိုထားရစ်ခဲ့ပြီး နိုင်ငံရပ်ခြားသို့ ထွက်သွားပြီဆိုသောအခါ မိဘများက သူ့ကို ဝမ်းသာအားရ ကြိုဆိုလက်ခံကြသည်။ သို့သော် သူမသွားခဲ့။ မိဘရင်ခွင်ကို စွန့်ခွာခဲ့ပြီးမှတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားရသည်။ သူငယ်ချင်း ကာတွန်းဆရာတစ်ယောက်အိမ်မှာ ကြောတစ်ခင်းစာအတွက် လခပေးပြီး နေသည်။ ထို့နောက် ကွန်ပျူတာအဟောင်းတစ်လုံးကို အရစ်ကြေးနှင့် ဝယ်ရသည်။ ယနေ့ခေတ်တွင် သူ့လို ဂျာနယ်လစ်တစ်ယောက်အဖို့ ကွန်ပျူတာမရှိလို့ မဖြစ်။ ဆောင်းနှင်းစက်သည့် အခြားကွန်ပျူတာလုပ်ငန်းတစ်ခုတွင် သုံးသောင်းခွဲလခဖြင့် ဝင်လုပ်နေရာမှ နံနက်စော



စာနှင့် ညနေပိုင်းတွင် သူ့ကို လာကူညီသည်။ သူ့အစည်းဂျာနယ်စာမျက်နှာများကို ကွန်ပျူတာဖြင့် ဖွဲ့စည်းပေးသည်အထိ ဝင်ဝင်စိုက်မ လိုက်သည်။ သူလုပ်ရသော ဂျာနယ်များမှာ ထိပ်တန်းကြီးများတော့ မဟုတ်။

"မင်းမှာ ရာစစ်မှူးဆိုတဲ့ နာမည်တစ်လုံး ရပြီးပါပြီ ကိုကိုရာ။ အိမ်ပြန်လာခဲ့ပါ။ အိမ်မှာ ဖိမ်နဲ့နေ၊ ဖိမ်နဲ့စား။ မင်းစာရေးချင် ရေး။ အခုလို လွယ်အိတ်တစ်လုံးနဲ့ လျှောက်သွားနေစရာ မလိုပါဘူး။ မင်းအိမ်ဆိုတာကလည်း အိမ်လို့ မမည်ပါဘူး။ သူများအိမ်မှာ တစ်ညတစ်လေ ဖြစ်သလိုတည်းတာမျိုးပါ"

ညီညီသည် သူနှင့် တစ်နှစ်သာကွာသည်။ မင်းငါနှင့် ပြောသည်။ မိဘအိမ်ပေါ်က ဆင်းလာပြီး ညီညီနှင့် အဆက်ပြတ်ရခြင်းမှာ ညီညီ သူ့ကို သဘောထားပြောင်းသွားလို့ မဟုတ်။ နိုင်ငံခြားထွက်သွားလို့ ဖြစ်သည်။ ညီညီသည် ကျောင်းမပြီးခင်မှာပင် သင်္ဘောလိုက်ခဲ့သည်။ လေးငါးနှစ်ခန့် အိမ်ပြန်မလာ။ သင်္ဘောလိုက်ရာမှ ရောက်ရာနိုင်ငံတွင် ကျရာအလုပ်ကို လုပ်သည်။ လူကလည်း ပေပေတေတေသမား။ သူ့တွင် ပတ်(စ်)ပို့က အတုတွေရော၊ အစစ်ရော ရှိသည်။ အငှား စစ်မှုထမ်းသည်။ ပိုက်ဆံရလို့ ဖြစ်သည်။ သင်တန်းတက်သည်။ သုံးနှစ်ကြာမှ ပြန်ထွက်လာသည်။ သူ့တွင် နိုင်ငံတကာ ဗဟုသုတ စုံလင်လှသည်။

"နိုင်ငံခြားသွားတာ ဘာခက်လို့လဲ။ ငါ သင်္ဘောလိုက်တယ်။ အရှေ့အနောက် စုံတယ်။ တစ်နှစ်နေတော့ သင်္ဘောက ဒေဝါလီခံရရော။ ဘန်ကောက်က လမ်းကြိုလမ်းကြားမှာ ဗြဲသလို နေခဲ့ရတယ်။ သူတို့ဆီမှာ စစ်မှုမထမ်းမနေရ ဥပဒေရှိတယ်။ စစ်ထဲမဝင်ချင်တဲ့ သူဌေးသားကိုယ်စား ငါ အစားဝင်ပေးလိုက်တာ သင်္ဘောလိုက်တာထက် ကိုက်တယ်။ နောက်ပိုင်း ငါသွားနေတာက ငါလုပ်ချင်တာကို ရွေးခြီသွားတာ။ သူများကို ပို့ဆိုလဲ ပို့နိုင်တယ်။ မင်းမိန်းမ နိုင်ငံခြားထွက်သွားပုံက ငါ့ထက်ဆိုးတယ်။ ငါက တရားဝင်သွားတာ။ ပြန်လာတော့

www.burmeseclassic.com

www.burmeseclassic.com



သံရုံးမှာ ဒဏ်ဆောင်ပြီး ပြန်တယ်။ တရားဝင် ပြန်ထွက်တယ်။ အခု သူလုပ်သွားတာက မင့်ကိုပစ်ပြီး နောက်လင်ယူသွားတာပဲ။ အဲဒါကို မင်းက သူ့အတွက်ဆွေးပြီး ကိုယ့်ကိုယ်ကို နှိပ်စက်နေမှာလား''

ညီညီကတော့ သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောသည်။

''ဒီမိန်းမကို မယူခင်ကတည်းက ငါ အတန်တန်ပြောတယ်။ ငါတောင် မယွတ်ပါဘူးလို့ ပြောင်ပြောတယ်။ သူ့ဓာတ်ပုံတွေ ငါပြခဲ့တယ်။ နောက်ဆုံး သူ့ကို ငါခေါ်လာပြမယ်လို့ ပြောတယ်။ အဲ့ဒီအထိ ပြောခဲ့တာတောင်မှ မင်း မိုက်တွင်းနက်ခဲ့တာပဲ။ ငါ မိုက်တွင်းနက်တာက တစ်မျိုး။ ငါက ယောကျ်ား။ သံယောဇဉ်မရှိဘူး။ မင့်မိန်းမလုပ်ပုံက လွန်တယ်။ မင်းနဲ့တောင်မကွဲရသေးဘူး။ လင်ထပ်ယူတယ်။ ဟန်ဆောင်လက်ထပ်တယ်လို့ မပြောနဲ့ ကိုကို။ ဒါမျိုးတွေက ရိုးနေပြီ။ ဟိုတယ်(လ်)မှာ လက်ထပ်ပြတယ်။ တရားဝင် လက်မှတ်ထိုးတယ်။ ဟိုတယ်(လ်)က လက်ဖွဲ့လို့ဆိုပြီး ဟိုတယ်(လ်)မှာ တစ်ညအိပ်တယ်။ ဟိုက မင်းမိန်းမကို အလှကြည့်နေမယ်ထင်လို့လား။ ဟိုရောက်သွားတော့ရော ဘာတွေဖြစ်လဲ မင်းသိချင်သေးလား။ ဒီမှာကိုကို မင့်ဟာမက အင်တာနေရှင်နယ်အဆင့် ရောက်နေပြီ။ သူ ဂျပန်မှာလဲ မဟုတ်ဘူး။ သူ့ကို ငါ မလေးရှားမှာ တွေ့ခဲ့တယ်။ တော်တော်လျှင်ပြီး ပွဲတိုးတာကိုတော့ ချီးကျူးပါတယ်။ မလေးရှားက သူဌေးကြီးတစ်ယောက်ကို ရအောင်ချိုင်နိုင်တာ ...''

''တော်ပါတော့ကွာ''

ရာစစ်မှူး နားမခံသာတော့။ သူ့ညီကို လက်ကာပြပြီး တားလိုက်ရသည်။ ညီညီသည် သူ့ကို ကန်တော်ကြီးဥယျာဉ်ဝင်းအတွင်းရှိ ရွှိုင်ယယ်(လ်)ဂါးဒင်းတွင် သီးသန့်အခန်းတစ်ခန်းယူကာ ညေ့စာကျွေးမွေးနေခြင်းဖြစ်သည်။ အခန်းထဲတွင် သူတို့ညီအစ်ကိုသာ ရှိသည်။ ညီညီမှာထားသည့် အစားအသောက်တွေက သူ့နှင့် အလှမ်းဝေးနေတာ ကြာပေပြီ။





ရာစစ်မှူးသည် တံဆိပ်အပြာ ဂျော်နီဝေါ့ကား ပုလင်းကြီးထဲမှ စကော့(ချ်) ဝီစကီကို ဖန်ခွက်ထဲသို့ လက်သုံးလုံးခန့် ထည့်သည်။ ထို့နောက် မော့ချမလို့ လုပ်သည်။ ညီညီက သူ့လက်ကို ဖမ်းဆွဲထားသည်။

''ဒီလိုမလုပ်နဲ့လေ ကိုကို။ ဂျော်နီဝေါ့ကား ဘလူးလေဘယ်(လ်)က ဂျော်နီဝေါ့ကားတွေထဲမှာ အကောင်းဆုံး။ ရက်(ဒ်)လေဘယ်(လ်)တွေ၊ ဘလက်လေဘယ်(လ်)တွေထက် မြင့်တယ်။ ဂိုး(လ်)ထက်လဲ သာတယ်။ ဂရင်းလေဘယ်(လ်)ကတော့ မိန်းမသောက်တာပဲ။ ဒီလောက်တန်ဖိုးကြီးပြီး အကောင်းစားအရက်ကို တော်အရက်သောက်သလို ဂေါ်ရင်ညီသောက် သောက်မလို့လား''

ညီညီက အဆင်သင့်စောင့်နေသော စားပွဲထိုးကို လှမ်းခေါ်သည်။

''ရေခဲထည့်ကွာ။ နှစ်တုံးဆို တော်ပြီ။ ဆိုဒါစပ်ပေး။ ရွှေအိုရောင်ဖြစ်အောင်လုပ်''

စားပွဲထိုးက ညီညီပြောသည့်အတိုင်း လုပ်သည်။ ရာစစ်မှူး(ခေါ်) ကိုကိုကား ငူငူကြီးထိုင်နေသည်။ ညီညီက စားပွဲထိုးစပ်ထားပေးသော အရက်ခွက်ကို ကိုင်ပြီး မီးရောင်တွင် မြှောက်ကြည့်သည်။ ဆိုဒါနည်းနည်း ထပ်ရောသည်။

''ဒါမျိုးမှ ရွှေအိုရောင်ခေါ်တယ်။ အရောင်လဲ မဖျော့ဘူး။ ရင့်လဲ မရင့်ဘူး။ ဒါ အရသာအရှိဆုံး။ ငါတို့လဲ ဘန်ကောက်မှာ သင်္ဘော ဒေဝါလီခံလို့ ဆင်းရတုန်းက မဲခေါင်အရက်တောင် နပ်မမှန်ပါဘူးကွာ။ ဒါပေမယ့် ဒီပုလင်းကြီးက သိန်းကျော်တန်တယ်။ သူ့နဲ့ တန်အောင်တော့ လုပ်ပါကိုကိုရာ''

ညီညီက ပဂဲပုဇွန်ကြီးများနှင့် ဂဏန်းများကို အသားနွှင်ခိုင်းသည်။ ဘိစတိတ် (Beef Steak) (ခေါ်) အမဲကင်နှပ်ကိုမူ သူ့ကိုယ်တိုင် လှီးသွားပါသောဓားဖြင့် အတုံးသေးသေးလေးတွေဖြစ်အောင် လှီးဖြတ်ပြီး သူ့အစ်ကို၏ ပန်းကန်ထဲကို ထည့်ပေးသည်။ ရာစစ်မှူးအား သူတို့

www.burmeseclassic.com



အိမ်မှ ဖွန်း၊ ခက်ရင်း၊ ဓားအပြည့်အစုံဖြင့်စားရသော ခမ်းခမ်းနားနား ထမင်းဝိုင်းတွေကို မေ့နေတာ ကြာပြီ။ သူ စိတ်ကူးနေမိသည်မှာ ဘလူးလေဘယ်(လ်) စကော့(ချ်) ဝီစကီပုလင်းကြီးကို ရောင်းလိုက်လျှင် ငွေတစ်သိန်းကျော်ရမည်။ ထိုတစ်သိန်းကျော်ဖြင့် မြန်မာဖြစ်ရွှေပတ်ဝီစကီခန့် သောက်လျှင်ပင် တစ်လခန့် သောက်ရမလား မသိ။

"မင့်ဟာတွေက ဈေးကြီးလွန်းတယ်ကွာ"

ရာစစ်မှူးက စကားလွှဲလိုဟန်ဖြင့် ပြောသည်။

"ကိုကို့အတွက် တမင်ပြုစုနေတာပါ။ ညီညီရှာထားတဲ့ ပိုက်ဆံက ဘာလုပ်ဖို့လဲ။ ဒုက္ခခံတုန်းက ခံခဲ့ရပြီးပြီ။ အခြောက်တိုက် သူများနိုင်ငံမှာ စစ်သင်တန်း သွားတက်ခဲ့ရတယ်။ ကြေးစားစစ်သား လုပ်ခဲ့ရတယ်။ ယပက်လက်တွေ အဆွယ်ကောင်းလို့ ပင်လယ်ဓားပြလဲ နှစ်ခါလောက် လုပ်ဖူးခဲ့တယ်။ ဖမ်းမိရင် အသတ်ခံရမှာစိုးလို့ ရှောင်ထားတာ။ အခု ကောင်းကောင်းရှာနိုင်တဲ့ခွင်တွေ ကျွန်တော့်မှာ ရှိတယ်။ ကောင်းကောင်းစားမယ်။ လုပ်မနေစမ်းပါနဲ့ ကိုကိုရာ။ ကိုကို့ဟာမတော်င် ကောင်းကောင်းစား။ ကောင်းကောင်းနေနဲ့ အရင်ပုံတောင် မဟုတ်ဘူး။ နုဖတ်နေတာပါ"

ညီညီက သူ့ကို စားရန်တိုက်တွန်းသည်။

ရာစစ်မှူးကား စားချင်သောက်ချင်စိတ် မရှိ။ သူ၏နှလုံးအိမ်ထဲတွင် မျက်ရည်မိုးတွေရွာနေစဉ် ဝေရီလွင်၏ တသိမ့်သိမ့်ရယ်သံတွေက သောသောညံနေသည်။ သူ့ရင်ထဲတွင် တစ္ဆေသရဲ နာနာဘာဝ ပရလောကသားတို့ ကြီးစိုးခြောက်လှန့်နေသည်။ သူ့စိတ်များသည် ဆောက်တည်၍မရ။ သူ ဝေရီလွင်၏ပုံပါသော မျက်ကပ်မှန်ကို တပ်ဆင်ထားသည့်သို့ ထင်နေမိသည်။

"ကိုကို့ပုံက သိပ်မဟုတ်တော့ဘူး။ လူ့ကိုယ်ခန္ဓာရဲ့ ပုံပန်းသဏ္ဌာန်က အစားအသောက် အနေအထိုင်ပေါ်မှာ မူတည်တယ်။ ကောင်းကောင်းစားရင် ကိုကို့ရုပ်က သန့်ပြီး တောက်ပြောင်နေလိမ့်မယ်။ ဘာပြောပြော ဝေရီလွင်ရဲ့ရုပ်က ကိုကိုနဲ့ မကွဲခင်ကထက်ပိုပြီး တောက်နေတာတော့ သေချာတယ်"





"မင်း သူ့ကို မြင်ခဲ့ဖူးလား"

"ငါက အိမ်နဲ့ဖုန်းရလို့ မင်းတို့လင်မယားကွဲကြောင်း သိရတာ။ ဒါလဲ မျှော်လင့်ပြီးသားပါ။ သူ ဂျပန်မှာရှိတုန်းက ငါ တွေ့ဖို့ကြိုးစားတယ်။ မြန်မာအသိုင်းအဝိုင်းက ရတဲ့သတင်းအရ သူ့ပွဲစားတွေက သူ့ကိုဘတ်သွားလို့ စုတ်ပြတ်နေတာပဲတဲ့။ သူ့ကို ကူညီမလို့ ရှာတာပါ။ ငါ့ကို အတွေ့မခံဘူး။ နောက် သတင်းပျောက်သွားတယ်။ မလေးရှားကျတော့ ငါက သူ့ကို မထင်ဘဲနဲ့တွေ့တာ။ ငါ ကွာလာလမ်ပူကနေ ဂျင်တင်းကို တက်သွားတယ်"

ဂျင်တင်းကို ရာစစ်မှူး မသိပေ။

"ဂျင်တင်းဆိုတာကကွာ ကွာလာလမ်ပူကနေ တောင်ပေါ်ကို တက်ရတယ်။ အပန်းဖြေစခန်းသက်သက် လုပ်ထားတဲ့မြို့ပဲ။ မန္တလေးနဲ့ ပြင်ဦးလွင်လိုပေါ့။ ဒါပေမယ့် ဂျင်တင်းမှာက လောင်းကစားဆိုတာလဲ အစုံပဲ။ ဂိမ်း(စ်)ဘွန်းကားတွေထဲက ဖဲဝိုင်းမျိုးဆိုဟာ မျက်စိတစ်ဆုံးပဲ။ ချားဂေါ်လီလုည်မှုလား။ မော်တော်ကားတွေ ဘာတွေ မဲဖောက်ပေးတယ်။ ဂျက်ပေါ့ဆွဲတာလောက်ကတော့ ပိုက်ဆံမတတ်နိုင်တဲ့သူတွေ၊ ဓာလေးတွေ အကြွေထည့်ပြီး ကစမ်းတာပါ။ သူ့ကို ဂေါက်ရိုက်ရင်းတွေ့တာ။ ငတိမက ဂေါက်ရိုက်နေတာ။ မင်းနဲ့နေတုန်းကလို မဟုတ်ဘူး ကိုကို။ ဘော်ဒီကလဲ အမိစား။ အသားအရေကလဲ ..."

ရာစစ်မှူး လက်ကာပြလိုက်သည်။

"မင်း သူနဲ့ စကားပြောရလား ညီညီ"

"ဂေါက်ကွင်းမှာ ဘယ်ပြောလို့ရမလဲ။ တို့အဖွဲ့က လေးယောက်။ တို့ရှေ့က သူ့အဖွဲ့သုံးယောက်။ မိန်းမတွေချည်းပဲဆိုပေမယ့် ပရိုတွေကွ။ မနည်းလိုက်တာတောင် မမီဘူး။ စားသောက်ဆိုင်တန်းမှာ တွေ့တော့ သူက သူ့လိပ်စာကဒ်ကို ပေးတယ်။ ငါပြန်ချိန်းတော့ ကွာလာလမ်ပူမှာ ပြန်တွေ့တာ။ သဘောင်္ကျင်းလုပ်ငန်းလုပ်တဲ့ သူဌေးကြီးတစ်ယောက်နဲ့ သူချိတ်မိနေတယ်။ ငါ့ကို ပေ့(လ်)မိုကားနဲ့ လာကြိုပြီး ဟီ(လ်)တန်ဟိုတယ်မှာ ညစာကျွေးတာ။ အခု ငါတို့စားနေတာ ဘာဟုတ်သေးလဲကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



ရာစစ်မှူးသည် ဝေရီလွင်တစ်ယောက် အိမ်ထောင်သစ်ထူနေပြန်ပြီဟု ယူဆမိသည်။ သို့သော် သူ၏အရိုးခံ ယူဆချက်ကို ညီညီက ချေသည်။ သူမသည် မလေးရှားသင်္ဘောကျင်းတစ်ခု၏ အမှုဆောင်အရာရှိချုပ် (C.E.O) အကြီးအကဲဖြစ်သူ၏ တရားဝင်မိန်းမ မဟုတ်ဟု ဆိုသည်။

''မင့်ကောင်မက မင့်ထက်လည်တာတော့ အမှန်ပဲ။ ငါ သူနဲ့တွေ့ပြီးပေမယ့် သူ့ကို ချက်(ခ်)လုပ်ကြည့်တယ်။ သူ့မှာ အချိတ်အဆက်တွေက အများကြီးကွ။ လုတာကလဲ တကယ်လုတာကိုး။ ငါထင်တယ်။ သူ့အတွက်တော့ မင်းဟာ သိပ်ရိုးလွန်းနေတယ်။ သူက သူ့လို ခပ်လည်လည်နဲ့မှ လက်တွဲနိုင်မယ့် မိန်းမစားမျိုးကွ။ အိမ်ထောင်ရေးစည်းကမ်းမှာလဲ သူလဲ နေချင်သလိုနေမယ်။ မင်းလဲ နေချင်သလိုနေဆိုတာမျိုး။ မင်း ကောင်မလေးတစ်ယောက်နဲ့ တွဲကတာကို ဝိုင်တစ်ခွက်သောက်ရင်း ကြည့်ပြီး ကျေကျေနပ်နပ်ကြီး သဘောကျချင်နေတာ ဝေရီလွင်ပဲ''

''ငါတော့ နားမလည်ဘူး''

''ငါ့အစ်ကိုကတော့ တုံးပါ့ကွာ။ မင်းနားလည်တာက ဘာလဲ ...''

''အချစ် ...''

ညီညီသည် အားရပါးရ ရယ်မောနေသည်။

''ကိုကိုဟာ နှစ်ဆယ်ရာစုမှာကျန်ခဲ့တဲ့ လူသားပဲ''

''ဘယ်သူတွေ ဘာပဲပြောပြောလေကွာ။ ငါ သူ့ကိုချစ်တာက ချစ်တာပဲ။ ငါ အရင်ကတည်းက ပြောခဲ့ဖူးပါတယ်။ သူဟာ မိန်းမပျက်တစ်ယောက် ဖြစ်နေပါစေ သူ့ကို ငါချစ်တာက ချစ်တာပဲ''

''ဒါကို ညီညီ မကန့်ကွက်ပါဘူးကိုကို။ လမ်းဘေးက မိန်းမပျက်တစ်ယောက်ကို သဘောကျပြီး ကောက်ယူလာတာ သူ့ကို မင်းချစ်လို့ပဲ။ ဒါပေမယ့် မင်းနဲ့လက်ထပ်ပြီးရင်တော့ သူ ခြေငြိမ်ရမှာပေါ့''





ရာစစ်မှူး ခေါင်းခါသည်။

''မဟုတ်ဘူးကွ။ အဲဒီလောက်နဲ့တော့ ငါ့က အချစ်မခေါ်ဘူး။ ငါ့လက်ထဲရောက်လာရင်လဲ သူလုပ်ချင်တာလုပ် ငါခွင့်လွှတ်မယ်။ သူဘာဖြစ်ချင်လဲ၊ ငါ ဖြည့်ဆည်းပေးမယ်။ နောက်ဆုံးကွာ... သူ ငါ့ကိုပစ်ပြီး နောက်ယောက်ျားယူသွားလဲ ငါ သူ့ကို ချစ်နေမှာပဲ။ ဒါဟာ ငါ့အချစ်ပဲ''

ညီညီ မရယ်နိုင်တော့ပေ။

ညီညီသည် သူ့အစ်ကိုကို ထူးဆန်းသောသတ္တဝါတစ်ကောင်ကို မြင်လိုက်ရသည့် အကြည့်မျိုးဖြင့် ကြည့်သည်။ ရာစစ်မှူးသည် အချစ်ကို ကိုးကွယ်ရာ၌ မည်သူမျှလိုက်မမီ ဖြစ်နေလေပြီ။ ရာစစ်မှူး၏ အလုံးစုံစွန့်လွှတ်ခြင်းသည် အန္တရာယ်ကြီးမားသော စွန့်စားခြင်းဖြစ်နေသည်။ ရာစစ်မှူးသည် ရွှေအိုရောင်ဝီစကီများထဲတွင် ပေါလောမျောရင်း အရည်ပျော်ကျနေသော ရေခဲတုံးကို ကြည့်နေသည်။ ဝေရီလွင်သည် ရေခဲတုံးထဲဝင်၍ သွက်လက်စွာ ကခုန်နေလေသည်။ သူမသည် ယောက်ျား တစ်ယောက်ပြီးတစ်ယောက်နှင့် တွဲကနေသည်။ ခြေဖျားထောက်၍ ခြေမလေးတစ်ချောင်းတည်းပေါ်တွင် ကိုယ်ခန္ဓာကို မှုတ်နေအောင်လှည့်၍ ညွှတ်ပျောင်းသန်မာစွာ ကခုန်နိုင်သော ဘဲလေးကခြေသည်မလေးသည် ယောက်ျားကခြေသည် တစ်ယောက်ပြီးတစ်ယောက် လဲ၍ကသည်။ တစ်ယောက်၏ မြှောက်ထားသော လက်ဖဝါးတစ်ဘက်ပေါ်တွင် ထိုင်၍ကသည်။ တစ်ယောက်ကမူ သူမကို လက်တစ်ဘက်နှင့် ခါးမှပင့်၍ မြှောက်ပြီး လေထဲမှာလှည့်နေသည်။ ထိုကခြေသည်မလေးကို လူအများကြီးနှင့် တွဲကရကောင်းလားဟု ပရိတ်သတ်က အပြစ်တင်ထိုက်သလော''

''ကိုကိုရယ် ...။ မင်းက ဂျယ်နယ်လစ်(စ်) ဆိုပြီး ဒီလောက်အ,ရသလား။ တကယ်တော့ မင်းရဲ့ အရေးမပါတဲ့ အလုပ်အပေါ်မှာ တစ်ကိုယ်လုံးနှစ်ထားပြီး ကိုယ့်မိန်းမကိုယ် ဂရုမစိုက်တာပါ''

''ငါ့အလုပ်ကိုတော့ မစော်ကားနဲ့ကွာ။ ငါတို့က စတုတ္ထ မဏ္ဍိုင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"စေတုတ္တမဏ္ဍိုင်ပဲဖြစ်ဖြစ်၊ Home Dog ပဲဖြစ်ဖြစ် မင်းဟာ Journalism ဆိုတဲ့ အတတ်ပညာကို အားကိုးပြီး အသက်မွေးရတဲ့ Professional ပဲ။ ဘယ်သူပဲဖြစ်ဖြစ် ဝမ်းစာရှာတာဟာ အတတ်ပညာ တစ်ခုအပေါ်မှာ အားကိုးရတာပဲ မဟုတ်လား။ မင်းရဲ့ ဂျာနယ်လစ်ဇင် ဟာ မင်းရဲ့ ပရော်ဖက်ရှင်ပဲ။ ပရော်ဖက်ရှင်နယ်ဆိုတာ ကြေးစား သက်သက်၊ ပိုက်ဆံရရင် ပြီးရောဆိုတဲ့ ကြေးစားမျိုးကို ခေါ်တာမဟုတ် ဘူးဆိုတာတော့ မင်းသိမှာပါ။ ဒါပေမယ့် မင်းက အလကား ဗော်လန် တီယာလုပ်တာမှ မဟုတ်တာ။ မင်းဝါသနာပါလို့ ဒီအလုပ်နဲ့ ငွေရှာ တာ။ ကိုယ်ဝါသနာပါတာ ကိုယ်လုပ်တာ အများအကျိုးကို အခမဲ့ ကူလီထမ်းပေးနေတာ မဟုတ်ဘူးလေ"

"အေးပါညီညီရာ။ ငါက ငယ်ငယ်ကတည်းက အိမ်ထဲမှာပဲ စာအုပ်တွေကို ဝါးစားသလို ဖတ်တဲ့ကောင်။ မင်းက အိမ်အပြင်က လမ်းတကာကို ဝါးစားသလို ခြေရှည်တဲ့ကောင်"

ညီညီက သက်ပြင်းချသည်။

"မင်းဝါသနာပါတာကို လုပ်ပါ။ ဒါပေမယ့် မင်းသားတွေ သွားတွေ့လိုက်၊ မင်းသမီးတွေ သွားတွေ့လိုက်၊ အောက်ကျို့ပြီး မေးခွန်းလေးတွေ မေးလိုက်၊ အတင်းအဖျင်းတွေ ရေးလိုက်ဆိုတဲ့ နာမည်ကြီးတဲ့ သူတွေနောက်လိုက်ပြီး ဓာတ်ပုံရိုက်ပြီး သတင်းရေးစား ရတဲ့ ပါပရာဇို (Paparazo) လိုမျိုးတော့ မဖြစ်စေချင်ဘူး"

"အခု ငါလုပ်နေတာက အဆင့်အတန်းနိမ့်တယ်လို့ မင်းက ဆိုလိုတာလား"

"ဒီလိုမဟုတ်ပါဘူး။ ဒါပေမယ့် မင်းလုပ်တဲ့ အတိုင်းအတာ အဝန်းအဝိုင်းထဲမှာ လုပ်နိုင်သလောက် လုပ်နေတာပဲ။ အခု ငါယူလာ တဲ့ လက်ဆွဲကွန်ပျူတာကို မင်းကိုင်တတ်မှာပါ။ ဖြစ်နိုင်ရင်တော့ မင်း အိမ်မှာ လာနေကွာ။ အင်တာနက်ကို မင်းကြိုက်မှာပါ"

အင်တာနက်ကို ကြိုက်ပေမယ့် ရာစစ်မှူး၏မာနမှာ ခဲမာ နေဆဲ ရှိလေသည်။



"မင်းကို ငါ နိုင်ငံခြားခေါ်သွားချင်တယ်"

ရာစစ်မှူး၏မျက်လုံးတွေ တောက်ပြောင်သွားသည်။

"မင်း ငါ့ကို မလေးရှားခေါ်သွားမှာလား"

ညီညီ ပြုံးမိပြန်သည်။

"ဪ ... ကိုကို၊ ကိုကို။ မင်းဟာ ဂျာနယ်လစ်(စ်) တစ်ယောက် မဟုတ်သား။ ဂျာနယ်လစ်ဇင်အပေါ်မှာ သစ္စာရှိရင် မင်း ဘယ်သွားမလဲ။ သတင်းဖြစ်နေတဲ့နေရာတွေကို သွားရမှာပေါ့။ မင်း အီရတ်တို့၊ အာဖဂန်တို့ကို သွားရမှာပေါ့"

"ငါက မင်းလို စစ်မှုထမ်းဖူးတဲ့ကောင် မဟုတ်ဘူး"

"အဲဒါလဲ မင်းအခု စစ်တက္ကသိုလ် တက်ချင်လို့တော့ ဘယ် ရမလဲ။ နိုင်ငံခြားသွား။ ဆေးဖန်းလိုလို၊ ပြည်သူ့စစ်လိုလို ဝင်လုပ်ရင် ရတာပဲ။ လုပ်မလား"

ရာစစ်မှူးက ညီညီကို ကြည့်နေသည်။ ဘာပြန်ဖြေရမှန်းတော့ မသိပေ။

"အလကားစတာပါ ကိုကိုရာ။ မင်းက ငယ်ငယ်ကတည်းက ကြောက်ပဲ။ မင့်သိက္ခာကို ထိမှသာ ထရန်ဖြစ်မယ့်ကောင်။ ဒါတောင် ဝေရီလွင်ဆိုရင် မင်း သည်းညည်းခံနေဦးမှာ"

ညီညီသည် သူ့ကို အမျိုးအစားကောင်းသော လက်ဆွဲ ကွန်ပျူတာတစ်လုံးကို ပေးသည်။ ရာစစ်မှူးသည် သူတို့အိမ်ကို ပြန် လိုက်သွားရာ မိဘများက ဝမ်းသာအယ်လဲ ကြိုဆိုကြသည်။ သို့သော် ရာစစ်မှူးသည် အိမ်မှာနေရတာ မလွတ်လပ်ဟု ထင်သည်။ မိဘတွေက မြို့လယ်တွင် ပထမထပ်တိုက်ခန်း တစ်ခန်းဝယ်ပေးသည်။ ညီညီက သူ လိုတာတွေ လိုက်လုပ်ပေးသည်။ သူ့အတွက် ပုံမှန်ဝင်ငွေလေးရအောင် ကွန်ပျူတာငါးလုံး ဆင်ပေးထားသည်။ တကယ်တော့လည်း သူ့ကို အားလုံးက တည်ငြိမ်အောင် ဝိုင်းထိန်းနေခြင်းဖြစ်သည်။

ရာစစ်မှူးသည် ညီညီထံမှ တယ်လီဖုန်းနံပါတ်တစ်ခု ရထား သော်လည်း တော်ရုံနှင့် မဆက်ရဲပေ။ သူသည် အတော်ပင် စွန့်စား



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ဖုန်းနံပါတ်တွေကို နှိပ်သည်။ ဝေရီလွင်သည် သူ့အသံကို မမေ့သေးပေ။

"ဖုန်းမျှော်နေတာကြာပြီ ကိုကိုရယ်"

"တကယ်ပြောတာလား ... ဝေ"

"တကယ်ပေါ့။ ဝေ့မှာ ဒုက္ခတွေ တော်တော်ရောက်တယ်။ မနည်းကြိုးစားရတယ်။ ဒါပေမယ့် ဝေက ရှုန်းကန်ရမှာ ပျော်တယ်လေ။ ဝေ ကိုကို့ကို လှမ်းခေါ်မယ်။ ကိုကို လာမှာလား"

ဝေရီလွင်က ရာစစ်မှူး မလေးရှားကို လာနိုင်မယ့်အစီအစဉ်ကို ပြောပြသည်။ ရာစစ်မှူးက အဖြေမပေးမိပေ။



# အခန်း (၂)

## (က)

ညီညီသည် မလေးရှားပတ်(စ်)ပို့ကိုင်၍ ရောက်လာသော မစ္စတာချန်း၊ မစ္စတာလီ၊ မစ္စတာဝေးတို့ကို ပတ်ရှိုင်ရယ်(လ်)ဟိုတယ်မှ ဂျပန်စားသောက်ခန်းသို့ ချိန်းဆိုလိုက်သည်။ ချင်းနှင့်လီသည် မလေးရှားတရုတ်များဖြစ်ပြီး မစ္စတာဝေးမှာ အနောက်နိုင်ငံသားဖြစ်သည်။ သူတို့သည် လုပ်ငန်းကိုင်ငန်းကိစ္စများကို တိုင်ပင်ကြရန်ဖြစ်သည်။

ဂျပန်ဆာကေ အရက်ပူပူနွေးနွေးကို ကြွေပုလင်းအသေးလေး တစ်ပုလင်းစီမှာ သောက်ကြသည်။ အမဲသားအစိမ်း၊ ငါးအစိမ်းနှင့် ပုစွန်အစိမ်းကို ဟင်းသီးဟင်းရွက်များနှင့် စားကြသည်။

နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများကို ဈေးကြီးကြီးနှင့်တင်သွင်းပြီး ဒေါ်လာများများလိုချင်ကြသည်။ ထို့နောက် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများကိုမူ ဈေးပေါပေါနှင့် ထုတ်ချင်သည်။ ဖြစ်နိုင်လျှင် ကျပ်ငွေနှင့် ပေးချေချင်သည်။ ညီညီစိတ်ထဲက ကြိတ်ပြုံးနေမိသည်။ မလေးရှားတရုတ်များက စားအုန်းဆီ တင်သွင်းချင်သည်။ အလုကုန်တွေ တင်သွင်းချင်သည်။ အသင့်ချုပ်ပြီးသား အထည်များကို ဈေးပေါပေါနှင့် ရယူလိုကြသည်။ ဝါဂွမ်းဖြင့် ဘာမှမရောဘဲ စံချိန်မှီယက်လုပ်ထားသော ပိတ်စများကို အရောင်မဆိုးဘဲ လိုချင်ကြသည်။

မစ္စတာဝေးကတော့ တစ်မျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ကတော့ ပန်းချီကားတွေ လိုချင်တယ်"

သူသည် စီဒီခေတ်ပြားတစ်ချပ်ကို ထုတ်ပေးသည်။ ညီညီက သူ၏ လက်ဆွဲကွန်ပျူတာထဲထည့်၍ ဖွင့်ကြည့်သည်။ ယောက်ျား မိန်းမတို့၏ အဝတ်အစားမပါသော ဓာတ်ပုံအမျိုးမျိုးဖြစ်သည်။ ယောက်ျား၊ မိန်းမများမှာ အသက်အငယ်ဆုံးမှ အကြီးဆုံးအထိ ပါဝင်သည်။ တစ်ယောက်ချင်းပုံ၊ နှစ်ယောက်တွဲပုံနှင့် အုပ်စုလိုက်ပုံ အမျိုးမျိုးဖြစ်သည်။

"ဒီပုံတွေကို ခင်ဗျားတို့ဆီက ပန်းချီဆရာတွေက ဆွဲပေး။ လက်ရာကတော့ အမျိုးမျိုးပေါ့"

သို့သော် မြန်မာပန်းချီဆရာများမှာ မိမိတို့၏လက်မှတ်ကို ရေးထိုးရမည် မဟုတ်ပေ။ လက်မှတ်ထိုးရမည့်နေရာတွင် အင်္ဂလိပ် အက္ခရာ အကြီးတစ်လုံးကိုသာ ဆေးအနက်ဖြင့် ထိုးရပေမည်။ ဆိုလိုသည်မှာ ရုရှားပန်းချီဆရာများက ရေးဆွဲပေးသောပုံများကို နိုင်ငံခြားမှ အမည်ခံပန်းချီဆရာများက သူတို့နာမည်ဖြည့်၍ လက်မှတ်ထိုးကာ ဈေးတင်ရောင်းကြမည် ဖြစ်သည်။ ဆီဆေးပန်းချီကားမှာ ဒေါ်လာ သိန်းချီ၍ ရချင်ရမည်။ မြန်မာ မူရင်းပန်းချီဆရာများကတော့ ဤဈေး မရပေ။ ဈေးပေါပေါသာ ရမည်။

ခပ်ပေါပေါဈေးဆိုပေမယ့်လည်း ရန်ကုန်မှာတော့ ထိုက်သင့်သောဈေး ဖြစ်နေလိမ့်မည်။ နာမည်မရှိပေမယ့် လက်ရာကောင်းသော ပန်းချီဆရာများအတွက် အသင့်အတင့်ရမည်။ ဆင်းရဲသော ပန်းချီဆရာများအတွက် ဝင်ငွေကောင်းမည်။ ခေတ်ပြိုင်ပန်းချီဆိုလျှင် ဈေးပိုကောင်းမည်။ သို့သော် လက်ရာက သောင်းပြောင်းဖြစ်နေသဖြင့် ပျမ်းမျှဈေးဖြစ်မည်။

"မစ္စတာညီညီဆီက ကျွန်တော်ရမယ့် ပန်းချီတွေဟာ လက်ရာကောင်းတွေ ဖြစ်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်တော်ပြန်ရောင်းတော့ အကုန်လုံး ရောင်းရမှာမဟုတ်ဘူး။ တစ်ကားတည်းက တစ်ပတ်အတွင်း ဒေါ်လာသိန်းချီပြီး ပွချင်ပွသွားနိုင်ပေမယ့် ပန်းချီကားအားလုံးကတော့ ဒီလိုမဖြစ်နိုင်ဘူးလေ"





"ဒါကို ကျွန်တော် သဘောပေါက်ပါတယ် မစ္စတာဝေး။ ဒါပေမယ့် တရုတ်ပြည်ဘက်က မန္တလေးကိုဆင်းဝယ်နေတဲ့ ဈေးကွက်နဲ့ ကြည့်ဖို့တော့လိုတယ်။ ကျွန်တော်က ပထမအသုတ်မှာတော့ ခင်ဗျားပြောသလို လုပ်မယ်။ ဒါပေမယ့် ပန်းချီဆရာတွေနဲ့ သူတို့ဆွဲတဲ့ ကားတွေကို ကျွန်တော် မှတ်ပုံတင်မယ်။ ခင်ဗျားရောင်းတဲ့ အချိန်ကျတော့ အရောင်းဆုံး ပန်းချီကားတွေရဲ့ လက်ရာရှင်တွေ ထွက်လာလိမ့်မည်။ နောက်ပိုင်းကျတော့ မရောင်းရတဲ့ကားတွေ ခင်ဗျား လိုချင်မှာမဟုတ်ဘူး။ ကျွန်တော်ကလဲ အရောင်းရများတဲ့ ပန်းချီဆရာတွေကိုပဲ ရှာရတော့မှာ။ ဒီတော့ ခင်ဗျားနဲ့ကျွန်တော်နဲ့ ကန်ထရိုက်လုပ်ထားဖို့ လိုတယ်။ ဒီအရောင်းအဝယ်မျိုးကို ခင်ဗျား ကျွန်တော်နဲ့ပဲ လုပ်ရမယ်။ သက်တမ်း သတ်မှတ်ချင် သတ်မှတ်နိုင်တယ်။"

မစ္စတာဝေးက သဘောတူသွားသည်။

ညီညီကတော့ မစ္စတာဝေးသည် လောလောဆယ် ခေါင်းညိတ်လိုက်ခြင်းသာဖြစ်ပြီး အခွင့်သာပါက အခြားသူများနှင့် ဆက်သွယ်နိုင်လျှင် ဆက်သွယ်ကာ ဈေးနှိမ်၍ အချောင်နှိုက်ဦးမည်ဖြစ်ကြောင်း သဘောပေါက်ပြီးသားပင်။

မစ္စတာချန်းနှင့် မစ္စတာလီသည် သူ့အပေါ် မည်မျှ သဘောပေါက်မည်ကို ညီညီ ဆန်းစစ်ကြည့်သည်။ သူသည် လွယ်လွယ်ကူကူ လူစားမျိုးမဟုတ်ကြောင်း သူတို့သိသွားဖို့ လိုသည်။ သူတို့သည် သူ့ကို 'အချဉ်' မဟုတ်ကြောင်းတော့ ရိပ်စားမိပြီး ဖြစ်ပေလိမ့်မည်။ သူ့အကြောင်း ဝက်(ဘ်)ဆိုက်အချို့တွင် တင်ထားသည်များ ရှိလေရာ သူတို့သည် အလွယ်တကူပင် စုံစမ်းသိရှိပြီး ဖြစ်ပေလိမ့်မည်။ သို့သော် မစ္စတာချန်းတို့ မသိသည်မှာ သူ့အကြောင်း အင်တာနက်ဝက်(ဘ်)ဆိုက်များပေါ်သို့ တင်ကြသည့် ဘလောက်ဂ်များမှာ တကယ်တော့ သူ့အကြောင်း၊ အပြည့်အစုံ မသိကြခြင်းပင်ဖြစ်သည်။ သူသည် ဘန်ကောက်မှ နာမည်တစ်ခုဖြင့် သုံးလေးနှစ်ခန့် သေနတ်ကိုင်ခန့်ခဲ့လေရာ သူ့ဘဝကြီးတစ်ခုလုံးတွင် ထိုကာလများမှာ အဆက်ပြတ်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ နားလည်းခွင့်ပြုထားသည်မှာ ထိုကာလများတွင် သူသည် အငယ်တန်း သင်္ဘောအင်ဂျင်နီယာတစ်ယောက်ဟူ၍ပင် ဖြစ်သည်။

တကယ်တော့ သူသည် ဘွဲ့ဒီဂရီတစ်ခု အောင်မြင်သည်အထိ တက္ကသိုလ်ကျောင်းသား လုပ်ခဲ့ဖူးသူ မဟုတ်ပေ။ ဆယ်တန်းအောင်ကတည်းက ကမ္ဘာပတ်ခဲ့သူဖြစ်ရာ မြန်မာနိုင်ငံတွင် အချိန်ကြာသည့် အခါကာလများတွင်သာ စာပေးစာယူဖြင့် စာမေးပွဲကို ဖြေခဲ့ရသည်။ ဖြေလိုက် မဖြေလိုက်နှင့် နှစ်များစွာ ကြာခဲ့သည်။ သို့သော် သူသည် စင်ကာပူမှ အီလက်ထရွန်းနစ်ဆိုင်ရာ ကာလတိုသင်တန်း အောင်လက်မှတ်များ၊ သင်္ဘောအင်ဂျင်နီယာဆိုင်ရာ အောင်လက်မှတ်များကို ရယူနိုင်ခဲ့လေရာ သူ၏နာမည်နောက်တွင် လူအများနားမလည်သော အင်္ဂလိပ်စာလုံးများကို ထည့်သွင်းနိုင်ခဲ့သည်။ ဤသို့ဖြင့် သူ့လိပ်စာကတ်ပြားသည် တန်ဖိုးမြင့်လာရသည်။

မစ္စတာဝေးကတော့ လူ၏အသိဉာဏ်ဆိုင်ရာ အနုပညာပစ္စည်း အရောင်းအဝယ်လုပ်သူဖြစ်ရာ ညီညီကို အနုပညာသမားတစ်ယောက် မဟုတ်ကြောင်း သိပြီးသားဖြစ်သည်။ သို့သော် အနုပညာပစ္စည်း အရောင်းအဝယ်လုပ်ရာတွင် အနုပညာသမား ဖြစ်ဖို့မလိုပေ။ မစ္စတာချန်းသည် စားအုန်းဆီ သွင်းမည့်သူဖြစ်ရာ ညီညီသည် စားအုန်းဆီ အကြောင်းကို ယမန်နေ့က ဖတ်ရှုထားခြင်းဖြစ်သည်။ မစ္စတာလီသည်လည်း မနက်စောစောကမှ ဝါဂွမ်းနှင့်ချည်ထည်များအကြောင်း ဖတ်ရှုထားသော ညီညီကို အထင်မသေးရဲပေ။

မစ္စတာချန်းနှင့် မစ္စတာလီတို့၏ လုပ်ငန်းများမှာ ကန်ထရိုက်စာချုပ်များဖြင့် လုပ်ရမည်ဖြစ်သည်။ ပို့ကုန်၊ သွင်းကုန်များနှင့်ပတ်သက်၍ သူ့မိဘများ၏ကုမ္ပဏီက ပါမစ်များရရှိထားသည်။ မစ္စတာဝေးနှင့်မူ နားလည်မှုအရသာ လုပ်ရပေမည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ချုပ် (WTO) သို့ ဝင်ထားသောနိုင်ငံ ဖြစ်သော်လည်း လူ့အသိဉာဏ်ဖြင့် ဖန်တီးရသော အနုပညာ၊ ပန်းချီ၊ ပန်းပု၊ သီချင်း၊ ဂီတစသော ပစ္စည်းများနှင့်ပတ်သက်၍ နိုင်ငံတကာဥပဒေများကို လိုက်နာ





ရန် ကင်းလွတ်ခွင့်ရထားဆဲ ဖြစ်သည်။ နိုင်ငံ[illegible] တိုင်းသည် မြန်မာနိုင်ငံနှင့် အကျိုးမဝင်သေးပေ။

ညီညီသည် နိုင်ငံခြားသားများနှင့် Park Royal Hotel တွင် လုပ်ငန်းကိစ္စသာမက အပိုစကား (သို့) ပဋိသန္ဓာရစကားများကိုပါ ပြောကြားနေလေသည်။ ချန်းနှင့်လီသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေကို သူတို့သိချင်ကြသည်။ ညီညီကား စိတ်မဝင်စား။

"ခင်ဗျားတို့ စီးပွားရေးလုပ်ချင်တာလား။ နိုင်ငံရေးလုပ်ချင်တာလား။ နိုင်ငံရေးလုပ်ချင်တယ်ဆိုရင်တော့ ကျွန်တော်နဲ့ မလုပ်ပါနဲ့။ ကျွန်တော်က စီးပွားရေးသမားပဲ"

မစ္စတာချန်းက အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

လီကမူ အထွန့်တက်ချင်သည်။

"နိုင်ငံရေးနဲ့ စီးပွားရေးက ခွဲလို့မရပါဘူး မစ္စတာညီ"

"ရပါတယ်၊- ခွဲလို့ရပါတယ်၊ တကယ်လို့ တွဲလုပ်ချင်တယ်ဆိုရင်တော့ ကျွန်တော် ဆက်သွယ်ပေးပါ့မယ်"

လီ လက်လျှော့လိုက်သည်။

ညီညီသည် အိမ်ရှင်အနေနှင့် ဧည့်ခံကျွေးမွေးခြင်းဖြစ်ရာ အကြွေးဝယ် ခရက်ဒစ်ကတ်များဖြင့် ငွေချေပေးလိုက်သည်။ နိုင်ငံခြားသားသုံးဦး သူ့ကိုနှုတ်ဆက်၍ စွန့်ခွာသွားကြသည်။ စားအုန်းဆီတင်သွင်းရေးအတွက် သူမပူ။ ဝါဂွမ်းနှင့် ချည်ထည်များ တင်ပို့ရေးအတွက် သူ မစိုးရိမ်။ သူ စိတ်ပူမိသည်မှာ သူ လုံးဝမကျွမ်းကျင်သော နယ်ပယ်ဖြစ်သည့် ပန်းချီများ တင်ပို့ရေး။

သူသည် သူ၏လက်ကိုင်ဖုန်းဖြင့် သူ့အစ်ကိုထံ ဖုန်းဆက်သည်။ ဖုန်းက ခေါ်နေသော်လည်း သူ့အစ်ကိုက မကိုင်။ သူသည် စိတ်ရှည်ရှည်ပင် ဖုန်းခေါ်ရသည်။

"ဟဲလို"

"ဟဲလို ... ကျွန်တော် ရာစစ်မှူးပါ"

"ကိုကိုရယ် ... ။ 'မင်း နားပင်းနေပြီလို့ ငါထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းဝယ်ပေးတဲ့ ဂျယ်ကော့ပိုက်ဆံအိတ်ထဲမှာ အဲဒီတယ်လီဖုန်းကို ထည့်ထားတာကွ။ ပြီးတော့ ဘာတွေအော်နေမှန်းမသိဘူး။ ငါကပဲ တောကျတာလား"

ညီညီ ရယ်လိုက်သည်။

"ကိုကို အခုဘယ်မှာလဲ"

"မြို့ထဲမှာလေ"

"ပတ်ရှိုင်ရယ်(လ်)ဟိုတယ်မှာ ရှိတယ်။"

"ဘယ်နားမှာရှိတာလဲကွ"

"ကိုကိုရာ ... ။ ကိုယ့်မင်းကိုယ့်ချင်းနဲ့ ယောမင်းကြီးလမ်းထောင့်လေကွာ။ မင်း ဂျာနယ်လစ်(စ်)လုပ်ပြီး ဒါတောင်မသိဘူးလား။ လာခဲ့ကွာ..."

"ဟောကောင် ... ငါက တက္ကစီငှားလာရမှာလား။ အခု ပန်းဆိုးတန်းအောက်ဆုံးဘလောက်။ ပန်းဆိုးတန်းနဲ့ ကုန်သည်လမ်းထောင့်က လောကနတ် စာအုပ်ပြပွဲမှာ ရောက်နေတာကွ"

ညီညီ သက်ပြင်းချလိုက်သည်။ သူ့အစ်ကိုသည် လမ်းလျှောက်အယ်ဒီတာ လုပ်နေပုံရသည်။ စာရေးဆရာ၊ သတင်းစာဆရာတို့၏ ထုံးစံအတိုင်း လမ်းဘေးလက်ဖက်ရည်ဆိုင်ထိုင်၊ နံနက်စာကို ဖြစ်သလို စားကြမည်။ ထမင်းနှင့်ဟင်း အပြီးအစီး တစ်ထောင်ဆိုတာမျိုးကို စားမည်။ ဖြစ်နိုင်လျှင် လေးရာ၊ ငါးရာဖြင့် ကိစ္စပြီးချင်သည်။ ပြီးတော့ လက်ဖက်ရည် တစ်ခွက်တစ်လေနှင့် အများဆုံး ရေနွေးကြမ်းကို ဖြည့်မည်။

"မင်းပြောတဲ့ ပတ်ရှိုင်ရယ်(လ်)ဟိုတယ်ဆိုတာ အရင်တုန်းက အိကြွေတိုးရိုးယယ်(လ်)ဟိုတယ်ကို ပြောတာလား။ အလှကုန်ပစ္စည်းတွေ ပရိုမိုးရှင်းလုပ်ဖို့ ဖက်ရှင်ရှိုးတွေရှုပ်ဖို့ ငါ့ကိုဖိတ်သေးတယ်။ ငါ ဝါသနာမပါတာနဲ့ တပည့်တွေကို လွှတ်လိုက်တယ်"

ညီညီ ပြုံးရပြန်သည်။

"ကိုကိုရယ်...မင်းကတော့ ဂျာနယ်လစ်(စ်)မှ မပီသတာ"

"ဘာဆိုင်လို့လဲကွ"





"မင်းတို့သတင်းသမားဆိုတာ ခွေးချင်းကိုက်တာကအစ စိတ်ဝင်စားရမှာလေကွာ။ အခုက ဖက်ရှင်ရှိုးတွေ၊ မော်ဒယ်(လ်)တွေ စုတတ်တဲ့နေရာကို မင်း မသိဘူးလား"

"ဒါတွေက အညှီအဟောက်သတင်းတွေကွ"

"ဒါဆိုရင် မင်းက ဘာသာရေးမဂ္ဂဇင်း တစ်ခုခုမှာ လုပ်ပါလား ကိုကိုရ..."

"ဟောကောင် ညီညီ၊ မင်း ငါ့ကို မရိနဲ့နော်"

ညီညီက ချော့ရသည်။

"ကိုကို ထမင်းစားပြီးပြီလား"

"ငါ (၃၄) လမ်းထဲက ကိုးသုံးလုံးဆိုင်ကို သွားမလို့။ အလယ်ဘလောက်လမ်းတိုလေကွာ။ အဲဒီမှာ ရှမ်းထမင်းချဉ်ရတယ်။ တို့ဟူးနွေးရတယ်။ ဝက်လက်ကို ကင်ပြီးကြော်၊ ကြော်ပြီးမှ ပြန်ပေါင်း။ ရေရေလည်လည် မိုက်တယ်"

"မင့်မိန်းမနဲ့တုန်းက အဲဒီဆိုင်တွေမှာ မင်းသွားစားလား"

"မဟုတ်ဘူးလေကွာ။ ငါက နေ့လယ်စာဆို ဖြစ်သလို စားနေကျပဲ။ သူလဲ အိမ်မှာ ချက်ပြုတ်ပြီး"

"ထားလိုက်တော့ကွာ။ ဒီလိုလုပ်၊ မင်းကို ငါလာကြိုရမလား"

"မင်းက ဘယ်သွားမလို့လဲ"

"ထရိတ်ဒါး(စ်)"

"ကုန်သည်ကြီးများဟိုတယ်လား။ ငါအခု လောကနတ်ကနေ အနော်ရထာဘက် လျှောက်မယ်။ ပန်းဆိုးတန်းနဲ့ အနော်ရထာလမ်းဆုံရောက်ရင် ဆူးလေဘက်လျှောက်မယ်။ ထမင်းက ဆာပြီကွ။ မင်းကိုးသုံးလုံး လာခဲ့ပါလား"

ညီညီ နာရီကြည့်သည်။

မွန်းလွဲ (၂) နာရီရှိနေပြီ။ မစ္စတာချန်းတို့၊ လီတို့ ဝေတို့နှင့် အတူတကွ စားခဲ့သော နေ့လယ်စာသည် သူ့ဝမ်းဗိုက်ကို မဟောင်းတိမ်းနိုင်ပေ။ ဂျဖန်အရက်ဆာကေ အပူကြွေပုလင်းလေးတစ်ပုလင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



သွေးကြောထဲတွင် ပျောက်ကွယ်သွားလေပြီ''

''မင်းရောက်တဲ့နေရာကို အတိအကျပြော''

''ပန်းဆိုးတန်းနဲ့ ကုန်သည်လမ်းထောင့်''

''ငါလာခေါ်မယ်။ ငါမလာမချင်း စောင့်နေ''

''မဟုတ်ဘူးလေကွာ။ ငါလျှောက်လာလိုက်ရင် ဘာမှမဝေးဘူးကွ။ ကိုးသုံးလုံးဆိုတာလဲ နိုင်ငံခြားသားတွေ ...''

ညီညီသည် သူ့အစ်ကိုစကားမဆုံးခင် ဖုန်းကို ပိတ်ပစ်လိုက်သည်။ ထို့နောက် ပတ်ရှိုင်ရယ်(လ်)ဟိုတယ်ရှေ့သို့ ထွက်၍ ကရင်သင်တိုင်း ဝတ်ထားသော ညှော်ကြိုကောင်မလေးအား သူ၏ကားသမားနှင့်ကားကို ခေါ်ပေးဖို့ ပြောရသည်။ သူ့ကားသမားသည် ဟိုတယ်၏မြေအောက်ထပ် ယာဉ်ရပ်နားရာမှ သူ့ထံသို့ မောင်းလာသည်။

ညီညီသည် သူ၏အစ်ကို ရာစစ်မှူးအား ခေါ်လာပြီး ကုန်သည်ကြီးများဟိုတယ် ပထမထပ်၊ တောင်ဘက်အစွန်းရှိ ဘူဖေးစားသောက်ဆိုင်သို့ ခေါ်လာသည်။ သူ့အစ်ကို စားချင်ရာကို စားစေသည်။

''ရှေပတ်ဝီစကီဖြစ်ဖြစ်၊ ဘီယာဖြစ်ဖြစ်''

''ကိုကိုရေ ...။ ကြီးကျယ်တယ်ပဲပြောပြောကွာ။ ငါ မသောက်ချင်ဘူး။ စကော့ဝီစကီပဲသောက်မယ်''

''ဟား ... ကောင်းတယ်။ ဘလူးလေဘယ်(လ်) ကောင်းတယ်။ ဒါပေမယ့် ဈေးကြီးလွန်းတယ်ကွာ''

''ဘလက်ပေါ့''

ညီညီက လိုအပ်တာတွေမှာသည်။

သူ့အစ်ကိုအတွက်လည်း ရင်နင့်နေမိသည်။ တကယ်တော့ သူ့အစ်ကိုသည် သူ့ထွေးသား လူပေါ့ကြော့လုပ်ပြီး သုံးချင်သလိုသုံး၊ ဖြုန်းချင်သလို ဖြုန်းနေနိုင်သူဖြစ်သည်။ ဝေရီလွင်နှင့်ယှဉ်သဖြင့် မိဘများ၏ စွန့်ပစ်ခြင်းကို ခံရသည်။ လူတန်းစားခွဲခြားမှု ရှိသည်ဆိုလျှင် ရာစစ်မှူးသည် အထက်တန်းလွှာမှသည် လူလတ်တန်းစားဘဝသို့ ခုန်ဆင်းရသူဖြစ်သည်။ ဝေရီလွင်သည် လူလတ်တန်းစားဘဝမှ





အထက်တန်းလွှာဖြစ်ချင်သူပင်။ သူမ ရည်ရွယ်သည့်အတိုင်း ဖြစ်သွားသည်၊ သူ့အစ်ကိုကိုတော့ ဆွဲတင်လို့မရသေး။

''ကိုကို ... မင်း အခုထက်ထိ နီတုန်းပဲလား''

''ဒါက ကမ္ဘာ့အတွေးအခေါ်ပညာရှင်ကြီးတွေ ချမှတ်ပေးခဲ့တဲ့ တော်လှန်ရေးလမ်းစဉ်ပဲ''

''အဲဒါဆို မင်း တောခိုချင်ခို။ ပြည်ပြေးလုပ်ချင်လုပ်။ မလုပ်တတ်ရင် ငါသင်ပေးမယ်။ မင်း ကိုယ့်ကိုယ်ကို ပစ္စည်းမဲ့မဖြစ်ဖြစ်အောင် လုပ်နေလို့ မိန်းမလဲ ပစ်ပြီးပြေးပြီ။ မင်း ဘာဖြစ်တာလဲ။ မင်းရဲ့စွန့်လွှတ်မှုတွေကြောင့် တိုင်းပြည်ကောင်းစားသွားလား။ မိန်းမတစ်ယောက်လုံး ဆုံးရှုံးတာတောင် မင်း အမှတ်မရှိသေးဘူး။ ဖေဖေနဲ့ မေမေ ဘာပြောတယ်မှတ်လဲ''

''သူတို့ပြောတာတွေ ငါမကြားချင်တော့ဘူး ညီညီ။ မင်းဂဏန်းတွေက လက်နဲ့ဆွဲဖွဲ့ပြီးစားမှ အဆင်ပြေမှာကွဲ''

ညီညီ သက်ပြင်းချမိသည်။ စာသမား၊ ကဗျာသမားတွေ ဤအတိုင်းပဲလား။ ဟာရီး(လ်)ရော်ဘင်ကို အားမကျကြဘူးလား။ ဂေါ်ကီတို့၊ တော်(လ်)စတိုင်းတို့ ဂျက်လန်ဒန်တို့မှ အကောင်းထင်နေကြသလား။ ညီညီသည် သဘော်ပေါ်ဝယ် လုပ်စရာမရှိအောင် အပျင်းထူနေရမည့်အချိန်တွင်တော့ စာဖတ်ဖြစ်သည်။ သို့သော် ပစ္စည်းမဲ့စာပေတွေ၊ တော်လှန်ရေးတွေ၊ သရုပ်မှန်တွေက ဆင်းရဲမွဲတေမှုနှင့် ရှုန်းကန်လှုပ်ရှားရတာတွေ များလွန်းသဖြင့် စိတ်ညစ်စရာကောင်းလှသည်။ သူကြိုက်တာက သရဲ၊ တစ္ဆေဝတ္ထုများ၊ လျှို့ဝှက်သည်းဖို၊ ထိတ်လန့်ကြောက်ရွံ့စရာများ။

''မင်းအတွက်လဲ အဆင်ပြေအောင် အလုပ်ရှိတယ်ကွာ''

ညီညီက မြန်မာပန်းချီဆရာများက ရုပ်ပုံရေးဆွဲပေးရမည့် ပန်းချီကားများ နိုင်ငံခြားသို့တင်ပို့ရန် အစီအစဉ်ကို ရှင်းပြသည်''

''ဒါ ခေါင်းပုံဖြတ်မှုကွ။ အနုပညာအပေါ်မှာ အကြီးမားဆုံး သစ္စာဖောက်မှု။ ငါ့ကို ရုပ်ပုံဝတ္ထု လာရေးခိုင်းတဲ့သူ အမှားကြီးပဲ။ ငါသာရေးခဲ့ရင် ဓေ့ထမိဖိုးတော့ ရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ လက်ရာလဲ ကောင်းတယ်ကွာ၊ ဘယ်ကိုမှလဲ ရောင်းလို့မရဘူးကွာ၊ အဲဒီလိုပန်းချီဆရာမျိုးတွေ မင်း မရှာပေးနိုင်ဘူးလား။ မင်းကို ငါရှင်းပြပြီးပြီနော်။ တစ်ချို့ပန်းချီကားက လုံးဝ ပလုံမှာ။ ခုဟာက ငါလိုက်ကြည့်မယ်။ သူတို့လိုတဲ့ ကင်းဗတ်(စ်)တို့၊ ဆေးတို့ ငါဝယ်ပေးမယ်။ ဖြစ်နိုင်ရင် ပန်းချီပန်းပုကျောင်းတက်နေဆဲ ချာတိတ်တွေကစပြီး ကြည့်ချင်တယ်။ မင်းလုပ်ပေးနိုင်မလား"

"ငါ့သူငယ်ချင်း ပန်းချီဆရာတွေက အနုပညာမာနရှိတယ် ညီညီ၊ သူတို့က ..."

"သူတို့က ထမင်းမစားဘူးလား"

"ဈေးကောင်းရပြီး အလုပ်ဖြစ်နေတဲ့လူတွေကို ငါမပြောဘူး ကိုကို၊ လက်ရာကောင်းရက်နဲ့ ငတ်နေတဲ့သူတွေကို လိုချင်တာ၊ တကယ်ထိုက်တန်တဲ့ ဈေးမဟုတ်ပေမယ့် သူတို့မရဘူးဟဲ့ ဈေးမျိုးကို ငါပေးမှာ၊ ငါ အဲဒီပန်းချီကားတွေကို စုချင်တယ်။ အဲဒါ မင်းလုပ်ပေးရမှာ။ လိုအပ်သလောက်ရရင် စင်ကာပူကို သွားပို့မယ်။ မင်းပါလိုက်ခဲ့၊ စင်ကာပူမှာ တစ်ညအိပ်ပြီးရင် မလေးရှားသွားမယ်။ မင်း လိုက်မလား"

ရာစစ်မှူး ငြိမ်သွားလေသည်။

ညီညီသည် သူ၏အစ်ကိုအား ရေဲအကြီးခံပြီး စိတ်ထဲမှ ကြိတ်၍ဆဲလိုက်မိသည်။ အကြောင်းမသိသူတွေက ညီညီကို အစ်ကိုဟု ထင်ကြသည်။ ညီညီက အသားညိုညို ကျားကျားလျားလျားနိုင်သည်။ ရာစစ်မှူးကား အသားဖြူပြီး ခပ်နွဲ့နွဲ့ဖြစ်သည်။ နှစ်ယောက်စလုံး မျက်လုံးမျက်ဖန်ကောင်းပြီး ပေါ်လွင်သောနှာတန်များရှိကြသည်။ ညီအစ်ကိုနှစ်ယောက်မှာ အရပ်တူသည်။ သက်တူရွယ်တူ ထင်ရသည်။ နှစ်ယောက်တည်းမှ တစ်ယောက်ကို ရွေးပါဆိုလျှင် အချစ်ငတ်သူ မိန်းကလေးများအတွက် ရွေးရခက်လိမ့်မယ် လုလင်နှစ်ဦးပင်တည်း။



# (၁)

အနုပညာဆိုတာ
သမ္မာကျမ်းစာထဲမှာပါတဲ့
အာဒံက ဧဝကိုကျွေးခဲ့
ချိုမြိန်တဲ့သစ်သီးလား။
အချစ်မီးလောင်မြိုက်
အရှိက်လွယ်ပြီး အငိုခက်မှ
ပေါ်လာရတဲ့ မျက်ရည်စက်လား။
သစ်ရွက်တွေပေါ် ပြေးလွှား
ဆော့ကစားပျော်ပိုက်
လေတိုက်မှပျောက်ကွယ်
ဖွေရှာဖို့မလွယ်တော့တဲ့
လွမ်းမောဖွယ်ညများလား။
အနုပညာဆိုတာ
ဝယ်ယူလို့မရ၊ ငှားရမ်းလို့မရ
ပင့်ကူနဲ့ပေါင်းဖက်၊ ကြွက်နဲ့ကစား
ဖုံမှုန့်ကြားမှာ လဲလျောင်း
ရောင်းစားလို့များမရရင်
နေ့ညထမင်း၊ ဟင်းနဲ့မှ စားရပါ့မလား။

ရာစစ်မှူးသည် ရေးလက်စကဗျာကို ပိုမိုကျစ်လျစ်အောင် မွမ်းမံပြင်နေရာမှ စိတ်ပါဝင်စားခြင်း မရှိသဖြင့် စာရေးစားပွဲမှ ထလိုက်သည်၊ ညီညီသည် သူနေထိုင် အလုပ်လုပ်ရာတိုက်ခန်း၏ အပေါ်ထပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံဝယ်ယူလိုက်ပြီး ပန်းချီစတူဒီယိုဖြစ်အောင် လုပ်ပေးသည်။ စုတ်တံ၊ ဆေး၊ ကင်းဗတ်စ၊ သုံးချောင်းထောက် stand၊ ဘောင်စသည်များကို ဝယ်ယူပေးသည်။

ရာစစ်မှူးသည် သူ၏သူငယ်ချင်း ပန်းချီဆရာ ခက်မိုးကို သွားရှာလာခဲ့သည်။ ပန်းချီဆရာခက်မိုးသည် လက်ရာကောင်းသော ပန်းချီကားများကို ရေးဆွဲနိုင်သူဖြစ်သည်။ သို့သော် ပြခန်းမှာတင်ခဲ့သမျှ တစ်ကားမှ မစွံခဲ့။ သူသည် မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း သရုပ်ဖော်ပုံ ဆွဲခွင့်မရ။ သို့နှင့် ဝမ်းရေးအရ ရရာအလုပ် လုပ်နေတာကြာပြီ။ ဆိုက်ကားနင်းလိုနင်း၊ ရေစည်လှည်း တွန်းလိုတွန်းနှင့် အနုပညာရှင်သည် အကြမ်းပညာနှင့် အလုပ်လုပ်နေရလေပြီ။

ညီညီက ရာစစ်မှူးလိုသမျှငွေကြေးကို စီစဉ်ပေးသည်။ ငွေရေးကြေးရေးနှင့်ပတ်သက်၍ စာရေးမတစ်ယောက် ရှာပေးပြီး စီမံခန့်ခွဲစေသည်။ သူ၏အစ်ကိုမှာ ငွေများများစားစားကို ကိုင်တွယ်ဖူးသူမဟုတ်။ ခက်မိုးသည် သူ၏တပည့်များ၊ သူ့လိုပဲ ငတ်နေသော ပန်းချီဆရာများထဲမှ Portrait (ခေါ်) ပုံတူအဆွဲတော်သူများကို ရှာဖွေစုဆောင်းရာ (၁၀) ယောက်ခန့်ရသည်။ သူတို့ကို နေ့ည ရေးဆွဲစေသည်။ ပန်းချီဆရာလေးများတွင် ကျောင်းဆင်းခါစလေးတွေက ငါးယောက်ခန့်ပါသည်။

ရာစစ်မှူးသည် အပေါ်ထပ်သို့ တက်လာသည်။ ပန်းချီဆရာများသည် မစ္စတာဝေးပေးသွားသော စီဒီဓာတ်ပြားထဲမှ ပုံများကိုကြည့်၍ ကူးဆွဲနေကြသည်။ ထိုပုံများမှာ လူသတ္တဝါတို့၏ အဝတ်အစားကင်းမဲ့သော ဓာတ်ပုံများဖြစ်သည်။

"အောက်က စာရေးမရယ်၊ ကွန်ပျူတာစာစီတဲ့ ကောင်မလေးတွေရယ် အပေါ်တက်လာသေးလား မိုးခက်"

"မလာပါဘူး ကိုကို့ရ၊ ဘာဖြစ်လို့လဲ"

"ဒါတွေ မင်းတို့ကူးဆွဲနေတာတွေ့ရင် ငါတို့ကို နွားဘူးတွေလို့ ထင်သွားတော့မှာပဲ"





မိုးခက်က အသံထွက်အောင် ရယ်သည်။

"ငါတို့က လူကိုယ်တိုင်ကိုတောင် ထိုင်ခိုင်းထားပြီး ရေးခဲ့ဖူးသေးတာပဲ။ မော်ဒယ်(လ်)က ထိုင်ပေးနေတုန်း ပုံတူရေးတဲ့ ပန်းချီဆရာဟာ ပန်းချီဆရာအစစ်သာဆိုရင် တဏှာပေမစိတ် လုံးဝမရှိဘူးကွ။ သူ့အသားအရေက ဘာအရောင်လဲ။ သူ့ခန္ဓာကိုယ်ပေါ်မှာ ဘယ်နေရာတွေမှာ အလင်းရောင်ကျနေလဲ၊ ဘယ်နေရာမှာ အရိပ်ကျနေလဲ။ ဒါပဲသိမှာ"

"ဒါကို မင်းတို့ငါဟို့ကတော့ သိတာပေါ့။ လူတိုင်းက ဘယ်သိပါ့မလဲ"

"ဒါပေါ့ကိုကို။ အဲဒါကြောင့်လဲ ငါတို့ပန်းချီဆရာတွေဟာ လူမသိ သူမသိ တိတ်တိတ်ဆိတ်ဆိတ်ရှိတဲ့ စတူဒီယိုတွေမှာပဲ ဆွဲချင်ကြတာပေါ့"

"အခုနေရာက မတိတ်ဘူးလား။ လမ်းပေါ်က ကားသံတွေဆူလား"

"ရပါတယ်ကွာ၊ မင်းတို့က အခန်းအလုံပိတ်ပြီး အဲယားကွန်းတွေ ဘာတွေလုပ်ပေးထားတာပဲ။ ဆိုက်ကားနင်းလာရတဲ့ကောင်အဖို့ ဒါဟာ သိပ်မြင့်လွန်းနေပြီ။ ငါ့ချာတိတ်တွေလဲ မိုးပက်နေတဲ့ ထရန်ဘေးနားမှာကပ်ပြီး ဆွဲဖို့ အခွင့်အရေးလောက်ကိုတောင် ထိပေါက်သလောက် ထင်နေတာပါ။ အရေးကြီးတာက ဒါမဟုတ်ဘူးကွ"

"ဘာလဲ"

"မင့်နိုင်ငံခြားသားက ပေးသွားတဲ့ပုံတွေကို ကြည့်စမ်း"

ရာစစ်မှူးသည် မိုးခက်နှင့်အတူ ကွန်ပျူတာထဲမှ ထုတ်ပေးထားသော ရောင်စုံဓာတ်ပုံများကို ကြည့်သည်။ အချို့ပုံများမှာ အမျိုးသမီးများ၏ ကိုယ်ဟန်ပြပုံ၊ ဖက်ရှင်ရှိုးလျှောက်သကဲ့သို့ ရပ်ပြပုံ၊ သဲသောင်ပြင်တွင် လဲလျောင်းနေပုံ၊ အိပ်ရာပေါ်မှ ပုံများဖြစ်ပြီး၊ အမျိုးသားများ၏ တစ်ယောက်ချင်းပုံ၊ အမျိုးသမီးနှင့် နှစ်ယောက်တွဲပုံများလည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ"

"ပုံအားလုံးဟာ အသက်မဝင်ဘူးကွ"

"ပြုံးပြုံး ရယ်ပြနေတုန်း ရိုက်ထားတဲ့ပုံတစ်ချို့ကိုကြည့်။ ဒီမှာ တွေ့လား။ သူက သဲသောင်ပြင်မှာ သူ့ခန္ဓာကိုယ်အချိုးအစားကို ပေါ်အောင် ကိုယ်ဟန်ပြပြီး သွားဖြဲပြနေတာ။ ပျော်တာလဲမဟုတ်ဘူး။ ပျော်လို့ရယ်တာလား။ တစ်ချို့ ခပ်တည်တည်နေတာ မျက်နှာသေကြီးတွေ။ မျက်နှာမှာ ခံစားမှုကင်းမဲ့နေတယ်။ ပုံတူသမားက သူ့အရှိအတိုင်းပဲ ဆွဲမှာ။ မရှိတဲ့ခံစားချက်ကို ထည့်နိုင်မှာမဟုတ်ဘူး။"

"အသက်မပါဘူးဆိုပါတော့"

"ဒါပေါ့။ ဒါကြောင့် ငါကတော့ တစ်ချို့ပုံတွေဆိုရင် မျက်နှာ မပါအောင် ငါ့ဟာငါ လိုချင်တဲ့အပိုင်းပဲ ကွက်ဆွဲတယ်။ ရင်ဘတ်ချည်းပဲ ဖြစ်ချင်ဖြစ်မယ်၊ ခြေထောက်ချည်းပဲ ဖြစ်ချင်ဖြစ်မယ်။ အဲဒီလို ခရေပင် လုပ်ပစ်လိုက်တယ်။ ပြီးတော့ မင့်ကောင်တွေက ဘက်ဂရောင်းကို ဂရုမစိုက်ဘူး။ တစ်ချို့ဟာတွေက ဖြစ်ကတတ်ဆန်းပဲ။ ဘက်ဂရောင်း ကို ဖြစ်သလိုရွေးပြီး ရိုက်လွှတ်လိုက်တာ။ တစ်ချို့ဓာတ်ပုံဆရာတွေ ကတော့ တော်တယ်။ သူ့ရဲ့ အထားအသိုကိုကကောင်းတော့ ပုံလဲ ကောင်းတာပေါ့"

ခက်မိုးက သူရေးဆွဲရာ Stand ရှိရာသို့ လျှောက်သွားသည်။ ပုံကြီးချဲ့ပြီး နံရံတွင် တိတ်(ပ်)ဖြင့်ကပ်ထားသော ဓာတ်ပုံကိုပြသည်။

"ဒီပုံကိုကြည့်"

ရာစစ်မှူး မျက်မှောင်ကြုတ်၍ ကြည့်သည်။ အမျိုးသမီး တစ်ယောက် ကျောပေး၍ ရပ်နေပုံဖြစ်သည်။ သူမ၏မျက်နှာ တစ်စွန်း တစ်စ၊ မျက်တောင်ကော့ကလေးတစ်ဘက်နှင့် နှာသီးဖျားထိပ်ကလေး ပေါ်ရုံမျှသာ လှည့်ကြည့်နေသော ပုံဖြစ်သည်။ ခါးက နွဲ့နေသည်။ ခြေဖျားတစ်ဘက်ထောက်ပြီး ဒူးညွှတ်ထားသည်။ ကျန်တစ်ဘက်က ဖနောင့်ကြွရုံမျှသာ ရှိသည်။ လက်တစ်ဘက်က နွဲ့ပြီး ကွေးညွှတ်နေသော ခါးပေါ်တွင် လက်ထောက်ထားသည်။ လက်တစ်ဘက်က အဖျားကော့ ထားသည်။





ဒီပုံကတော့ အရှမ်းအသက်ဝင်တယ်။ သူ့မျက်နှာကို မမြင်ရဘူး။ ဒါပေမယ့် မြင်သာရုံလေးလုပ်ထားတာကိုက လူတွေ သူ့မျက်နှာ ဘယ်လိုများနေမလဲဆိုတဲ့ အတွေးကို ဖြစ်လာစေတယ်။ သူ့အသက် အရွယ်ကို မှန်းဆလို့မရဘူး။ နုပျိုတာရော၊ ရင့်ကျက်တာရောကို သူ့ပခုံးက လုပ်ပြနေတယ်။ တစ်ခုပဲ တင်ပါးပေါ်က မှဲ့လား၊ အမှတ် လား မသိဘူး။ အဲဒါကတော့ တစ်မျိုးဖြစ်နေတယ်။ အဝတ်အစား ဝတ်ရင်တော့ ဒါက ဘယ်မြင်ရမလဲ။ ငါတော့ ဒါကို ဖျောက်ပစ်ရ မယ်"

ရာစစ်မှူးရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။

ဝေရီလွင်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။

သူသည် ဝေရီလွင်ကို မည်သည့်နေရာ၊ မည်သည့်ရှုထောင့်၊ မည်သည့်အနေအထားမှာမဆို မှတ်မိသည်။ သူသည် ဓာတ်ပုံကို ဆွဲခွာပြီး အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃

## (က)

မုတ်လောစွဲဆောင်၊ ဤလူ့ဘောင်တွင်
လုံအောင်စောင့်ကြား၊ မိန်းမအားကို
ယောက်ျားတကာ၊ မစွမ်းရာရှင့်
မိစ္ဆာစာရ၊ ကျင့်ပါပနှင့်၊ ဒုဿီလမျိုး
လိုဆိုးဟော့ရမ်း၊ မိန်းမသွမ်းတို့
ပေါ်ဆမ်းပျားရည်၊ ယုံစိမ့်သည်ဟု
ထွေလည်ထိုထို၊ တောင်ကြီးမျို၍
ရွတ်ဆိုနှုတ်က၊ ကျိန်သမှုလည်း
မိန်းမသစ္စာ၊ မုသားသာတည့်
မာယာကာရီ၊ ပလီနှုတ်လျှမ်း
တွေ့ရာယမ်း၍၊ ဖုံးလွှမ်းကာဆို
လျှာမချို့ဘူး၊ နွားနို့ကုလား၊ ထန်းသမားတို့
မုသားမဘက်၊ ရေမစွက်သည်
သက်သက်မရှိ၊ ဟူတုံဘိသို့
ကွတ္တိတ်တွာ၊ ဓမ္မတာတည့်
ဖွတ်လျှာသဏ္ဍာန်၊ နှစ်ခွဉာဏ်နှင့်
မမှန်သည်သာ၊ များလှစွာ၏။

မန်လည်ဆရာတော်ဘုရားကြီး
မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ်၊ အပိုဒ် (၃၀

www.burmeseclassic.com



ရာစစ်မှူးသည် ဒေါသထွက်လျက်ရှိသည်။ သူသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ရောက်ရှိနေသော ဝေရီလွင်ထံသို့ သူ၏ တိုက်ခန်းမှ လိုင်းဖုန်းဖြင့် အကြိမ်ကြိမ်ခေါ်ဆိုလျက်ရှိသည်။ သူ နားလည်သော ဘာသာစကားများဖြင့်သာ ပြန်လည်ဖြေဆိုတာ ကြားရသည်။ ညီညီဝယ်ပေးသော GSM ဖုန်းဖြင့်လည်း ခေါ်သည်။ ခေါ်လို့မရ။ တစ်ခါသော် အင်္ဂလိပ်လို ပြန်ဖြေသည်။ သူ ပြန်မပြောတတ်။ သူ အင်္ဂလိပ်စာအုပ်များစွာ ဖတ်ဖူးသည်။ ဘာသာလည်း ပြန်နိုင်သည်။ သို့သော် အင်္ဂလိပ်စကား ပြောနေမကျ။

ညီညီကတော့ သူ့ကို အင်္ဂလိပ်စကားပြော လေ့ကျင့်ထားရန် ပြောတာ ကြာပြီ။ သူမလုပ်ဖြစ်ခဲ့။ သူသည် ဝေရီလွင်၏ ကြောပေးထားသောဓာတ်ပုံကို မြင်ပြီးကတည်းက စိတ်တွေတိုနေသည်။ သူ့စိတ်ကိုသူ ထိန်းလို့မရ။ လေစီးကြောင်းအတွင်း မျောပါနေသော တိမ်ရောင်စုံများနှယ်ပင် သူ့စိတ်များသည် သဏ္ဍာန်မဲ့ လွင့်မျောနေသည်။ သူသည် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူထားရသော ဂျာနယ်(လ်) အတွက် မရေးလျှင်မဖြစ်သော ခေါင်းကြီးပိုင်းကိုပင်လျှင် အပြီးမသတ်နိုင်။

ဖန်ခွက်တွေလည်း နှစ်လုံးသုံးလုံးခန့် ပေါက်ခွဲပြီးပေပြီ။ ခက်မိုးက သူ့ကို လာချော့သည်၊ မရ။ ဆောင်းနှင်းစက်က သူ့ကို လာဖျောင်းဖျသည်။

"ဆရာရယ် ဘာတွေများ ဒီလောက် ဒေါသတွေကြီးနေရတာလဲ"

ဆောင်းနှင်းစက်ထံမှ ရေမွှေးနံ့ရသည်။ ဆောင်းနှင်းစက်သည် သူ့ထံတွင် ဂရပ်ဖစ်ဒီဇိုင်နာအဖြစ် အလုပ်ဝင်နေသည်။ Page Maker တစ်ဦးအနေနှင့် ဆောင်းနှင်းစက်သည် စာမျက်နှာဖွဲ့စည်းမှုတွင် ပိုင်နိုင်သည်။ ဂျာနယ်(လ်)များအတွက် ဓာတ်ပုံနှင့် စာများကို ဆွဲဆောင်မှုအားကောင်းစေရန် ဖန်တီးရာတွင်လည်း သာမန် Display Editor တစ်ဦးအနေနှင့်သာမက ပန်းချီဆရာ၏ အမြင်မျိုးရှိသည်။ အထူးအသဖြင့် Composition ကောင်းသည်။ ဆောင်းနှင်းစက်သည် သူ့အဆုံးမသတ်

www.burmeseclassic.com



နိုင်သော ခေါင်းကြီးပိုင်းကို ရေးပေးပြီး ကွန်ပျူတာစီစီ၍ပင် ပြီးပေပြီ။

"ဆရာ့ကို ကြောတယ်လို့မထင်နဲ့နော်။ ဒီညနေမှ မပေးနိုင်ရင် မနက်ဖြန် စီစစ်ရေးတင်နိုင်မှာ မဟုတ်ဘူး။ ဆရာ့ကြောင့် ဂျာနယ်(လ်) ထွက်တာ နောက်ကျရင် ပတ်စဘာလစ်ရှာက ဆရာ့ကို ယုံမှာလား"

ဆောင်းနှင်းစက်ကို သူ ဘာမှပြန်မပြောမိ။ သူမသည် သူ့တပည့်ရင်းဖြစ်သည်။ သူ့အပေါ် ရိုသေလေးစားသည်။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ နီးကပ်သလောက် သန့်စင်သည်။ ဆောင်းနှင်းစက်သည် အားလပ်ချိန်တွင် ကွန်ပျူတာသင်တန်းများ ထပ်တက်ပြီး နိုင်ငံခြားထွက်နိုင်အောင် ကြိုးစားနေသည်။ သူမအနေနှင့် နိုင်ငံရပ်ခြားတွင် ကွန်ပျူတာနှင့်ပတ်သက်၍ အဆင့်မြင့်ပညာရပ်တွေ သင်ကြားလိုခြင်းသာ အဓိကဖြစ်သည်။ အားလျှင် သူမ စာကျက်နေသည်။

ယခုတော့ သူမပါ ရာစစ်မှူးအတွက် ရောယောင်၍ စိတ်ညစ်နေလားမသိ။

"ဆရာမိုး၊ ကျွန်မတို့ဆရာ ဘာဖြစ်သွားတာလဲ"

မိုးခက်က ရာစစ်မှူးမမြင်အောင် ပါးစပ်လှုပ်၍ ဖြေသည်။ မိုးခက်၏နှုတ်ခမ်းများက "သူ့မိန်းမ" ဟု အသံတိတ်ရွတ်ဆိုခြင်းကို ဆောင်းနှင်းစက် နားမလည်ပေ။

ဆောင်းနှင်းစက်သည် ရာစစ်မှူးတို့လင်မယား ကွဲနေသည်ကို သိသည်။ ဝေရီလွင်က နိုင်ငံခြားသားတစ်ဦးနှင့် လက်ထပ်ပြီး ထိုနိုင်ငံခြားသားက ခေါ်ယူသည့်အနေဖြင့် နိုင်ငံခြားထွက်သွားတာ သိသည်။ နောက်ပိုင်းကိုတော့ သူမအနေနှင့် မသိရှိပေ။ သိရှိနိုင်ခွင့်လည်း မရခဲ့ပေ။

"ငါ့ရင်ထဲမှာ တင်းကြပ်နေတယ်"

ရာစစ်မှူးရင်ထဲမှာ တင်းကျပ်နေခဲ့ရပေါင်း များလှပြီကို မိုးခက်ရော၊ ဆောင်းနှင်းစက်ရော သိသည်။





ထိုအချိန်တွင် သူ့တပည့် သတင်းထောက်မလေးတစ်ယောက် တိုက်ခန်းပေါ်တက်လာသည်။ ဂျာနယ်တစ်စောင်ကို ပြရင်း အလိုက်ကမ်းဆိုးမသိစွာပင် ပြောတော့သည်။

"ဒီမှာ ဆရာ၊ ဆရာ့အကြောင်း မကောင်းကြောင်း ရေးထားတာ။ ဆရာဟာ လူတန်းစားမမှန်တဲ့အတွက် လမရှေ့ဘဲ မွေးသလိုပဲတဲ့။ စာပေအသိုင်းအဝိုင်းထဲမှာ ဘူဇွာအင်ပါယာကို ထူထောင်နေတယ်တဲ့။ ဆရာဟာ အခြေခံလူတန်းစားအများစုကို ကိုယ်စားမပြုဘဲ စိတ်ကူးယဉ်အိပ်မက်တွေကို ဖန်တီးနေတယ်တဲ့၊ ဆရာ့ရဲ့စုစည်းမှုဟာ ကုမ္ပဏီထောင်တာပဲတဲ့"

ဆောင်းနှင်းစက်က မျက်ရိပ်မျက်ခြည်ပြပေမယ့်လည်း မမှီနိုင်တော့ပေ။ အိန္ဒြေအောင်သည် သူပြောချင်ရာ ပြောတော့သည်။ ရာစစ်မှူးက ဂျာနယ်ကိုယူကြည့်သည်။ ညီညီသည် သူ့ကို စာအုပ်တိုက်တစ်ခု ကောင်းကောင်းမွန်မွန်ထူထောင်ပေးသည်။ ကွန်ပျူတာတွေ၊ ကွန်ပျူတာသမားတွေ၊ သတင်းထောက်တွေ ခန့်ပေးသည်။ အားလုံးကို ခေတ်ဆန်သော တူညီဝတ်စုံတွေ၊ ဒစ်ဂျစ်တယ်(လ်)ကင်မရာတွေ၊ MP3၊ MP4 ကဲ့သို့ သေးငယ်သော အသံဖမ်းစက်တွေ တပ်ဆင်ပေးသည်။ ဧဆောင်းနှင်းစက်ကလွဲ၍ ခန့်ထားသူများမှာ ညီညီစိတ်ကြိုက်ချည်းဖြစ်သည်။ ဆောင်းနှင်းစက်ကို လက်ကိုင်ဖုန်းတစ်လုံး ဝယ်ပေးထားသည်။

ရာစစ်မှူးကိုယ်တိုင်လည်း အတွင်းရေးမှူးတစ်ယောက်ခန့်ဖို့ တိုက်တွန်းနေသည်။

သူသည် ဝေရီလွင်နှင့်ကွဲပြီး လမ်းဘေးမှာပဲ ကျင်လည်ခဲ့တာ ဘယ်နှနှစ်မှန်းမသိ။ ညီညီ နိုင်ငံခြားက ပြန်ရောက်လာပြီး သူ့ကို အဆင့်မြင့်ဂျာနယ်လစ်(စ်)ဖြစ်အောင် လုပ်ပေးနေတာကတော့ တစ်နှစ်ကျော်ပြီ။ လမ်းဘေးလက်ဖက်ရည်ဆိုင်တွေ မထိုင်ဖြစ်တော့။ ညီညီသည် သူ့အစ်ကိုအား နိုင်ငံခြားသတင်းဌာနကြီး၏ ကိုယ်စားလှယ်တစ်ယောက်အဖြစ် ခန့်အပ်ခြင်းခံရအောင် ကြိုးစားပေးနေသည်။

www.burmeseclassic.com



"သူတို့ (၃၇) လမ်းထိပ်မှာ ရှိတယ်၊ လာကွာ ,မိုးခက်"

"ဆရာ မသွားပါနဲ့လား"

"မသွားလို့ဘယ်ဖြစ်မလဲ"

"ရန်ဖြစ်မလို့လား"

"ငါဘယ်တုန်းက ရန်ဖြစ်လို့လဲ မိဆောင်းရယ်"

ရာစစ်မှူးသည် မိုးခက်နှင့်အတူ ကျော်ကျော်ဟိုးတို့လူစုကို လိုက်ရှာသည်။ ကျော်ကျော်ဟိုးကို နိုးတူးနှင့်အတူ တွေ့ရသည်။ သူတို့ စကားစစ်ထိုးကြသည်။ ထို့နောက် လက်ဖက်ရည်ဆိုင်မှ အရက်ဆိုင် ပြောင်းရန် သဘောတူကြသည်။ ဝင်းမြင့်ခိုင်လည်း ကပ်တီးမှူးလဲ လုပ်ရအောင် လိုက်ပါလာသည်။ မိုးခက်သည် ရာစစ်မှူးအား ကောင်းစွာထိန်းထားနိုင်သည်။ ရာစစ်မှူးသည် ဝေရီလွင်၏ ဓာတ်ပုံကိစ္စကို ခေတ္တမေ့ထားပြီး ဘာသာရပ်အသစ်တစ်ခုကို စိတ်ဝင်စားနေလျှင် တော်ပြီဟု သူတင်းတိမ်နေလိုက်သည်။ ရန်မဖြစ်လျှင် ပြီးရောပင်။

"နေစမ်းပါဦး။ လူတန်းစားဆိုတာ ဘာကိုပြောတာလဲ မင်းသိလား ကျော်ကျော်ဟိုး"

ရာစစ်မှူးက မေးသည်။ ကျော်ကျော်ဟိုး ပြန်မဖြေဘဲ အကဲခတ်နေသည်။ တကယ်တော့လည်း ကျော်ကျော်ဟိုးသည် ဂျာနယ်တွင် ပါလာသော ဆောင်းပါးအပေါ်တွင် ကြေညက်ခြင်းမရှိကတည်းက သူကိုယ်တိုင်ရေးတာမဟုတ်မှန်း မိုးခက် အပိုင်တွက်ဆမိသည်။ သို့သော် စာပေသမားတို့၏ ထုံးစံအတိုင်း တစ်စုံတစ်ရာကို ထမင်းမေ့ဟင်းမေ့ ငြင်းခုန်နေခြင်းမျိုးတွင် ရာစစ်မှူး ပျော်ပိုက်နေတာ ပိုကောင်းသည်။

"A group of people who all live under identical economic conditions"

ရာစစ်မှူးက အင်္ဂလိပ်လို ညှပ်ပြောသည်။ ညီညီတိုက်တွန်းသဖြင့် သူ အလေ့အကျင့် လုပ်နေရသည်။

"လူတန်းစားဆိုတာ လူအုပ်စုတစ်ခုပဲ။ အဲဒီလူတွေအားလုံးဟာ လုံးဝဥဿုံ တူညီတဲ့၊ မျိုးဥတစ်ခုတည်းက ပေါက်လာတဲ့





စီးပွားရေး အခြေအနေတစ်ခုရဲ့အောက်မှာ အတူနေရမယ်။ ဆိုတာ စီးပွားရေးအခြေအနေအရ ခွဲထားတာကွ။ ဆင်းရဲတဲ့လူပဲ"

ကျော်ကျော်ဟိုးက ခနဲ့တဲ့တဲ့ပြုံးပြီး ခေါင်းခါသည်။

"ကား(လ်)မာ့(ခ်စ်) ဟာ သူ့ရဲ့ အနုပဋိလောမ ရုပ်ဝါဒနဲ့ သမိုင်းရဲ့ စီးပွားရေးအဓိပ္ပာယ်ကို ရှင်းပြတဲ့ သီအိုရီတွေထဲကနေ သူ့ရဲ့ လူတန်းစားတိုက်ပွဲ ယုံကြည်ချက်ကို သီအိုရီအနေနဲ့ ဆွဲထုတ်ခဲ့တာ မင်းလဲသိမှာပါ ရာစစ်မှူး။ ခေတ်ပေါ် လူ့အဖွဲ့အစည်းမှာ တစ်ခုနဲ့တစ်ခု ရန်လိုနေတဲ့ လူတန်းစားနှစ်ခု ကွဲသွားတယ်။ အဲဒါ ဘူဇွာတွေနဲ့ ပစ္စည်းမဲ့တွေပဲ"

"ဒီမှာ ကျော်ကျော်ဟိုး၊ မာ့(ခ်စ်)ဟာ ၁၈၁၈ ခုနှစ်မှာ မွေးတယ်။ ၁၈၈၃ ခုနှစ်မှာ သေတယ်။ အိန်ဂျယ်(လ်စ်)က ၁၈၂၂ ခုနှစ်မှာ မွေးတယ်။ ၁၈၉၅ ခုနှစ်မှာ သေတယ်။ အဲဒါ ၁၉ ရာစုကွ။ အခု ၂၁ ရာစု ရောက်နေပြီ။ မာ့(ခ်စ်) ဘာတွေရေးခဲ့လဲ။ Capital လို့ခေါ်တဲ့ အရင်းကျမ်းကြီးကို သုံးတွဲခွဲရေးခဲ့တယ်။ ၁၈၆၇ ခုနှစ်ရယ်၊ ၁၈၈၅ ခုနှစ်ရယ်၊ ၁၈၉၄ ခုနှစ်ရယ်။ လူသိအများဆုံးကတော့ ၁၈၄၈ ခုနှစ်မှာ ရေးတဲ့ ကွန်မြူနစ်ကြေညာစာတမ်းပဲ။ Communist Manifesto ပေါ့။ မာ့(ခ်စ်)သေမှ အိန်ဂျယ်(လ်စ်)က ဆက်ရေးလို့ မာ့(ခ်စ်)ဝါဒက နှစ်ဆယ်ရာစုအထိ ပျံ့နှံ့ခဲ့ပြီး ခေတ်စားလာတာ။ ဒါပေမယ့် မာ့(ခ်စ်)ရဲ့စိတ်ကူးတွေကို မှားယွင်းပြီး ပြန်တင်ပြခဲ့လို့ ဝေဖန်ခံရတာ မင်းသိလား"

"ခေတ်တွေပြောင်းခဲ့ပြီဆိုတာ ဟုတ်တယ်ရာစစ်မှူး။ ဒါပေမယ့် လူတန်းစားတိုက်ပွဲဆိုတာ မရှိဘူးလား"

ကျော်ကျော်ဟိုးက ပြောသည်။

"မာ့(ခ်စ်)နဲ့ အိန်ဂျယ်(လ်)က ပစ္စည်းမဲ့ တော်လှန်ရေးဝါဒကို ဟောတာပြောတာ ရေးတာပဲရှိတာ။ တကယ်လက်တွေ့ အကောင်အထည်ဖော်တာက လီနင်ကွ။ မသိရင်မှတ်ထား။ ၁၈၇၀ ပြည့်နှစ်မှာ မွေးတယ်။ ၁၉၂၄ ခုနှစ်မှာ သေတယ်။ ဘော်(လ်)ရှီဗစ်တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ၁၉၁၇ ခုနှစ်မှာ လုပ်ခဲ့တယ်။ ကဲ ... အခု ဘာဖြစ်ကုန်ပြီလဲ။ မာ့(ခ်စ်)ဝါဒကြီးဟာ ကျဆုံးသွားပြီ။ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားလို့ အရင်တုန်းက အမြတ်တနိုး ကိုးကွယ်ခဲ့ကြတဲ့ လီနင်ရဲ့ရုပ်ထုကြီးတွေတောင် လည်ပင်းကြိုးကွင်း အစွပ်ခံခဲ့ရပြီ။ အရှေ့ဥရောပနိုင်ငံတွေလဲ ဘယ်လောက် ဒုက္ခရောက်ကုန်လဲ''

''ဒါဟာ ဖောက်ပြန်တဲ့ လူတန်းစားတွေရဲ့ လုပ်ကြံမှုပဲ။ အခု ဖောက်ပြန်တဲ့ လူတန်းစားဟာ ကမ္ဘာပေါ်မှာ ကြီးစိုးနေပြီ။ မင်းတို့ ငါတို့က ဘယ်လူတန်းစားဘက်က ရပ်မလဲ''

''စီးပွားရေးအပေါ်မှာ အခြေခံတဲ့ လူတန်းစားကွဲပြားမှုဟာ နောင်လဲ အမြဲရှိနေမှာပဲ။ ဘယ်လူတန်းစားကမှ အပြတ်အသတ် အနိုင်မရဘူး။ မင်းဟာ ရှိချင်တဲ့လူတန်းစားမှာ ရှိနေမှာပဲ။ အဲဒါ မင်းရဲ့ မွေးရာပါအခွင့်အရေးပဲ။ လာအိုနိုင်ငံမှာ မင်းသားကြီး ဆူဗန်နိုဗောင်ဟာ ဗီယက်နမ်ကိုသွားပြီး ဆင်းရဲသားဘဝကို ခံယူခဲ့တယ်။ သူ နိုင်ငံ့ခေါင်းဆောင်ဖြစ်တော့ စက်ဘီးစီးသေးလို့လား''

မိုးခက်ကား ပျင်းရိဖွယ်ကောင်းလှသော စကားဝိုင်းမှ မည်သည့်အချိန်က ပျောက်သွားမှန်း မသိတော့ပေ။ သူ့အဖို့ကတော့ ပန်းချီဆွဲရဖို့သာ အရေးကြီးသည်။ ကားများများဆွဲမှ ငွေများများရမည်။

''ငါ လူအများကောင်းကျိုးအတွက် စာရေးမယ်။ ရေးလဲ ရေးခဲ့တယ်။ ငါရေးတဲ့စာဟာ အဆိပ်အတောက် မဖြစ်စေရဘူး''

''မင်း အရင်တုန်းကတော့ ရန်လိုတဲ့ စာရေးဆရာပဲ။ အမြင်မတော်တာတွေ ဆတ်ဆတ်ထိမခံ ရေးတယ်။ ဟောပြောတယ်။ အဲဒီ အယူအဆထဲမှာ လုံးဝ နစ်မြုပ်ထားတယ်။ မင်းဟာ proletariat ပဲ။ မင်းကို ငါတို့ ယုံကြည်ခဲ့တယ်။ အခုတော့ မင်းဟာ လာရာလမ်းအတိုင်း Bourgeoies ဖြစ်သွားပြီ''

''ငါဟာ ဘယ်တုန်းကမှ ပစ္စည်းမဲ့မဖြစ်ခဲ့သလို ဘယ်တုန်းကမှလဲ ဘူဇွာမဖြစ်ခဲ့ဘူး။ ငါဟာ ငါပဲ။ ယန်းပေါ်ဆတ်ရဲ့ ဖြစ်တည်မှုဝါဒအရဆိုရင် ...''





ညီညီသည် ကားပေါ်က ဆင်းလာသည်။ ခုံတစ်လုံးမှာ ဝင်ထိုင်သည်။ သူ့အစ်ကိုသည် တရုတ်ဆေးအရက်နှင့် လမိုးဘေးက အကင်တွေကို မြည်းနေလေပြီ။

''ကိုကို ... မင်းသောက်နေတာ မရမ်းချောင်ကချက်တဲ့ တောအရက်ကွ။ မင်းစားနေတာက မလတ်ဆတ်တဲ့ အသားတွေကို တူးအောင် မီးဖုတ်ထားတာ။ အဲ ... မင်းပြောနေတာက အရေမရ အဖတ်မရတွေ''

''ဘာပြောတယ်ကွ''

ရာစစ်မှူးက သူ့ညီကို ဟောက်တော့သည်။ ညီညီက ဂရုမစိုက်။ သူ့အစ်ကိုအကြောင်း သူသိသည်။ သူ့အစ်ကိုသည် သူ့ကို ဘယ်တော့မှ အနိုင်မကျင့်။ ဘယ်တော့မှ ရန်မဖြစ်။ သူများနှင့်လည်း ရန်မဖြစ်။ ပါးစပ်နှင့်သာ ငြင်းခုန်နေရလျှင် ကျေနပ်သည့်သူ။

''ငါက ဒီကောင်တွေနဲ့ ဘယ်သူပိုနီလဲဆိုတာကို Brain Storming လုပ်နေတာ။ ငါတို့ရဲ့စကားဝိုင်းဟာ မြန်မာ့လက်ဝှေ့ထက် ပိုလွတ်လပ်တယ်။ လက်အိတ်စွပ်စရာ မလိုဘူး။ ယိုးဒယားလက်ဝှေ့က လက်အိတ်စွပ်တယ်။ ခေါင်းနဲ့တိုက်လို့ မရဘူး။ အေး ... ပေါင်ခွကြားကိုတော့ မကန်နဲ့ပေါ့ကွာ။ ငါတို့ အကန့်အသတ်မဲ့ ငြင်းခုန်မယ်။ ဒါမှ အဖြေထွက်မယ်''

''အေးလေ ... အဲဒီ အကန့်အသတ်မဲ့ငြင်းရတဲ့ ဘရိန်းစတောမင်းဆိုတာကို မင်းမီန်းမနဲ့တုန်းက ဘာလို့မလုပ်လဲ။ မင်းအဲဒါတွေ လျှောက်ရူးနေလို့ လင်မယားကွဲခဲ့ရပြီ။ ဟိုတုန်းက ခုံဖိနှပ်စီးတဲ့ တက္ကသိုလ်ကျောင်းသားတွေကြောင့် မြန်မာတွေ ကောင်းကောင်းဝတ်ရမှန်း မသိခဲ့ဘူး။ သူတို့ကြောင့် လွတ်လပ်ရေးရခဲ့တာတော့ မှန်ပါတယ်။ ဒါပေမယ့် ပုဆိုးတိုတိုဝတ်၊ လွတ်အိတ်အစုတ်လွယ်ပြီး အနီရောင်စကားတွေပြောမှ လူရာဝင်တယ်ထင်ကုန်ကြလို့ လူငယ်တွေလဲ စုတ်ပြတ်သပ်ကုန်ကြပြီ။ ထကွာ ... ဒီဝိုင်းအတွက် ငါရှင်းပြီးပြီ''



www.burmeseclassic.com

www.burmeseclassic.com


ညီညီက အတင်းဆွဲခေါ်တော့လည်း သူသည် ကန့်လန့်ကန့်လန့်နှင့် ပါလာလေသည်။

"ဒီကောင်တွေက ငါ့ကို စာမျက်နှာပေါ်က အုပ်လို့ကွ။ ဒီကောင်တွေ ဘယ်လောက်တတ်လို့လဲ။ ငါက ဖီလော်ဆော်ဖီနဲ့ ဘွဲ့ရတဲ့ကောင်။ မော်စီတုန်းကို ၁၈၉၃ ခုနှစ်မှာမွေးတာ ဒီကောင်တွေ သိလို့လား။ ၁၉၇၆ ခုနှစ်ကျမှ သေတာကိုရော ဒီကောင်တွေ ကြားဖူးလို့လား"

"တော်တော့ကိုကို။ မင်းလေ့လာရာမှာက တိန်ရှောက်ဖိန်ဟာ သူ့တိုင်းပြည် ပြန်ပြီးနာလန်ထူအောင် ဘာတွေလုပ်သွားသလဲ။ လီကွမ်ယုဟာ စင်ကာပူနိုင်ငံ ချမ်းသာအောင် ဘာတွေလုပ်သလဲ။ ငါကတော့ လက်တွေ့သမားပဲ။ မင်းက အာသမားတွေကြားထဲမှာ နစ်မျောနေတာ"

ညီညီသည် တိုက်ခန်းရှေ့တွင် ကားရပ်ပေးသည်။

"မင့်ဟာမင်း တက်နိုင်လား။ ငါ တွဲတင်ပေးရမလား"

"သိက္ခာကျတယ်ကွာ။ ငါဒီလောက်မှမမူးပဲ။ တစ်ခွက်လား သောက်လိုက်ရတယ်။ ကျန်တာကို ဟိုကောင်တွေ နွှာနေမှာပဲ။ နိုးတူးတို့ ဝင်းမြင့်နိုင်တို့ဆိုတာ ကပ်တီးမူးလဲတွေ။ ဘာမှ အဆင့်မရှိဘူး"

"မင်း ဒီနေ့ကျွေးမွေးလိုက်ပြီး သူတို့နဲ့ အရောတဝင်လုပ်လိုက်လို့ ဒီကောင်တွေ မနက်ဖြန်မှာ မင်းကို ရိုကျိုးလိမ့်မယ်။ အိမ်လဲ လာဦးကွာ။ မေမေ မင်းကိုမေးနေတယ်။ ဖုန်းဖြစ်ဖြစ် ဆက်လိုက်ကွာ"

"အခုလေသံနဲ့တော့ မဖြစ်သေးဘူးကွ"

သူသည် ပထမထပ်ပေါ်သို့ တစ်ယောက်တည်း ပြန်တက်လာသည်။ ဒုတိယထပ်တွင် မိုးခက်နှင့် တပည့်များသည် ဝတ်လစ်စားလစ်ပုံများကို ဝမ်းရေးအတွက် ခံစားမှုကင်းမဲ့စွာ ကူးဆွဲနေကြလိမ့်မည်။

သူ သော့ရှာနေစဉ်မှာပင် တံခါးပွင့်သွားသည်။



ဆောင်းနှင်းစက် သူ့ကို စောင့်နေသည်။ ရုံးအုပ်စာရေးမကား ပြန်ပြီ။ အလုပ်မပြတ်သေးသော ကွန်ပျူတာစာစီသမား ကောင်မလေးနှစ်ယောက် ကျန်ဆဲဖြစ်သည်။ သူတို့နှစ်ယောက်က ရာစစ်မှုကို သူတို့လုပ်ထားသမျှ ကွန်ပျူတာဖြင့်ပြသည်။ Monitor Screen ပေါ်တွင် မြင်ရသမျှကို သူက စစ်ဆေးပြီး အတည်ပြုပေးသည်။

"သမီး ... ဒီဓာတ်ပုံထဲမှာပါတဲ့ မော်ဒယ်(လ်)ရဲ့ ဒီနေရာကို အရိပ်တွေဖုံးပစ်လိုက်စမ်းပါ။ အကြည့်ရဆိုးတယ်ကွာ"

သူက ပြင်ဆင်ချက်တစ်ခု ထုတ်ပေးသည်။ မော်ဒယ်(လ်)များကား ဖော်ရချွတ်ရမှု ဖုံးဖိထားရမှုတွေကို လှစ်ဟပြီးပြရမှ နာမည်ကြီးမည်ဟု ထင်နေကြသူက များလေသည်။

"အဲဒီမော်ဒယ်(လ်)လေးက ဖုန်းဆက်ထားတယ်။ သူ့ပုံတွေထဲက ဟော့ဖြစ်တဲ့ပုံတွေကို သုံးပေးပါတဲ့"

"အဲဒါဆိုရင်တော့ ဒီပုံကို လုံးဝဖြုတ်ပစ်လိုက်ကွာ"

သူ ဒေါသနှင့်ပြောလေရာ ဒီဇိုင်နာ ပြာပြာသလဲ ဖြစ်သွားသည်။

"ဆရာရယ်၊ သမီးက သွားဗျူးပြီး အာမခံခဲ့ရတာ ..."

"ညည်း သူ့ဆီက ဘာကော်ရပ်(ပ်)ရှင်းရှိလဲ"

သူက နာမည်ကြီးချင်သောသူများ၏ လာဘ်ထိုးမှု(Corruption)ကို မလိုလား။ သူလူတွေ ထိုသို့လုပ်လာမည်ကို လက်မခံ။ နာမည်ကြီးချင်သော ကလေးမတွေ ဘာလုပ်ချင်သလဲ။ ဘယ်လိုလုပ်မလဲ။ သူတို့ နာမည်ကြီးရလျှင် ပြီးရော။ ဘာမဆို လုပ်မည်ဆိုတာမျိုးတွေ ရှိသည်။ အားလုံးတော့မဟုတ်။ ဖြတ်လမ်းအားဖြင့်ဆိုလျှင်တော့ နာမည်ကြီးချင်သူများအတွက် နာမည်ကြီးအောင် လုပ်ပေးနိုင်သူများသည့် ဂျာနယ်လစ်(စ်)များပင်ဖြစ်သည်။ သို့သော် ဖြစ်သင့်သလား၊ မဖြစ်သင့်သလားဆိုတာကိုတော့ သက်ဆိုင်ရာဂျာနယ်လစ်(စ်)က ဆုံးဖြတ်မည်။

"သမီး သူ့ဆီက ဘာမှမရခဲ့ပါဘူး"


www.burmeseclassic.com

 www.burmeseclassic.com 

"ညည်းတို့ကို ငါ စည်းကမ်းသတ်မှတ်ပေးထားတယ်။ Customers (ကပ်စတမ်မာ)ဆိုတာဟာ တကယ်တော့ ဖောက်သည်ပေါ့။ ညည်းတို့အလုပ်လုပ်ရတဲ့ မော်ဒယ်(လ်)ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကပ်စတမ်မာပဲလေ၊ ငါပြောပြီးပြီ၊ သူတို့တို့က်တဲ့ လက်ဖက်ရည်တစ်ခွက်တောင် မသောက်ရဘူး။ ယဉ်ယဉ်ကျေးကျေး ငြင်းပစ်ခဲ့ရမယ်။ အဲဒီတော့ ..."

ဒီလိုင်လာသည် သူ့ကို မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။

"ညည်း သူ့ပုံကို တင်လိုက်။ Delete ခလုတ်ကို ငါကိုယ်တိုင်နှိပ်မယ်"

ဆောင်းနှင်းစက်က ဒီလိုင်လာကို မျက်ရိပ်ပြသည်။

"ဟုတ်ကဲ့ပါဆရာ"

ဒီလိုင်လာလည်း မော်နီတာမြင်ကွင်းပေါ်တွင် ကွန်ပျူတာထဲမှ မော်ဒယ်(လ်)၏ပုံတွေ ထုတ်ပြရသည်။ ရာစစ်မှူးသည် ထိုပုံများကို လုံးဝဖျက်ပစ်ရန် delete ခလုတ်ကို သူကိုယ်တိုင်နှိပ်ရသဖြင့် ကျေနပ်သွားသည်။ ဒီလိုင်လာနှင့် ဒေါနသည် သူတို့အလုပ်များ ယခုအဖို့ ပြီးဆုံးလေပြီဖြစ်ကြောင်း သတင်းပို့ကြသည်။ ရာစစ်မှူးက သူတို့၏ အလုပ်ဆင်းချိန်များကို မှတ်ပုံတင်စာအုပ်များတွင် ဖြည့်စွက်ရန်ပြောပြီး ပြန်ခွင့်ပြုလိုက်သည်။ ဒီလိုင်လာနှင့် ဒေါနသည် ဆောင်းနှင်းစက်အား ပြောင်ပြပြီး အလုပ်ဆင်းသွားကြသည်။

ရာစစ်မှူးသည် ရှေ့ပိုင်း ကွန်ပျူတာခန်းမှ သူ၏ရုံးခန်းထဲ ဝင်လာသည်။ ဆောင်းနှင်းစက်လည်း လိုက်လာသည်။

"ညည်းကရော ဘာဖြစ်လို့ မပြန်သေးတာလဲ"

ရာစစ်မှူးက အပြစ်တင်သံဖြင့် ပြောသည်။

"ဆရာ ထမင်းမစားရသေးဘူး"

"ငါ ထမင်းမစားရသေးတာဟာ ဒီကမ္ဘာပေါ်မှာရှိတဲ့ ပရိုလက်ထရီးယက် (proletariat) လို့ခေါ်တဲ့ ပစ္စည်းမဲ့တွေအတွက် ဘာဖြစ်သွားမှာလဲ၊ ဒါမှမဟုတ်ရင်လဲ သူတို့စွပ်စွဲသလို ဗုဇ္ဇွာ(bourgeoise) လူတန်းစားတွေအတွက် ဘာဖြစ်သွားမှာလဲ"

"ဆရာ ထမင်းစားဖို့လိုတယ်"

"နေဦးမိဆောင်း။ ငါ သောက်ချင်သေးတယ်"

"ဆရာ ဒီမှာဘာလုပ်စရာရှိလဲ"

"ငါဘာလုပ်ရမလဲ၊ မလေးရှားကို တယ်လီဖုန်းခေါ်ရမယ်၊ ဒါပေမယ့် ငါခေါ်နေတာ မရဘူး"

"အဲဒါ သမီးလုပ်ထားပါ့မယ်။ ဆရာ ထမင်းစားခန်းမှာ ထိုင်ပါလား"

ဆောင်းနှင်းစက်၏ တိုက်တွန်းမှုအရ သူသည် သူ၏ ခေတ်မီအလုပ်ခန်းထဲမှ ထွက်သည်။ သူ၏အိပ်ခန်းကို ကျော်သည်၊ ညီညီလုပ်ပေးထားသော သန့်ရှင်းသပ်ရပ်သော ထမင်းစားခန်းကို ရောက်သည်။

"အပေါ်မှာ ..."

"ဆရာမိုးတို့အဖွဲ့က အပြည့်ပဲ"

ဆောင်းနှင်းစက်က သူ့အတွက် ဘလက်(ခ်)လေဘယ်(လ်) ဂျော်နီဝေါ့ကားပုလင်းကို ထုတ်သည်။ ရေခဲသေတ္တာထဲမှ ရေခဲနှင့် ဆိုဒါဘူးများကို ထုတ်သည်။ ပုလင်းကို ရာစစ်မှူး လက်လှမ်းမမှီမည့်နေရာတွင် မထား။ ဆောင်းနှင်းစက်သည် ဝီစကီတစ်ခွက်ကို ရွှေအိုရောင်ဖြစ်အောင် စပ်ပေးပြီး ဝက်ပေါင်ခြောက်များကို ကြော်သည်။ လောလောဆယ်တွင် တူနာငါးသေတ္တာတစ်ဗူးကို ဖောက်ပြီး ချထားပေးသည်။

"ငါ မလေးရှားကို ဖုန်းခေါ်ချင်တယ်"

"သမီးလုပ်ထားပါတယ်။ အဆက်အသွယ်ရတာနဲ့ သူတို့ပြန်ခေါ်ပါ့မယ်။ အခု ရထားတဲ့ဖုန်းနံပါတ်သုံးခုမှာ နှစ်ခုက မလေးဘာသာနဲ့ဖြေနေတော့ သမီးလဲ နားမလည်ဘူး။ အင်္ဂလိပ်လိုပြောလို့လဲ မရဘူး။ တစ်ခုကတော့ ပြန်မဖြေဘူး။ ဆရာ အေးအေးဆေးဆေး အနားယူရင်း စောင့်နေပါ။ သမီး ကြိုးစားပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင်းစက်က ရုံးခန်းဘက်သို့ ပြန်သွားသည်။ ရာစစ်မှူးသည် ထမင်းစားစားပွဲတွင် ငူငူကြီးထိုင်နေမိသည်။ အဝတ်စုတ်နှင့် သုတ်သင်ရှင်းလင်းပြီး ပြောင်သလင်းခါနေလျှင်ပင် သန့်ရှင်းလှပြီဟု ထင်ရသော စားသောက်ဆိုင်စားပွဲများကို ယနေ့မှသာ ကျော်ကျော်ဟိုး ဇါ်ပယောဂကြောင့် ပြန်ရောက်ရခြင်းပင်။ သူ၏ စားသောက်စားပွဲသည် ဟိုတယ်များ၏ အဆင့်အတိုင်းဖြစ်နေသည့်မှာ ညီညီကြောင့်ဖြစ်သည်။ ဆောင်းနှင်းစက်သည် ရုံးခန်းမှပြန်ထွက်လာပြီး သူလိုတာတွေ လုပ်ပေးနေသည်။ ရာစစ်မှူး ဝက်သားကြိုက်သည်။ ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်ကြော်တွေကို ကျွမ်းကျင်သောစားပွဲထိုးနှယ် ပြင်ဆင်ပေးရသည်။

''ညည်းက ဘာဖြစ်လို့ မပြန်ရသေးတာလဲ''

''ဆရာ ထမင်းမစားရသေးဘူး''

''အဲဒါ ညည်းနဲ့ ဘာဆိုင်လဲ''

''မိဆောင်းတို့က ဆရာ့ကို မှီခိုနေရတာလေ။ ဆရာ အဲဒီလို နေရင် မိဆောင်းတို့လဲ စိတ်မချမ်းသာဘူး''

''ငါစိတ်မချမ်းသာတာကျတော့ရော ...''

''ဆရာ့ကို စာနာပါတယ်။ မမရိုကတည်းက ဆရာ ဖြစ်ချင်တိုင်းဖြစ်နေတာ။ ဆရာ့ကိုအားကိုးတဲ့ မိဆောင်းတို့လဲ မုန်တိုင်းထဲမှာ လွင့်နေသလိုပါပဲ။ အခု ကိုညီညီကြောင့် ...''

''ညီညီကြောင့် ...''

ဆောင်းနှင်းစက် ဆက်မပြောရဲ။

''ဒီကောင်လုပ်လိုက်တာ ငါလဲ ပစ္စည်းမဲ့မဟုတ်တော့ဘူး။ ဘူဇွာပြန်ဖြစ်သွားပြီ''

''အဲဒါတွေကို ဂရုမစိုက်ပါနဲ့ဆရာ။ ကိုယ်ရမှ ကိုယ်စားရတာပါ''

''အေးပါ။ ညည်း ထမင်းစားပြီးပြီလား''

ဆောင်းနှင်းစက် မဖြေပေ။





ရာစစ်မှူးက မှာနေကျစားသောက်ဆိုင်သို့ စားကောင်းသောက်ဖွယ်များ လာပို့ပေးရန် မှာစေသည်။

''မများဘူးလား ဆရာ''

''ပိုနေရင် အပေါ်ကပန်းချီဆရာတွေဆီ ပို့လို့ရပါတယ်။ ငါက တစ်ယောက်တည်း မသောက်တတ်ဘူး''

''သမီးသိပါတယ်''

''ညည်းက စကားပြောဖော်လုပ်ပေးရင်လဲ ငါ ကျေးဇူးတင်မှာပါ''

''သမီးက ဆရာ့ကို ကိုးကွယ်စရာတစ်ခုလို ကိုးကွယ်တာပါ။ ဆရာ့အတွက် သမီး ဘာလုပ်ပေးရမလဲ။ သမီးကို အားမနာပါနဲ့။ အိမ်ကိုလဲ ဖုန်းဆက်ပြီးပြီ။ သမီး ဒီညဒီမှာ နိုက်ဂျူတီဆင်းရမယ်လို့ ...''

ရာစစ်မှူး၏မျက်ခုံးတွေ မြင့်တက်သွားသည်။

''ညည်း ဒီမှာအိပ်မလို့လား''

''သမီး အိမ်မပြန်ဖြစ်တဲ့ညတွေ အများကြီးရှိခဲ့ပါတယ်''

ထိုအချိန်မှာပင် တယ်လီဖုန်းသံက မြည်လာသည်။ ရာစစ်မှူးသည် ဆောင်းနှင်းစက်အား တစ်စုံတစ်ရာပြန်ပြောမည်လုပ်ပြီးမှ တယ်လီဖုန်းကို အရင်ကောက်ကိုင်မိသည်။

''ဟဲလို''

တစ်နေကုန် ဖုန်းခေါ်လို့မရသဖြင့် စိတ်တိုနေသော်လည်း တကယ့်တကယ် ဝေရီလွင်၏အသံကို ကြားလိုက်ရပြန်တော့ သူ ဘာပြန်ပြောရမှန်း မသိပေ။ ရင်ထဲမှာ လှုပ်ပျိုပေါက်ကလေးတစ်ဦးနှယ် ရင်ခုန်သံတွေ ညံ့နေသည်။

''ကိုကိုလားဟင်''

''ဟုတ်တယ်''

မပွင့်တပွင့် ဖြေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနံပါတ်တွေ အများကြီးတွေ့ထားတယ်။ အရေးကြီးလား"

သူ ဝေရီလွင်ကို အဘယ်ကြောင့် ဖုန်းခေါ်နေမိမှန်း ပြန်စဉ်းစားနေရသည်။ ခေါင်းထဲမှာ ကျော်ကျော်ဟိုးတို့၊ နိုးတူးတို့ ဝင်မွှေသော လူတန်းစားပြသနာ အရေမရ အဖတ်မရတွေက ရှုပ်ထွေးနေသည်။

ဟုတ်ပြီ။

ဓာတ်ပုံ။

မန္တလေးကို ပုံနှင့် ကြောပေးထားသည့်ဓာတ်ပုံ။

မျက်နှာကိုမမြင်အောင် ကွယ်ပေမယ့် ရာစစ်မှူးကတော့ မှတ်မိသည်။ အထူးသဖြင့် လင်မယားနှစ်ယောက်တည်းသာ သိရမည့် အမှတ်အသား။

"မင်းက မင်းခန္ဓာကိုယ်ကို တစ်ကမ္ဘာလုံးကသိအောင် လုပ်နေတာလား"

"ရှင်"

ဝေရီလွင်ဘက်က နားလည်ပုံမရပေ။

"ငါ ဓာတ်ပုံတစ်ပုံတွေ့တယ်။ ဘယ်လောက်ပဲကြောပေးထားထား။ မင်းပုံဟာ မင်းပုံပဲ။ မင်းကို ငါ နေရာတိုင်းမှာ၊ အချိန်တိုင်းမှာ မှတ်မိတယ်"

"ဓာတ်ပုံတွေရိုက်ခဲ့ရတာ အများကြီးကိုကို။ ဂျပန်မှာ ပွဲစားတွေအတတ်သွားတုန်းက ဝေ့မှာ စားရမဲ့သောက်ရမဲ့မို့ကိုကို။ အရှက်ရှေ့ သိက္ခာရှေ့ ရောင်းစားပြီး စွန့်စားခဲ့တဲ့ မိန်းမတစ်ယောက်ကို ဘယ်သူကမှ ချီးကျူးမှာမဟုတ်ဘူးလေ"

"ဒါကို ငါကြိုပြောခဲ့ပါတယ်"

"မှန်ပါတယ်။ ဒါပေမယ့် ဝေ မလျှော့ဘူး။ ဂျပန်မှာ ဝေက သူများလို အိုက်တိုးပငေးဆန်လုပ်တာ မဟုတ်ဘူး။ ဓာတ်ပုံဆရာတွေဆီမှာ ကိုယ်ဟန်ပြတဲ့ မော်ဒယ်(လ်)လုပ်တယ်။ ပန်းချီဆရာတွေရှေ့မှာ





လဲ သူတို့လိုချင်တဲ့ အနေအထား ထိုင်ပေးတယ်။ အဲဒီလိုနဲ့ ဝမ်းရေးလဲ ပြေလည်တယ်။ အဆက်အသွယ်လဲ ကောင်းလာတယ်"

"မင်း မိမွေးတိုင်း ဖမွေးတိုင်း ဓာတ်ပုံတွေရိုက်ခဲ့တယ် ပေါ့"

"ဒါက နိုင်ငံတကာမှာ မဆန်းပါဘူးကိုကို။ သူတို့က မော်ဒယ်(လ်)ကို မော်ဒယ်(လ်)လိုပဲ သဘောထားတာပါ။ ပွန်းမပါသွားပါဘူး။ ဒါနဲ့ ဝေ့ဓာတ်ပုံက အများကြီးလား"

"ရှားရှားပါးပါး တစ်ပုံတည်းပါ"

"ကိုကို့ဆီ ဘယ်လိုလုပ်ရောက်လဲ"

"ဒီက ရုပ်ပိုးပန်းချီဆရာတွေဆွဲဖို့ မော်ဒယ်(လ်)အနေနဲ့ ပို့လိုက်တာ"

"သဘောပေါက်ပြီ။ နိုင်ငံတကာအလှမယ်တွေရဲ့ မိမွေးတိုင်း ဖမွေးတိုင်းဓာတ်ပုံတွေကို မြန်မာပန်းချီဆရာတွေကကူးဆွဲပြီး နိုင်ငံခြားကို ပြန်ပို့မယ်ပေါ့"

ဝေရီလွင်၏စကားကို ရာစစ်မှူး မတုံ့ပြန်နိုင်။

"ကိုကို ... နည်းနည်းသဘောပေါက်လာပြီ။ ဒါ ညီညီ့လက်ချက်ဖြစ်မယ်။ အသားလွတ် ပစ္စည်းမဲ့လုပ်ချင်နေတဲ့ ကိုကို့ကို ညီညီ ပညာပေးနေပြီထင်တယ်"

"မင်း ဘာပြောချင်တာလဲ"

"ကိုကို ပြောင်းလဲလာပြီပဲ။ အရင်တုန်းက ကိုကိုဆိုရင် ဒီလိုအလုပ်မျိုးလုပ်မှာ မဟုတ်ဘူး။ ဒီလိုသာလုပ်ရင် ငါတို့ပန်းချီဆရာတွေ နိုင်းဖြစ်ကုန်မယ်။ အစော်ကားခံရတာနဲ့ တူတယ်။ လျှာပေါ်မြက်ပေါက်စေ။ ဒီလိုအလုပ်တွေ မလုပ်ဘူးတို့၊ ဘာဘာညာညာ ပြောမယ်လေ"

ဝေရီလွင့်စကားကို သူ ပေါ့ပေါ့တန်တန် သဘောမထားခဲ့တော့။

www.burmeseclassic.com


"ဒီအလုပ်ဟာ ဥပဒေနဲ့ညီရဲ့လား။ ဘာလား ကိုကိုစဉ်းစားမယ်။ ဘယ်လောက်ပိုက်ဆံရရ မလုပ်ဘူးဆိုပြီး ခေါင်းမာချင်မာမယ်။ အဲဒါ ကိုကို့သဘာဝပဲ။ အခု ကိုကို့သဘာဝကို ဘာက ဖျက်ဆီးလိုက်သလဲ"

ရာစစ်မှူး သေသေချာချာ စဉ်းစားသည်။

မိမိတို့ပန်းချီဆရာများ နှစ်နာသည့်ကား အမှန်ပင်ဖြစ်သည်။ သို့သော် မိမိတို့ရွေးချယ်ထားသော မိုးခက်နှင့်တပည့်များမှာ နိုင်ငံတကာ ဈေးကွက်မဆိုထားနှင့်၊ ပြည်တွင်းဈေးကွက်မှာပင် ဝင်မတိုးနိုင်ပေ။ ဤပန်းချီကားများကို မိမိတို့က နိုင်ငံတကာသို့ ရောင်းချပိုင်ခွင့် ရှိမရှိလည်း သူမသိပေ။ မြန်မာအမျိုးသမီး၏ ထိုသို့သောဓာတ်ပုံများသာ ဆိုပါက ဥပဒေနှင့်မလွတ်မှန်း သူသိသည်။

သူသည် တယ်လီဖုန်းစကားပြောခွက်ကို လက်တစ်ဖက်နှင့် ပိတ်ပြီး ဆောင်းနှင်းစက်ကို ရှာလိုက်သည်။ သူမသည် သူ၏ ပစ္စည်းပစ္စယအချို့ကို ရှင်းနေသည်။

"ဆောင်းနှင်းစက် ... ဒီပန်းချီကားတွေကို နိုင်ငံခြားပို့ခွင့် ရှိလား"

"အစစ်ဆေးခံပြီး ခွင့်ပြုချက်ယူရမယ်"

"ဒါဆို ဘယ်လွတ်မလဲ"

"ဆရာ့ညီက ဒါတွေကို သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်ယူပြီး ပို့နေမှာမဟုတ်ဘူး။ သူ့နည်းသူ့ဟန်နဲ့ လုပ်မှာ"

"ဒါဆို မှောင်ခိုပေါ့"

ဆောင်းနှင်းစက်က ခေါင်းညိတ်သည်။

သူ သက်ပြင်းချသည်။

စကားပြောခွက်ကို ပိတ်ထားသည့်လက်ဖဝါးကို ဖယ်သည်။ ဝေရီလွင်သည် သူ၏ အသက်ရှူသံပြင်းပြင်းကို ကြားနေရပေမည်။ သူသည် လက်ဝှေ့ဆရာ၏ လက်သီးမည်းကြီးတစ်ချက် ပြေးဝင်လာတာကို လျှပ်တစ်ပြက် တွေ့လိုက်ရသည်။





"ဘယ်သူနဲ့ စကားပြောနေတာလဲ။ ဆောင်းနှင်းစက်လား"

"ဟုတ်တယ်"

သူ့အသံက ကျယ်လောင်သည်။

"သတိရတယ်လို့ ပြောလိုက်ပါ။ တော်ရှာသားပဲ။ ဒီအချိန်အထိ ဂရုစိုက်တာ"

"အဲဒါ မင်းအလုပ်မဟုတ်ဘူး"

"ဟုတ်တယ် ...။ ကျွန်မအလုပ်။ ရှင်က ကျွန်မနဲ့ တရားဝင်မကွဲရသေးတဲ့ လင်။ သဝန်တိုခွင့်တော့ ရှိတာပေါ့။ ဒါပေမယ့် ကိုကို့ကို အနှောင့်အယှက်မပေးပါဘူး။ ဆောင်းနှင်းစက်ကို စက္ကူရီထေရီ ခန့်လိုက်။ ကိုကို အများကြီး အဆင်ပြေမယ်"

သူ ဘာပြန်ပြောရမှန်းမသိ။

"လွမ်းတယ်ကိုကိုရယ်။ ဝေတို့တစ်တွေ မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ"

သူကတော့ မနေ့တစ်နေ့ကလိုပဲ ထင်နေသည်။

"ဝေ ဂျပန်မှာ ဒုက္ခရောက်နေတာ တစ်နှစ်။ ဒုက္ခမရောက်တာ တစ်နှစ်။ စင်ကာပူမှာ အလုပ်လုပ်နေတာ တစ်နှစ်။ အခု မလေးရှား ရောက်နေတာ နှစ်နှစ်။ စုစုပေါင်း ငါးနှစ်ရှိပြီကိုကို"

သူ အံ့သြသွားသည်။ သူနှင့် ဝေရီလွင်တို့၏ ခွဲခွာခြင်းကို သူက မနေ့ကအဖြစ်ဟု ထင်နေသည်။ သူ၏ရင်ထဲတွင် ပြက္ခဒိန်ပေါ်မှ ရက်စွဲများစွာသည် ပျောက်ဆုံးနေသည်။ ပေတေလွင့်နေသော ရက်များသည် အလဟဿပင်။ ထိုရက်များတွင် သူသည် လခစားဂျာနယ်လစ်(စ်)အနေနှင့် မရေးမဖြစ်ရေးရတာတွေ ရှိသည်။ အတိုအထွာလေးတွေ ရေးသည်။ မှတ်လောက်သားလောက်တာတွေ၊ လူအများ၏ရင်မှာ တင်ကျန်ရစ်လောက်နိုင်တာတွေ မရေးနိုင်ခဲ့။ ရသစာပေသမားမဟုတ်တော့ ပိုဆိုးသည်။ ဝတ္ထုမဟုတ်ဘဲနှင့် လူကြိုက်များမည့် စာအုပ်မျိုးတစ်အုပ်ရေးဖို့မှာ မလွယ်ပေ။



www.burmeseclassic.com

www.burmeseclassic.com


"ဝေ့မှာလေ သဘော်တစ်စင်းရှိတယ်ကိုကို။ အဲဒီသဘော်ကို ဝေပိုင်တယ်။ မနေ့က ဒီသဘော် ရေချတယ်။ ပိုင်မုလင်းကို ရိုက်ခွဲလိုက်တာ ဖန်စလေးတွေတောင် လက်ကိုစူးမိတယ်။ ကိုကို့ကို ဝေ အဲဒီသဘော်နဲ့ ကမ္ဘာတစ်ပတ် ခေါ်သွားချင်တယ်။ သဘော်နာမည်ကို KOKO လို့ ပေးထားတယ်"

သူ တိတ်ဆိတ်နေသည်။ သူမနှင့်စကားပြောဖို့ အဆက်အသွယ်ရလျှင် မည်သို့ပြောမည်၊ မည်ကဲ့သို့ အပြစ်တင်မည်၊ မည်ကဲ့သို့ ဒေါသတွေ ပေါက်ကွဲပြမည်ဆိုတာတွေ သူ မေ့နေသည်။

"ဝေ့မှာလဲ ပြဿနာရှိတယ်။ ဝေကလဲ ရှုပ်ရှုပ်ယှက်ယှက်မှ နေတတ်တာလေ။ ပြဿနာမရှာရရင်လဲ မနေနိုင်ဘူးလေ။ ဒီတော့ အခက်အခဲ အကျပ်တအည်းဆိုတာ ကြုံရတာပဲ။ လူဆိုတာ ရုန်းရကန်ရတာပဲလို့ ကိုကိုပြောခဲ့တယ်နော်။ ဝေကတော့ အချိန်တန်ရင် ကိုကို့မိဘတွေက စိတ်ဆိုးပြေပြီး ပြန်ခေါ်လိမ့်မယ်။ ဝေတို့ ဖိမ်နဲ့နေရတော့မယ်ထင်ခဲ့တယ်။ ဖြစ်မလာခဲ့ဖူးနော်။ အခု ဝေ နောက်ထပ် ပြေးစရာ နိုင်ငံတစ်နိုင်ငံ ရှာရဦးမယ်"

"မင်း ဘာတွေလျှောက်လုပ်နေလဲ ဝေ"

"ကိုကို့ကိုရှင်းပြရင် ကိုကို နားလည်ဖို့ မလွယ်ဘူးထင်တယ်။ အခု ဝေတို့သဘော်ကျင်းက အရှုံးတွေပေါ်နေတယ်။ အဲဒါကို အမှုဆောင်တွေက အပြစ်တွေပိုင်းဖို့ကြတယ်။ ဒါကို စီအီးအိုကြီးက နားယောင်နေတာလေ။ တစ်ချို့သဘော်လိုင်းတွေကရှဲ့ မလက္ကာရေလက်ကြားမှာ ဓားပြတိုက်ခံရတာ များတယ်"

"အန္တရာယ်များတာတွေကို ဝေလုပ်နေတာပေါ့"

"ဝေ့ဘဝလမ်းကြောင်းကို ဝေက ရိုးရိုးလျှောက်ချင်တာမှ မဟုတ်တာ။ ဝေလျှောက်ရမယ့်လမ်းကို ငုံ့ကြည့်လိုက်ရင် သူများမျက်ခုံးမွေးတွေဖြစ်နေတာကို ဝေ သဘောကျတယ်။ ထပ်ပြောဦးမယ်။ ကိုကို့ကိုကြည့်ရတာ ကိုယ့်အလုပ်ကိုယ် နိုင်နင်းပုံမရဘူး။ ဆောင်းနှင်းစက်ကို အတွင်းရေးမှူးခန့်ပါ"



သူ စဉ်းစားနေမိသည်။ ဝေရီလွင်သည် သူ မိန်းကလေးတစ်ယောက်နှင့် တွဲကနေသည်ကို ပိုင်တစ်ခွက်သောက်ရင်း ထိုင်ကြည့်ကာ သဘောကျနေမှယ့် မိန်းမမျိုးဟု ညီညီက ပြောဖူးသည်။ ညီညီစကား မှန်လိမ့်မည်ဟု သူထင်သည်။ သို့သော် ဝေရီလွင်သည် သူနှင့်ပေါင်းနေစဉ်က အိမ်ဖော်မပါမကျန် တွေ့ကရာလူနှင့် စွပ်စွဲနေကျဖြစ်သည်။ ဒါက သဇန်တိုအူတိုတတ်သော အချစ်၏သဘောဟု သူထင်ခဲ့သည်။ ဤအချက်လည်း မှန်သည်။ ဆန့်ကျင်ဘက်အတွေးအခေါ်နှစ်ရပ်ကို ပိုင်ဆိုင်ထားသော ဝေရီလွင့်ကို သူ ယခုတိုင် နားမလည်နိုင်သေး။

"ဝေကြုံတွေ့နေရတဲ့ အန္တရာယ်တွေ၊ အခက်အခဲတွေကြားထဲက ကယ်လှည့်ပါကိုကိုရယ်"

ဝေရီလွင်က ငိုသံပါနှင့် ပြောသည်။ ဝေရီလွင်သည် သူ့အခြေအနေများကို သိထားလေရာ ညီညီနှင့် အဆက်အသွယ်ရှိနေလို့ဖြစ်မည်။ သူ နှုတ်မဆက်ဘဲ ဖုန်းကိုချလိုက်သည်။ ဆောင်းနှင်းစက်သည် သူ့ကို ရိုကျိုးစွာစောင့်နေဆဲပင်။


www.burmeseclassic.com

www.burmeseclassic.com

## (၈)

ညီညီသည် ယခုတစ်ခါကြုံရသည့် သူ့အစ်ကို၏ဒေါသအတွက် များစွာ အံ့သြရလေသည်။

"ဟော့ကောင်ညီညီ။ မင်းက ငါ့ကို စာနယ်ဇင်းလောကမှာ သိက္ခာမကျကျအောင် လုပ်နေတာပေါ့။ ငါက ဒီနိုင်ငံက ကိုယ်လုံးတီး ပုံတွေကို ရောင်းစားနေတဲ့ကောင်ပေါ့။ တကယ်တော့ ငါက ငါတို့ဆီက ဝင်ငွေနည်းတဲ့ မိုးခက်တို့လိုကောင်တွေကို ကူညီချင်တာပါ။ မင်း လုပ်တာက ငါ့ကို ပိုနိုဂရပ်(စ်) (ponrograph) တွေရောင်းစားတဲ့ ကောင်မျိုးဖြစ်အောင် လုပ်တာပေါ့။ မင်းကို ငါထိုးမယ်"

ရာစစ်မှူးသည် ညီညီကို ပယ်ပယ်နယ်နယ်ပင် ဆွဲထိုးလေ၏။ မိုးခက်ကား သူ့သူငယ်ချင်းကို မဆွဲရဲပေ။ စင်စစ် ဤကဲ့သို့သော အရောင်းအဝယ်မျိုးမှာ ဖြစ်နေတာကြာလေပြီ။ နိုင်ငံခြားသားများသည် သူတို့ကို ဓာတ်ပုံတွေပေးသည်။ ပုံတူဆွဲခိုင်းသည်။ ဈေးကတော့ ကိုယ့်နိုင်ငံထဲမှာ စားလောက်သောက်လောက်အောင်ရသည်။ နိုင်ငံခြား ရောက်သွားတော့ သူတို့ မည်မျှရကြမည်မသိ။ ပန်းချီဆရာတို့၏ နာမည်မှာလည်း သူတို့မဟုတ်။ ယခုဆွဲရသော ပန်းချီများအတွက် သူတို့သည် ဈေးကောင်းရသည်။ သို့သော် ဤပုံများမှာ နိုင်ငံခြားသို့ တင်ပို့ရန် သက်ဆိုင်ရာက ခွင့်ပြုနိုင်မည့်ပုံများ မဟုတ်ပေ။

"မိုးခက် ... မင်းကရော။ ဒီအလုပ် လုပ်စားနေပြီး ဘာမှ မသိဘူးလား"

မိုးခက် ပြန်မဖြေပေ။ သူသည်လည်း အနုပညာမာနတော့ရှိသည်။ မျိုးချစ်စိတ်တော့ရှိသည်။ သို့သော် ငါ့ဝမ်းပူဆာ မနေသာပေ။

"မင်း စဉ်းစားကြည့် ညီညီ။ ဒီပုံတွေကို မြန်မာပန်းချီဆရာ





တွေက ဆွဲတတ်တယ်ဆိုရင် ဘယ်လိုဖြစ်မလဲ"

"ဘယ်လိုမှ မဖြစ်ဘူး။ နိုင်ငံတကာမှာတော့ မဆန်းဘူး။ မင်းကတော့ ဒီမှာဆို နာဘူးလို့ အထင်ခံရမှာ ကြောက်နေတာပေါ့။ တကယ်တော့ ဒါက အနုပညာလေ"

"အနုပညာ ..."

ရာစစ်မှူး၏သွေးတွေ နွေးသွားပြန်သည်။

"ဒါပေမယ့် ပိုက်ဆံရဖို့ကတော့ အရေးကြီးတယ်လေကွာ။ ငါတို့က ပိုက်ဆံရှာနေတာ။ အနုပညာကြီးကို တစ်ကမ္ဘာလုံးက ဝိုင်းပြီး တိုက်ခိုက်နေတာကို ကာကွယ်နေတာ မဟုတ်ဘူးကိုကို။ အရေးကြီး တာ ငွေပဲ။ ငွေကို ဘယ်လိုရှာကြမလဲ"

"ဒါက ဥပဒေနဲ့ မညီညွတ်ဘူး။ ငါ သဘောမတူဘူး ညီညီ။ ဒါကို ငါ ဆက်လုပ်ခွင့်မပေးဘူး"

မိုးခက် မျက်နှာငယ်နေသည်။

ညီညီက ခေါင်းခါသည်။

"ဘယ်ရမလဲ။ ဒါက မင်းရဲ့ စီးပွားရေးလုပ်ငန်း မဟုတ်ဘူး။ ငါ့ရဲ့ စီးပွားရေးလုပ်ငန်း။ အဲဒီတော့ ငါလုပ်ချင်တာ ဆက်လုပ်မယ်။ မင်း သဘောမတူရင် ဘေးဖယ်နေ။ ကိုမိုးခက်နဲ့ သူ့တပည့်တွေရဲ့ အားထုတ်မှုကို မင်း ဘယ်လိုဖြေရှင်းမလဲ။ ငါ့အနေနဲ့ သူတို့ကို ပေး ရမယ့်ငွေကို ပေးမှာပဲ။ အဲဒါကို မင်း ကန့်ကွက်မလား"

ရာစစ်မှူး မဖြေနိုင် ...။

"အေး ... ငါဆက်လုပ်မယ့်အလုပ်ကိုတော့ မင်း ကန့်ကွက် ချင်ရင် ကန့်ကွက်လိမ့်မယ်။ မင်းသဘောပဲ။ မင်းကို မိုးခက်တို့ကို ငဲ့တဲ့အနေနဲ့ ဝင်မရှုပ်နဲ့။ အေး ... ငါလဲ ငါ့ရဲ့ကုန်ကျစရိတ်တွေကို မင်းရဲ့ဆန္ဒကြောင့် အရှုံးမခံနိုင်ဘူး။ တစ်ခုတော့ရှိတယ်။ ဆရာမိုးခက် တို့အတွက် ကုန်ကျသမျှကို မင်း တာဝန်ယူနိုင်မလား။ ပြီးရင် ဒီပန်းချီ ကားတွေကို မီးရှို့ပစ်လိုက်မယ်"

ရာစစ်မှူး ငူငူကြီးဖြစ်နေသည်။ သူသည် သူ့ညီကို စိတ်ရှိ လက်ရှိ ထိုးကြိတ်ပြီးပေပြီ။ သို့သော် ညီညီသည် သူ့ကို ခုခံကာကွယ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ လက်တုံ့ပြန်ခြင်းလည်း မရှိခဲ့ပေ။ ငယ်ငယ်တုန်းကတော့ သူတို့ညီအစ်ကိုသည် ရှယ်တူလိုလို ဖြစ်နေကြသောကြောင့် မကြာခဏ သတ်ပုတ်ထိုးကြိတ်ကြရသည်။ ထိုစဉ်ကတော့ ရာစစ်မှူးသည် သူ့ညီကို အမြဲတမ်း အရှုံးပေးသည်။ ညီညီသည် အမြဲတမ်း အနိုင်ရသည်။ အရွယ်ရောက်လာကြသောအခါ သူတို့ညီအစ်ကို ရန်မဖြစ်ကြတော့။ သူငယ်ချင်းပေါင်းပေါင်းကြသော ညီအစ်ကိုဖြစ်လာသည်။ သို့သော် အချင်းချင်းက မတူကြတော့။

"ဒီတစ်ခါ ငါကြိုက်တာ လုပ်ခွင့်ပေး။ ဒီကိစ္စကို ငါ့ဟာငါ လုပ်ခွင့်ပေးရမယ်။ ဥပဒေကိုချိုးဖောက်တာတော့ ငါက ဒီနိုင်ငံတင် မကတော့ဘူး။ နိုင်ငံပေါင်းစုံနေပြီ။ ငါဖြစ် ငါခံမယ်။ ငါရင်းနှီးထားသမျှတွေ ရှုံးသွားလို့တော့ မဖြစ်ဘူး။ ဒီငွေတွေကရော ဘယ်ကလဲ။ ငါတို့ အဖေအမေ ငွေတွေပဲ။ မင်းလဲဆိုင်တာပဲ။ သူတို့ငွေတွေ ဆုံးရှုံးအောင် မင်းလုပ်မလား"

"ဒီမှာညီညီ... ငွေထက် သိက္ခာက အရေးကြီးတယ်ကွ"

ရာစစ်မှူးက ပြန်ပြောသည်။

"ကောင်းပြီ။ မင်းက သိက္ခာဘယ်လောက်ရှိတဲ့ကောင် မို့လို့လဲ။ မင်းက လူအများကောင်းကျိုးအတွက် နိုင်ငံရေးကို လေ့လာခဲ့တဲ့ကောင်။ တကယ်တော့ လူအများကောင်းကျိုးအတွက် မပြောနဲ့၊ မင်းအကျိုးတောင် မင်း မအောင်မြင်ဘူး။ ငါက လူအများကောင်းကျိုးအတွက်လုပ်ချင်ရင် ငါချမ်းသာမှဖြစ်မယ်လို့ ယူဆတဲ့ကောင်။ ငါချမ်းသာတဲ့အချိန်မှာ လူတွေကို ငါတတ်နိုင်သလောက် ဆွဲခေါ်မယ်။ ကဲ ... ကိုမိုးခက်တို့ကို မင်းဆွဲခေါ်မလား။ ငါဆွဲခေါ်ရမလား"

ညီညီသည် မိုးခက်တို့ဆွဲထားသော ပန်းချီကားများကို သူ့နည်းသူ့ဟန်နှင့် မစ္စတာဝေးထံ ပို့ပေးလိုက်သည်။ ညီညီ၏တောင်းဆိုမှုကြောင့် မစ္စတာဝေးသည် တစ်ကမ္ဘာလုံးမှ ရှခင်းပုံများ၊ အခြား စိတ်ဝင်စားစရာပုံများကို ပို့ပေးလေသည်။



# အခန်း-၄

## (က)

ဝေရီလွင်သည် ပီနန်သို့ထွက်ခွာရန် ပြင်ဆင်နေသော KOKO သင်္ဘောကို သွားရောက်ကြည့်ရှုနေသည်။ ဤသင်္ဘောကို သူမစိတ်ကြိုက်ဒီဇိုင်းဖြင့် ဆောက်လုပ်ရန် အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာအာမက်အလီက ခွင့်ပြုခဲ့သည်။ သူမသည် ဒီဇိုင်နာများနှင့်အတူ ကွန်ပျူတာရှေ့တွင် အချိန်အတော်ကြာ ကုန်ခဲ့သည်။

KOKO သည် အလျားမီတာ (၅၀) ရှိပြီး အနံမှာ (၁၀) မီတာရှိသည်။ ဝန်အပြည့်တင်ထားလျှင် ရေစူးသည် ၁ ဒသမ ၆ မီတာရှိပြီး ဝန်ပေါ့ဆိုပါက ၁ ဒသမ ၅ မီတာရှိသည်။ အကြမ်းဖျဉ်းအားဖြင့် ရေစူးသည် (၅) ပေဝန်းကျင်တွင် ရှိနေမည်။ ဝန်အပြည့်တင်ထားလျှင် တန်ချိန် (၄၂၀) ရှိမည်။ ဝန်ပေါ့ဆိုပါက တန်ချိန် (၃၃၀) ခန့်ရှိသည်။ ဟိုးနီးအင်ဂျင်ကြီးနှစ်လုံးကို တပ်ဆင်ထားသည်။ ဆီစားသက်သာသည်။ မီးစက်တွေကလည်း ကောင်းသည်။ အမြန်ဆုံး တစ်နာရီလျှင် ရေမိုင် (၂၂) မိုင်အထိ တင်နိုင်ပြီး ပုံမှန်အားဖြင့် ရေမိုင် (၁၄) မိုင်နှုန်း မောင်းနိုင်သည်။ ဆီအပြည့်ထည့်ထားလျှင် မိုင် (၉၀၀) ကျော်ခန့်အထိ တောက်လျှောက်မောင်းသွားနိုင်သည်။ လူ (၁၅) ယောက်စီးဆန့်သော သက်ကယ်စက်လှေနှစ်စီး ပါသည်။ သက်ကယ်ရာဘာဖောင်များလည်း ပါသည်။ ရေဒါ၊ ဆိုနာ စသောစက်များနှင့် ဆက်သွယ်ရေးစက်များမှာ ခေတ်မီသည်။

www.burmeseclassic.com

သင်္ဘောပေါ်တွင် ကုန်အပြင် သင်္ဘောသား (၃၀) သက်သာချောင်ချိစွာ လိုက်ပါနိုင်သည်။ သူမသည် ဤသင်္ဘောအတွက် လက်ရွေးစင်သင်္ဘောသားများကို မြန်မာချည်းရအောင် တစ်နှစ်ခန့် စုဆောင်းခဲ့ရသည်။ သို့သော် မာလိန်နှင့် လက်ထောက်မှာမူ မလေးရှားတရုတ်များဖြစ်သည်။ မစ္စတာချောင်နှင့် မစ္စယာယဲ့ကျိုတို့ဖြစ်သည်။ သူတို့သည် တရုတ်လိုတတ်သည်။ အင်္ဂလိပ်လို အနည်းအကျဉ်းပြောရဲ့ဖြစ်သည်။ တကယ်တော့ အာမက်အလီသည် သင်္ဘောပေါ်တွင် အရေးကြီးသော နေရာများအတွက် သူ့လူများကိုသာ လျာထားခဲ့သည်။ မစ္စတာချောင်သည် ရေကြောင်းပညာရပ် ကျွမ်းကျင်သော လုပ်သက်ရင့်မာလိန်မှူးဖြစ်သည်။ ယဲ့ကျိုသည် ဤသင်္ဘော စဆောက်ကတည်းက ပြီးစီးသည်အထိ ပါဝင်သော ရေကြောင်းအင်ဂျင်နီယာဖြစ်သည်။

မြန်မာထဲမှ ခေါင်းဆောင်ဖြစ်သူမှာ လက်ဝဲဘက်မျက်စိ သေနတ်မှန်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် တပ်ကထွက်လိုက်ရသူ ဖြစ်သည်။ ကျန်ကျန်းမာရေးမှာ လုံးဝကောင်းမွန်ပြီး သူသည် အကြည့်ရဆိုးသော သူ့မျက်စိတစ်ဘက်ကို ကာကွယ်ရန်အတွက် နေကာမျက်မှန်တစ်လက်ကို နွေညမရွေး တပ်ထားလေ့ရှိသည်။

"သေနတ်ပစ်ရင် ဘယ်ဘက်မျက်စိကို မှိတ်မိပစ်ရတယ်။ ကျွန်တော်က မျက်စိတစ်ဘက် မမှိတ်တပ်လို့ လေ့ကျင့်ရေးမှာကတည်းက ဒုက္ခရောက်တာ။ အဲရမ်းအားစိုက်ရတယ်။ ဒါပေမယ့် အခုတော့ မျက်စိမှိတ်ဖို့ အားမစိုက်ရတော့ဘူး။ သေနတ်ပစ်ဖို့ အရမ်းလွယ်သွားပြီ။ ဒါပေမယ့် တပ်မှာတော့ ကျန်းမာရေးက တင်းပြည့်ကျပ်ပြည့်မဟုတ်ရင် ထွက်ရမှာပဲ"

သူရှင်းပြသော စကားဖြစ်သည်။

တစ်ဖက်လပ်အောင်ဒင်သည် ပထမတော့ ရနောင်းမှ ငါးဖမ်းလှေများတွင် အလုပ်လုပ်သည်။ ကိုယ့်နိုင်ငံကငါးကို လာလာခိုးနေသော စက်လှေများပေါ်တွင် အလုပ်လုပ်ရတာကို သူ မနှစ်မြို့။ တန်ကေးပိုင်ရှင်များနှင့် သူ့ မကြာခဏ ပဋိပက္ခဖြစ်သည်။ မကြာခဏ လှေပြောင်းရသည်။ ကြာတော့လည်း အနိုင်ကျင့်ခြင်း၊ လူပါးဝခြင်း၊ စီးပိုးခြင်းများ





ကို မခံနိုင်တော့။ သူ၏တုံ့ပြန်တိုက်ခိုက်မှုက ပြင်းထန်သည်။ တန်ကေးသမားများသည် အသေရရ အရှင်ရရဖြစ်လာသောအခါ သူသည် ဗသျှူးများနှင့် ပေါင်းမိကာ ပီနန်ဘက် ရောက်လာသည်။ မာလက္ကာရေလက်ကြားတွင် ပင်လယ်ဓားပြသွားတိုက်သော လှေပေါ်တွင် နှစ်ခေါက်ခန့် လိုက်ဖူးသည်။ ဝမ်းရေးအတွက် လုပ်ရပေမယ့် စိတ်မချမ်းသာ။ တိုက်ခိုက်ရေးသမားအဖြစ် သူ့ကို လိုလားသူများသည်။ ထိုအချိန်တွင် ဝေရီလွင်သည် သူ့ကို ဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဝေရီလွင်၏အလုပ်ကို မြင်ရသည်နှင့် သူသည် ဤအမျိုးသမီးလက်အောက်တွင် အလုပ်လုပ်ရတာ သေပျော်ပြီဟုပင် ထင်မိသည်။

အောင်ဒင်ခေါင်းဆောင်သော မောင်ထူး၊ ဂျက်ပေါ့၊ လူကိုကို၊ သစ်မြိုင် စသော အောက်လမ်းသမား သင်္ဘောသားများမှာ များသောအားဖြင့် ဝေရီလွင်ကိုမြင်ရလျှင် စိတ်ချမ်းသာနေပြီ။ သူမ၏ အလုကွန်ယက်တွင် မိနေကြသူများသာ ဖြစ်သည်။ သူမအတွက် သူတို့ အသက်စွန့်ရဲသည်။ ရောင်စိန်ဆိုလျှင် သူမကသာ အမိန့်ပေးလိုက်လျှင် မိမိကိုယ်ကိုမိမိ ချက်ချင်းသတ်သေမည်ဟု ပြောခဲ့သည်။

သူမသည် အောင်ဒင်ကိုခေါ်လိုက်ရာ မောင်ထူး၊ ဂျက်ပေါ့၊ သစ်မြိုင်၊ လူကိုကိုနှင့် ရောင်စိန်ပါ ပါလာသည်။

"ပထမဆုံးပြောချင်တာက လူကိုကို"

"ခင်ဗျာ မမ"

"မင်းနာမည်ကို ချက်ချင်းပြောင်း"

"ခင်ဗျာ"

"အခုချက်ချင်းပြောင်း။ ဒီနာမည်ကို ငါမကြိုက်ဘူး။ မပြောင်းနိုင်ရင် ထွက်"

"ထွက်တော့မထွက်ပါရစေနဲ့။ ပြောင်းဆို ပြောင်းပါ့မယ်"

"အခုပြောင်းလေ"

"လူကိုကိုအစား ခွေးကိုကိုလို့ ပြောင်းလိုက်ပေါ့ကွာ"

ရောင်စိန်က လှမ်းနောက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဝေရီလွင်သည် ရောင်စိန်ရှေ့ကို ချက်ချင်းရောက်သွားသည်။ ရောင်စိန့်မေးရိုးကို ညာလက်သီးဖြင့် ပင့်ထိုးထည့်လိုက်ရာ ခွပ်ကနဲ အသံနှင့်အတူ ရောင်စိန်သည် ယိမ်းယိုင်ပြီး နောက်တစ်လှမ်းနှစ်လှမ်း ဆုတ်ကာ ဒူးတွေညွတ်ကျသွားရသည်။

"မင်းတို့မှတ်ထား။ ဒီသင်္ဘောနာမည်က ကိုကို။ ဒါကြောင့် ဒီနာမည်ကို မင်းတို့ မခေါ်ကားရဘူး။ ပြီးတော့ ဒီနာမည်ကို မင်းတို့ မပိုင်ရဘူး။ မှတ်ထားနော်။ ငါ့ကို မင်းတို့လျှော့မတွက်နဲ့။ မလုပ်ချင်ရင် အခုထွက်။ ကမ္ဘာပတ်လာတဲ့ မိန်းမဆိုတာ သတိထား"

ရောင်စိန်သည် နှုတ်ခမ်းမှသွေးတွေ စီးကျလာသည်။ သူ့ကို အောင်ဒင်က ဆွဲထူလိုက်သည်။

"ကျွန်တော့်နာမည် လူဝေးလို့ ပြောင်းပါ့မယ်"

"ကျွန်တော်လဲ နောက်ကို ဒီလိုမပြောတော့ပါဘူး"

"ခြေကျွံမလား၊ လက်ကျွံမလား နှုတ်လို့ရတယ်။ လျှာကျွံရင် နှုတ်မရဘူး။ စကားများတာ ငါမကြိုက်ဘူး။ မင်းတို့ (၁၅) ယောက်ရှိတယ်။ ချောင်နဲ့ ယွဲ့ကျိုပါဆို (၁၇) ယောက်ရှိတယ်။ ချောင်နဲ့ ယွဲ့ကျိုက အာမက်အလီထည့်ထားတဲ့လူတွေ။ အရေးရယ်အကြောင်းရယ်ဆိုရင် မင်းတို့ ငါ့ဘက်မှာပဲ ရှိရမယ်ဆိုတာ မင်းတို့ကို ငါပြောပြီးပြီ။ ဘယ်လိုနေရထိုင်ရမယ်၊ ဘယ်လိုလုပ်ရကိုင်ရမယ်ဆိုတာတွေ ငါပြောပြီးပြီ။ အချိုးမပြေရင် ငါးစာကျွေးပစ်မယ်။ အခု ပီနန်သွားတဲ့အခါ ငါနဲ့အတူ မိန်းကလေးနှစ်ယောက် ပါလာမယ်။ ယာနီနဲ့ ကာဒီ။ သူတို့ကို ဆက်ဆံတဲ့အခါမှာလဲ ဘာမှ အမှားအယွင်းမရှိစေနဲ့။ ငါတို့ အလုပ်လုပ်နေတယ်ဆိုတာ သတိအမြဲထား။ အလုပ်ကလွဲရင် ဘာမှမစဉ်းစားနဲ့။ မိန်းကလေးတွေဆိုပြီး ထိကပါးရိကပါးပြောဖို့ အသာထား။ မျက်လုံးက မရိုးသားတာနဲ့ ငါ ခွင့်မလွှတ်ဘူး"

အားလုံးသည် ဝေရီလွင်နှင့် သူမ၏လက်စွဲတော် တပည့်မနှစ်ယောက်ကိုကြည့်တိုင်း အပြစ်ကင်းစင်၍ ရိုးသားသောမျက်နှာမျိုး ဖြစ်နေအောင် အလွန်ခက်ခဲစွာ ကြိုးစားရမည်ကို သဘောပေါက်နေ





ကြသည်။ ယာနီနှင့် ကာဒီမှာ အသက်အရွယ်မတိမ်းမယိမ်း ရှိသည်။ ယာနီက အသားတော်တော်ညိုသည်။ နှာတန်ပေါ်ပြီး မျက်လုံးတွေက တောက်ပနေသည်။ ပါးစပ်ပြဲသည်။ သို့သော် နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသဖြင့် အံကြိတ်နေသကဲ့သို့ ထင်ရသည်။ ကိုယ်ခန္ဓာ ကျန်းမာတောင့်တင်းသည်။ အမျိုးသမီးလက်ဝှေ့ပွဲမှ ဝေရီလွင် ထုတ်လာခဲ့သူဟု သိရသည်။ ကာဒီမှာမူ အသားဖြူသည်။ နှာခေါင်းလုံးသည်။ မျက်လုံးတွေ မှေးသည်။ သူမသည်လည်း နပန်းပွဲမှ လာသူဖြစ်ပြီး ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းလှသည်။ သူတို့နှစ်ယောက်စလုံး တီရှပ်ဆင်တူနှင့် ဂျင်းဘောင်းဘီကျပ်ကျပ်တွေကို ဝတ်ထားရာ ရောင်စိန်သည် ဂျင်းဘောင်းဘီများ ချုပ်ရိုးခိုင်မခိုင်ကို မှန်းဆကြည့်နေမိသည်။ သူ့အထိုးခံရတာကို မေ့သွားပြီ။

"ကျော့(ချ်)တောင်းရောက်ရင် ကုန်တင်မယ်။ ဒါက ဘင်္ဂလားဒေ့(ရှ်)ကိုပို့ဖို့ပဲ။ ဒီလမ်းကြောင်းကိုတော့ အောင်ဒင်က ကျွမ်းမှာပါ"

"ဒန်ဒမန်ကျွန်းနဲ့ ကိုကိုးကျွန်းကြား နိုင်ငံတကာရေပိုင်နက်က ဖြတ်ပြီး ဘင်္ဂလားပင်လယ်အော်ကို ဝင်ရတာပါ။ ကျွန်တော် ခဏခဏ သွားဖူးပါတယ်"

"တန်ကေးတွေနဲ့ပေါ့"

"ဟုတ်ပါတယ်"

"အခုကတော့ ရုပ်မြင်သံကြားစက်တွေ သွားပို့မှာ။ ရေထဲမှာ ရေတွေဝင်နေတာတွေ ရှိမရှိ သေသေချာချာစစ်ဆေး။ ကိုကိုအတွက် ပထမဆုံးခရီးစဉ်။ အောင်မြင်ဖို့လိုတယ်။ မင်းတို့ ပီနန်ရောက်တာနဲ့ ငါ့ဆီဖုန်းဆက်လိုက်။ ငါက လေယာဉ်နဲ့ ကျော့(ချ်)တောင်းကို ကြိုရောက်နေမှာ။ ရှန်ဂရီလာဟိုတယ်မှာ တည်းမယ်"

သူမသည် သူမ၏ သက်တော်စောင့်ကိုယ်ရံတော်မ နှစ်ဦးနှင့်အတူ ကိုကိုသင်္ဘောကို နှံ့စပ်အောင်ကြည့်သည်။ သံထည်သင်္ဘောထဲတွင်တော့ အတော်ကောင်းသော သင်္ဘောပင်။ သစ်သားထည် သင်္ဘောများမှာမူ မြန်မာနိုင်ငံမှ သင်္ဘောကျင်းများတွင် အပ်နှံတည်ဆောက်တာတွေ

www.burmeseclassic.com

www.burmeseclassic.com

က ပိုကောင်းသည်။ ဝေရီလွင်သည် သူမ၏ ကိုယ်ရံတော်မလေး နှစ်ဦးနှင့်အတူ ပြန်လည်ထွက်ခွာသွားသောအခါ သဘော်ကျင်ထဲတွင် မွှေးရနံ့များလည်း ပျောက်ကွယ်သွားရတော့သည်။

တစ်ဖက်လပ်အောင်ဒင်သည် သူ့တပည့်ရင်းများဖြစ်သော မောင်ထူး၊ လူကိုကိုတစ်ဖြစ်လဲ လူဝေး၊ သစ်မြိုင်၊ ဂျက်ပေါ့နှင့် ရောင်စိန်တို့ကိုခေါ်ကာ သဘော်ကျင်းနယ်မြေအပြင်ဘက်ကို ထွက်၍ တရုတ်ဆိုင်တစ်ဆိုင်တွင် စားကြသောက်ကြသည်။ မောင်ထူးသည် သူ့လိုပဲ တပ်ကထွက်လာရသူဖြစ်သည်။ တိုက်ပွဲတွင် လောင်ချာစများ သူ့ကိုယ်ခန္ဓာအနှံ့အပြားသို့ ဝင်ကုန်သည်။ ခေါင်းထဲမှ အစနှစ်စမှလွဲ၍ ကျန်တာကို ခွဲစိတ်ကုသပြီး ထုတ်ပစ်နိုင်ခဲ့သည်။ သူသည် ကျန်းမာရေး အရ ဆေးပင်စင်ခံစားခွင့် ရခဲ့သည်။ သူ့မိန်းမကို ပင်စင်လစာနှင့်တကွ ထားခဲ့ပြီး အလုပ်လုပ်ရန်ထွက်လာရာမှ ရနောင်းတွင် ပြဿနာတက်ပြီး ပီနန်မှတစ်ဆင့် ကွာလာလမ်ပူဘက် ရောက်လာသူဖြစ်သည်။

"အင်း ... ဒေဝီရဲ့ကျေးဇူးကြောင့် ကောင်းကောင်းမွန်မွန် စားရသောက်ရတော့မယ်ဆိုရင် ငါ့ခေါင်းထဲကအစတွေက လှုပ်လှုပ်ရှရှ ဖြစ်လာတယ်"

"မင်းခေါင်းထဲက အစတွေကို ခွဲမထုတ်နိုင်မချင်းကတော့ မင်း မကြာခဏ ဦးနှောက်ဖောက်နေမှာဖဲ"

ရောင်စိန်က ပြောသည်။

"မင်းကလဲ လူရှေ့မရှောင် သူရှေ့မရှောင် နှာဘူးထနေလို့ ကတော့ အခုလိုပဲ အထိုးခံနေရမှာပဲ"

"အေးကွာ၊ ဒေဝီလက်သီးချက်လေးက အခုတောင် မာရင် မဝါးနိုင်ဘူး။ မနူးမနပ်တွေ မမှာနဲ့ဆရာ။ ကျွန်တော်ကတော့ မေးရိုးက နာကျင်မှုလေးကိုပဲ ကြင်နာမှုအမှတ်နဲ့ ရင်မှာပိုက်ပြီး အိပ်ရမှာပဲ။ ဒေဝီကို ကျေးဇူးအထူးတင်ရှိပါတယ်"

"မင်းတော့ ထပ်အထိုးခံရဦးမယ်ထင်တယ်"

ဂျက်ပေါ့က ဝင်ပြောသည်။





ဂျက်ပေါ့နှင့် ရောင်စိန်မှာ နယ်စပ်တွင် ဝေလေလေလွင့်သွားလုပ် နေရာမှ သောင်းကျန်းသူတို့၏ ခေါ်ဆောင်သွားခြင်းခံရသည်။ သုံးနှစ် ခန့် သေနတ်ကိုင်ပြီး သောင်းကျန်းသူ လုပ်လိုက်ရသည်။ မည်သို့မျှ ကြီးပွားနိုင်စရာလမ်းစ မမြင်သောအခါ ပြန်လည်ပစ်ခတ်တိုက်ခိုက်ပြီး ထက်နက်ချလာကြခြင်းဖြစ်သည်။ လူဝေးနှင့် သစ်မြိုင်မှာ ဓားပြမှုနှင့် ထောင်ကျဖူးကြသည်။ ဤလူအားလုံးမှာ လူကြမ်းတွေချည်းဖြစ်သည်။ သူတို့သည် ဝေရီလွင်ကို ကွယ်ရာတွင် ဒေဝီဟုခေါ်သည်။ ယာနီကို ဘုလားမဟုခေါ်ပြီး ကာဒီကို ပေါက်ဖော်မဟု ခေါ်ကြသည်။ ရှေ့တင် တော့ မခေါ်ရဲကြ။ ထိုအမျိုးသမီးနှစ်ဦး သီချင်းဆိုလျှင် အသံကောင်း လေား၊ ညံ့မလား သူတို့မခန့်မှန်းနိုင်ကြ။ အဘယ်ကြောင့်ဆိုသော် သူတို့စကားပြောသည်ကို တစ်ခါမျှ မကြားဖူးသောကြောင့်ပင်။

ဝေရီလွင်သည် သူတို့အတွက် မုန့်ဖိုးပေးသွားသည်။ ရင်းကစ် ငွေများကို ပျော်ပါးသောက်စားပစ်ရန် သူတို့စဉ်းစားနေကြသည်။ အကယ်တော့ သူတို့သည် သူတို့၏မိသားစုများထံသို့ ငွေပြန်ပို့နိုင်သည် မှာ (၆)လခန့်သာ ရှိပေဦးမည်။ ဆိုရပါလျှင် ဝေရီလွင်နှင့်တွေ့ပြီးမှ။

ဝေရီလွင်နှင့် မတွေ့ခင်တုန်းကတော့ ငတ်ထစ်လှည့် ပြတ် တစ်လှည့်။ လက်ဝါးတစ်လှည့်၊ လက်သီးတစ်လှည့်မှ ကြာပွတ်တစ် လှည့်၊ တုတ်တစ်လှည့်အထိ တိုးတက်ခဲ့သည်။ ကျည်ဆန်အလှည့် ရောက်လာသောအခါ သူတို့ ထွက်ပြေးကြရသည်။ သူတို့ဘဝက မရေ ရာ။ မသေချာ။ လှိုင်းပေါ်မှာ ပဲ့မပါမျှောရသည့် လှေငယ်ပမာပင်။

"ပေါက်ဖော်မက ဟောင်ကောင်ဂျက်မ ပုံမျိုးကွ။ မိုက်တယ်"

ရောင်စိန်က ပြောသည်။

"ကုလားမကလဲ မွန်ဘိုင်းကဂျက်မပဲ"

"မနိုင်ပါဘူးကွာ"

ရောင်စိန်၏မှတ်ချက်ပင် ... ။



www.burmeseclassic.com

www.burmeseclassic.com

"မင့်မျက်စိထဲမှာ ဘာတွေမြင်နေလဲဆိုတာ ငါသိတယ်။ မင်းဟာ ဝက်ရူးပဲ။ မြင်မြင်သမျှ စိတ်နဲ့ပြစ်မှားမယ်။ အစားတွေ့ရင် ငန်းမယ်။ အခုလို မင်းမပါးနိုင်ဘဲ ကြိတ်မျိုနေရတဲ့အတွက် ငါ ဒေဝီကို ကျေးဇူးတင်တယ်"

မောင်ထူးက ပြောသည်။ အောင်ဒင်က တစ်စုံတစ်ခု သတိရလာဟန်ဖြင့် ... ။

"မောင်ထူး၊ မင်း ဆက်သွယ်ရေးစက်တွေ သေသေချာချာ စစ်ခဲ့လား"

"စစ်ခဲ့ပါတယ်ဆရာ။ ခေတ်မီအဆင့်မြင့်စက်တွေပဲ၊ ခေတ်မီတယ်ဆိုတာထက် ခက်ခဲတာမဟုတ်ဘူးဆရာ။ လုပ်နိုင်တဲ့အတိုင်းအတာ မြင့်တာရယ်၊ ကိုင်ရလွယ်တာရယ်ပဲ။ တန်ကေးတွေမှာ ဒီလိုစက်မျိုး မကိုင်ဖူးခဲ့ပေမယ့် ဒါတွေက ကွန်ပျူတာစနစ်တွေ။ ကိုင်ရလွယ်တယ် ဆရာ"

"ပြီးမှ တစ်လွဲမဖြစ်စေနဲ့"

"စိတ်ချပါဆရာ"

မောင်ထူးသည် ဒဏ်ရာမရခင်အထိ ဆက်သွယ်ရေးစက်ကိုင်ခဲ့ရသူဖြစ်သည်။ အခြေခံကို ကျွမ်းပြီးဖြစ်သည်။ သစ်မြိုင်သည် ကွန်ပျူတာသင်တန်းမျိုးစုံတက်ပြီး ကွန်ပျူတာဖြင့်အလုပ်လုပ်ရန် ကော့သောင်းမှရနောင်းသို့ တရားမဝင် ထွက်ခွာလာရာမှ တန်ကေးပေါ်မှ ပိုက်ဆွဲရသော တံငါလှေသားဖြစ်ခဲ့ရသည်။ သစ်မြိုင်သည် မောင်ထူးကို များစွာကူညီနိုင်သည်။ ရောင်စိန်သည် အင်ဂျင်နီယာဖြစ်သူ ယွဲ့ကျီကို တရုတ်စကား တစ်လုံးစနှစ်လုံးစဖြင့် ဝင်ရောပြီး တည့်အောင်ပေါင်းနိုင်သူဖြစ်သည်။ ထို့ကြောင့် သူသည် စက်ခန်းကို အတော်အသင့်ကျွမ်းကျင်သည်။ စက်မကြီးနှစ်လုံးကို ထိန်းနိုင်သည်။ မီးစက်များကား သူ့အတွက် အသေးအဖွဲ့ပင်။ ဂျက်ပေါ်သည် ကျောက်ဆူးများအကြောင်း ကောင်းကောင်းသိသည်။ KOKO ပေါ်တွင် ဦးပိုင်း၌ ဘယ်ညာကျောက်ဆူးနှစ်စင်း ရှိသည်။ သင်္ဘောကျောက်ချထားချိန် လှိုင်းလေငြိမ်သက်နေ





လျှင် ကိစ္စမရှိ။ လှိုင်းကြီးနေချိန်၌ ကျောက်ချထားပါက သင်္ဘော မငြိမ်သက်ဖြစ်နေပုံကို ကျောက်ဆူးကြိုးများ၏ ရွေ့လျားမှုဖြင့် ခန့်မှန်း၍ သည်။ ဤအလုပ်ကို ဂျက်ပေါ့ကျွမ်းကျင်သည်။ လူကိုကိုတစ်ဖြစ်လဲ လူဝေးကား သိုင်းဆရာယောင်ယောင်၊ ကွန်ဖူးသမားယောင်ယောင်နှင့် ကြောခဏ ရန်ဖြစ်တတ်သည်။ သူကိုယ်သူ လက်မြန်သည်ဟု ကြွေးကြော်လေ့ရှိသည်။ တကယ်တမ်းတွင်ကား မိန်းမသားဖြစ်သူ ဝေရီလွင် လက်သီးကိုပင် မရှောင်နိုင်။ ထိုပင့်လက်သီးကလည်း လျှပ်ပြက်သည့် ယ် မြန်သည်။

"သူက ဘာဖြစ်လို့ သင်္ဘောကို ကေအိုကေအိုလို့ နာမည်ပေးတာလဲ၊ ဒါဟာ ကိုကိုပဲမဟုတ်လား"

လူဝေးက ပြောသည်။

"သူ တစ်ခါတစ်ခါဖုန်းဆက်ရင် ကိုကိုလို့ ခေါ်သံကြားတယ်။ ရည်းစားကို ဂုဏ်ပြုတာလားမှ မသိတာ"

"ကိုကိုဆိုတာနဲ့ သူ့ရည်းစားဖြစ်မလား။ သူ့အသက် (၃၀) ကျော်ပဲထင်ရပေမယ့် နုနေလို့ကွ။ ကျော်ချင်ကျော်လောက်ပြီ"

သစ်မြိုင်က ပြောသည်။

ရောင်စိန်က ....

"မိုဟာမက်အလီက ..."

မောင်ထူးမျက်နှာ ရှုံ့မဲ့သွားသည်။

"မင်းကလဲကွာ။ အာကာလဲချောင်ချင်သေးတယ်။ မှန်အောင် မချောင်နိုင်ဘူး။ မိုဟာမက်အလီဆိုရင် မင်းမေးစေ့ရောင်ရုံတင်မက ခေါင်းပါပြုတ်အောင် အထိုးခံရတော့မယ်။ အာမက်အလီကွ။ ဒါ သာရေးနာမည်တွေဆိုတာ မင်းမသိဘူးလား"

"ဒါပေမယ့် ကုလားမပုံမှ မပေါက်တာ။ ဒေဝီဟာ အတော် ချောက်တယ်။ သူဟာ ဘယ်လိုမိန်းမမျိုးလဲ။ ဘယ်သူ့မှမငြင်းနဲ့။ ဒါ င်စိန်အာချောင်တာ မဟုတ်ဘူး။ ငါတို့အားလုံး ဒေဝီကို တီးလေးစွဲလမ်းပြီး သူခိုင်းတာလုပ်၊ သူထားရာနေ၊ သူစေရာသွား နေတာ"



www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် ဒေဝီက ငါတို့ကို ကယ်တင်ထားတာပါ။ ငါတို့ ဘဝက ရေစုံမျောနေပြီ။ ယပက်လက်တွေ လက်ချက်နဲ့သေမလား။ ဗသျှူးဓားနဲ့တွေ့မလား။ လုပ်စားကိုင်စားရတာလဲ မလွယ်။ ဆီအုန်းခြံ တွေထဲမှာ ပတ်(စ်)ပို့မရှိ၊ ဘာမရှိနဲ့။ စားရမဲ့သောက်ရမဲ့ ဖြစ်နေတာ။ မင်း သူ့ကျေးဇူးကိုမေ့ထားပြီး စိတ်ထဲက ပြစ်မှားနေတာလား ရောင်စိန်"

"ဒီမှာမောင်ထူး။ မင်းငြင်းနိုင်ရင် ငြင်း၊ ငါတို့အားလုံး ဒေဝီရဲ့ ပင့်ကူအိမ်မှာ ငြိနေတဲ့ပိုးကောင်လေးတွေကွ"

ရောင်စိန်၏စကားကို မည်သူမျှ မတုံ့ပြန်ဘဲ ငြိမ်သက်နေကြ ပြန်သည်။ အောင်ဒင်သည်ပင် ဘာမှမပြောမိ၊ သူ့ကို ဒေဝီတွေ့ခဲ့သည် မှာ လမ်းဘေးရန်ပွဲတွင်ဖြစ်သည်။ လူ ငါးယောက်ခြောက်ယောက်က သူ့ကို အလစ်သုတ်သမားအဖြစ် ဝိုင်းဝန်းတိုက်ခိုက်နေကြစဉ် ကား မီးရောင်ကြောင့် ထိုသူတွေ ထွက်ပြေးကုန်သည်။ သူသည် ဒဏ်ရာ များကြောင့် မထနိုင်တော့။ ကားသမားနှင့် ဝေရီလွင်က သူ့ကို ကား နောက်ခန်းထဲသို့ ဆွဲတင်သည်။ သူသည် ဝေရီလွင်၏ပေါင်ပေါ်တွင် ခေါင်းအုံးပြီး ဆေးခန်းရောက်အောင် မှိန်းလိုက်လာရသည်။ ထိုစဉ်က မွှေးကြိုင်သောရနံ့များ ရှူရှိုက်ရသဖြင့် ထိတွေ့ခံစားရသော နွေးထွေး မှုကြောင့် ဒဏ်ရာများသည် တစ်ဝက်ခန့်သက်သာရသည်။ သူ နှစ်ပတ် ခန့် ဆေးရုံတက်ရစဉ် ဝေရီလွင် နေ့စဉ်လာကြည့်သည်။ သူစကား ပြောနိုင်စဉ် မေးခွန်းတွေထုတ်သည်။ သူ့တွင် မည်သည့်သက်သေ စာရွက်စာတမ်းမျှ မရှိ။ သူ ဆေးရုံကဆင်းသောအခါ သူ့တွင် ရဲ စစ်ဆေးပါက ပြသစရာ စာရွက်စာတမ်းတွေ ရှိပြီ။ နေစရာလည်း ရှိပြီ။ သူ့လိုလူမျိုးတွေ၊ အနာဂတ်ပျောက်နေသူများကို ရှာဖွေပေးရ တာဝန်လည်း လက်ခံရရှိပြီးပေပြီ။

"ဝေဒီဟာ ဘယ်လိုမိန်းမစားမျိုးလဲ"

သစ်မြိုင်၏မေးခွန်းကိုလည်း မည်သူမျှ မဖြေနိုင်။



"ငါတို့အပေါ် သူကောင်းတယ်။ ငါတို့ကလဲ ကောင်းရမယ်။ ဒါ သူ့ကို ကျေးဇူးဆပ်တာပဲ။ ဘာပဲဖြစ်ဖြစ်၊ ဘယ်အခြေအနေမျိုးပဲ ရောက်ရောက် ငါတို့ သူ့ဘက်ကပဲ ရပ်ရမယ်"

မောင်ထူးက အကြံပေးသလိုလို၊ ဆုံးမသလိုလို လေသံမျိုး နှင့် ပြောသည်။

"ဟုတ်ကဲ့ပါဆရာကြီး"

လူဝေးက တုံ့ပြန်၍သရော်သည်။

"မင်း အထိုးခံချင်လို့လား"

"ဒေဝီကသာထိုး၊ တစ်ကိုယ်လုံး ကြိုက်တဲ့နေရာထိုး။ ဓားနဲ့ ထိုးလဲ ခံမယ်။ အပ်နဲ့ထိုးလဲ ရတယ်။ မီးစနဲ့ထိုးလဲ ရတယ်"

လူဝေးက မောင်ထူးကို ပြန်ပြောသည်။

"အဲဒါပေါ့၊ ငါပြောတဲ့ ပင့်ကူမျှင်မှာငြိနေတဲ့ ပိုးကောင်လေး တွေဆိုတာ"

ရောင်စိန်က သူ့စကားကို ထပ်မံအတည်ပြုပြန်သည်။

"မင်းတို့ သူ့ကို မကြောက်ဘူးလား"

ဂျက်ပေါ်က ပြောသည်။ မည်သူမျှမဖြေ။

"မင်းတို့မကြောက်ရင်နေ ငါတော့ကြောက်တယ်။ သူ့ကို ကြည့်ရတာ ချစ်စရာကောင်းသလို ကြောက်စရာလဲ ကောင်းတယ်။ သေသေချာချာကြည့်။ ကြာကြာကြည့်ရင် ရင်တုန်ပန်းတုန်ဖြစ်လာမယ်။ ကြာရင် စိမ့်ပြီးကြောက်လာမယ်။ ကြက်သီးမွေးညှင်းပါ ထလာ မယ်"

"ဂျက်ပေါ်ရာ။ ဒေဝီက နတ်သမီးပါ။ မကောင်းဆိုးဝါး သရဲ ဖာဗွဲ မဟုတ်ပါဘူး"

"သူ မယ်ဘွဲ့ရဖူးတယ်ဆိုတာ ဟုတ်လား"

လူဝေး၏စကားအဆုံးတွင် သစ်မြိုင်က ဖြတ်မေးသည်။

"ယိုးဒယားမှာ ရဖူးတယ်တဲ့။ ဒါပေမယ့် အပျိုမဟုတ်ဘူး ဆိုတာသိသွားလို့ ပြန်ရုတ်သိမ်းခံရတယ်။ သူ့ကို ကျန်းမာရေးစစ်ပေး



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့သူတွေလဲ အရေးယူခံလိုက်ရသတဲ့။ အဲဒီလိုတော့ ကြားဖူးတာပဲ အဆိုပေမယ့် အမျိုးအားလုံးကို အနိုင်ယူတာဆိုတော့ အိုတယ်သာဆိုရ အပျိုက ရှုံးပြန်ဆိုတဲ့ တေးထပ်လိုပေါ့ကွာ။ ဘာ ... ဦးပုညမဟုတ်လား ...။ ရေးခဲ့တာလေ''

''တော်စမ်းပါလူဝေးရာ။ မြဝတီမင်းကြီးဦးစပါ''

သစ်မြိုင်က ပြောပြီ။

''မသိရင် မပြောကြနဲ့ကွာ။ အဲဒါ ငါဘကြီးရေးတာကွ။ သူ့ မိန်းမက တစ်ခုလပ်''

ရောင်စိန်ဝင်ပြောတော့ အားလုံး ဝိုင်းရယ်သည်။ စင်စစ် သူတို့သည် စာပေဗဟုသုတ ရှိသူများမဟုတ်ပေ၊ စာဖတ်ရကောင်းမှန်း သိသူများလည်း မဟုတ်။ ရေဒီယိုနားမထောင်၊ ရုပ်မြင်သံကြား မကြည့်ဘဲ ဗီဒီယိုသာ လိုမ့်ကြည့်ခဲ့သူများမို့လို့လည်း တံလျှပ်ကို ရေထင်ပြီး သဲပြင်တွင် ကူးကြရသူများပင်။

သူတို့သည် စားကောင်းသောက်ဖွယ်များကို မြိန်ရေယှက်ရေ စားသောက်ကြသည်။ ဖအောင်ဒင်ကား အရက်ကို တစိမ့်စိမ့်သောက်ရင်း ဝေရီလွင်အကြောင်း စဉ်းစားနေမိသည်။ ဝေရီလွင်နှင့် တွေ့ပြီးကတည်းက သူသည်လည်း ဝေရီလွင်အကြောင်းကို သိအောင်စုံစမ်းသည်။ သူပထမဆုံး စုံစမ်းသိရှိရသောအချက်မှာ ဝေရီလွင်သည် သူ့အကြောင်းကို အမွေးခါးမကျန် သိရှိပြီးပြီဆိုခြင်းပင်။ သူ ဝေရီလွင်အကြောင်း ရုပ်သွင်မှလွဲ၍ ဘာမှမသိရခင် ဝေရီလွင်က သူ့မိဘမျိုးရိုးမှအစ မလှ သော ဘဝဖြစ်စဉ်ကြီးတစ်ခုလုံးကို သိပြီးပြီ။ သူတို့လောကတွင် မျက်စိ တစ်ဖက်လပ်နေသူ များများမရှိလှသဖြင့် သူ့ကိုစုံစမ်းရန် မခက်လှသော် လည်း ဝေရီလွင်သည် မြန်မာပြည်ကို လုမ်း၍စုံစမ်းရန် မမေ့ခဲ့ကြောင်း တွေ့ရသည်။

စည်းဝိုင်းအပြင်ဘက်ရောက်အောင် သံချွန်ပေါ်မှာ ရွေ့လျား လည်ပတ်သွားသော ဂျင်။ ထိုဂျင်ပေါ်က ထုံးစက်၊ သွက်လက်လှသော ဝေရီလွင် ... ။ သူသည် ဝေရီလွင့်အပေါ် ရင်ခုန်မိပေမယ့် ပါးစပ်က





ဟဖို့တော့ မစဉ်းစားရဲပေ။ ဝေရီလွင်သည်လည်း ယောကျ်ားတကာကို ညို့ယူဖမ်းစားနိုင်သူဖြစ်သည်။ သူမ စကြဲ့လျှောက်ခဲ့သော မျက်ခုံးမွေး များသည် ယောကျ်ားတကာတို့၏ မျက်ခုံးမွေးများသာ ဖြစ်ပေမည်။ သူ နေ့ညမပြတ် တပ်ဆင်ထားသော နေကာမျက်မှန်မှာ ဝေရီလွင် ဝယ်ပေးသော နေကာမျက်မှန်ဖြစ်သည်။ အိပ်လျှင်ပင် မဖြစ်လို့ချွတ် ရသည်။

လက်ရှိတပ်ထားသော နေကာမျက်မှန်ကို သတိရသောအခါ သူ၏မျက်လုံးကိစ္စကို သတိရလာပြန်သည်။ မျက်လုံးတစ်လုံး ခွဲထုတ် ပစ်လိုက်ရသောအခါ စစ်ဆေးရုံက သူ့အတွက် အစစ်နှင့်မခြားသော မျက်လုံးအတုတစ်လုံး အစားထိုးတပ်ဆင်ပေးခဲ့သည်။ တပ်ကထွက် တော့ သူ စိတ်လေနေသည်။ ပင်စင်လစာနှင့် မလောက်ငှသဖြင့် အလုပ်ရှာသည်။ သူလို လက်ရုံးသမားသက်သက်အတွက် ဝင်ငွေ ကောင်းသော အလုပ်မရှိပေ။

အောက်လမ်းမှ ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ်ရန် တိုက်တွန်းသူမှာ သူ၏ အိမ်သူသက်ထား ဇနီးမယားဖြစ်သူ နှင်းယုပင် ဖြစ်သည်။ သူ မသွားလိုပါ။ မစွန့်စားရဲ၍ မဟုတ်။ နှင်းယုကို စိတ်မချ လို့ ဖြစ်သည်။ နှင်းယုကို မသင်္ကာဖြစ်နေတာ ကြာပြီ။ ရှေ့တန်း မှ ကြာခဏထွက်ရကတည်းက နှင်းယု တစ်လျှောက်လုံး ခြေမငြိမ်ခဲ့။ ယခုတော့ ဒုက္ခိတစာရင်းဝင်ပြီမို့ နှင်းယု သူ့ကို အနားကပ်မခံချင်။ အိပ်ရာနိုးလို့ သူ့ကိုမြင်လျှင် လန့်သည်ဟုပြောသည်။ သို့သော် နှင်းယု က သူ့ကို ပြည်ပသို့ထွက်ခွာစေခဲ့သည်။

အလုပ်လက်မဲ့ဘဝမှ ပထမဆုံး ငါးနိုးလှေပေါ်တက်ရသော အခါ ပဲ့နှင်း၏ လက်သီးတစ်ချက်ကြောင့် သူ၏မျက်လုံးအတုမှာ ပင်လယ်ထဲတွင် လွင့်စဉ်ကျခဲ့ရသည်။ သူသည် မျက်လုံးတစ်လုံး ပေါက်ပက်ဖြင့်သာ နေခဲ့ရသည်။ အစားထိုးစရာမရှိ။ ဖုံးကွယ်စရာ မရှိ။

www.burmeseclassic.com

www.burmeseclassic.com

ဝေရီလွှစ်နှင့်တွေ့ပြီး ပြောရဲဆိုရဲရှိလာသောအခါ သူ့ မျက်လုံးအတုတစ်လုံး ဝယ်ပေးဖို့ မရဲတရဲနှင့် တောင်းဆိုမိခဲ့သည်။

"မျက်လုံးတစ်လုံးတောင် ကျွတ်ကျမတတ်ဖြစ်နေတာ။ မင်းမှာ မျက်လုံးတစ်လုံး ထပ်တိုးလာရင် ငါ ပြာကျသွားလိမ့်မယ်"

သတိပေးသလိုလို၊ သရော်သလိုလို စကားကို မည်သို့တုံ့ပြ ရမှန်းမသိဘဲ အောင့်သက်သက်ဖြစ်ခဲ့ရသည်။ ရက်ရောလှပါသည် ဆိုသော ဝေရီလွှင်သည် မျက်လုံးအတုတစ်လုံးအစား သူ့အတွက် နေကာမျက်မှန်တစ်လက် ဝယ်ပေးခဲ့သည်။ သူသည် အလွန်မှောင်ချိုး မှလွဲ၍ နေ့နေ့ညည ထိုနေကာမျက်မှန်ကိုတပ်၍ သူ၏ အကျည်းတန် မျက်နှာကို ဖုံးကွယ်ထားရသည်။

ယခု သူသည် မျက်လုံးအတုအတွက် ပိုက်ဆံစုနေသည် မျက်လုံးအတုမှာ ကစားစရာဝယ်သလို လက်ညှိုးထိုး ဝယ်၍မရပေ ကိုယ်ခန္ဓာအစိတ်အပိုင်းအတုများ ဖန်တီးသူ ပညာရှင်က သူ၏ကျ နေသော မျက်လုံးကို ကွန်ပျူတာဖြင့် ခွဲခြမ်းစိတ်ဖြာ Scan လုပ်လိ မည်။ ထို့နောက် ထိုမျက်လုံးနှင့် တသွေမသိမ်းတူညီသော မျက်လုံ ကို ဖန်တီးရမည်ဖြစ်သည်။ ကွဲပြားသည်မှာ သူငယ်အိမ် အကျဉ် အကျယ် မဖြစ်ခြင်းပင်။ မျက်လုံးအစစ်သည် လင်းလာလျှင် သူငယ် အိမ် ကျဉ်းသွားမည်။ မှောင်လာလျှင် သူငယ်အိမ် ကျယ်လာမည် အတုက ထိုသို့မဖြစ်။ သို့သော် လှုပ်ရှားနိုင်သည်။

သူသည် နှင်းယုကို သတိရလာပြန်သည်။ နှင်းယုသည် ယ အခါ လှောင်အိမ်ကလွတ်သည့်ငှက်လား၊ ဖောင်းကလွတ်သည့်မြ လား၊ ငါ့လှေငါထိုး ပဲခူးရောက်ရောက်လား၊ ငါ့ကားငါမောင် တကောင်းရောက်ရောက်လား၊ လွတ်ချင်သလို လွတ်နေတော့မည် အထိန်းအကွပ်မဲ့စွာဖြင့် ထင်ရာစိုင်းနေတော့မည်။ နှင်းယုနှင့်အတူနေ မခွဲမခွာခင်ကပင် နှင်းယု သူ့အပေါ်မချစ်ကြောင်း သူ သေသေချာ သိလာသည်။ သို့သော် မီးဝေးပေမယ့် ချိပ်မမာသေး။ သူ သံယော မကုန်သေး။ သို့သော် သံယောဇဉ်ကြိုးကတော့ တည်းတည်းလေး



ပြတ်လုပြတ်ခင် ဖြစ်နေပြီ။ သူသည် အမူးသောက်ပစ်လိုက်လေသည်။

သူတပည့်များသည် သူ့ကိုထမ်းပြီး သဘော်ာကျင်းနယ်မြေသို့ ပြန်ရသည်။ သူတို့သည် သဘော်ာကျင်းနယ်မြေမှာပဲ နေစရာရကြသည်။ ဝေးဝေးလံလံ သွားလို့တော့မရ။ သူတို့မှာ ပတ်(စ်)ပို့မရှိ။ သို့သော် ဝေရီလွှင် ဖန်တီးပေးထားသော မလေးရှားနိုင်ငံသားလက်မှတ်တွေ ရှိသည်။ အတုတွေဆိုပေမယ့် အစစ်နှင့်မခြားပေ။ ထိုလက်မှတ်များ ပြပြီး မလေးကျွန်းဆွယ်အနှံ့ သွားနိုင်ပေမယ့် ဝေရီလွှင်က ခွင့်မပြုပေ။ မလေးရှားအစိုးရ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကလည်း တင်းကျပ်သည်ထက် တင်းကျပ်လာသည်။

အမှောင်ထုသည် လျှပ်စစ်မီးများကို ဖုံးအုပ်ထားသည်။

www.burmeseclassic.com

## (၁)

ညီညီသည် သူ၏အစ်ကို ရာစစ်မှူးနှင့် မိုးခက်ကို ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံရှိ အပေါ်ဆုံးထပ်မှ ဆာကူရာတာဝါကြီးသို့ ခေါ်လာသည်။ ရာစစ်မှူးနှင့် မိုးခက်သည် ဓာတ်လှေကားနှင့် တက်လာပြီး အပေါ်ဆုံးထပ် မှန်လုံစားသောက်ဆိုင်သို့ ရောက်သောအခါ တအံ့တဩဖြစ်နေသည်။ သူတို့သည် ဤအဆောက်အအုံကြီး၏ အောက်ရှိ ပလက်ဖောင်းများပေါ်တွင် အကြိမ်ကြိမ် လမ်းလျှောက်နေကြသည်မှာ ထီးဖြူ၍ ဖိနပ်ပါးသည်အထိပင်။ ဤအပေါ်ဆုံးထပ်ရှိ စားသောက်ဆိုင်ပေါ်သို့ မရောက်ဖူးသေးပေ။

အနောက်ဘက်တွင် ကုန်သည်ကြီးများဟိုတယ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ နေမဝင်သေးပေ။ သို့သော် နေကိုမမြင်ရ။ တိမ်တောင်အချို့က နေကိုဖုံးကွယ်ပြီး ရောင်စုံဖြာနေသည်။ မြောက်ဘက်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို မြင်ကွင်းကောင်းကောင်းဖြင့် ထင်ထင်ရှားရှားကြီး ဖူးတွေ့ရသည်။ တောင်ဘက်တွင် ဆူးလေစေတီတော်ကို မြင်ကွင်းထင်ရှားစွာ ဖူးတွေ့ရသည်။ ဗိုလ်ချုပ်လမ်းမနှင့် ဆူးလေလမ်းမကြီးတစ်လျှောက်ကို အပေါ်စီးမှကြည့်ရသည်မှာ လွန်စွာလှပနေသည်။ ရန်ကုန်မြို့၏ မြင်ကွင်းအချို့ကို အပေါ်မှ ဆီး၍ မြင်ရသည်။ အရှေ့ဘက်မှလွဲ၍ အားလုံး မှန်ဖြင့်သာကာထားသဖြင့် မြင်ကွင်းပိတ်ဆို့မှု မရှိ။

ညီညီသည် ဘလက်(ခ်)လေဘယ်(လ်) ဂျော်နီဝေါကားစကော့(ချ်)ဝီစကီ တစ်လီတာပုလင်းကြီးကိုဖွင့်ပြီး ကြက်သားအကြွပ်ကြော်၊ ပြည်ကြီးငါးသုတ်၊ ပုစွန်အစိမ်းသုတ်များဖြင့် မြည်းရန်စီစဉ်





သည်။ သူ့အစ်ကိုက ရေခဲဆိုဒါမရောဘဲ သောက်ရန်ပြင်တော့ လက်ကို ဖမ်းဆွဲထားသည်။

"ဝေါ်ရင်ဂျီသောက် မသောက်ပါနဲ့ဆိုကွာ။ မင်းရဲ့အစာအိမ်က နုနုလေး။ ဒီအရက်မှာ အယ်(လ်)ကိုဟောက ၄၃ ရာခိုင်နှုန်းပါတယ်။ ဒါရိုက်သွားထိရင် မင်းရဲ့အစာအိမ်ရော၊ အူတွေရောအထိ မနာဘူးလား။ ဆိုဒါက အစာကြေတယ်။ ရေခဲက တဖြည်းဖြည်း အရည်ပျော်သွားရင် အရက်က ပျော့သွားလိမ့်မယ်"

"ပျော့တာကို မကြိုက်ဘူးကွာ။ ခပ်ပြင်းပြင်းမှ ထိတယ်ကွ။ ပထမဆုံးတစ်ခွက်ကွာ"

"အဲဒါလဲ မင်းထည့်ထားတာ များတယ်။ ဒါကို မင်းက ကမ်ပေးဆိုပြီး ခွက်မှောက်ချမှာ။ ဇိမ်ခံချင်ရင် ဇိမ်ကျအောင်လုပ်ကွာ။ ကြာရင် မင်းအသည်းက ဖောပေါက်ဖြစ်သွားမယ်။ မင်း တစ်ခါလောက်တော့ ဆေးစစ်ရဦးမယ်"

ညီညီက သူ့အစ်ကို၏ဖန်ခွက်ကို ယူ၍ ရေခဲတုံးနှစ်တုံးနှင့် ဆိုဒါတစ်ဆ ရောထည့်ပေးလိုက်သည်။

"သောက်တာမကောင်းမှန်း လူတိုင်းသိပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို မထိနိုက်အောင်တော့ သတိထားရမယ်"

"အေးပါကွာ။ အသည်းဖောပေါက် ဖြစ်သွားတာကတော့ ကြာပါပြီ"

ရာစစ်မှူး၏မျက်နှာက ညှိုးငယ်သွားသည်။

"ကိုညီညီရေ၊ ခင်ဗျားအစ်ကိုတော့ ခင်ဗျားရဲ့မရီးတော်ကို သတိရနေပြီထင်တယ်"

"ကဲပါ ... ပထမဆုံးခွက်တွေကို ရှင်းလိုက်ရအောင်"

ညီညီသည် သူ့အစ်ကိုကို မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့အစ်ကိုသည် အရက်စွဲနေပြီဟု သူထင်သည်။ ညီညီကား အရက်မစွဲပေ။ သောက်လိုက်မသောက်လိုက် နေလို့ရသည်။ သူ့အစ်ကိုသည် အသည်းနှလုံးပြဿနာကို အရက်ဖြင့်ဖြေရှင်းလာသည်မှာ ငါးနှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com

ရှိပေပြီ။ ငါးနှစ်ကြာသော်လည်း ရာစစ်မှူးသည် ဝေရီလွင်ကို မမေ့သေး။

"ကိုမိုးခက်တို့ ဆွဲထားတဲ့ပန်းချီကားတွေကို ကျွန်တော် ဒစ်ဂျစ်တယ်(လ်)ကင်မရာနဲ့ရိုက်ပြီး အင်တာနက်နဲ့ ပို့လိုက်တယ်။ နံပါတ်တွေ ထိုးပေးလိုက်တယ်။ သူတို့လိုချင်တာကို ပြန်ပို့နိုင်းတာ ရာနိုင်နှုန်းကိုးဆယ် ရွေးတယ်။ အဲဒါတွေကြိုက်တယ်တဲ့။ ကျွန်တော်ကတော့ သူမရွေးတဲ့ တစ်ဆယ်ရာနိုင်နှုန်းကိုလဲ လက်ဆောင်အနေနဲ့ ပို့ပေးပါ့မယ်လို့ e-mail ပြန်ပို့လိုက်တယ်"

ညီညီ စကားလွှဲခြင်းဖြစ်သည်။

မိုးခက်က ...

"မရွေးတဲ့ကားတွေက ဘယ်ကားတွေလဲဆိုတာ ကျွန်တော် သိပါရစေ။ သိပ်ညံ့ရင် ဖြုတ်တန်တာဖြုတ်ရတာပေါ့"

"အဲဒါတော့ မလုပ်ပါနဲ့ဗျာ။ သူတို့လဲ တတ်နိုင်သလောက် ဆွဲတာပဲ။ ဈေးကွက်မဝင်ပေမယ့် ဆွဲတဲ့အတွက်တော့ ပေးရမှာပဲ"

ညီညီက ပြောသည်။

"ဒါပေမယ့် တစ်ကားမှမရောင်းရတဲ့ သူတွေအတွက် ခင်ဗျား လခပေးနေရရင် နစ်နာမှာပေါ့ဟ"

"ပျမ်းမျှတွက်ရင်တော့ မနစ်နာပါဘူး"

"ကျွန်တော် သူတို့ကို ပြုပြင်မယ်။ လက်ရာကောင်းအောင် ထိန်းမယ်ဗျာ။ မတိုးတက်ရင် လူလဲမယ်ဗျာ။ ဒါမှ ကျွန်တော်လဲ နာမည်မပျက်မှာ"

"တကယ်တော့ ခင်ဗျားနာမည်ပျက်မှာကို ပူစရာမလိုဘူး ကိုမိုးခက်။ ကားပေါ်မှာ ခင်ဗျားနာမည် ထိုးထားတာမှမဟုတ်တာ"

ညီညီစကားကို မိုးခက်က ခေါင်းညိတ်သည်။ ညီညီသည် ဒေါ်လာတစ်သိန်းခန့် ရသည့်ပန်းချီကားအတွက်လည်း ငွေကို တိုး၍ ပေးမှာမဟုတ်။ တစ်ပြားမှမရသည့် ပန်းချီကားအတွက်လည်း လျှော့ပေးမှာမဟုတ်။ သူသည် လုံးဝ စီးပွားရေးလုပ်နေခြင်းဖြစ်သည်။





အနုပညာသမားအတွက်တော့ ငွေထက်ကြီးသည်ဟု ယုံကြသည်။

"ခင်ဗျားတို့ရဲ့ အနုပညာမာနကို ကျွန်တော် ထိခိုက်ပြီးပြောတာ မဟုတ်ဘူးနော်။ ဒါပေမယ့် ငွေရရင် လုပ်ကြတာချည်းပါပဲ။ ကျွန်တော်တို့ဈေးကွက်ကို ကျွန်တော်တို့ ထိန်းရမယ်။ အရည်အသွေးကို မြှင့်ရမယ်။ အဲဒီအတွက် ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ်"

"ဆုပေးဒဏ်ပေးစနစ်တော့ ရှိရမယ်ကိုညီညီ"

"မှန်ပါတယ်၊ တစ်ခါတစ်လေ ဒဏ်ပဲပေးမှာ။ ဆုကတော့ ပေးချင်မှပေးမှာ"

"ဒါတော့ မင်း ဘယ်တရားမလဲကွ"

ရာစစ်မှူးက လေသံမာမာနှင့် ပြောသည်။

"ကျွန်တော့်မှာ နည်းစနစ်ရှိပါတယ်။ ကိုကိုမပူစမ်းပါနဲ့။ ကိုကိုတို့က အလုပ်ရှင်နဲ့ အလုပ်သမားတွေကြရင် အလုပ်ရှင်က အလုပ်သမားကို ခေါင်းပုံဖြတ်တာပဲလို့ ယုံကြည်နေကြတာကိုး။ အဲဒီခေတ်က လွန်သွားပြီ။ ကျွန်တော်တို့က ဈေးကွက်ကိုချဲ့ရမှာ။ အလုပ်လုပ်တဲ့သူတွေကို အခွင့်အရေး ပိုပေးရမှာ။ သူတို့အတွက် ဝင်ငွေတိုးအောင်ရော၊ လူမှုဘဝမြင့်အောင်ရော လုပ်ရမှာ။ အဲဒီနေရာမှာ အနုပညာသမားလား၊ ဘာလား၊ ညာလား ကျွန်တော်မသိဘူး။ ပန်းချီဆရာဟာ ပန်းချီကားဆိုတဲ့ ထုတ်ကုန်တစ်မျိုးကို ထုတ်လုပ်ပေးနေတဲ့ အလုပ်သမားပဲ။ စာရေးဆရာဆိုတာ ဝတ္ထုစာအုပ်ဆိုတဲ့ ရောင်းကုန်တစ်မျိုးကို ထုတ်လုပ်ပေးနေတဲ့ အလုပ်သမားပဲ။ ကျွန်တော်က ဒါပဲသိတယ်"

"ဒါဆို ငါတို့ရဲ့နာမည်တွေကို ဘယ်သွားထားရတော့မှာလဲ"

"နာမည်ကြီးတာ မကြီးတာ၊ နာမည်ကျော်တာ မကျော်တာ၊ လူကြိုက်များတာ မများတာဟာ အရည်အသွေးထိန်းသိမ်းတာပဲ။ နာမည်ကြီးစာရေးဆရာတစ်ယောက်ရဲ့ ဝတ္ထုတိုင်းက ကောင်းတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ နာမည်ကြီးဒါရိုက်တာတစ်ယောက်ရဲ့ ရုပ်ရှင်တိုင်းကရော ကောင်းလို့လား''

''ဒါတော့ဟုတ်တယ်ကိုကိုရ။ ငါတို့လက်ကလဲ တစ်ခါတစ်ခါ ပျက်တာပဲ။ ဆွဲရင်းဆွဲရင်း ချာတူးလန်လာတာလဲ ရှိတယ်''

ရာစစ်မှူး တွေဝေနေလေသည်။ နောက်တော့ သူသည် ညီညီ့ကို မငြင်းတော့ပေ။

''ကျွန်တော်တို့ မလေးရှားကို အမြန်သွားမှ ဖြစ်မယ်ထင်တယ်''

ရာစစ်မှူး၏မျက်လုံးတွေ တောက်ပြောင်လာသည်။

''ဘာဖြစ်လို့လဲ''

''မရီးတော်မြေ့။ ကိုကို့ကို ပြောပေးပါတဲ့။ သူမှာ အခက်အခဲ အကျပ်အတည်းတွေ ရှိတယ်တဲ့။ ကိုကို သူ့ကို လာကယ်ပါတဲ့''

ရာစစ်မှူးက ညီညီ့ကို မယုံသင်္ကာဟန်နှင့် ကြည့်သည်။

''မင်းနဲ့ အဆက်အသွယ်ဖြစ်နေတာပေါ့''

ညီညီက ရယ်မောလိုက်သည်။

''ရိုးရိုးတန်းတန်းပါ ကိုကိုရာ''

''မင်းအရင်တုန်းက ပြောဖူးတာရှိတယ်နော်''

ညီညီသည် ရာစစ်မှူးနှင့် ဝေရီလွင် လက်ထပ်တော့မည်ဆိုတုန်းက ဝေရီလွင်အကြောင်း မကောင်းပြောဖူးခဲ့သည်။ သူနှင့်မှင်မလွတ်ဟု ပြောခဲ့ဖူးသည်။

''ဒါက မေမေပြောခိုင်းလို့ပါ။ ကိုကိုစိတ်ပျက်သွားအောင် ပြောခဲ့တာပါ။ ဒါပေမယ့် မင်းကြိုက်လို့ မင်းယူတာပဲ။ ငါ ဘာပြောစရာရှိလဲ။ ငါနဲ့လဲ ဘာမှမပတ်သက်ဘူး''

''အေး ... မေမေ့ကို မင်းပြောလိုက်။ အဲဒါတွေကြောင့် ငါ အိမ်ပြန်မလာတာ။ သူများသားသမီးကို ဒီလိုမျိုး မှိုချိုးမျှစ်ချိုးတော့ မပြောသင့်ဘူး''

''ထားလိုက်ပါ ... ။ မရီးတော်အကြောင်း မင်းက ငါတို့ထက် ပိုသိပါတယ်''





ရာစစ်မှူး ငိုင်သွားသည်။ သူသည် ဝေရီလွင်အတွက် ကာကွယ်၍ ပြောနေရသော်လည်း ဝေရီလွင်၏ ဂုဏ်သိက္ခာကို သူကိုယ်တိုင်ပင် မယုံကြည်ပေ။

''မိန်းမတွေဆိုတာ မကောင်းပါဘူးကွာ''

''ယောက်ျားတွေကရော ကောင်းလို့လား''

''သူတို့က ပိုဆိုးတယ်ကွ''

ညီညီက မိုးခက်ကို လှမ်းကြည့်လိုက်သည်။ မိုးခက် ပြုံးနေသည်။ သူတို့နှစ်ယောက် ရာစစ်မှူး ဘာပြောမည်ကို ငံ့လင့်ရင်း ဒန်ခွက်တွေကို ကိုင်သည်။

''မိန်းမတွေမှာက မာယာလေးဆယ်ရှိတယ်ကွ''

''အဲဒီ မာယာလေးဆယ်ဆိုတာ ငါ ကြားသာကြားဖူးတယ် ဘာဆိုတာ ဒီနေ့အထိ မသိဘူးကိုကို။ ငါ့ကို ပြောဖြစ်မ်းပါ''

ရာစစ်မှူးက မျက်လုံးလှန်၍ ကြည့်သည်။ သူ့ကို ပညာစမ်းအာလားဆိုသည့် မေးခွန်းက သူ့မျက်လုံးတွေမှာ ပေါ်၍နေသည်။

''လုပ်စမ်းပါ။ တကယ်မသိလို့ပါကွ''

''မန်လည်ဆရာတော်ဘုရားကြီးက မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ကျမ်းကြီးထဲမှာ ထည့်ရေးဖူးတယ်ကွ''

''အဲဒီကျမ်းကြီးမှ ငါမဖတ်ဖူးတာ။ အေး ... မြင်လဲ မမြင်ဖူးဘူး။ မြင်ဖူးဖို့နေနေသာသာကွာ၊ ကြားတောင်မကြားဖူးဘူး''

''မှတ်ထားငါ့ညီ၊ မိန်းမတို့မှာ ဓမ္မတာဖြင့်၊ အဖျားစာရျ စာရိတ္တတည့်၊ ပုရိသအသွင်၊ မိမိလင်နှင့် ပြင်ပတစ်ခြား၊ ယောက်ျားတွေ့ခါ၊ ကိလေသာ၏၊ ခြင်းရာပြယာယ်၊ စနက်သွယ်သို့၊ စမွယ်ယုယ၊ တရွှရွှရှင့် ... တဲ့။ အဖျားစာရဆိုတာ အတွင်းပေါ့ကွာ။ အတွင်းစိတ် အကျင့်စာရိတ္တကိုက မကောင်းတာ။ ကိုယ့်လင်ရော၊ တစ်ခြားယောက်ျားနှာ တွေ့ရင် ကိလေသာဖောက်ပြန်ရော။ မယာလေးဆယ်ဆိုတာ ကိလေသာအတွက် ယောက်ျားကိုမြူဆွယ်ဖို့ အခြင်းအရာတွေကို ပြတာပဲ။ စမွယ်ယုယ၊ တရွှရွှရှင့်၊ ကျင်းပဟာန်ယူ၊ တွေ့ရာမြူ၍ အမူကိုယ်လုံး၊ မြင်သူနှုံးမျှ၊ ချိုပြုံးရွှင်ပျ၊ တပြုပြုရှင့် ... တဲ့''



www.burmeseclassic.com

www.burmeseclassic.com

"နား‌မလည်ဘူး ကိုကိုရာ"

"စမွယ်ယုယ၊ တရှုရှုရှိုင့်ဆိုတာက ယုယုယယလုပ်ပြနေတာ၊ အငြိမ်မနေနိုင်ဘဲ တရှုရှုဖြစ်နေတာ။ အဲဒါကိုပြောတာ၊ နောက်တစ်ချက်က အမူကိုယ်လုံး၊ မြင်သူနုံးမျှဆိုတာ ကိုယ်ဟန်ပြနေတာ မြင်တဲ့သူနှုံးလောက်အောင် ကိုယ်လုံးကိုပြတာ။ ချိုပြုံးရွှင်ပျ တပြုံပြုံရှင့်ဆိုတာက ခဏခဏ ပြုံးပြနေတာ"

"ဩော် အဲဒါကြောင့် သီချင်းထဲမှာ မြင်သူနှုံးအောင် ရှုံးလောက်တယ်တို့၊ ချိုပြုံးရွှင်သော နှမပျိုရယ်တို့ဆိုတာတွေ ရှိနေတာကိုး။ ဒါဟာ မင်းပြောတဲ့ ဆရာတော်ကြီးဆီက ကော်ပီလုပ်တာပဲ"

"ရှေးစာတွေကို ကော်ပီလုပ်ရတာတွေ အများကြီးရှိပါတယ်။ ကမ္ဘာ့ဂန္ထဝင်တွေကိုလဲ ကော်ပီလုပ်ရတာပဲ"

"ကော်ပီမကင်းတဲ့လောကကြီး ကိုညီညီရ။ ကျွန်တော်တို့ပဲကြည့်လေ။ ကော်ပီဝန်းချိ"

မိုးခက်က ဝင်ပြောသည်။

ရာစစ်မှူးက ဆက်သည်။

"နောက်ဘာလဲ"

စဉ်းစားလိုက်သည်။

"ချိုပြုံးရွှင်ပျ၊ တပြုံပြုံရှင့် ... ပြီးတော့ ထိုမှဤမှ၊ ချိမျက်စနှင့် သီကရယ်ငို၊ ကိုယ်ကိုညွတ်ခြင်း။ ခံတွင်းဟဖွင့်၊ သံလွှင့်ဟစ်အော်၊ သွားဖော်လျှာထုတ်၊ ချစ်ချုတ်ခြေလက်"

ညီညီက လက်ကာပြလိုက်သည်။

"နေပါဦးကိုကို။ မင်းဟာတွေ ငါမသိတော့ဘူး။ နည်းနည်းလေး ရှင်းစမ်းပါဦးကွ"

"ထိုမှဤမှ၊ ချိမျက်စနှင့်ဆိုတာက မျက်စပစ်တာ။ စကားပြောရင် မျက်စနဲ့ မျက်နှနဲ့ပြောတာ။ သီကရယ်ငိုဆိုတာက တစ်လုံးစီသွားတယ်။ သီဆိုတာ သီချင်းဆိုတယ်။ ကဆိုတာ ကပြတယ်။ ရယ်ဆိုတာ ရယ်ပြတယ်၊ ငိုဆိုတာ ငိုပြတယ်"

ရာစစ်မှူးက မောသွားဟန်ဖြင့် တစ်ငုံသောက်သည်။





"ကိုယ်ကိုညွတ်ခြင်းဆိုတာက ညွတ်လိုက်မယ်ဆိုရင် ဘာကိုမြင်ရမလဲ။ အကျီလည်ဟိုက်ဆို ပိုဆိုးမယ်။ ဒါတင်မကဘူး။ ကိုယ်ကိုညွတ်ထားဘာဟာ မိန်းမတွေအတွက် သာမန်ထက်ပိုလှတဲ့ ကိုယ်နေဟန်ထားပဲ။ ဒါကိုတော့ မိုးကြီးတို့လို ပန်းချီဆရာက ပိုသိမှာပေါ့"

"ဟုတ်ပြီ။ ရှေ့ကြည့်ရင် မင်းပြောသလိုပေါ့။ လည်ဟိုက်ရင် ပိုဆိုးမှာပေါ့။ နောက်ကကြည့်ရင်"

"မင်းဟာမင်းကြည့်ချင်တဲ့ ရှုဒေါင့်ကကြည့်၊ ဒါဟာ သူက မြူဆွယ်နေတာ။ ကိုယ်ကိုညွတ်ခြင်းပြီးတော့ ခံတွင်းဖွင့်ဟ။ ဒါက ပါးစပ်ကလေးဟပြထားတာ။ သံလွှင့်ဟစ်အော်ဆိုတာက အသံနဲ့မြူဆွယ်တာ။ သွားဖော်လျှာထုတ်ဆိုတာက တစ်ခုစီ သွားဖေ့ပြတာရယ်၊ လျှာထုတ်ပြတာရယ်၊ ချစ်ချုတ်ခြေလက်ဆိုတာက လက်ကတစ်ခုခုကို ချစ်တာ။ လက်သည်းဖဲ့တာ၊ ခြေအငြိမ်မနေနိုင်၊ လက်အငြိမ်မနေနိုင် ဖြစ်နေတာပေါ့ကွာ"

ညီညီ တစ်ခုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။ သူ့အစ်ကိုဖော်မန်ခွက်ထဲ ငှဲ့ပေးသည်။

"လျှို့ဝှက်အပ်ရာ၊ ကိုယ်အင်္ဂါကို လှစ်ကာပြဆောင်၊ ရက်ယောင်မဲ့ယွဲ့၊ မူနွဲ့ရွဲ့လျက် ဆိုတာတွေကတော့ မင်းတို့သိမှာပဲ။ လျှို့ဝှက်အပ်ရာတွေကို လှစ်ကနဲပြတယ်ဆိုတာ လျှပ်တစ်ပြက်ပဲ။ ရက်သလိုလို လုပ်ပြမယ်။ မဲ့ပြရွဲ့ပြမယ်။ မူနွဲ့နွဲ့ လုပ်ပြမယ်။ ကဲ့ရဲ့ချီးမွမ်း၊ နှုတ်ခမ်းကိုက်ငုံ၊ ခြုံရုံဖွင့်ဖုံး၊ ဆံထုံးဖြေလွှတ်ဆိုတာတွေလဲ ရှင်းပါတယ်။ ကဲ့ရဲ့ပြမယ်။ ဒါက မခံချင်အောင် လုပ်တာ။ ချီးမွမ်းမယ်။ ဒါက ဘဝင်မြင့်သွားအောင် လုပ်တာ၊ နှုတ်ခမ်းကိုက်ငုံဆိုတာက မကျေနပ်ပုံလေးပြတာ။ မင်းသွားချော့ချင်လာမယ်။ ခြုံရုံဖွင့်ဖုံးဆိုတာက ပဝါတို့ဟဘက်တို့ ခြုထား၊ ရုံထားရင် ဖွင့်ပြလိုက်၊ ဖုံးပြလိုက်လုပ်တာ။ ဆံထုံးဖြေလွှတ်ဆိုတာကလဲ ဆံပင်ကို ဖြေချလိုက်တာ။ ဆံတိုတွေကတော့ ခေါင်းခါခါ လည်ခါခါနဲ့ ဆံပင်တွေ ရမ်းသွားအောင်လုပ်တာပေါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com



ညီညီက အသံထွက်အောင် ရယ်သည်။

မိုးခက်က ...

''ဆက်ပါဦး''

''ဆံထုံးဖြေလွှတ်ပြီးတော့ ကိုယ်ထင်ချတ်ပြင်တဲ့။ အဲဒါက ထမိကို ခဏခဏပြင်ဝတ်ပြနေတာ။ **တွင်းဝင်ပြင်ထွက်၊ အောက်ထက်တက်ဆင်း** ဒါတွေလဲ ရှင်းမှာပါ။ **ကြည့်ခြင်းတူရူ** ဆိုတာက တည့်တည့်ကြည့်တာ။ **စောင်းစူမျက်ငြိုး**ဆိုတာက မျက်စောင်းထိုးမယ်။ နှုတ်ခမ်းစူမယ်။ ဒေါသထွက်သလို လုပ်ပြမယ်။ **စိတ်ဆိုးဟန်လုပ်၊ ခါးကိုလှုပ်နှင့်၊ နမ်းရှုပ်ချီချ** ... တဲ့။ ဒီနေရာမှာ နမ်းရှုပ်ချီချဆိုတာက ကလေးတစ်ယောက်ကိုချီထားပြီး ကလေးကို နမ်းပြလိုက်၊ ကောက်ချီလိုက်၊ ချထားလိုက်လုပ်တာကွ''

''ကလေးဆိုတာက အကူပစ္စည်းဆိုပါတော့''

''မာယာလေးဆယ်နဲ့ မြူဆွယ်နေတယ်ဆိုတော့မှ မင်းကိုလာနမ်းမလားကွာ''

''ဆက်ပါဦးကိုကို''

''**ဤသို့စသည်၊ မိန်းမမာယာ၊ ကျမ်းဗွီလာသော၊ သိဂါရဝ၊ သမ္မောဂ၏၊ ဖလနဒေါ်၊ လေးဆယ်ကျော်ဖြင့်၊ သွေးခေါ်မတည်၊ လော်လီမပြတ်၊ လိုမမြတ်ဘဲ၊ လှည့်ပတ်ကိစ္စ၊ ပြုတတ်ကြခဲ့၊ ရာဂနတ်ဖမ်း။ ယောက်ျားနှမ်းတို့**''

ရာစစ်မှူးက စကားကိုရပ်ပြီး ညီညီနှင့်မိုးခက်တို့၏ အရိပ်အကဲကို ကြည့်သည်။

''**ယောက်ျားနှမ်းတို့၊ ကျင့်သွမ်းယုတ်မာ၊ ကိလေသာဖြင့်၊ လွှမ်းစွာမကျွ်၊ နှစ်သက်မဝ၊ ဉာဏ်ကင်းပလျက်၊ မိန်းမနိုင်ငံ၊ ပိုးဖလံနှင့်၊ မီးလျှံတမျှ၊ လိုက်မှားကြ၏** ... တဲ့''

ရာစစ်မှူးက စကားဆုံးသောအခါ တဟားဟားနှင့် ရယ်၏။ ညီညီက သူ့အစ်ကို ရေချိန်မှန်လာပြီကို သိသည်။

''မိန်းမတွေရဲ့တန်ခိုးဟာ အဲဒီ မာယာလေးဆယ်ပဲတဲ့။ အဲဒီ မာယာလေးဆယ်နဲ့ လှည့်ပတ်ပြီး သွေးဆောင်လိုက်တာဟာ ရှုးနေတဲ့





ယောက်ျားနှမ်းတွေဟာ အချစ်ဆိုတဲ့ ကိလေသာအတွက် ပိုးဖလံမျိုးမီးကိုတိုးသလို မိန်းမနိုင်ငံကိုလိုက်ရတယ်တဲ့။ ယောက်ျားနှမ်းဆိုတာ ငါတို့လို နွားတွေကို ပြောတာပေါ့ကွာ''

ရာစစ်မှူးသည် သူ့စကားကို သူ သဘောကျကာ တဟားဟား ရယ်ပြန်သည်။

ညရောက်လာသဖြင့် တီးဝိုင်းက စန္ဒြကိုးမှုတ်တော့လေရာ သူတို့ ဇိမ်ပျက်သွားသည်။ ဤအချိန်တွင် ဂီတကို မရောစွက်ချင်။ စကားပဲ ပြောချင်သည်။ ရွှေတိဂုံဘုရားကြီးမှာ ထိန်လင်းတောက်ပနေသည်။ ဆူးလေစေတီတော်မှာလည်း သပ္ပါယ်လှသည်။ ဆူးလေလမ်းမကြီးမှာ မီးရောင်များကြောင့် လှပနေ၏။

''ငါတို့တောင် မမွေးသေးဘူးထင်တယ်။ ကာတွန်းဝင်းမောင်က မာယာလေးဆယ်ကို ကာတွန်းနဲ့ ဆွဲပြခဲ့တယ်ကွ။ အဲဒီစာအုပ်ကိုဖတ်ရတော့ တော်တော်ဟောင်းနေပြီ''

ညီညီက ခေါင်းခါသည်။

''ဒီလောက်တောင်မှ ကျမ်းကျေတဲ့လူက ဒီလိုဖြစ်ရသလား''

''ဘယ်ဟုတ်ပါ့မလဲ။ ငါအရင်တုန်းက ဒါတွေမသိဘူးကွ။ မင်းမရီးတော် ငါ့ကိုနိုပ်ကွပ်သွားမှ သိတာ။ အဲဒီတော့မှ ငါလဲ ငါတို့ဘာကြောင့် ကွဲသွားရလဲဆိုပြီး လေ့လာရတာပေါ့။ မိန်းမဆိုတာကတော့ ဒီလိုပါပဲ။ သမင်မကဖွားပြီး တန်ခိုးအင်မတန်ကြီးတဲ့ ရှင်ရသေ့ဟာ လောကမှာ မိန်းမရှိတယ်ဆိုတာတောင် မသိဘူးတဲ့။ အဲဒီရှင်ရသေ့ကို အဝစ္ဆရာ နတ်သမီးက မာယာနဲ့မြူးလိုက်တာ ရသေ့ခမျာ စျာန်လျှောပြီး သုံးနှစ်လုံးလုံး နစ်မူးနေရောတဲ့၊ အဲဒီထက်ဆိုးတာ ရှိသေးတယ်ဟေ့။ နန်းတွင်းသူ နိုလိနီမင်းသမီးဟာ အင်မတန်အကျင့်သီလ ခိုင်မြဲတဲ့ ဣသိရသေ့ကို ဘယ်လိုလုပ်တယ်မှတ်လဲ''

''မင်းပဲသိတာ။ မင်းပဲရှင်း''



www.burmeseclassic.com

www.burmeseclassic.com

"နန်းသူအပလီ၊ နိလိနိလည်း၊ ပိဗိမသိ၊ ရှင်ကျသိအား ကျတ္တိလိဂ်၊ ရှပ်ဘာဝဖြင့်၊ မိန်းမတို့ဇာတ်၊ အဋ္ဌပွတ်ကို၊ ပြလတ် ထင်စွာ၊ ဝံကိုက်နာဟု၊ ဝါစာဆန်းပြား၊ မှသားကြံစည်၊ လိမ်လည်သမှ ပြောဆိုပြုလျက်၊ ဆေးကုနိုင်းကာ၊ မာယာလှည့်ပတ်၊ ဈာန်ကြီးဖြတ်၍ လူ့ဇာတ်သွင်းထွေ၊ ညစ်ညူးစေ၏"

"ဘယ်လိုဘယ်လို"

ညီညီကထပ်မေးရာ ရာစစ်မှူးက ထပ်မံရှင်းပြသည်။

"ရသေ့က မိန်းမတွေအကြောင်း မသိဘူးကွာ"

"ဝံကိုက်နာဆိုတာက"

"သူ့မှာ လူဝံလား၊ မျောက်ဝံလား၊ ဝက်ဝံလား ကိုက်ထားတဲ့ အနာကြီးရှိပါတယ်။ ဆေးကုပေးပါဆိုပြီး ရသေ့ကို ညာခိုင်းတာ။ အဲ ဝံကိုက်နာက"

သုံးယောက်သား ရယ်ကြတော့သည်။

"မန်လည်ဆရာတော်ဘုရားကြီးက မိန်းမ,မကောင်းကြောင်း ရေးတဲ့နေရာမှာ နာမည်ကြီးတယ်နော်"

မိုးခက်က ပြောသည်။

"ယောက်ျားမကောင်းကြောင်းလဲ ရေးပါတယ်။ တကယ့်ပညာ ရှိ ကဗျိကြီးတစ်ဆူပါ"

သူတို့သည် ရောက်တတ်ရာရာပြောဆိုရင်း သောက်စားနေ ကြရာမှ အလုပ်ကိစ္စဘက်သို့ လှည့်သည်။

"ကိုကို ပတ်(စ်)ပို့လုပ်ထားတာ ကျတော့မယ်။ ဗီဇာလဲ ကျ မှာပါ။ ငါတို့ စင်ကာပူမှာ နှစ်ညအိပ်ရမယ်။ ဒါမှ အချိန်ရမှာ။ မင်းက ဆေးလိပ်မသောက်လို့ ပြဿနာမရှိပါဘူး။ ငါတော့ စင်ကာပူဒေါ်လာ ငါးရာ ထိပြီးပြီ။ မဆောင်ချင်ဘူးဆိုပြီး ဂျစ်ကန်ကန်သွားမလုပ်နဲ့ ကြိမ်ဒဏ်ကိုယ့်လူ။ အဲဒါနဲ့ ငါလဲ ဆေးလိပ်ပြတ်သွားတာ။ စင်ကာ ကနေ မလေးရှားကို ကူးမယ်။ ဟိုမှာ နှစ်ပတ်ကြာမယ်"

ရာစစ်မှူးက တွေ၍ စဉ်းစားနေသည်။





"တစ်ရက်နှစ်ရက်နေပြီး ပြန်လို့မရဘူးလား"

"မင်း ငါ့မရီးတော်ကို တွေ့ချင်တယ်မဟုတ်လား"

"တွေ့ချင်တာပေါ့။ ဒါကို ငါဝန်ခံပါတယ်။ ငါက သူ့အပေါ် ရူးနေတဲ့ကောင်ပဲ"

"တွေ့ပြီးတာနဲ့ ပြန်လာမှာလား"

"မဟုတ်ဘူးလေ။ ငါခေါ်လာမှာပေါ့"

ညီညီက လှောင်ရယ်ရယ်သည်။

"မင်းနှယ်ကွာ၊ သူလိုက်မယ်လို့ မင်းထင်လို့လား"

"သူပဲ သူ့မှာအခက်အခဲတွေရှိနေလို့ ငါ့ကို လာကယ်ခိုင်းတယ် လေ"

"အဲဒါ ကယ်ခိုင်းတာမဟုတ်ဘူးကိုကို။ သူ့ပြဿနာတွေကို မင်းကို ရှင်းခိုင်းနေတာ။ သူ့ပြဿနာတွေကို မင်းက လွယ်လွယ်ကူကူ နားလည်နိုင်မယ်ထင်လို့လား။ လက်ရှိ မရီးတော်ရဲ့အနေအထားကို မင်း သဘောပေါက်ဖို့က တစ်ပတ်နဲ့တောင် မလုံလောက်ဘူး။ အများ ဆုံး နှစ်ပတ်နေရင်တောင် ငါ့မရီးကြီးက မင်းနောက် လိုက်လာမယ် မထင်ဘူး"

ရာစစ်မှူး ခေါင်းကုတ်ရတော့သည်။

"အလုပ်တွေရှိသေးတယ်ညီညီ"

"အလုပ်တွေက ငါရှိတာပဲ။ ကြည့်ရှင်းထားလိုက်ပါ့မယ်။ ဗျာနယ်(လ်)တွေက ခေါင်းကြီးတွေ ကြိုရေးပေးခဲ့ပေါ့"

မိုးခက်က ပြောသည်။

"အဲဒါတော့ ငါလုပ်ထားလို့ရတာပဲ။ တစ်ခါတစ်လေ တောထဲတောင်ထဲကိုသွားရတာ တစ်လလောက်တောင် ရှိသေးတာပဲ။ အခုဟာက ..."

"မင်း ဘာကိုစိတ်မချတာလဲ ကိုကို"

ညီညီက မေးသည်။

ရာစစ်မှူး ဘာဖြေရမှန်းမသိ။

"ဆောင်းနှင်းစက်လဲ ရှိတာပဲ။ သူက အားကိုးရပါတယ်"

www.burmeseclassic.com

မိုးခက်က ပြောသည်။

''မင်း သူ့ကို စိတ်မချတာ မဟုတ်လား''

''ဟာ ... မင်းကလဲ''

ရာစစ်မှူးက ညီညီကို မျက်စောင်းထိုးသည်။

''မပူပါနဲ့ကိုကိုရာ၊ ဆောင်းနှင်းစက်ကို မင်းရဲ့အတွင်းရေးမှူ ခန့်လိုက်ပြီလို့ ငါပြောပြီးပြီ။ သူ့အတွက် ပတ်(စ်)ပို့ဗီဇာတွေလဲ လုပ်နိုင် ထားပြီးပြီ''

ရာစစ်မှူးက အံ့သြနေသည်။

''မင်း ဘာတွေလျှောက်လုပ်တာလဲ''

''မင်းဦးနှောက်မခြောက်အောင် လုပ်ပေးတာ။ ဒီကောင်မလေ က မင်းအပေါ် နားအလည်ဆုံးပဲ။ အနွံအတာလဲ ခံတယ်။ တော်လ တော်တယ်။ အင်္ဂလိပ်စကားပြောတာ မင်းထက်လျှာသွက်တယ် သူ့ကို ငါတို့နဲ့အတူ ခေါ်သွားရမယ်''

''ဝေနဲ့တွေ့ရင် ပြဿနာတက်နိုင်တယ်နော်။ ဝေက ငါ့ကို မိဆောင်းနဲ့စွပ်စွဲလို့ ဒီကောင်မလေး အလုပ်ထွက်သွားတာ''

''မင်းစိတ်ကို ငါသိတယ်ကိုကို။ မင်းက ကိုယ့်တပည့်လို သမီးလိုနေတာ။ ဝေရီလွင်ကတော့ မိန်းမတို့သဘာဝ စွပ်စွဲမှာပ ဒါပေမယ့် သူလဲ အတွေးအခေါ်ပြောင်းနေပြီ။ မင်း ဆောင်းနှင်းစက် တွဲကနေရင်လဲ သူက ဝိုင်တစ်ခွက်သောက်ရင်း ကျေကျေနပ်နပ် ထိုင်ကြည့်နေမှာ။ သူလဲ လုပ်ချင်တာလုပ်ခဲ့တာပဲ။ အခုတော့ မင်း သူ မကန့်သတ်ဘူး။ မချုပ်ချယ်ဘူး''

''ငါကတော့ သူ့ကို ကန့်သတ်ဖို့ ကြိုးစားရဦးမယ်''

''ရမယ်ထင်လား''

''ရအောင်လုပ်မှာပဲ''

''ဒါနဲ့များ တစ်ရက်နှစ်ရက်နဲ့ ပြန်မယ်တဲ့''

''ငါတို့နှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တည်း လိုက်တာ တင့်တယ်ပါ့မလား''

''ဒီလိုင်လာကိုပါ ခေါ်ခဲ့ဖို့ ငါစီစဉ်ပြီးပြီ။ မင်းတပည့်တွေထဲမှာ သူလဲ လျှင်တယ်''

ရာစစ်မှူး သက်ပြင်းချမိသည်။ ဘာလက်(ခ်)လေဘယ်(လ်)များသည် ဆိုဒါရည်များနှင့် ရောနှောစီးမျောသွားသည်။ သူတို့သည် တစ်လီတာဝင် နောက်ထပ်ပုလင်းကြီးတစ်လုံး မှာသည်။ သို့သော် တော်ရုံနှင့်မကုန်။ ထမင်းလည်းမစားဖြစ်။ ညီညီသည် လက်ကျန်ဝီစကီ ပုလင်းတစ်ဝက်ကို ဆိုင်တွင်အပ်လိုက်သည်။ ဤဆိုင်တွင် နောက် တစ်ခါလာ၍ နာမည်ပြောပါက ထိုပုလင်းကို ထုတ်ပေးလိမ့်မည်။ ညီညီသည် ရာစစ်မှူးအမည်ဖြင့် အပ်ခြင်းဖြစ်သည်။

ညီညီသည် ရာစစ်မှူးနှင့် မိုးခက်ကို ကားဖြင့် ပြန်ပို့ပေးသည်။ ရာစစ်မှူးအတွက် ပေးထားသော ဆလွန်းကားနှင့် ဒရိုင်ဘာမှာ ဆယ်နာရီအထိ ရာစစ်မှူးပြန်မလာသောအခါ သူ့မိဘများ၏ခြံသို့ ပြန်သွားလေပြီ။

''ရရဲ့လား''

''ရပါတယ်ငါ့ညီရာ''

''ဒါဆို ဂွတ်နိုက်ပဲ။ မင်းနာမည်နဲ့ အပ်ထားတဲ့အရက်ကို မင်း အချိန်မရွေး သွားသောက်နိုင်တယ်''

''စိတ်ချကွာ၊ ငါနဲ့မိုးခက် မနက်ဖြန် ညနေစောင်းလောက်မှာ သွားဖြို့မယ်။ ညကျတော့ တီးဝိုင်းကဝေးရင် 'ကောင်းတယ်။' နီးရင် စကားပြောလို့ မကောင်းဘူး''

မိုးခက်သည် ရာစစ်မှူးကိုထိန်းပြီး ပထမထပ်ကို တက် သည်။

''မင်းပြန်မှာလား''

''မပြန်ဘူး။ အပေါ်ထပ်မှာ ကားတွေဆွဲမယ်။ ဒီမှာ ည အိပ်မယ်''

မိုးခက် ဒုတိယထပ်သို့ ဆက်တက်သွားသောအခါ ရာစစ်မှူး က တံခါးသော့ဖွင့်ရန် ပြင်သည်။ ဆောင်းနှင်းစက်သည် သူ့ကို တံခါး ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းမပြန်သေးဘူးလား"

"ဆရာမှ ထမင်းမစားရသေးတာ"

"ငါ မစားချင်တော့ဘူး"

"စားလာခဲ့လို့လား"

ရာစစ်မှူး ခေါင်းခါပြီး အိမ်ထဲဝင်လာသည်။

"ဆရာကြိုက်တဲ့ ငါးရံ့ခေါင်းဟင်းကို ချစ်တီးဆိုင်က ဝယ်ထားတယ်။ အဲဒါ နွှေးလိုက်မယ်။ ဝက်အချိုချက်က နေဖြူဒေါ်စောရီဆိုင်က။ ပုန်းရည်ကြီးသုတ်က သမီးလုပ်ထားတာ။ ငပိတို့စရာ အစုံရှိတယ်"

ဆောင်းနှင်းစက်သည် သူ့ကို ထမင်းဟင်းလျာပြင်ပေးရင်း ချော့မော့၍ကျွေးနေသည်။

"နှင် အပြန်နောက်ကျတော့မယ်။ ကားမရှိတော့ဘူး"

"သမီး အိမ်မပြန်တာ တစ်ပတ်ရှိပြီ။ ဒီနေ့လဲ ဒီမှာအိပ်မယ်လို့ ဖုန်းဆက်ထားတယ်"

ရာစစ်မှူး အံ့သြသွားသည်။

"ညည်းကို ညည်းအိမ်က ဘာမှမပြောဘူးလား"

"ဆရာနဲ့ဆိုရင် သူတို့ စိတ်ချပါတယ်"

ပြောပြီးမှ ဆောင်းနှင်းစက် ရှက်သွေးဖြာသွား၏။



# အခန်း-၅

## (က)

"Beauty is truth, truth beauty"
-that is all Ye know an earth,
and all ye need to know.

**John keats**

*(Limes from Ode on Greciam Urn)*

ဆောင်းနှင်းစက်သည် ဒီလိုင်လာ၊ ဒေါ်နုတို့နှင့်အတူ ဈေးဝယ်ထွက်လာသည်။ သူမနှင့် ဒီလိုင်လာသည် နိုင်ငံခြားသို့ လိုက်ရမည်ဖြစ်သည်။ ဒေါ်နုသည် ရန်ကုန်တွင် လုပ်စရာရှိတာတွေ လုပ်ရမည်။ ထို့ကြောင့် သူတို့သုံးယောက်ကို ငွေတစ်သိန်းစီ ဆုကြေးပေးသည်။ လခတွေလည်း တိုးပေးထားသည်။ ဆောင်းနှင်းစက်သည် ရာစစ်မှူး၏ အတွင်းရေးမှူးအဖြစ် ရာထူးတိုးပြီး ဒီလိုင်လာသည် ဆောင်းနှင်းစက်၏နေရာ ဝင်ရသည်။

"နှင်တို့နှစ်ယောက်ကတော့ မိုက်တယ်ဟာ။ လခလဲတိုးတယ်။ နိုင်ငံခြားလဲ သွားရတယ်"

www.burmeseclassic.com

''နင်လဲ သွားရမှာပေါ့ ဒေါ်နုရယ်။ ငါတောင် မိဆောင်းအဖော် ရအောင် လိုက်ရတာ။ ဘာ့ဘွာဝန်မှ မရှိသေးဘူး။ နောက်ကျရင် ငါတို့ကို အဖွဲ့လိုက်လွှတ်မယ်လို့ ဆရာက ပြောထားတယ်မဟုတ် လား''

ဒီလိုင်လာက ပြန်ပြောသည်။

မီဒီယာအဖြစ် ဖွဲ့စည်းထားသော သူတို့လုပ်ငန်းသည် ကိုယ်ပိုင်ဂျာနယ်တစ်စောင်ကို ထုတ်ဝေနိုင်ပြီဖြစ်သည်။ ကိုယ်ပိုင် Internet Website တစ်ခုကိုလည်း တင်ထားနိုင်သည်။ အီလက်ထရွန်းနစ် မီဒီယာနှင့် ပုံနှိပ်မီဒီယာများအတွက် ကြော်ငြာများစွာကို ရှာပေးနိုင်သော ကြောင့်လည်း ဝင်ငွေများစွာ ရလာသည်။

သူတို့သည် ရန်ကင်းစင်တာတွင် ဈေးဝယ်ပြီးနောက် အောက်ဆုံးထပ်ရှိ စားသောက်ဆိုင်သို့ဆင်းကာ နေ့လယ်စာအတွက် မှာယူကြသည်။ သူတို့တွင် အထုပ်အပိုးတွေက များနေလေပြီ။

''ဆရာပေးတာက တစ်သိန်း။ ငါတို့ဝယ်တာတွေက တစ်သိန်းဖိုးစီ မကတော့ဘူးနော်''

ဒေါ်နုက ပြောသည်။

''အေးဟဲ့ ... ။ မလေးရှားက အရမ်းပူတယ်တဲ့။ ငါ စတတ်(ဖ်)ကုတ်နဲ့ စကတ်ဝမ်းဆက်တွေဝယ်တာ မှားများမှားပြီလား မသိ''

ဒီလိုင်လာကလည်း စိုးရိမ်သွားသည်။

''မပူပါနဲ့ဟာ။ အဲယားကွန်းထဲကျတော့ ဒါနဲ့မှ အဆင်ပြေ မှာ။ ဟိုမှာမဝတ်ရရင်လဲ တရုတ်ပြည်သွားတော့ ဝတ်ရတာပေါ့ဟာ။ ဒါမှမဟုတ်ရင်လဲ နင့်အိမ်က ဧည့်ခန်းမှာ အဲယားကွန်းဆယ်လုံးလောက် တပ်ပြီး မိုင်ကုန်ဖွင့်။ ရေခဲတုံးကြီးတွေထည့်၊ သူငယ်ချင်းတွေကို ထမင်းဖိတ်ကျွေးပြီး ဝတ်ပြ။ နင်ကတော့ အိုကေပဲ။ သူငယ်ချင်းတွေ ကတော့ အအေးမိပြီး ဆေးရုံရောက်မယ်''

ဒေါ်နုကပြောတော့ သုံးယောက်သား ရယ်မိသည်။ သူတို့ သုံးယောက် ထွေရာလေးပါး စကားတွေပြောနေမိသည်။





''အလှဆိုတာဟာ အမှန်တရားပဲတဲ့။ အမှန်တရားဆိုတာဟာ အလှပဲတဲ့။ ဒါဟာ ကမ္ဘာပေါ်မှာ မင်းသိသမျှ အားလုံးပါပဲတဲ့။ ပြီးတော့ မင်းသိဖို့လိုတာ အားလုံးဟာလဲ ဒါပါပဲတဲ့''

ဆောင်းနှင်းစက်က အဆက်အစပ်မရှိ ပြောသည်။

ဒီလိုင်လာက ...

''မိဆောင်း နင်ဘာတွေပြောနေတာလဲ။ အဲဒါ ဘယ်သူက ပြောတာလဲ''

''ကဗျာဆရာ ဂျွန်ကိ ရဲ့ ကဗျာလေ''

''ကဗျာဆရာ ဂျွန်ကိ ...''

ဒီလိုင်လာက ရေရွတ်ရင်း ဒေါ်နုကိုကြည့်သည်။

ဒေါ်နုက ...

''ဂျွန်ကိနဲ့ နင်နဲ့ ဘယ်တုန်းကသိတာလဲ''

''ငါနဲ့သိတာ မဟုတ်ဘူးဟဲ့။ ဆရာပြောပြတာ။ ဂျွန်ကီဆိုတာ တကယ့်ဂန္ထဝင် ကဗျာဆရာတဲ့။ ဒီကဗျာဟာလဲ နာမည်အကြီးဆုံး ကဗျာတဲ့''

''ငါတို့တော့ မသိပေါင်''

ဒီလိုင်လာက ပြောသည်။

ဆောင်းနှင်းစက်ကတော့ တွေဝေနေသည်။

''ငါပြောတာက အမှန်တရားအကြောင်းပါ''

သူမ၏လေသံမှာ ဖျော့တော့နေသည်။

''အခုဆိုရင် ငါ့ကို ဘယ်လောက်အတင်းပြောနေကြပြီလဲ''

''ဂရုမစိုက်စမ်းပါနဲ့ မိဆောင်းရာ။ ချိုးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်တဲ့။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဖြစ်တာပဲ''

ဒေါ်နုက ဆောင်းနှင်းစက်ကို အားပေးသည်။ ဆောင်းနှင်းစက် က စိတ်ပျက်စွာ ခေါင်းခါသည်။

''အခုပဲကြည့်လေ၊ နွယ်မာနဲ့ ရိုဇာက မကျေနပ်လို့ဆိုပြီး အလုပ်ထွက်သွားပြီ။ တို့ဆီက ထွက်လာတယ်ဆိုတာနဲ့ ကျော်ကြော်ဟိုး

www.burmeseclassic.com



တို့ဂျာနယ်က ချက်ချင်းခေါ်တယ်။ သူတို့ ဟိုမှာ ဘာတွေလျှောက်ပြောမလဲ''

ဒီလိုင်လာက မျက်မှောင်ကြုတ်ရင်း ...

''မလွှမ်းလောက်ဘူး မိဆောင်း။ ဒီကောင်မနှစ်ကောင်က ဘာလုပ်တတ်လို့လဲ။ ကွန်ပျူတာစာစီတောင် စာလုံးပေါင်းသတ်ပုံက တစ်မျက်နှာလုံး အလုံးနှစ်ဆယ်လောက် မှားတယ်။ စာက ငါးလုံးလောက်ကျတယ်။ အလုပ်ကို နောက်ကျမှရောက်တယ်။ ပြန်တော့ အစောကြီးပြန်တယ်။ ထမင်းစားဆိုပြီး ထွက်သွားလိုက်တာ တစ်နာရီနှစ်နာရီ။ ဆရာသာ သဘောကောင်းလို့ ဘာမှမပြောတာ။ ဒီလိုနဲ့ ဖြီးနေတာသဲ ကြာပြီ။ ညီညီ တစ်ခါစကားလာပြောတော့ ရေရေလည်လည် နှိပ်ကွပ်သွားတယ်မဟုတ်လား။ သွားစမ်းပါစေ။ တို့အလုပ်ထဲမှာ သန့်တောင်သွားသေးတယ်''

ဆောင်းနှင်းစက်ကို ရာစစ်မှူးက အတွင်းရေးမှူးခန့်သည်ဆိုတော့ နွယ်မာနှင့် ရိဇာသည် မနာလိုတိုရှည်ဖြစ်ကာ အတင်းအဖျင်းတွေ ပြောခဲ့သည်။ သားပုတ်လေလွင့်တွေ ပြောသည်။ ရာစစ်မှူးနှင့် ဆောင်းနှင်းစက်ကို သမုတ်သည်။

''ငါက ဒီအလုပ်ကို လက်မခံပါရစေနဲ့ဆိုတော့ ဆရာကလည်း ညည်းသဘောပဲလေတဲ့။ ဆရာက ငါ့ကို အားနာတာလား မသိဘူး။ ညီညီက ငါ့ကိုခေါ်ပြောတာ။ ညည်းက ဒီအလုပ်ကို လက်မခံလဲ လုပ်ပြီးသားဖြစ်နေပြီတဲ့။ အခု ညည်းဆရာမှာ အလုပ်တွေအများကြီး ဖြစ်လာပြီ။ အလုပ်မျိုးစုံအတွက် ခေါင်းထဲမှာ ကျပ်ခဲနေတယ်။ စဉ်းစားစရာတွေ အများကြီးရှိလာတယ်။ ဒီနေရာမှာ အထောက်အကူပေးရမယ့်လူ လိုလာတယ်။ မေ့နေတာတွေကို သတိပေးရမယ်။ သူ့နားမှာ လူတစ်ယောက်လိုတယ်။ အတွင်းရေးမှူးဆိုတာ အမျိုးသမီးပဲ ဖြစ်သင့်တယ်။ ဆရာက ခေါင်းစားတာများတော့ ဒေါသထွက်မယ်။ အနားမှာ မိန်းကလေးတစ်ယောက်ရှိနေရင် သူ့ကိုယ်သူ ထိန်းလိမ့်မယ်။ ညည်းဆရာကို ညည်းစေတနာထားရင် ဒီအလုပ်ကိုလုပ်ရမယ်လို့ ဦးညီက ပြောတာ''





''ဒါအမှန်ပဲလေ၊ တကယ့် အလုပ်ကြီးအကိုင်ကြီးလုပ်တဲ့ သူဌေးတွေက အမျိုးသမီးအတွင်းရေးမှူး ခန့်တာပဲ။ အဲဒါ ဘာဆန်းလို့လဲ။ ဒီကောင်မတွေ မနာလိုလို့ ဆွေ့ဆွေ့ခုန်နေတာပါ။ သူတို့ရောက်စတုန်းက ဆရာ့အတွက် ဟင်းယူလာရတာနဲ့၊ မုန့်ယူလာရတာနဲ့ သွားသွားဖားနေကြတာလေ။ ဟိုက ဘူ့အလုပ်ကလွဲရင် ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ဆရာ့စာရိတ္တကို ငါယုံတယ်''

ဒေါ်နုက ထောက်ခံပြောသည်။

ဒီလိုင်လာက ခေါင်းခါသည်။

''ပထမတော့ နွယ်မာက မိဆောင်းကို လိုက်ဖိုက်နေတာ။ ဆရာ့ကို သူက အပိုင်သိမ်းချင်နေတယ်။ မိဆောင်း တိုက်မှာ ညအိပ်ပြီးအလုပ်လုပ်တော့ ရိဇာကပါလိုက်ပြီး အိပ်တယ်''

ဒေါ်နုက ...

''ဟ ... တို့လဲ ညလုံးပေါက်လုပ်ကြရတာတွေ ရှိတာပဲ''

ဆောင်းနှင်းစက်က လက်ကာပြလိုက်သည်။

''နင်တို့ ညလုံးပေါက်အလုပ်လုပ်ကြတာက ဂျာနယ်(လ်) မထွက်ခင်ညပါ။ ငါက ဆရာ့ဝေယျာဝစ္စ လုပ်ပေးတာပါ။ ဒါဟာ ငါ့စေတနာသန့်သန့်ပါ။ ကြည့်လေ။ ထမင်းမစားဘူး။ အရက်ချည်း လိုမ့်သောက်နေတာလေ။ ကြာရင် သေသွားမှာပေါ့။ တစ်ခါတစ်လေ ခြင်ထောင်မချဘဲ အိပ်ပျော်နေတယ်။ ခြင်တွေကိုက်လို့ ဘယ်လောက်သနားစရာကောင်းလဲ။ အဲယားကွန်းကို မိုင်ကုန်တင်ပြီး စွပ်ကြယ်လေးနဲ့ အိပ်ချင်အိပ်နေတာ။ ဆရာဟာ အဖိုးတန်တယ်။ ငါ့အတွက်တော့ တန်ဖိုးထားရမယ့်လူပဲ။ ကျေးဇူးရှင်ဆိုလဲ ဟုတ်တယ်။ သူက ငါ့ကို စက္ကရီတေရီခန့်တယ်ဆိုတာ မိဖုရားမြှောက်လိုက်တာ မဟုတ်ပါဘူးဟာ ...''

ဆောင်းနှင်းစက်သည် ပြောရင်း မျက်ရည်တွေကျလာသည်။ ဒေါ်နုက မျက်ရည်သုတ်ဖို့ တစ်ရှူးစက္ကူ လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲ ငိုမနေစမ်းပါနဲ့။ ဘာဂရုစိုက်ရမှာလဲ၊ နင့်စေတနာကို ငါတို့ယုံတယ်။ ဆရာ့စာရိတ္တကို ငါတို့ယုံတယ်။ သူတို့လမ်း သူတို့သွားတာပဲ။ သွားစမ်းပါစေ"

ဒီလိုင်လာက ...

"ဒီမှာ ... မိန်းမဆိုတာ ယောကျ်ားတွေကို သွေးဆောင်ဖျားယောင်းခွင့်ရှိတယ်။ ငါ့နာမည်ကို ဒီလိုင်လာလို့ မှည့်ထားတာ အလကားမဟုတ်ဘူး။ Delilah ဒီအီးအယ်(လ်)အိုင်အယ်(လ်)အေအိတ်(ချ်) ဒီလိုင်လာဆိုတာ သွေးဆောင်တတ်တဲ့ မိန်းမ။ သစ္စာမရှိဘဲ ဖျားယောင်းတဲ့မိန်းမ။ Dalilah ကို ဒီအေနဲ့ စာလုံးပေါင်းလဲရတယ်။ ငါ ယောကျ်ားတွေကို ဖျားယောင်းသွေးဆောင်ပိုင်ခွင့်ရှိတယ်။ သစ္စာရှိစရာ မလိုဘူး။ ဒီအဓိပ္ပာယ်နဲ့ ငါ့ကလောင်နာမည်ကို မှည့်ထားတာ။ တွမ်ဂျုံး(စ်)ရဲ့သီချင်းလို ဘာမဆိုလုပ်ခွင့်ရှိတယ်။ ဆရာနဲ့ပက်သက်လာရင် နင်ဘာပဲလုပ်လုပ် တရားတယ်မိဆောင်း။ ငါထောက်ခံတယ်။ ဆရာဟာ သနားစရာကောင်းတယ်။ ငါက နာမည်သာ ဒီလိုင်လာလုပ်ထားတာ။ တကယ့်ဒီလိုင်လာ မဟုတ်သေးဘူး။ ဆရာ့ကို စွန့်ပစ်သွားတဲ့ မိန်းမကမှ ဒီလိုင်လာအစစ်"

"ဆရာ့အကြောင်း နင်ဘာသိလို့လဲ"

ဒေါနက ဒီလိုင်လာကို ဖြတ်မေးသည်။

"သိပ်သိတာပေါ့ဟာ။ အဲဒီတုန်းက ဆရာတို့လင်မယားက ငါတို့တိုက်နဲ့ မျက်နှာချင်းဆိုင်ပဲ။ ရန်ဖြစ်လိုက်ကြတာ တကျက်ကျက်ပဲ။ နောက်တော့ ဆရာ့မိန်းမက ဆရာနဲ့တောင် မကွာရှင်းရသေးဘူး။ နိုင်ငံခြားသားတစ်ယောက်ကို လက်ထပ်ပြီး ထွက်သွားတာ"

"ဒါက နိုင်ငံခြားထွက်လို့ရအောင် ဟန်ပြလက်ထပ်တာဆို"

ဒေါနက မေးသည်။

ဒီလိုင်လာက ...

"လုပ်စရာလားဟာ။ ကိုယ့်မှာ လင်ကြီးငုတ်တုတ်ရှိရက်သားနဲ့ နိုင်ငံခြားထွက်ချင်တာနဲ့ ဒီလိုလုပ်စရာလား။ ငွေကုန်လူပန်းဆိုတာ အဲဒါမျိုးပဲ"





"လူပန်းလား"

"လက်ထပ်လိုက်မှတော့ ဟိုက အလွတ်ပေးမတဲ့လား။ ငါတော့ ပြောရင်းတောင် ကြက်သီးထတယ်"

ဒီလိုင်လာက ကြက်သီးထဟန် လုပ်ပြသည်။

"အေး ... နင် ဒီလိုင်လာ မစစ်သေးဘူး။ နင့်စိတ်က ဒီလိုင်လာတွေရဲ့ စိတ်မျိုးမဟုတ်သေးဘူး"

"ငါက ယောကျ်ားတွေဟန့်အောင် ဒီနာမည်ပေးထားတာပါ။ ငါ့ကို ဘာကြောင့် ဒီနာမည့်မှည့်တာလဲတဲ့။ လာလာမေးကြတယ်။ ဒစ်ရှင်နယ်ရီထဲမှာကြည့်လို့ ပြောလိုက်တယ်။ တကယ်တော့ ငါ ဒီလောက် မရက်စက်ဝံ့ဘူး။ ဒါပေမယ့် မိဆောင်းလုပ်တာမှန်တယ်။ ဒီမှာမိဆောင်း။ နင် ဆရာ့ကို ကြိုက်နေတယ်ဆိုရင်လဲ မှန်တယ်။ ငါ ထောက်ခံတယ်။ လွတ်လပ်တဲ့လူချင်းပဲ"

ဒီလိုင်လာက တည့်တည့်ပြောတော့လည်း သူမမျက်လွှာချမိသည်။

"ငါ့စေတနာက သန့်ပါတယ်ဟာ"

"ဟုတ်တယ်လေ။ စေတနာဆိုတာ မေတ္တာရဲ့အစိတ်အပိုင်းတစ်ခုပဲ။ ညည်းဘာဖြစ်လို့ ဆရာ့အပေါ် စေတနာတွေ ပိုနေလဲ။ မေတ္တာရှိလို့ပေါ့။ ဆရာ့ဆီကလည်း ညည်း ဘာပြန်မျှော်လင့်လဲ။ ဘာမှ မမျှော်လင့်ဘူး မဟုတ်လား။ ဒါ သန့်လို့ပေါ့"

ဆောင်းနှင်းစက်သည် ဒီလိုင်လာ၏စကားများကို ငြင်းပယ်နိုင်ခြင်းမရှိပေ။ ဒီလိုင်လာ၏စကားလုံးများသည် သူမ၏နှလုံးသားထဲသို့ စူးနစ်နစ်ပင် ထိမှန်စိုက်ဝင်နေကြသည်။ ဒီလိုင်လာက သူမ၏အယူအဆကို ပွင့်ပွင့်လင်းလင်းဖြင့် ဆက်တိုက်ပင်ပြောနေလေရာ ဆောင်းနှင်းစက်သည် မည်သို့တုံ့ပြန်ရမှန်းပင် မသိပေ။ မငြင်းနိုင်ဘာသော အမှန်ပင်။

"အေး ... ငါကလဲ ဒေါနလို့မှည့်ထားတာ အဓိပ္ပာယ်နှစ်ခုပဲ။ ဒေါနဆိုတာ အစိမ်းရောင်ပန်း။ အရောင်မလှဘူး။ စိမ်းတယ်။ ဒါပေမယ့် အနံ့က မွှေးတယ်။ နောက်တစ်ခုက လူတွေ ပြောလေ့ပြောထရှိတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်သကြီးတဲ့လူကို ဒေါ်နချည်းပဲလို့ နောက်ပြောတာ။ အဲဒီတော့ ဒေါ်န က ဒေါ်သဖြစ်သွားရပြန်ရော။ ဒေါ်နဆိုတာ အစိမ်းရောင်၊ အနံ့က မွှေးတယ်။ အေး ... ဒေါ်သလဲကြီးတတ်တယ်၊ အဆိပ်ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီလိုင်လာပြောတာ မှန်တယ်။ ယောက်ျားတွေနဲ့ပတ်သက် ရင် ငါတို့မှာလဲ လုပ်ပိုင်ခွင့်တွေရှိတယ်။ သူတို့အောင် လုပ်ချင်သလို လုပ်ကြတာပဲ။ ငါတို့က သူတို့ပြသမျှ နရမှာလား။ အဲ ... ဆရာနဲ့ ပတ်သက်လို့တော့ ဆရာ့ကို အားလုံးချစ်ကြတယ်။ ငါလဲ ချစ်တာပဲ အခုရရင် အခုယူမှာပဲ။ ဒါပေမယ့် ရည်ရွယ်ချက်ချင်းတော့ ကွဲပြားတယ် ဟိုကောင်မတွေက အခွင့်အရေးသမားတွေ''

ဒေါ်နပြောမှ ပိုဆိုးတော့သည်။

ဆောင်းနှင်းစက်သည် ရာစစ်မျှုးကို ချစ်နေမိပြီလားဟု စဉ်းစားမိသည်။ ထိုသို့စဉ်းစားမိသည်မှာလည်း ယခုအကြိမ်မှာ ပထမ အကြိမ်တော့ မဟုတ်။ ရာစစ်မျှုးနှင့် နီးနီးကပ်ကပ် နေရလေလေတိုင်း ဤသို့ စဉ်းစားမိနေသည်မှာ ကြာလေပြီ။ ရင်တုန်ပန်းတုန်ဖြစ်ရတာ တွေလည်း ရှိခဲ့ဖူးပြီ။ ရင်ခုန်သံတွေလည်း စည်းချက်မြန်ခဲ့ပြီ သို့သော် သူမအနေနှင့် ရာစစ်မျှုးထံမှ ဘာကိုမှ မမျှော်လင့်။ ယုတ် အဆုံး ရာစစ်မျှုး၏ တစ်စုံတစ်ရာတုံ့ပြန်မှုကိုပင် မမျှော်လင့်မိ ထို့ကြောင့် ရာစစ်မျှုး၏တုံ့ပြန်မှုကို ရရှိစေရန် မည်သို့မျှ မကြိုးစား သူမအနေနှင့် ရာစစ်မျှုးကို ချစ်မိသည်ဆိုလျှင်ပင် အသွားသာရှိ၍ အပြန်မရှိသော အချစ်မျိုး။ ပေးဆပ်ခြင်းသက်သက် အချစ်။ ရယူလို ကင်းသောအချစ်။

''ငါကတော့ အမှန်တရားကိုပဲ အားကိုးတယ်။ ဒါကြောင့် ဆရာပြောတဲ့ ဂျွန်ကီရဲ့ကဗျာက ငါ့ရင်ထဲမှာ စွဲနေတာ။ အလှဆိုတာ အမှန်တရားပဲ။ အမှန်တရားဆိုတာ သစ္စာတရားပဲပေါ့။ အလှသည် သစ္စာ၊ သစ္စာသည်အလှ။ ဒါဟာ ကမ္ဘာပေါ်မှာ ငါသိသမျှအားလုံး ငါ သိသင့်တာအားလုံး။ ငါအားကိုးတာ ဒါပါပဲ''

''ဂရုစိုက်မနေစမ်းပါနဲ့ကွာ။ သွားရမယ့်ခရီးကိုသာ ဖြောင့်ဖြောင့်သွား။ ငါဒီမှာ ကြည့်ရှင်းထားလိုက်မယ်။ ပြန်လာရင်သာ ငါ့ အတွက် ဘာမှပါမလာရင် ညည်းတို့အသိပဲ''

ဒေါ်နက ပြောသည်။

ဒီလိုင်လာက ...

''စိတ်ချပါ၊ ငါတို့ ဟိုက ဘာမှဝယ်လာမှာ မဟုတ်ဘူး။ ဆရာပေးမယ့်ဒေါ်လာကို ကျစ်နေအောင်ဆုပ်ပြီး ပြန်လာမယ်။ ဒီကျ တော့မှ ကုန်တိုက်တစ်ခုခုက မိတ်အင်မလေးရှားတစ်ခုခု ဝယ်ပေး မယ်''

''ကောင်မစုတ်။ အခုကတည်းက ကလိမ်ကကျစ်လုပ်ပြီ''

ဆောင်းနှင်းစက် ရယ်မိပေမယ့် အသက်ကတော့ မပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ရာစစ်မှူး ညီညီ၊ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ လေးယောက်သား စင်ကာပူသို့ ဦးတည်ပျံသန်းနေသော ဘိုအင်းဂျက် လေယာဉ်ကြီးပေါ် ရောက်ရှိနေကြသည်။ လေယာဉ်ကြီးသည် အမြင့်ပေ နှစ်သောင်းကျော် မြန်လွန်းလှသောအလျင်ဖြင့် ပျံသန်းနေသော်လည်း လေယာဉ်ပေါ် တွင်ကား အခန်းတစ်ခန်းထဲတွင် ထိုင်နေရသကဲ့သို့ တည်ငြိမ်နေလေ သည်။

"ဟော့ကောင်၊ ရှန်ပိန်က တစ်ခွက်ထဲလားကွ"

ရာစစ်မှူးက မေးသည်။

"လေယာဉ်ပေါ်တက်တက်ချင်း တစ်ခွက်ပဲလေ။ မင်းက နှာ ခေတ် ရေချိုးသောက်ချင်လို့လား။ တစ်ခွက်ကို နည်းတာမဟုတ်ဘူးနော် မင်းသောက်ချင်ရင် ငါဝယ်တိုက်မယ်။ ထပ်တော့ မတောင်းနဲ့ တောကျတယ်"

ရာစစ်မှူးသည် မချင့်မရဲဖြစ်နေသည်။ လေယာဉ်ပေါ်တွင် ညစာကျွေးသည်။ ရာစစ်မှူးသည် ယခုတစ်ခါတော့ ဝိုင်အနီကို တစ်ခွက်သောက်ပြီး နောက်တစ်ခွက် ထပ်မှာသောက်လိုက်သည်။

"ဒီမှာ သိပ်မစားနဲ့။ ဟီ(လ်)တန်ဟိုတယ်မှာ ငါညစာ မှာ ထားတယ်"

"ဒီညစာကလဲ အဖြစ်ပါပဲကွာ"

"အေးလေ ... လေယာဉ်ပေါ်မှာဆိုတော့ ဒီလောက်ပဲပေါ့ အဆာပြေပဲလေ။ ခရီးကလဲ တစ်နာရီ နှစ်နာရီပဲရှိတာ"



ဆောင်းနှင်းစက်နှင့် ဒီလိုင်လာသည် လေယာဉ်ပေါ်တွင်ကျွေး သော အသေးစားညစာကို သပ်သပ်ရပ်ရပ် စားကြသည်။ သူတို့နှစ် ယောက် နူတ်ခွန်းဆက် ရှန်ပိန်တစ်ခွက်စီ သောက်ကြသည်။ ဝိုင်အနီ တစ်ခွက်စီသောက်သည်။ Business Class (ခေါ်) သူဌေးတန်းက စီးရသောကြောင့် ထိုင်ခုံတွေက ကျယ်ဝန်းပြီးဇိမ်ကျသည်။ ခေါက်စားပွဲ ပေါ် ညစာဘန်းလေးကို တင်ရသည်။ လက်ဝဲဘက်က ခက်ရင်း၊ လက်ျာဘက်က ဓားကိုကိုင်၍စားရသော အနောက်တိုင်းစားပွဲစတိုင်(လ်) ကို သူတို့လေ့ကျင့်ပြီးပေပြီ။ ဇွန်းဆိုလို့ ကော်ဖီမွှေရန် ဇွန်းအသေးသာ ရှိမည်။ အသားတုံးကို ဓားဖြင့်လှီးဖြတ်ပြီး ခက်ရင်းဖြင့်ထိုး၍ စားရမည်။ ကြက်ဥကြော်ကို ဓားဖြင့်ရအောင် ကော်ယူပြီး ပါးစပ်ထဲသွင်းနိုင်ရ မည်။

"နှင် စိတ်လှုပ်ရှားလား မိဆောင်း"

"ဘာအတွက်လဲ"

"ဟိုကျရင် နှင် ဆရာကတော်နဲ့ ရင်ဆိုင်ရမှာနော်"

"ဆရာနဲ့မမနဲ့က ကွဲသွားကြတာ ငါးနှစ်တောင်ကျော်ပြီပဲ။ သူတို့ဆက်ဆံရေးကလဲ ပြောင်းလောက်ပါပြီ"

ပြောသာပြောရသည် ဆောင်းနှင်းစက်ရင်ထဲမှာ တထင့် ထင့်။

"ဒါပေမယ့် တရားဝင်ကွာရှင်းစာချုပ် မရှိဘူးဆို"

"မမက ကွာရှင်းစာချုပ်ကို ယူလာပြီး ဆရာ့ကိုပေးတယ် တဲ့"

"ဒါပေမယ့် ဆရာက မမကြောင့် တောက်လျှောက်အသည်း ကွဲနေပုံပဲနော် ... ။ ဒါကို နှင်ပိုသိမှာပါ"

"သူတို့လင်မယား မကွဲခင်ကတည်းက ငါ ဆရာတို့အိမ်မှာ အလုပ်လုပ်တာပဲ။ ငါသိတာပေါ့။ ဆရာ့အချစ်က အဆုံးစွန်အထိ လိုက်လျောတာပဲ။ သူ့မှာရှိသမျှအားလုံး ပေးပစ်မယ်။ ဘာမှပြန်မယူဘူး ဆိုတဲ့ အချစ်မျိုးပဲ။ ငါ မမကို အရမ်းအားကျခဲ့တယ်။ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကသာ ငါ့ကို ဆရာ မမကိုချစ်သလိုမျိုး အချစ်ခံရရင် ဘယ်လောက်ကောင်းမလဲလို့။ ဒါပေမယ့် ဆရာ့အချစ်မျိုးက ရှားတယ်''

''နင့်အချစ်မျိုးကလဲ ရှားပါတယ်ဟာ''

ဒီလိုင်လာ၏စကားကို ဆောင်းနှင်းစက် မည်သို့တုံ့ပြန်ရမည်မသိ။

''ငါတို့သုံးယောက်စလုံးရဲ့ နာမည်တွေက တကယ်တော့ မကောင်းဘူးဟ''

''ငါကတော့ ဒီလိုင်လာဆိုတာ သစ္စာမရှိတဲ့မိန်းမ၊ လှည့်ဖြားတတ်တဲ့မိန်းမဆိုတာကို ကြိုက်တယ်။ ဒေါနကလဲ သူ့အဓိပ္ပာယ်နဲ့သူ ကြိုက်တယ်။ နင့်နာမည်က မကောင်းဘူးလား''

''ငါ့မိဘတွေမှည့်ပေးတာ။ ဆောင်းနှင်းပွင့်လို့ ကျနိုတဲ့သူတွေက ပေးတာလို့ ငါ့အဖေက ခါးခါးသီးသီးငြင်းတယ်။ ဆောင်းနှင်းပွင့်ဆိုတာ နုတယ်တဲ့။ တကယ်လဲမရှိပါဘူးတဲ့။ ဆောင်းနှင်းပွင့်ဆိုရင် ကြွေလွင့်တာနဲ့ တွဲနေသတဲ့။ ဒီတော့ ဆောင်းနှင်းစက်ပဲဖြစ်ရမယ်တဲ့၊ ဆောင်းနှင်းစက်ဆိုရင် ထက်မြက်တယ်၊ ခွန်အားရှိတယ်တဲ့၊ တိုက်ခိုက်တယ်တဲ့''

ဒီလိုင်လာက ရယ်လိုက်သည်။

''မိန်းမသားဝါဒဆိုတာ ၁၉၆၀ ပြည့်နှစ်နဲ့ ၁၉၇၀ ပြည့်နှစ်တွေမှာ အနောက်နိုင်ငံအသိုင်းအဝိုင်းမှာ အမြစ်တွယ်ပြီး ထွန်းကားလာတာ။ များသောအားဖြင့် မိန်းမသားတွေ အနှိမ်မခံရတဲ့ဘက်ကပါတာ။ တစ်ခါတစ်ခါကျတော့လဲ တစ်ခြားနိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ဆက်စပ်နေတယ်။ မိန်းမသားဝါဒဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွေမှာ မိန်းမသားတွေဘက်က ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုတာပဲ။ အထူးသဖြင့် ယောကျ်ားတွေနဲ့ အားလုံးညီမျှရမယ်တဲ့''

''နင့်ကို ဘယ်သူကပြောသလဲ ဒီလိုင်လာ''

''ဆရာပေါ့။ ဒါ့ကြောင့် ငါတို့ဟာ မဟာမိန်းမသားဝါဒီတွေဖြစ်ရမယ်''



''ယောကျ်ားတွေကို အစစအရာရာ လိုက်တုလို့တော့ ဘယ်ဖြစ်မလဲ ဒီလိုင်လာရယ်''

''ခေတ်ကပြောင်းနေပြီ မိဆောင်း။ အရင်တုန်းက မိန်းကလေးတွေ၊ ယောကျ်ားလေးတွေလို ဘောလုံးကန်ရင် ကဲ့ရဲ့ရှုတ်ချတဲ့သူတွေအများကြီးလေ။ အခုအမျိုးသမီး ဘောလုံးအသင်းတွေ၊ အမျိုးသမီးအလေးမသမားတွေ မှိုလိုပေါက်နေပြီ။ အမျိုးသမီးလက်ဝှေ့သမားတွေ၊ နပန်းသမားတွေကိုများ တစ်ချို့ယောကျ်ားတွေတောင် မနိုင်ဘူး။ ကဲ...''

ဒီလိုင်လာက အမျိုးသမီးထုတစ်ရပ်လုံးအတွက် ဂုဏ်ယူဟန်နှင့် ပြောသည်။

''ဒါဆိုရင် ကိုယ်တွေလဲ သူတို့လိုပဲ ဆေးတံသောက်ရမလား။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထားရမလား ...။ သူတို့လိုပဲ ကလေးမမွေးဘဲ နေရမလား''

ဆောင်းနှင်းစက်ကပြောတော့ ဒီလိုင်လာရယ်သည်။

''အဲဒီလို လုပ်သင့်ရင်လဲ လုပ်ရမှာပဲဟ''

စင်စစ် ဒီလိုင်လာသည် မိန်းမသားဝါဒကို အခြေခံ၍ ဆောင်းနှင်းစက်အား ရဲဆေးတင်ပေးနေသည်ဟု ဆောင်းနှင်းစက်ခံစားရသည်။ သူမအနေနှင့် ဝေရီလွင်ကိုရင်ဆိုင်ရန် ကြောက်စိတ်လုံးဝမရှိပေ။ ကြောက်စိတ်ရှိစရာအကြောင်းလည်း မရှိဘူးထင်သည်။ မိမိဘက်က အပြစ်ကင်းသည်ဟု ယုံကြည်သည်။ တကယ်တမ်း အပြစ်ရှိသူမှာ ဝေရီလွင်သာဖြစ်သည်။

သူမ စိုးရိမ်နေသည်မှာ သူမအတွက် မဟုတ်ပေ။

၃ ရာစစ်မှူးအတွက်ပင် ဖြစ်သည်။

သူမသည် ရာစစ်မှူးတို့လင်မယား မကွဲခင်ကပင် ရာစစ်မှူးထံတွင် တပည့်ခံအလုပ်လုပ်ခဲ့သူဖြစ်သည်။ ဝေရီလွင်၏ဆိုးသွမ်းမှုများကို သူမကိုယ်တိုင် မြင်ခဲ့ရသည်။ ရာစစ်မှူး၏ အဆုံးစွန်ခွင့်လွှတ်ခြင်းကိုလည်း တွေ့ခဲ့ရသည်။ ရာစစ်မှူးသည် သူ့ဝါသနာပါရာကို လုပ်နေရလျှင် ကျေနပ်သူဖြစ်သည်။ သူသည် စာသမား၊ ပေသမားဖြစ်သည်။

www.burmeseclassic.com


မိဘက ချမ်းသာပေမယ့် ဝေရီလွင်နှင့် သဘောမတူသောကြောင့် အိမ်ပေါ်က ဆင်းလာရသည်။ သူသည် ချမ်းသာခြင်း၏အဓိပ္ပာယ်ကို မသိ။ ချမ်းသာရန်လည်း မကြိုးစား။ တစ်လမ်းသွားသမားဖြစ်ပြီး ရိုးသားမှုကို ဂုဏ်ယူသည်။ သူထင်ပေါ်ကျော်ကြားလာခြင်းအပေါ် တန်ဖိုးထားသည်။ သိက္ခာကို ယုံကြည်သည်။

ဝေရီလွင်ကား ဤသို့မဟုတ်သည်ကို ဆောင်းနှင်းစက်အသိပ်ဖြစ်သည်။ ရာစစ်မှူး၏စရိုက်နှင့် ဝေရီလွင်၏စရိုက်မှာ ဆန့်ကျင်ဘက်ပင်။ ဝေရီလွင်က ချမ်းသာချင်သည်။ အပျော်အပါးမက်သည်။ စည်းမဲ့ကမ်းမဲ့နေချင်သည်။ စည်းနှင့်ကမ်းနှင့်နေသော ရာစစ်မှူးကို ရန်လုပ်သည်။ မည်သူ့ကိုမှ ဂရုမစိုက်။ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်မည်ဆိုသော မင်းမဲ့သမားဖြစ်သည်။

ရာစစ်မှူးက အချစ်ကိုကိုးကွယ်သူ။ ဝေရီလွင်ကို တုန်နေအောင်ချစ်ရှာသည်။ ဝေရီလွင်သည်လည်း ရာစစ်မှူးကို မချစ်ဘူးမဟုတ်။ ချစ်သည်ပင်။ သို့သော် ဝေရီလွင်၏အချစ်က ရာစစ်မှူးနှင့်အမျိုးအစားမတူ။ ကာရန်မညီ။ ဝေရီလွင် ရာစစ်မှူးကိုချစ်သည်။ သို့သော် အချစ်ဖြင့် ချုပ်နှောင်ထားခြင်းကိုတော့ မခံလို။

ဝေရီလွင်၏မျက်လုံးက တောက်ပသလောက် ထက်မြက်သည်။ ဝေရီလွင်သည် ဆောင်းနှင်းစက်၏မျက်လုံးတွေကို ဖတ်ရှုနိုင်ပုံရသည်။ ရာစစ်မှူးအပေါ်ထားသည့် ဆောင်းနှင်းစက်၏သံယောဇဉ်ကို သူမ ယုံကြည်စိတ်ချမှုမရှိ။ မိမိကြောင့် သူတို့လင်မယား ရန်ဖြစ်ကြကြောင်းသိသည်နှင့် ဆောင်းနှင်းစက်သည် လင်မယားနှစ်ယောက်စလုံးကို ထိုင်ကန်တော့ပြီး အလုပ်မှထွက်ခဲ့သည်။

ဝေရီလွင် နိုင်ငံခြားထွက်သွားပြီးနောက် ပေတေလေလွင့်နေသော ရာစစ်မှူးကို အတတ်နိုင်ဆုံး ကူညီပေးခဲ့သည်။ ညီညီက သူ၏အစ်ကိုအတွက် မီဒီယာကြီးတစ်ခု ထူထောင်ပေးသောအခါ ဆောင်းနှင်းစက်သည် အရေးကြီးသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။ သူ့ကို အတွင်းရေးမှူးခန့်တုန်းက သူ ကြိတ်ပြီး ဝမ်းသာခဲ့သည်။



သို့သော် နိုင်ငံခြားသွားရမည့်အစီအစဉ်နှင့် တွဲနေသောအခါ ငြင်းမထွက်ပြန်သည်။ ညီညီက အကျိုးသင့်အကြောင်းသင့် ပြောသည်။

ဝေရီလွင်ကို သူမအနေနှင့် မည်သို့ ရင်ဆိုင်ရပါမည်နည်း။

ခက်ခက်ခဲခဲကိစ္စမဟုတ်ဟုတော့ သူမယူဆထားသည်။

"ရောက်ပြီ မိဆောင်း"

သူတို့သည် မိမိတို့၏လက်ဆွဲအိတ်များကို ဆွဲကာ လေယာဉ်ထွက်တံခါးတွင် လာရောက်တွယ်ကပ် ချိတ်ဆက်ထားသော ဥမင်လမ်းကြောင်းအတိုင်း လျှောက်သွားကြသည်။ လေဆိပ်အဆောက်အအုံထဲရောက်တော့ စစ်ဆေးမှုအချို့ကိုခံယူပြီး ညီညီဦးဆောင်ရာနောက်ကို လိုက်ရသည်။ လမ်းလျှောက်လျှင် အဝေးကြီးလျှောက်ရမည့်ပုံပင် ရွေ့လျားနေသော စက်လမ်းပေါ်တက်ရသည်။ သူတို့သည် လမ်းလျှောက်ရန်မလို။ ရွေ့လျားနေသော စက်လမ်းပေါ်တွင် မတ်တပ်ရပ်သွက် လိုက်သွားရသည်။ ညီညီသွားသည့်နောက် လိုက်ရသည်။

လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန် စသည်တို့က စစ်ဆေးသည်။ အကြမ်းဖက်မှုကို ကာကွယ်ရန် ရှာဖွေသည်။ ပစ္စည်းရွေးတော့ ရွေ့လျားနေသော ခါးပတ်ကြိုးထဲတွင် လှည့်လည်နေသော မိမိတို့၏အိတ်တွေကို ရွေးရသည်။ သူတို့တစ်ယောက်ကို သေတ္တာတစ်လုံးစီသာပါသည်။ အဆင်သင့်ထားသော လက်တွန်းလှည်းထဲထည့်ပြီး ကိုယ့်ဘာသာကိုယ် တွန်းကြရသည်။

ရာစစ်မှူးအတွက်ကား အသစ်အဆန်းပင်။ ကမ္ဘာသစ်ကို ရောက်နေသကဲ့သို့ ခံစားရသည်။ စင်ကာပူလေဆိပ်ကြီးမှာ ကြီးမားခမ်းနားလှသည်။ ညီညီသာ ပါမလာပါက သူဘယ်သွားလို့ ဘယ်လာရမည်မသိ။

"ဟိုမှာ ငါ့မရီးတော် လာကြိုနေပြီ"

ညီညီကပြောသော်လည်း ရာစစ်မှူး ရှာမတွေ့။ စောင့်နေသောလူများမှာ သူတို့အတွက် သတ်မှတ်ပေးထားသော စည်းအပြင်ဘက်သာ နေကြရသည်။ စောင့်ကြိုနေသူများအနီး ရောက်သည်အထိ ဝေရီလွင်ကို သူမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောကိုယ်ခန္ဓာက သူ့ရင်ခွင်ထဲ ရောက်လာသည်၊ သူ့ကို တင်းကျပ်စွာဖက်ထားသည်။ သူ့ပါးတွေကို ဗယ်ပြန်ညာပြန် နမ်းသည်။ ပမွှးရနံ့တွေ သင်းထုံသွားရသည်။

"ကိုကိုရယ်"

ရာစစ်မှူး ကြောင်အမ်းအမ်းဖြစ်နေသည်။ မည်သို့မျှလည်း မတုံ့ပြန်မိ။ ဝေရီလွင်သည် သူ့ကို ယခုကဲ့သို့ လိုက်လှဲစွာ ကြိုဆိုလိမ့် မည်ဟုလည်း မထင်။ တကယ့်တကယ်တော့ သူနှင့်ဝေရီလွင် ပတ်သက်မှုက နိဂုံးချုပ်ခဲ့ပြီ။ သူတို့လင်မယား မဟုတ်တော့။ သို့သော် သူ အဘယ်ကြောင့် စင်ကာပူရောက်လာရပါသနည်း။ ဝေရီလွင်သည် သူတို့ခရီးစဉ်ကို သိသည်နှင့် ကွာလာလမ်ပူမှ စင်ကာပူသို့ ထွက်ခွာ လာသည်။

"ကိုကို ဘာမှမပြောင်းလဲဘူးနော်"

ဝေရီလွင်ကတော့ အပြောင်းလဲကြီး ပြောင်းလဲနေသည် အိုမင်းမှုသည် သူမကို စိုးစဉ်းမျှပင် မထိပါးနိုင်။ ရင့်ရော်ခြင်းကလည် သူမကို မည်သို့မျှ မထိခိုက်နိုင်။ သူမ၏ဆံပင်မှာ ခပ်တိုတိုခပ်အုပ်အု ဖြစ်သည်။ တစ်ဝက်တစ်ပြက် ဆေးဆိုးထားရာ ရွှေရောင်ဆံမျှင်မျာ အုန်းခွံရောင်ဆံမျှင်များနှင့် မီးခိုးရောင်ဆံမျှင်များမှာ ရောင်စဉ်တစ် အဖြစ် စုစည်းပြီး သူမ၏လက်ဝဲဘက် ဦးခေါင်းပိုင်းတွင် မျဉ်းသားထာ သလို ရှိသည်။ သူမ၏မျက်နှာမှာ နုပျိုနေသည်။ မျက်ခုံးတွေ ကြည် ကောင်းနေဆဲ။ မျက်လုံးတွေ တောက်ပနေဆဲ။ နှာတန်မှာလည် ပေါ်လွင်ဆဲ။ နှုတ်ခမ်းတွေကလည်း ယခင်ကလို နွေးထွေးပြီး ယခင် လိုပင် တင်းတင်းရင်းရင်း ရှိနေဆဲ။ ကိုယ်ခန္ဓာက တောင့်တင်းဆဲ

"ဟီ(လ်)တန်မှာပဲလား ညီညီ"

"ဟုတ်တယ်မမ"

ညီညီက ဝေရီလွင်ကို မမဟုခေါ်သည်ကို ရာစစ်မှူးစိတ်ထဲ အထူးအဆန်းဖြစ်နေပြန်သည်။

"တို့လဲ ဟီ(လ်)တန်မှာပဲတည်းတယ်။ ဆောင်းနှင်းစက် ဘာမှ မပြောင်းလဲဘူးနော်။ နဂိုအတိုင်းပဲ"



ဝေရီလွင်သည် ဆောင်းနှင်းစက်ကိုလည်း ဖော်ရွေစွာနှုတ်ဆက် သည်။

"ကိုကို့အတွက် အကောင်းဆုံးစက္ကရီထေရီက ဆောင်းနှင်းစက် ပဲ။ Executive လို့တောင် ပြောလို့ရတာယ်။ အခုဆို ကိုကိုက အလုပ် သိပ်များနေပြီပဲ"

"ကျွန်တော်လဲ မမအကြံပေးတဲ့အတိုင်း လုပ်လိုက်တာပဲ။ ဒါတောင် မချောက မလုပ်ချင်ဘူးဆိုလို့ မနည်းပြောယူရတာယ်"

ရာစစ်မှူးနှင့် ဆောင်းနှင်းစက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။ ဆောင်းနှင်းစက်ကို ရာစစ်မှူး၏ အတွင်း ရေးမှူးခန့်အပ်ရန် ဝေရီလွင်က တိုက်တွန်းခဲ့သည်ဆိုခြင်းမှာ သူတို့ နှစ်ယောက်စလုံးအတွက် အံ့သြစရာပင်။ ဝေရီလွင်သည် တစ်ချိန်က ဆောင်းနှင်းစက်ကို ကြည့်မရခဲ့။ ဆောင်းနှင်းစက်သည် ဝေရီလွင်ကြောင့် ပင် အလုပ်ထွက်ခဲ့သည်။ ယခုတော့ အပြောင်းလဲကြီး ပြောင်းလဲနေလေ ပြီ။

"ကဲ ... ညီညီက ကားတစ်စီးနဲ့ ဆောင်းနှင်းစက်တို့ကို ခေါ်သွား။ ကိုကိုကို တို့ခေါ်သွားမယ်။ တို့မှာ ကိုကိုကို ပြောစရာအများ ကြီးရှိတယ်"

ဝေရီလွင်၏အစီအစဉ်ကို မည်သူမျှမငြင်းနိုင်။

ရာစစ်မှူးသည် မာစီဒီးဘင့်(ဇ်)ကားကြီးတစ်စီး၏ နောက်ခန်း တွင် ဝေရီလွင်နှင့်အတူ လိုက်ပါလာရသည်။ စင်ကာပူ၏ညကား မီးထိတိုက်များ၊ မီးပျံလမ်းများ၊ မီးရောင်စုံများနှင့် လှပနေလေ သည်။

"ကိုကို အရင် စင်ကာပူရောက်ဖူးလား"

"ဟင့်အင်း"

ဝေရီလွင်ကို ပထမဆုံး ပြောဖြစ်သောစကားပင်။

"သူတို့ဆီမှာက မြစ်ဆိုပြီး အထူးအဆန်းလုပ်ကြည့်ရတာက ရန်ကုန်က ပုဇွန်တောင်ချောင်းလောက်ပဲရှိမယ်။ City State ဆိုတော့ လူတွေနဲ့၊ အဆောက်အအုံတွေနဲ့ မြေကြီးနဲ့က ကွက်တိပဲ"



www.burmeseclassic.com

www.burmeseclassic.com


လမ်းဘေးသစ်ပင်များမှာ အမျိုးအစား တစ်ခုတည်း၊ အရွယ်အစား ညီတူဖြစ်နေသည်။

"ရေကို မလေးရှားက ဝယ်ပြီးသုံးရတယ်။ အခု ရန်ကုန်က သောက်ရေသန့်သွင်းဖို့ စီစဉ်နေတယ်လို့ ကြားရတယ်။ တကယ်တော့ စင်ကာပူမှာ ရေတောင်မထွက်ဘူး။ ချမ်းသာနေတာက ပွဲစားနိုင်ငံဖြစ်လို့ပဲ"

သူမက စင်ကာပူအကြောင်း ရှင်းပြသော်လည်း ရာစစ်မှူးကား စင်ကာပူအကြောင်း မသိချင်ပေ။ သူနှင့်ခွဲခွာသွားပြီးနောက် ဝေရီလွင် ဘာတွေဖြစ်ခဲ့သည်ကိုသာ သိချင်နေမိသည်။

"ကိုကို ငြိမ်လှချည့်လား။ ဘာမှလဲ မပြောဘူး။ ဘာလဲ ... ဝေ့ကို ဘာမှပြောစရာ မရှိတော့ဘူးလား"

"ရှိပါတယ်"

ရာစစ်မှူးက သံပြတ်နှင့်ဖြေသည်။

"ရှိတာပေါ့။ အများကြီးရှိတာပေါ့"

"ဒါဆိုလဲ ပြောလေ"

"ဝေ့အကြောင်းတွေသိချင်တယ်"

"ပြောရရင်တော့ အများကြီးပဲ။ အတိုချုပ်ပြောရရင်တော့ ဂျပန်ရောက်တာနဲ့ ရမယ်ဆိုတဲ့အလုပ်က မရဘူး။ စာရွက်စာတမ်းတွေကလဲ အတုတွေ။ နေစရာမရှိ၊ စားစရာမရှိဘဝကိုတောင် ရောက်ခဲ့တယ်။ ဝေလေ ကိုကို့ကို သတိရလိုက်တာ။ ကိုကို့စကားသာ နားထောင်ရင် ဒီလိုမဖြစ်ဘူးလို့လဲ တွေးမိတယ်။ တကယ့်ကို အားကိုးရာမဲ့ပဲ"

ရာစစ်မှူးက တစ်စုံတစ်ရာပြန်ပြောရန် ပြင်မိသော်လည်း မပြောဘဲ ဆက်နားထောင်သည်။

"နောက်တော့ ဝေကြိုးစားရတယ်။ သုညကစရတာမောင်။ ရရာအလုပ်လုပ်တယ်။ အလုပ်လုပ်ရင်း အဆက်အသွယ်ကောင်းကောင်းကို ရှာတယ်။ ဘာတွေလုပ်သလဲမမေးနဲ့။ ရသမျှအလုပ် အကုန်လုပ်



ခဲ့တာ။ အလုပ်ကြမ်းလဲ လုပ်ဖူးတယ်။ စုံနေတာပဲ။ အဲဒီကနေ တောင်ကိုရီးယားရောက်တယ်။ ပြီးတော့ ဂျပန်ပြန်ရောက်တယ်။ အဲဒီကနေ မလေးရှားရောက်တော့ အခြေအနေ တော်တော်ကောင်းနေပြီ။ အခု သင်္ဘောကျင်းကုမ္ပဏီမှာ ရှယ်ယာဟို(လ်)ဒါတစ်ယောက် ဖြစ်နေပြီ။ ကိုကိုလို့ နာမည်ပေးထားတဲ့ သင်္ဘောတစ်စီးကိုလဲ ပိုင်ပြီ"

ဝေရီလွင်သည် သူမ၏အတ္ထုပ္ပတ္တိကို ရှင်းပြရာတွင် ကျော်လွှားခဲ့နိုင်ခဲ့တာတွေရှိကြောင်း ရာစစ်မှူးနားလည်နေသည်။ သို့သော် ယိုကွက်လပ်များကို သူကိုယ်တိုင်ကလည်း နားမထောင်ချင်တော့။

"ဝေ ဘယ်လိုနေလဲ။ လှလား ..."

"အင်း ..."

"ကိုကိုကလဲကွယ်။ ဖြေတာ အသက်မပါလိုက်တာ။ ပြော ... ဆို၊ ဝေလှရဲ့လား"

ဝေရီလွင်က သူ့လက်တစ်ဖက်ကို ကိုင်လှုပ်ပြီး မေးသည်။

"လှပါတယ်၊ အရင်ကထက်ကို လှပါတယ်"

ရာစစ်မှူး အမှန်အတိုင်းဖြေမိခြင်းပင် ဖြစ်သည်။ ဝေရီလွင်သည် သူနှင့်အတူနေခဲ့ရတုန်းကထက် လှသည်။ သူ့ကို ခွဲခွာသွားသည့်နောက်ဆုံးအချိန်ထက် လှသည်။ သို့သော် သူတို့နှစ်ဦး အချစ်ဆုံးအချိန်တုန်းက ရိုးသားမှုတွေကတော့ ပျောက်သွားပြီထင်သည်။ သူ့အပေါ်မှာ ဝေရီလွင်က အမြဲတမ်းချစ်လျက်ပါဟု အမြဲကြွေးကြော်နေဆဲ။ သို့သော် ချစ်သူတို့၏ စောင့်ထိန်းရမြဲ သစ္စာတရားကိုတော့ ဝေရီလွင်က မစောင့်။

"ကိုကို ဝေ့ကို ချစ်သေးလား ..."

သူမဖြေ။

"အင်းလေ၊ ကိုကို ဝေ့ကို အရမ်းစိတ်နာနေလိမ့်မယ်ဆိုတာ ဝေနားလည်ပါတယ်။ အဲဒါက ကိုကိုနဲ့ခွဲသွားပြီးနောက်မှ ဝေ သေသေချာချာ နားလည်လာတာ။ ဝေ့ကိုဝေ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ ဒါ့ကြောင့် ကိုကို ဘယ်လောက်ခံစားရမလဲဆိုတာ ဝေသိလာတယ်။


www.burmeseclassic.com

www.burmeseclassic.com

ခွဲကာစကတော့ ဝေမခံစားရဘူးထင်ခဲ့တယ်။ ဒုက္ခနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ရတဲ့အချိန်မှာ အရမ်းခံစားရတယ်။ သုခနဲ့ရင်ဆိုင်ရတော့လဲ အရမ်းခံစားရတယ်။ ဒါအမှန်တရားပါ''

ရာစစ်မှူး၏ရင်ထဲမှာ လှိုင်းခတ်သွားသည်။ ဝေရီလွင် ငိုသံ နှင့် ပြောသောစကားသံတွေက သူ့နားထဲတွင် ပဲ့တင်ထပ်ပြီး လှိုက်သံ ပေါက်နေသည်။

''ကိုကိုရော၊ ဘာတွေဖြစ်လဲ''

''တို့အကြောင်းက ထွေထွေထူးထူး မရှိပါဘူး''

''ငါးနှစ်ခြောက်နှစ်လောက်မှာ ဘာမှ ထွေထွေထူးထူး မရှိ တော့ဘူးတဲ့လား''

''ပထမတော့ ဝေလေလေပဲပေါ့။ အရက်ဆိုင်တကာလှည့်ဖြ မူးလိုက်၊ ရန်ဖြစ်လိုက်ပေါ့။ လွယ်အိတ်တစ်လုံးနဲ့ ရှာစဉ်လည်နေရတဲ့ ဂျာနယ်လစ်(စ်)ပေါ့။ နောက်တော့ မိဘတွေက ပျက်စီးသွားမှာစိုးလို့ တူပါတယ်။ ညီညီက တစ်ဆင့်ထိန်းခိုင်းတယ်။ တိုက်ပုံအင်္ကျီဝတ် လွယ်အိတ်လွယ်ပြီး ဆူးလေဘုရားလမ်းနဲ့ ပန်းဆိုးတန်းလမ်း လမ်း ကြီးနှစ်ခုကြားမှာ ခြေကျင်လျှောက်နေတဲ့ ဂျာနယ်လစ်(စ်) ဘဝကနေ ရှူးဖိနပ်စီးပြီး လက်ဆွဲကွန်ပျူတာကိုင်၊ ကားတစ်စီးနဲ့ပတ်နေတတ်တဲ့ ဂျာနယ်လစ်(စ်)မျိုး ဖြစ်လာတယ်''

''ဒါဟာ ဖြစ်သင့်တာပဲ။ ကိုကို့ကို ဝေဖြစ်စေချင်တာ ဒါမျိုး ပဲလေ။ ကိုယ့်ကိုကိုယ် ပစ္စည်းမဲ့လို့ ကြွေးကြော်နေရတာကို ဂုဏ် ရှိတယ်လို့ ထင်နေကြတာကိုး။ ကိုကို့ကို အဆင့်အတန်းမြင့်စေချင် ခဲ့တာ ဝေ့စေတနာပါ''

ရာစစ်မှူးသည် မိမိ၏ပြောင်းလဲခြင်းကို စဉ်းစားမိလာသည်။ ကျော်ကျော်ဟိုးတို့လူစုက မိမိကို သစ္စာဖောက်ဟု စွပ်စွဲသည်။ အချို့ က ပြန်လည်ပြင်ဆင်ရေးသမားဟု လှောင်ပြောင်သည်။ သို့သော် အနုပညာကိုးကွယ်ပါသည်ဆိုသော ပညာရှင်အများအပြားပင် ငွေ အောင် ရှာနေကြသည်။ သူသာ မွဲသည်ထက်မွဲလာသည်။ သူ့ပိုင်





ဘိုက်ခန်းကိုပင် ပေါင်ထားရသည့်အခြေအထိ ဆိုက်ခဲ့သည်။ ထိုအခါ သူ့သူငယ်ချင်း ရောင်းရင်းဘဝတူ ရဲဘော်ဆိုသူများမှာ သူ့အတွက် ဘာတစ်ခုမျှ မကူညီကြ။

သူသည် ကပ်တီးမှူးလဲဘဝသို့ ရောက်လုလုပင်ဖြစ်ခဲ့ရသည်။ ဘားထိုင်၊ ဘိုင်ကျပြီး ဘုပြောနေသော ဘသုံးလုံးဘဝတွင် သူ နစ်မွန်းနေချိန် သူများတွေက အင်တာနက်နှင့် မွေ့လျော်နေကြပြီ။ သူသည် အိုင်တီခေတ်ကို မမှီနိုင်တော့။ သူ၏ဒဿနများသည် ၁၉ ရာစုတွင် မြစ်ဖျားခံသည်။ ၂၁ ရာစုတွင် ဖြစ်တည်နေသော သတင်း ခေတ်ကို အမှီလိုက်ရန် သူ့တွင် လမ်းစရိတ်မရှိ။ ထိုအချိန်တွင် ညီညီ ရောက်လာခြင်းဖြစ်သည်။

မာစီဒီး(စ်)ဘင့်(ဇ်)သည် စင်ကာပူမြို့ကြီးကို ဖြတ်သန်းနေ သည်။ ကားပေါ်တွင် ဝေရီလွင်ကသာ စကားများများပြောသည်။ ရာစစ်မှူးက စကားမပြောတစ်ချက်၊ ပြောတစ်ချက်။ မပွင့်တစ်ပွင့်။

''ကိုကိုဟာ အုံပုန်းပဲ''

''ဘယ်လို ...''

''ကိုကိုဟာ အုံပုန်းပဲလို့။ ကိုယ့်ရင်ထဲမှာရှိတာတွေကို ဖုံး ကွယ်ထားတယ်။ မပွင့်တပွင့်နဲ့ မြုံစိစိလုပ်တယ်။ ပြောစရာရှိတာ ပြောပစ်လိုက်ပေါ့။ အဲဒီအကျင့်က အခုထိ မပျောက်သေးဘူး''

''အဲဒါ ဘာဖြစ်လဲ''

ရာစစ်မှူးက ဘုတောမိသည်။

''ကိုကို ရန်ဖြစ်ချင်လို့လား။ ဆောရီးနော်၊ ဝေ ကိုကို့အပေါ်မှာ ဆေမန်ပိုင်ခွင့်ရှိသေးလား။ မရှိတော့ဘူးလားဆိုတာ ဝေမသိဘူး။ ဥပဒေ အရတော့ ဝေနဲ့ကိုကို ဘာမှမပတ်သက်တော့ပါဘူး။ ငါးနှစ်တောင် ကျော်ပြီပဲ။ ဒါပေမယ့် ဝေ့နှလုံးသားထဲမှာ ထာဝရနေရာယူနေတာက ကိုကိုပါ။ ဝေ ကိုကို့ကို အမြဲတမ်းချစ်တယ်။ အဆုံးစွန်အထိ ချစ်တယ်။ ဝေအချစ်ဆုံးဟာ ကိုကိုပဲ''

''ဖြစ်နိုင်ပါတယ်''

သူ လေသံတိမ်တိမ်ဖြင့် ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့က ရှိပြီ"

"မဟုတ်ပါဘူး။ ဝေပြောတာ ဖြစ်နိုင်တယ်လို့ပြောတာ ဖြစ်တယ်လို့တော့ အတည်မပြုဘူးနော်။ ဝေ့ကို တို့မယုံဘူး"

"ယုံနိုင်စရာလဲ မရှိပါဘူး။ ဝေဟာ ကိုကို့အတွက် မြွေဟောက်လို လျှာနှစ်ခွနဲ့မိန်းမလား။ ကိုကိုစွပ်စွဲချင်သလို စွပ်စွဲပါ။ ဝေ စိတ်မဆိုးပါဘူး။ ဒါပေမယ့် ကိုကိုသိထားဖို့က ဝေ ကိုကို့ကိုချစ်တယ်"

"အဲဒါ တို့ ဘယ်လိုလုပ် ယုံရမလဲဝေ"

ဝေရီလွင်က ရယ်လိုက်သည်။

ရာစစ်မှူးသည် မြန်မာနိုင်ငံမှ ဝန်ကြီးများရုံး (ယခင်က အတွင်းဝန်ရုံး) နှင့် ခပ်ဆင်ဆင်တူသောနယ်မြေကို ဖြတ်သန်းလာသဖြင့် အံ့သြနေသည်။

"ဒါက အင်္ဂလိပ်ကိုလိုနီခေတ်က ဆောက်ခဲ့တဲ့အဆောက်အအုံတွေလေ။ ဒါမျိုး ကွာလာလမ်ပူမှာလဲရှိတယ်။ တွေ့လား။ အတွင်းဝန်ရုံးဆိုတာက ရန်ကုန်ကရုံးကြီးထက် သေးတယ်။ ဒါပေမယ့် ပုံစံတူပဲ။ အစိုးရက ဒီနေရာမှာ အဆောက်အအုံသစ်တွေဆောက်တာ တိုးချဲ့တာကို ခွင့်မပြုဘူး။ ရှေးဟောင်းပေါ့လေ။ သူတို့မှာလဲ ရှေးဟောင်းပစ္စည်းဆိုတာ ဒါပဲရှိတယ်။ မြန်မာနိုင်ငံအကြောင်း ရုပ်ရှင်ရိုက်ချင်တဲ့သူတွေ ဒီမှာလာရိုက်ဖူးတယ်။ ဆူးလေဘုရားကို သံဖြူနဲ့လုပ်တယ်။ ပေါ်ကားကြီးပါ။ လုံးဝ ... လုံးဝ ပေါ်ကားပဲ။ ဘယ်သူမှလဲ မကြည့်ဘူး။ ကြည့်မိတဲ့သူတိုင်းကလဲ ပျစ်ပျစ်နှစ်နှစ် ဝေဖန်လို့မအောင်မြင်ဘူး။ Beyond Rangoon လေ။ အာပလာပဲ။ ဒီနေရာမျိုး ကွာလာလမ်ပူမှာလဲ ရှိတယ်။

ရာစစ်မှူးကား ဝေရီလွင်ပြောသမျှကို နားမဝင်ပေ။ သူ့ရင်ထဲတွင် မုန်တိုင်းတွေ တိုက်ခတ်နေလေသည်။

ဟိုတယ်ရောက်တော့ ဝေရီလွင်မှလွဲ၍ သူတို့အားလုံး စာရင်းသွင်း (Check In) လုပ်ကြရသည်။ ညီညီသည် သူ့အစ်ကိုအတွက် အခန်းသီးသန့်စီစဉ်ပေးသည်။ သူက သီးသန့်တစ်ခန်းနေသည်။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာကို တစ်ခန်းထားသည်။ ပြီးတော့ မိုးမြူး အဝတ်အစားလဲကြသည်။ ဟီ(လ်)တန်ဟိုတယ်သည့် အထပ် (၃၀) ရှိလေရာ သူတို့သည် (၁၈) ထပ်တွင် တည်းခိုနေရသည်။ ညီညီသည် ရာစစ်မှူးတို့သုံးယောက်အား ဟိုတယ်မြေညီထပ်ရှိ ညှော်ခန်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်းရှိသော စားသောက်ဆိုင်သို့ လိုက်ပို့ပေးသည်။ ဝေရီလွင်သည် စားကောင်းသောက်ဖွယ်များကို မှာကြားစီစဉ်ရင်း စောင့်နေလေသည်။

"ကဲ ... ကျွန်တော့်ကိုတော့ ခွင့်ပြုဦး။ ကျွန်တော်က ဝေးကြီးနဲ့တွေ့ရဦးမှာ"

ညီညီက နှုတ်ဆက်သည်။

"မင်းက ဘယ်သွားမလို့လဲ"

"ငါ့မှာ အလုပ်ရှိသေးတယ်ကိုကို။ မင်း ဘာမှမပူပါနဲ့။ မမရှိတာပဲ။ မင်းကို ဘယ်သူမှ လာကိုက်စားမှာ မဟုတ်ဘူး"

ရာစစ်မှူး ဘာမှမပြောနိုင်။

"ငါ့မှာက လုပ်ရှားစရာတွေက ရှိသေးတယ်"

ညီညီသည် သူတို့အားလုံးကိုနှုတ်ဆက်ပြီး ထွက်သွားသည်။

ဝေရီလွင်သည် ရာစစ်မှူးနှင့် ဆောင်းနှင်းစက်၊ ဒီလိုင်လာတို့ကို တန်ဖိုးကြီးမားပြီး ခမ်းနားလှသော ညစာစားပွဲဖြင့် တည်ခင်းညှိခံသည်။

"ဒါတွေက စျေးကနည်းမှာ မဟုတ်ဘူး။ လေယာဉ်ပျံပေါ်မှာလဲ စားခဲ့ပြီးပြီ။ ဘာဖြစ်လို့ ဒီလောက်တောင် လုပ်ရတာလဲ"

ရာစစ်မှူးက အပြစ်တင်စကားဆိုသည်။

"ဒါ ဒေါ်လာတစ်ထောင်မကဘူး။ ငါးထောင်ကျော်ချင်လဲကျော်မယ်။ အဲဒါ ဘာဖြစ်လဲကိုကိုရယ်။ ကိုကို့လိုလူတစ်ယောက်ကို ညှိခံပြုစုရတာ ဒါဟာ အများကြီးသေးနုပ်နေသေးတယ်လို့ ဝေထင်တယ်။ ဟိုတယ်က ဒါအစွမ်းကုန်ပဲဆိုလို့၊ ကဲပါ၊ အားရပါးရ စားစမ်း



www.burmeseclassic.com

 www.burmeseclassic.com 

ပါ။ မိဆောင်းတို့၊ ဒီလိုင်လာတို့ ဘာမှအားမနာနဲ့။ ဒီလိုင်လာ့ရေ မင်းနာမည်ကို ငါသိပ်ကြိုက်တယ်။ ငါအစောကြီးကတည်းက ဒီနာမည်မျိုး မှည့်ဖို့ စိတ်ကူးရခဲ့ရမှာ''

ရှန်ပိန်ပုလင်းကို ဖောင်းကန်ဖွင့်လိုက်သည်။ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးနှင့် အကောင်းဆုံးရှန်ပိန်ကို ဝေရီလွင်က ညွှန်ခံခြင်း ဖြစ်သည်။ ရာစစ်မှူးကတော့ ထန်းရည်ချိုပြင်းအရသာနှင့် ယှဉ်ကြည့်နေမိသည်။ ဆောင်းနှင်းစက်တို့ ဒီလိုင်လာတို့ အကြိုက်တွေ့နေကြသည်။ ကမ္ဘာကျော် ဈေးအကြီးဆုံး စန္ဒယားဆရာကိုယ်တိုင်က တီးနေသော်လည်း သူတို့စိတ်ထဲမှာ ကက်ဆက်ဖွင့်ထားသည်ဟု ထင်နေမိသည်။ ရာစစ်မှူးကား စိုင်းခမ်းလိတ်ရေးသော သီချင်းများလောက်နားထောင်၍ကောင်းသည် မထင်ပေ။ တီးခတ်သံမျှ တေးသွားများသည်လည်း ကြားဖူးပြီးသားများသာ ဖြစ်သည်ဟုထင်၏။

''သမီးက မင်းတို့ဆရာကို ဂရုစိုက်။ သူက လွယ်အိတ်တစ်လုံးနဲ့ ရှာစဉ်လည်နေတဲ့ လမ်းလျှောက်အယ်ဒီတာ မဟုတ်တော့ဘူး။ ပစ္စည်းမဲ့အနုပညာရှင် မဟုတ်တော့ဘူး။ Information Age လို့ခေါ်တဲ့ သတင်းခေတ်ကို အမိလိုက်မယ့်သူဖြစ်နေပြီ။ Information Technlology လို့ခေါ်တဲ့ အိုင်တီကို တစ်ချို့က သတင်းခေတ်ရောက်ပြီ။ သတင်းနည်းပညာ ကြီးစိုးပြီဆိုပြီး အဲဒါကို Journalsim လို့ ထင်နေကြတယ်။ ဂျာနယ်လစ်ဇင်ဟာ အနုပညာတစ်မျိုးပဲလို့ မမထင်တယ်။ ဂျာနယ်လစ်ဇင်နဲ့ အိုင်တီနဲ့ အတူတူပဲလို့ ထင်လို့မရဘူး။ အိုင်တီက ကွန်ပျူတာနည်းပညာပဲ။ ဒီတော့ ညည်းတို့ဆရာကို အိုင်တီခေတ်ထဲ ဆွဲသွင်းနေတယ်လို့ သဘောပေါက်ပါ။ သူ့ကို အတတ်နိုင်ဆုံး ကူညီကြပါ''

ဝေရီလွင်က ရာစစ်မှူး၏ရှေ့မှာပင် ဆောင်းနှင်းစက်နှင့် ဒီလိုင်လာအား ဩဝါဒတွေ ချွေနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူ့ကို ပညာပေးနေသည်ဟုလည်း ရာစစ်မှူးသံသယဖြစ်မိသည်။ သူတို့သည် ရှန်ပိန်ကိုသောက်ပြီး ယစ်ဝေလာကြသည်။ ထိုအခါကျမှ စန္ဒယားဆရာလက်သံက ပီပြင်လာသည်။ ဂီတသည် အခါခပ်သိမ်း နားထောင်၍မကောင်း။ မြင့်မားလှသော မျက်နှာကြက်မှ ပန်းဆွဲမီးဆိုင်းများသည် သံစဉ်များကို ဆွဲယူစုတ်မျိုလျက်ရှိသည်။

''စင်ကာပူက ဘာမှမဟုတ်တဲ့ ကျွန်းကလေးပဲ။ စစ်ကြီးပြီးတော့ မလေးရှားပြည်ထောင်စုက မြန်မာနိုင်ငံထက် နောက်ကျပြီးမှ လွတ်လပ်ရေးရတာ။ ဒါပေမယ့် နယ်ချဲ့ရဲ့ သွေးခွဲမှုက အောင်မြင်တယ်လို့ ဆိုရမယ်။ စင်ကာပူကျွန်းပေါ်မှာက တရုတ်လူမျိုးတွေချည်းပဲ။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းမှာ ခွဲထွက်ဖို့ကြိုးစားတော့ အောင်မြင်သွားတယ်။ အထောက်အကူပြုတဲ့သူတွေကလဲ ပြုတာပေါ့လေ။ ဒါပေမယ့် စဉ်းစားကြည့်၊ ဒီကျွန်းလေးက ရန်ကုန်လောက်ပဲရှိတာ။ သဘာဝထွက်ကုန် ဘာမှမရှိဘူး။ သယံဇာတ ဘာမှမရှိဘူး။ သူတို့က ဒါဟာမြစ်ပါလို့ လိုက်ပြနေတာ ပုဇွန်တောင်ချောင်းလောက်တောင် မရှိဘူး။ ဒါပေမယ့် သူတို့ဘာဖြစ်လို့ အောင်မြင်လဲ။ ပွဲစားလုပ်ငန်းပဲ။ မလေးရှားကလဲ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုမှမတူလို့ လက်လွှတ်လိုက်တာ။ တကယ်ပြောရရင်တော့ သူတို့မလေးရှားပြည်ထောင်စုရဲ့ အစိတ်အပိုင်းတစ်ခုပဲ ထွက်သွားတာပဲ။ သူတို့မလိုချင်လို့လဲ ဖြစ်မှာပေါ့''

ဤညစာစားပွဲတွင် ဦးဆောင်စကားပြောနေသူမှာ ဝေရီလွင်ပင်ဖြစ်သည်။ သူမသည် ဆောင်းနှင်းစက်နှင့် ဒီလိုင်လာကိုလည်း ဖော်ရွေပွင့်လင်းစွာ ဆက်ဆံသည်။ အထူးသဖြင့် ဒီလိုင်လာ၏နာမည်ကို သူမ အလွန်နှစ်ခြိုက်သည်။ အစောကြီးကတည်းကသာ စိတ်ကူးရခဲ့ပါက ဤနာမည်ကို မှည့်မည်ဟုဆိုသည်။

''ဒီလိုင်လာ ...။ အရမ်းကောင်းတဲ့နာမည်ပဲ။ ဒီနာမည်ကို မှည့်ဖို့ စိတ်ကူးရတဲ့ညီမလေးကို မမ သိပ်ချစ်တယ်''

ဝေရီလွင်သည် စားပွဲထိုးကိုခေါ်ပြီး ရှနယ်(လ်)ဖိုက် ရေမွှေးတစ်ပုလင်း ချက်ချင်းဝယ်နိုင်းသည်။ ဟီ(လ်)တန်ဟိုတယ်၏ မြေညီထပ်တွင် ဆိုင်ခန်းပေါင်းများစွာ ရှိသည်။ သူမသည် ရှနယ်(လ်)ရေမွှေးပုလင်းအား ဒီလိုင်လာအတွက် ချက်ချင်းလက်ဆောင်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"စင်ကာပူက တရုတ်လူမျိုးတွေချည်းပဲမို့လို့ ခွဲထွက်သွားတာ အဆင်ပြေတယ်။ လီကွမ်ယုကလဲ ပွဲစားနိုင်ငံဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ တစ်ခုဆိုးတာက ကိုကိုရယ်၊ အဲဒီရောဂါ အရှေ့တောင်အာရှမှာ ကူးစက်ပြန့်ပွားနေတာပဲ။ မလေးရှားလဲ ပီနန်ခွဲမထွက်အောင် မနည်းလုပ်နေရတယ်။ မလေးရှားလမ်းမကြီးနဲ့ ပီနန်ကျွန်းဟာ (၈) မိုင်ခွဲလောက် ဝေးမယ်။ မလေးရှားအစိုးရဟာ အဲဒါကို တံတားထိုးပြီး ပီနန်ခွဲမထွက်အောင် ကြိုးစားရတယ်။ ပီနန်က တရုတ်တွေချည်းပဲလေ။ ဒီလိုပဲ၊ တစ်ကမ္ဘာလုံး ကိုယ့်နိုင်ငံကနေပြီး အစိတ်အပိုင်းတစ်ခုမှ ပဲ့ထွက်မသွားအောင် ကြိုးစားနေကြတာပဲလေ"

ရာစစ်မှူးသည် ဝေရီလွင်က နိုင်ငံရေးစကားများ၊ နိုင်ငံတကာရေးရာများ ပြောနေသည့်အတွက် အံ့သြနေမိသည်။ ယခင်ကဆိုလျှင် ဝေရီလွင်သည် ချွန်ချွန်သေးသေး ဒေါက်ဖိနပ်တစ်ရံကိုသာ စိတ်ဝင်စားလိမ့်မည်။ သူက နယ်ထွက်၍ ဟဲဟိုးမြို့မှ တောင်ကြီးမြို့ဘက်သို့ အထွက်တွင်ရှိသော ရှမ်းစက္ကူဖြင့် ထီးတစ်စင်းကို (၁၅) မိနစ်အတွင်း လုပ်နိုင်သူအား အင်တာဗျူးနေသည်ကို ဝေရီလွင်က လှောင်ပြောင်ခဲ့ဖူးသည်။

ဝေရီလွင်သည် ညစာစားပွဲတွင် အဓိကအစားအစာအဖြစ် နာနတ်သီးထဲတွင်ထည့်၍ ပေါင်းထားသောထမင်းကို စီစဉ်ထားသည်။ အားလုံး မြိန်ရေရှက်ရေ စားဖြစ်ကြသည်။ လေယာဉ်ပေါ်တွင်စားရတာက အဆာပြေမျှပင်။ ညစာစားပွဲတစ်ခုလုံးကို ဝေရီလွင်ကသာ ဦးဆောင်သည်။ ရာစစ်မှူးကား မြိန်မြိန်ရှက်ရှက်စားသုံး၍ဖြစ်သော ထမင်းတစ်နပ်သည် ဤမျှမကုန်ကျသင့်ဟု ထင်၏။



(၈)

ရာစစ်မှူးသည် သူ့အခန်းကို သေသေချာချာစစ်ဆေးပြီးနောက် အလွန်တရာမှပင် အံ့သြနေသည်။ သူ့ကို အရေးကြီးသည့်သည် VIP အဖြစ် Suite ခေါ် နောက်လိုက်နောက်ပါ အခြွေအရံများနှင့်တကွ တည်းခိုနိုင်သောအခန်းကို စီစဉ်ပေးထားခြင်းဖြစ်သည်။ သူ့အခန်းတွင် နှစ်ယောက်အိပ်ကုတင်ကြီးက ကြီးမားလွန်းလှသည်။ သီးခြားဧည့်ခန်းပါသည်။ အိမ်သာရေချိုးခန်းကလည်း အပုံစား။ သူသည် ဤအခန်းထဲ ရောက်သောအခါ စိတ်ချမ်းသာသွားသည်။ ထိုသို့ စိတ်ချမ်းသာခြင်းပင်လျှင် Hilton ဟိုတယ်ကြီး၏ အဓိကဝန်ဆောင်မှုလား မသိ။

ရေချိုးကန်ထဲဆင်းပြီး ရေနွေးနှင့်စိမ်သည်။ ကျကျနန ရေချိုးသည်။ ယခုမှပဲ မိမိ၏ခန္ဓာကိုယ်မှ ကြေးညှော်တွေများစွာ ထွက်လာသည်ကို သတိပြုမိသည်။ ခေါင်းလျှော်လိုက်တော့လည်း ပြန်ထွက်လာသည့်ရေတွေက ညစ်နွမ်းနေသည်။ သူသည် ရေနွေးထဲတွင် စိတ်ရှိလက်ရှိစိမ်ပြီး ရေချိုးလိုက်သည်။ ထို့နောက် ဟိုတယ်ကထားပေးထားသည့် ပဂျားမား (Pajamas) ခေါ် ညဝတ်အင်္ကျီကို မဝတ်ဘဲ မြန်မာနိုင်ငံကပါလာသော စွပ်ကျယ်နှင့် ပုဆိုးတစ်ထည်ကိုသာဝတ်သည်။

သူသည် ရုပ်မြင်သံကြားဖွင့်ကြည့်ပြီး ကျောနပ်နေချိန်မှာပင် တံခါးဘဲ(လ်)ကို တီးလိုက်သည့်ဂီတသံကို ကြားရလေသည်။ ထိုဂီတသံအတွက် သူ အဆင်သင့်မဖြစ်ပေ။ ဧည့်သည်ဟူ၍လည်း မည်သူ့ကိုမျှ မမျှော်လင့်ခဲ့ပေ။

ရာစစ်မှူးသည် တံခါးထဖွင့်ပေးရန်လည်း စိတ်မကူးမိပေ။ သူသည် တံခါးဘဲ(လ်)သံကို နာခံရင်း ဘာလုပ်ရမှန်းမသိသော လူသားတစ်ဦးသာ ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဝေရီလွင်သည် သူမဘာသာ တံခါးကိုဖွင့်၍ ဝင်လာသည်။

"ကိုကိုရယ်၊ တံခါးကို ဘာဖြစ်လို့ Lock မလုပ်ထားလဲ"

သူ ပြန်မဖြေမိ။

ဝေရီလွင်သည် သူ့ရှေ့တွင် ပေါ်လာသည်။

သူမသည် ဆံပင်တွေကို လုံးဝဖြေလျှော့ထားသည်။

သူမဝတ်ထားသော ဝတ်စုံသည် အားလုံးတောက်ပြောင်သော ရွှေရောင်ဖြစ်သည်။ အပေါ်ပိုင်းတွင် လက်မောင်းတစ်ဝက်ခန့်သာရှိသော ဝတ်စုံတွင် ကော်လာတွေက ကြီးသော်လည်း ကြယ်သီးကား လေးလုံးသာပါသည်။ ဝေရီလွင်သည် အပေါ်ဆုံးကြယ်သီးတစ်လုံးကို ဖြုတ်ထားလေရာ ရင်ညွန့်အထိ မြင်ကွင်းကလွတ်နေသည်။ သူ၏စကတ်မှာ အရောင်တူအဆင်တူဖြစ်သော်လည်း ပေါင်လယ်ခန့်အထိ တိုသည်။ ကြည့်လို့ကောင်းတာကတော့ အမှန်ပင်။

ရာစစ်မှူးသည် ဝေရီလွင်ကို တမ်းတရီဝေစွာ ငေးမောကြည့်နေမိသည်။ သူ့တို့ဆုံတွေ့ခါစ ဆယ်ကျော်သက်လွန်လုလု ၁၉၊ ၂၀ ဆိုသောအချိန်များကို သတိရသည်။ ထိုအချိန်များကို ပြန်၍ တမ်းတသည်။

သူသည် အိပ်ရာပေါ်က မထနိုင်သေး။ သူမသည် ကုတင်စွန်းမှာ လာ၍ထိုင်သည်။

"ကိုကိုနဲ့ဝေ ပြောစရာတွေ အများကြီးရှိတယ်"

ဝေရီလွင်က စိန်ခေါ်သောလေသံဖြင့် ကြွေးကြော်လိုက်သည်။ ရာစစ်မှူးသည် သူမကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ သူ့အနေနှင့် ဝေရီလွင်ကို အဆုံးစွန်အထိ သို့မဟုတ် ကန့်သတ်မဲ့ချစ်ကြောင်း ကြွေးကြော်ခဲ့ဖူးသည်။ သို့သော် ဝေရီလွင်ကို စိတ်မချ။

"ဝေ တို့ကို ဘာတွေလိမ်ဦးမလို့လဲ"

ဝေရီလွင်က ပြုံးလိုက်သည်။

"ကိုကိုရယ်၊ ဝေ ကိုကို့ကို ဘာတွေလိမ်မိလို့လဲ။ ကိုကို သေသေချာချာ စဉ်းစားကြည့်ပါ"

"အဲဒါတွေ မမှတ်မိတော့ဘူးလားဝေ"



"ဖြစ်နိုင်ပါတယ်။ ဝေတို့က အချိန်ကာလက ကုစားလို့မရတဲ့ လူသားတွေလေ။ ဟုတ်လား"

ရာစစ်မှူး မဖြေပေ။

"ကဲ ... ဝေကအဆိုပြုမယ်ကွာ။ ကိုကို ဝေ့ကို ခုထိ ချစ်နိုင်ဦးမလား"

"ဝေ့ကို တို့ ဘယ်တုန်းကမှ မမုန်းခဲ့ဘူး"

ရာစစ်မှူးက ရဲရဲ့စွာပြောသည်။

သို့သော် ...

"ဒါပေမယ့် ဝေရယ် ... ဝေ့ကို တို့ကြောက်တယ်။ ဝေ လုပ်သွားတာကို ကြည့်ဦးလေ။ တို့ ဘယ်လောက်ခံစားရမလဲ။ ဒါတွေကို ဝေသိမှာပါ"

"မှန်ပါတယ် ကိုကိုရယ်၊ ဝေမှားခဲ့ပါတယ်လို့ ပြောခဲ့ပြီးပါပကော။ ဝေတို့ အသစ်ကပြန်စရင် မရဘူးလား"

"အသစ် ..."

ရာစစ်မှူး ရေရွတ်မိသည်။

သူ ဝေရီလွင်ကို ထာဝရချစ်ကြောင်း ကြွေးကြော်ခဲ့သည်။ သူ၏အချစ်ကို သင်္ချာနည်းနှင့်သာ တွက်ရပါက ပြောင်းလဲနိုင်စွမ်းမရှိသော ကိန်းသေ (Constant) ဖြစ်ကြောင်း လူတကာကို ပြောခဲ့ဖူးသည်။ ဝေရီလွင် လုပ်ချင်တာလုပ်၊ အရာရာကို ခွင့်လွှတ်သည်ဆိုပြီး အလိုလိုက်ခဲ့သည်။ သို့နှင့် ဝေရီလွင်က သူ့ကိုခွဲသွားခဲ့သည်။ ခွဲသွားရက်သည်။

ယခု အသစ်ကပြန်စရင် မရဘူးလားတဲ့ ...။

အသစ်ကဆိုတာ ဘာလဲ ...။

သူကလည်း လူပျိုပေါက်စလေး၊ ဝေရီလွင်ကလည်း မြီးခေါင်းပေါက်မလေး။ တစ်ယောက်နှင့်တစ်ယောက် မရဲတရဲ မဝံ့တဝံ့ကြည့်ရင်း ရည်းစားစကား စပြောကြရမှာလား"

"ဝေပြောတာ တို့မရှင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရှင်းအောင် ဝေပြောရမလား"

"ပြောပါ၊ ခွင့်တောင်းစရာ ဘာလိုလို့လဲ"

"ဝေက ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ကိုကိုနဲ့ ပြန်ပေါင်းချင်ပါတယ်လို့ အဆိုပြုပါတယ်။ အဲဒါကို ကိုကို သဘောတူသလား"

ဝေရီလွင်သည် သူ့အနားသို့ချဉ်းကပ်ပြီး ပြောသည်။ သူမ၏ အပေါ်ဝတ် ကျွတ်သွားသောအခါ ရာစစ်မှူး များစွာအံ့သြရသည်။ မိန်းမသားတို့အတွက် ကိုယ်ခန္ဓာကို လိုအပ်သလိုပြုပြင်နိုင်သော အတတ်ပညာကိုလည်း များစွာချီးကျူးမိသည်။ ရာစစ်မှူးသည် ဝေရီလွင်ဟု အမည်ရှိသော လွန်ခဲ့သော ဆယ်နှစ်၊ ဆယ့်ငါးနှစ်ခန့်က ဆယ်ကျော်သက်ကလေးတစ်ယောက် သူ့ရှေ့ရောက်နေသကဲ့သို့ ခံစားရသည်။

"ပြောလေကိုကိုရယ် ...။ ကိုကို ဝေ့ကို မချစ်တော့ဘူးလား။ ကိုကိုပြောတော့ ဝေ့ကို ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ် ချစ်နေမယ်ဆို။ ဝေ့ကို အမြဲတမ်းခွင့်လွှတ်တယ်ဆို။ ဝေ့အပြစ်တွေအားလုံး ဝေဝန်ခံပါတယ်။ ကိုကိုအပြစ်တင်ချင် တင်ပါ။ ဝေ မငြင်းပါဘူး။ ဝေသိချင်တာက ကိုကို အရင်တုန်းကလိုပဲ ဝေ့ကို ချစ်သေးရဲ့လား"

ဝေရီလွင်သည် သူနှင့် နီးကပ်သည်ထက် နီးကပ်ပြီး သူနှင့် ကိုယ်ချင်းထိလာသည်။ တကယ်တော့လည်း ရာစစ်မှူးသည် ဝေရီလွင်ကို ငြင်းဆန်ရန် ခွန်အားမရှိပေ။ သူလည်း သွေးနှင့်ကိုယ် သားနှင့် ကိုယ်ပင်။

လှပပြီး ကြံ့ခိုင်တောင့်တင်းသော မိန်းမတစ်ယောက်၏ အနီးကပ် ချော့မြူသွေးဆောင်ခြင်းကို တော်ရုံယောကျ်ားတစ်ယောက်မှာ ရှောင်တိမ်းရန်ခက်လှစွာ၏။ ရာစစ်မှူးသည် သူရင်ဆိုင်နေရသည်မှာ ဝေရီလွင်မဟုတ်ဘဲ မိန်းမပျက်တစ်ယောက်သာ ဖြစ်လိုက်ပါတော့ဟု စိတ်ထဲတွင် စဉ်းစားမိသည်။ မိန်းမပျက်တစ်ယောက်သာ ဖြစ်လိုက်ပါတော့။





"ကိုကို ဝေ့ကို မချစ်ဘူးလား။ လင်မယားဘဝတုန်းကလို မနေနိုင်ဘူးလား။ ဒါဆိုရင်လဲ ဝေ့ကို အခကြေးငွေပေးပြီး ခေါ်ထားတဲ့ မိန်းမပျက်တစ်ယောက်လို့ပဲ ထင်လိုက်ပါ"

ထိုစကားကြားရတော့ ရာစစ်မှူး ထိတ်လန့်သွားသည်။

"ဝေ အဲ့ဒီလိုမပြောနဲ့လေ"

တယ်လီဖုန်းသံ မြည်လာသည်။

ရာစစ်မှူးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်စဉ်မှာပင် ဝေရီလွင်သည် သူနှင့် အရင်းနှီးဆုံး၊ ရင်းနှီးခဲ့ဖူးသော အနေအထားမှာမှ ချစ်စရာအကောင်းဆုံး အသွင်အပြင်မျိုးဖြစ်အောင် ပြင်ဆင်လိုက်လေပြီ။ ရာစစ်မှူးသည် တယ်လီဖုန်းနားထောင်ရင်း သူနှင့်အရင်းနှီးခဲ့ဆုံး မိန်းမ၏ အရင်းနှီးနိုင်ဆုံးသော ရုပ်သွင်ကိုကြည့်ရင်း စိတ်လှုပ်ရှားနေသည်။ ဆောင်းနှင်းစက်က ...

"ဆရာ ... သမီးတို့အခန်းက ရေချိုးခန်းမှာ ခလုတ်တစ်ခု ပျက် ..."

"ဟိုတယ် Service ကို အကြောင်းကြားလိုက်လေ"

သူသည် စကားကိုဖြတ်ပြောပြီး ဖုန်းကိုချပစ်လိုက်သည်။



www.burmeseclassic.com

# အခန်း-၆

## (က)

စင်ကာပူတွင်ရှိစဉ်အတွင်း ဝေရီလွင်သည် ရာစစ်မှူးနှင့် ဆောင်းနှင်းစက်၊ ဒီလိုင်လာတို့လူစုအား လိုက်ပို့စရာရှိသည်တို့ကို လိုက်ပို့ပေးလေသည်။ သူတို့သည် စင်ကာပူရှိ နာမည်ကြီး ချစ်တီးထမင်းဆိုင်တွင် ထမင်းစားကြရသည်။ ထိုဆိုင်တွင် ရာစစ်မှူးသည် ဝေရီလွင်နှင့်အတူ ဝီစကီသောက်ဖြစ်ကြသည်။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာကား မသောက်ကြပေ၊ သူတို့သည် မြန်မာဆန်ဆန်ပင် ထမင်းကို လက်ဖြင့် အားရပါးရ နယ်ဖတ်စားသောက်ခဲ့ကြရာ များစွာခံတွင်းတွေ့ပြီး များစွာလည်း ကျေနပ်ခဲ့ကြပေသည်။

မူစတာဖာစတိုး(ခေါ်) ကုန်တိုက်ကြီးတွင်ကား အပ်မှစ၍ မော်တော်ကားအထိ ရနိုင်သည်ဆိုသော်လည်း မြန်မာမှန်းသိသည်နှင့် နောက်ကလူသုံးယောက်ကလိုက်၍ သတိထားစောင့်ကြည့်နေသောကြောင့် စိတ်အနှောက်အယှက်ဖြစ်ကြရလေသည်။

"အဲဒါ ဘာကြောင့်မှမဟုတ်ဘူး ကိုကို။ မြန်မာနိုင်ငံကနေ ထွက်ပြေးလာတဲ့သူတွေ၊ တရားမဝင် လာစ်လာတဲ့သူတွေကြောင့်ပဲ။ သူတို့က ဒီလိုကုန်တိုက်ကြီးတွေမှာ လုံခြုံရေးကင်မရာတွေ တပ်ထားမယ်ဆိုတာကို မစဉ်းစားမိခဲ့ကြဘူး။ တရားမဝင် လာကြတာဆိုတော့ စားရေးသောက်ရေးက အဆင်မပြေဘူး။ စင်ကာပူလိုနိုင်ငံမျိုးကလဲ အင်မတန် စည်းကမ်းတင်းကျပ်တဲ့ နိုင်ငံ။ ကုန်တိုက်တွေထဲမှာ အတို





အလျှိုလုပ်မိတော့ မမိဘဲ ဘယ်နေပါ့မလဲ။ မိတာပေါ့။ အဲဒီမှာ မြန်မာတွေဆိုပြီး နာမည်ကြီးတော့ လူမျိုးရော၊ တိုင်းပြည်ရော အရှက်ကွဲတော့တာပဲ။ ဝေတို့တွေက ဒါတွေကိုလိုက်ပြီး အဖတ်ဆယ်နေရတယ်။ ဒါတွေက အနှစ်(၂၀)ကျော်တော့ ရှိပါပြီ။ ကြာပေမယ့် အနာမကျက်နိုင်ဘူး"

"ဒါပေမယ့် တို့နောက်ကို ဒီလိုတကောက်ကောက်လိုက်ပြီး Check လုပ်နေတာတော့ စိတ်ထဲမှာ အနှောက်အယှက်ဖြစ်တယ်ကွာ။ ဘာပဲပြောပြော ငါတို့လူမျိုးဟာ အင်မတန်မြင့်မြတ်တဲ့လူမျိုးပါ။ ဂျလေဘီတွေ၊ အာပလာ ကလေကချေတွေကြောင့် ပျက်ရတဲ့နာမည်ကို ရာဇဝင်ကြွေးလို့ မှတ်ထားမယ်"

သူတို့အားလုံး မူစတာဖာစတိုးမှ ပြန်လည်ထွက်ခွာလာကြသည်။ ဝေရီလွင်က *Toys r us* ကုန်တိုက်ကြီးသို့ ခေါ်သွားသည်။ ထိုအချိန်တွင် ညီညီလိုက်ပါလာခြင်းမရှိ။ သူ အလုပ်ကိစ္စတွေ လျှောက်လုပ်နေသည်။ သူတို့သည် စင်ကာပူတွင် စိတ်ရှိလက်ရှိ လည်ကြရသည်။ *Toys r us* ကုန်တိုက်ကြီး၏ အပေါ်ဆုံးထပ်ရောက်မှ အောက်ဆုံးထပ်ရှိ Stage Show ကို လှမ်းမြင်ကြသည်။ Country (ခေါ်) အမေရိကန် ကျေးလက်သီးများ၊ တစ်နည်းအားဖြင့် ဝက်(စ်)တန် (ခေါ်) ကောင်းဘွိုင်သီချင်းများ တီးခတ်သီဆိုနေသည်မှာ လွန်စွာမှပင် နားထောင်ကောင်းလှသည်။

တီးဝိုင်းကို အပေါ်စီးမှမြင်ရသည်။ တေးသံရှင်နှင့် တီးဝိုင်းအဖွဲ့အားလုံး ကောင်းဘွိုင်များကဲ့သို့ ဝတ်စားထားသည်။ မက္ကဆီကန်များကဲ့သို့ အနားကျယ်သောဦးထုပ်ကြီးများကို ဆောင်းထားရာ မျက်နှာကို မမြင်ရပေ။ အားလုံး သေနတ်တွေ ခါးချိတ်ထားကြသည်။ ဒီလိုင်လာသည် အငြိမ်မနေနိုင်တော့။

"သမီးက Oldies တွေ၊ Country Songs တွေ အရမ်းကြိုက်တယ်။ အနားက သွားကြည့်လို့ရမလား"

"ရပါတယ်"

ဝေရီလွင်က ပြုံးပြီး ပြောသည်။

www.burmeseclassic.com



သူတို့အားလုံး ဓာတ်လှေကားများဖြင့် ဆင်းကြသည်။ ဓာတ်လှေကားက အောက်သို့ရွေ့လျားနေသည့်တိုင် လှေကားထစ်တွေကို ဒီလိုင်လာသာမက ဆောင်းနှင်းစက်ပါ ခုန်ကျော်၍ ဆင်းကြသည်။

မြင်ရပါပြီ။

Country Stage Show ...

Western (ခေါ်) Cowboy သီချင်း သီဆိုနေသူများ။

ဖွူဖွူဆွတ်ဆွတ် တရုတ်များနှင့် မည်းမည်းသည်းသည်း ကုလားများဖြစ်ကြသည်။ သူတို့သည် အမေရိကန်သီချင်းများကို ပီသစွာ သီဆိုနေကြသည်။ အသံပဲကြားနေရရင် ကိစ္စမရှိပါ။ အရုပ်ပါ တွေ့ရတော့ ...

"အန်ချင်တယ်ဟာ"

ဒီလိုင်လာက ရေရွတ်သည်။

"ငါက အဲဒီလိုမထင်ဘူး"

ဆောင်းနှင်းစက်၏ မှတ်ချက်။

"နှင်တို့တွေဟာ တကယ်တော့ စူးစူးရောက်ရောက် ရှိကြတယ်"

"ဘာကိုပြောတာလဲဆရာ"

ဒီလိုင်လာက ရာစစ်မှူးကို ပြန်မေးသည်။

"စူးစူးရောက်ရောက်ရှိတယ်ဆိုတာက စူးရောက်တယ်လို့ ပြောတာ"

"အဲဒါ ဘာကိုပြောတာလဲဆရာ"

ဆောင်းနှင်းစက်က ထပ်မေးသည်။

"စူးရောက်ဆိုတာ ညည်းတို့ တကယ်မသိဘူးလား"

"မသိဘူး"

"စူးရောက်ကို ပြောင်းပြန်ယူလိုက်"

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာ စဉ်းစားနေကြသည်။

ဒီလိုင်လာက ...





"ဟယ် ... ငါတို့ကို အရူးလို့ပြောနေတာလား၊ မကောင်းဘူး"

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာ သူတို့၏ဆရာ ရာစစ်မှူးကို ဝိုင်း၍ လက်သီးဆုပ်ကလေးများဖြင့် ထုနေကြသည်ကို ဝေရီလွင်က ပြုံး၍ကြည့်နေသည်။

သူတို့သည် စင်ကာပူတွင် နှစ်ညအိပ်ကြသည်။ ထို့နောက် ကွာလာလမ်ပူသို့ လေကြောင်းခရီးဖြင့် သွားကြရာ အချိန်မကြာလိုက်ပေ။ ရထားနှင့်သွားလျှင် ပို၍အဆင်ပြေသည်ဟု ညီညီကပြောသော်လည်း ဝေရီလွင်က စီစဉ်ပြီးဖြစ်နေသည်။ ကွာလာလမ်ပူလေဆိပ်သစ်ကြီးသည် မြို့တော်နှင့်ဝေးလှသေးသည်။ စတုရန်းကီလိုမီတာ (၅၀၀) မက ကြီးမားကျယ်ဝန်းသည်။ ကွာလာလမ်ပူရောက်တော့ အစ်စတန်နာ ဟိုတယ်တွင် တည်းကြရသည်။ ညီညီက တစ်ခြားမှာ။ ဝေရီလွင်လည်း မပါ။

ဒီလိုင်လာနှင့် ဆောင်းနှင်းစက်တို့ နှစ်ယောက်ခန်းတစ်ခန်းတွင် နေရာယူကြရသည်။ စင်ကာပူတွင် ဈေးဝယ်၍ကောင်းသည်ဆိုပြီး ခင်းကန့်ဝယ်ယူကြလေရာ သူတို့ယူလာကြသော သားရည်ဖစ်ဆွဲ သေတ္တာကလေးများမှာ ထည့်၍မလောက်နိုင်တော့ပေ။ ထို့ကြောင့် သေတ္တာတစ်လုံးစီ ထပ်ဝယ်ကြရသည်။ သူတို့၏သေတ္တာများတွင် ဆွဲဆန့်လိုက်လျှင် ရှည်ထွက်လာသော လက်ကိုင်ကိုင်းများနှင့် ဘီးများပါသဖြင့် အလွယ်တကူပင် ဒရွတ်တိုက်ဆွဲသွား၍ ရပေသည်။

နှစ်ယောက်သား ရေကိုလုချိုးကြ၊ အဝတ်အစားလဲကြနှင့် အလုပ်ရှုပ်၍မှ မပြီးခင် တယ်လီဖုန်းက မြည်လာလေသည်။

"ဆရာလားမသိဘူး။ နင်ကိုင်လိုက်"

ဒီလိုင်လာကပြောရာ ဆောင်းနှင်းစက် အဝတ်အစားလဲ၍ မပြီးခင်မှာပင် တယ်လီဖုန်းကို ပြေးကိုင်ရလေ၏။

"ဆရာလားဟင်"

"မဟုတ်ဘူး၊ ကောင်မလေးတွေ အဝတ်အစားလဲလို့ မပြီးသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ညီညီ၏အသံကြားရသည်။

"ပြီးတော့မယ်"

"နာရီဝက်ကြာရင် ဆင်းလာခဲ့။ လော်ဘီထဲကနေ စောင့်နေမယ်"

"ဆရာရောဟင် ..."

"နင်တို့ဆရာ ရှိပါတယ်ဟာ ထွက်မပြေးပါဘူး"

"ဆရာက ဒီအထပ်မှာပဲဟုတ်လား"

"နင်တို့က အထပ် (၂၀) မှာလေ။ နင်တို့နဲ့တစ်ထပ်တည်းပဲ။ မျက်နှာချင်းဆိုင်အခန်းမှာ။ ဒါပေမယ့် သူ အခန်းထဲမှာမရှိဘူး။ ငါ့အနားမှာ"

"ဟယ် ... ဆရာက မြန်လိုက်တာ"

ဆောင်းနှင်းစက်သည် တယ်လီဖုန်းချပြီးနောက် ပိုမို၍ သွက်လက်ဖျတ်လတ်သွားရသည်။

"ဆရာက အပြင်တောင်ရောက်သွားပြီဟာ"

"ယောက်ျားလေးဆိုတော့ မြန်တာပေါ့မိဆောင်းရဲ့"

"အေးလေ ... ဆရာက ခေါင်းတောင်ဖြီးတာမဟုတ်ဘူး။ လက်နဲ့ပဲသပ်ချနေလို့ ငါပဲဖြီးပေးနေရတာ။ အခုလဲ ဆံပင်တွေဖရိုဖရဲနဲ့ လစ်သွားပြီထင်ပါရဲ့"

"မပူပါနဲ့၊ ညီညီကတော့ အမြင်မတော်ရင် ပစ်မထားပါဘူး"

ဆောင်းနှင်းစက်အတွက်ကား ခရီးလမ်းတစ်လျှောက်လုံး သူ့ဆရာ ရာစစ်မှူးအတွက်သာ စိတ်ပူနေရသည်။ ရာစစ်မှူး၏ အလုပ်ကိစ္စနှင့်ပတ်သက်သော စာရွက်စာတမ်းများ ထည့်ထားသည့်လက်ဆွဲသေတ္တာမှာ သူမထံတွင်ရှိသည်။ သူတို့၏ မီဒီယာနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း၊ အလှမ်းကျယ်မှု၊ အဆက်အသွယ်များ လည်ပတ်နေပုံ အစရှိသည်တို့ကို ဖော်ပြနိုင်သော လက်ဆွဲကွန်ပျူတာမှာလည်း သူမထံတွင်ရှိသည်။ လေးလံသောကွန်ပျူတာကို သူမက ဆွဲလာရလေ့ရှိပြီး ပေါ့ပါးသော ဘရိ(ဖ်)ကေ့(စ်)ကို ဒီလိုင်လာက ဆွဲလာသည်။ ယနေ့ညတော့ ဒါတွေမလိုဟု ဆိုသည်။ သူတို့နှစ်ယောက် အစွမ်းကုန်ပြင်ဆင်ခြယ်သကြသည်။ စင်ကာပူကဝယ်လာသော ရှုံးဝတ်စုံဆန်ဆန် စတပ်(ဖ်)ကုတ်နှင့် စကတ်အကျီတွေကို ပိုးသားရှပ်အကျီအဖြူ ဆင်တူဖြင့် ဝတ်စားကြပြီး လည်စီးဆင်တူလေးတွေ စီးသည်။

ထိုအချိန်တွင် ရာစစ်မှူးနှင့် ညီညီသည် အစ်စတန်နာဟိုတယ်ကြီး၏ မြေညီထပ်ရှိ ပင်မဧည့်ခန်းဆောင်ကြီးနှင့် တစ်ဆက်တည်းသော ဆိုင်ခန်းများအနက်မှ ဆေးပြင်းလိပ်ရောင်းသောဆိုင်ထဲ ရောက်နေကြသည်။

တစ်ဆိုင်လုံး ဆေးရွက်ကြီးနံ့ သင်းနေသည်။

၎င်းဆိုင်တွင် ကျူးဘားဆေးပြင်းလိပ် ရသကဲ့သို့ မြန်မာဆေးပြင်းလိပ်ရသည်။ ဆေးပြင်းလိပ်မီးညှိရန် သစ်သားမီးခြစ်၊ ဓာတ်ငွေ့မီးခြစ်၊ ဖစ်ပိုမီးခြစ် မျိုးစုံရသည်။ ဆေးပြင်းလိပ်ထည့်ရန် သေတ္တာအမျိုးမျိုးရှိသည်။ ဆေးပြင်းလိပ်နှစ်လိပ်တွဲ၊ သုံးလိပ်တွဲ အတောင့်လိုက်ထည့်ပြီး ဆောင်သွားနိုင်သော သားရေညှိအမာအိပ်တွေရှိသည်။ ဆေးပြင်းလိပ်မီးညှိရန် ထိပ်ကိုဖြတ်မည့် ကတ်ကျေးအမျိုးမျိုးရှိသည်။ တိတိရိရိ ကန့်လန့်ဖြတ်ညှပ်မည့် ကတ်ကျေးလား၊ မွှာတာတာလေးဖြစ်သွားအောင် ကိုက်ပစ်ရမည့် ညှပ်မျိုးလား ကြိုက်တာရမည်။ ဆေးပြင်းလိပ်နှင့် ပတ်သက်လျှင်ကား ကြော်ငြာဆိုင်းဘုတ်မျိုးစုံ၊ ပိုစတာမျိုးစုံကပင် စိတ်ဝင်စားစရာ ကောင်းလှသည်။ သဲသောင်ပြင် အပါအဝင် ရှုခင်းအမျိုးမျိုး နောက်ခံတွင် ရိုက်ဖိုကြီးငယ် အသွယ်သွယ်ကို ဖော်ပြနေသော မိန်းမချောလေးများက ဆေးပြင်းလိပ်ခဲနေကြသည်။ ဆေးရွက်ကြီးကို ရွှေရွက် (Gold Leaf) ဟူ၍ပင် တင်စားထားသည်။

ရာစစ်မှူးသည် ဆေးရွက်ကြီးနှင့်ပတ်သက်၍ မြင်ရတွေ့ရသမျှကို အံ့သြနေသည်။







www.burmeseclassic.com

www.burmeseclassic.com

"ဆေးလိပ်သောက်တာဟာ ကျန်းမာရေးကို အင်မတန်ထိခိုက်စေတယ်ကွ။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်တာ ဆေးလိပ်ကြောင့်ပဲ။ ဆေးလိပ်ကထွက်လာတဲ့ နစ်ကိုတင်းဂျီးတွေက သွေးကြောထဲမှာ ရေပိုက်သံချေးတက်သလို တွယ်ကပ်နေရော။ ကြာတော့ သွေးကြောတွေကျဉ်းကုန်ရော"

ညီညီက သူ့ကို သရော်တော်တော် ပြုံးကြည့်နေသည်။

ရာစစ်မှူးက ဆက်လက်၍ ...

"ဆေးပြင်းလိပ်ဆိုတော့ ပိုဆိုးတာပေါ့ကွာ။ ဆေးပြင်းလိပ်ဆိုကတည်းက ဆေးရွက်ကြီးချည်းပဲ။ ပြင်းပြီပေါ့။ ဆေးပေါ့လိပ်က ဆေးရိုးတွေဘာတွေ ရောထားတာ။ စီးကရက်လဲ ပျော့သေးတယ်"

"ဒီမှာ ဆေးပြင်းလိပ်ရဲ့ဈေးနှုန်းတွေကို မင်းတွေ့လား"

ရာစစ်မှူး လိုက်ကြည့်နေသည်။

"တစ်ဒေါ်လာတန်ဆိုတာ စက္ကူပုံးထဲမှာ ရောကောသောကောရောင်းတာကွ။ ငါးဒေါ်လာတန်တွေ တစ်လိပ်ချင်းရောင်းတာ တွေ့လား"

"ဒီကကောင်တွေ ရူးလို့ဖြစ်မှာပေါ့။ ကမ္ဘာပေါ်မှာ ဆေးလိပ်နဲ့ဆေးရွက်ကြီးကို တိုက်ဖျက်နေတယ်။ ငါတို့ဆီမှာဆိုရင် ဆေးပြင်းလိပ်သောက်တဲ့ အလေ့အထ ပျောက်သလောက်ရှိနေပြီ။ အဘဘိုးမင်းခေါင်ကိုဆက်ဖို့ ဆေးပြင်းလိပ်တောင် ဆိုင်တိုင်းမှာမရှိလို့ ဝယ်ချင်တိုင်းဝယ်မရဘူး။ စီးကရက်ပဲ ဆက်နေရတယ်လို့ ကိုးကွယ်တဲ့သူတွေကပြောတယ်"

"ဒါပေမယ့် ဆေးပြင်းလိပ်ရဲ့ အရေးပါမှုက မသေးဘူးနော်။ ကမ္ဘာပေါ်မှာ ကျူးဘားက ဆေးပြင်းလိပ်ကို လူကြိုက်အများဆုံးပဲ။ ဈေးလဲအကြီးဆုံးပဲ။ ငါတို့ဆီက ဆေးရွက်ကြီးဟာလဲ နိုင်ငံတကာအဆင့်မှီတယ်။ ဆေးရွက်ကြီးကို ရှလကာရည်နဲ့ နယ်ပြီးပေါင်းတယ်။ အရက်နဲ့နယ်တယ်။ မော်ဖင်းတင်ချာဆိုတာ ကလေးမွေးရင် မိန်းမတွေကို တိုက်တဲ့ဆေးပဲ။ အဲဒါနဲ့ နယ်ရတယ်။ ပျားရည်နဲ့နယ်ရင်လဲ ပိုမွှေး





တယ်လို့ ပြောတယ်။ အဲဒီဆေးရွက်ကြီးမျိုးနဲ့လိပ်တဲ့ ဆေးပြင်းလိပ်ဟာ အရှေ့တောင်အာရှကို ကောင်းကောင်းတိုးနိုင်တယ်။ အဲဒါကို မင်းသိလား"

"လူတွေ အသက်တိုမယ့်အလုပ်ပဲ ညီညီ"

ညီညီ စိတ်ပျက်သွားသည်။

"မင်းက ဘုရားဖြစ်မယ့် အုတ်ခဲကျိုးလား။ ကမ္ဘာပေါ်မှာ လက်နက်ကုန်သည်ကြီးတွေ အရမ်းချမ်းသာတာ။ စီးကရက်ကုန်သည်ကြီးတွေ အရမ်းချမ်းသာတာ။ သူတို့ မင်းလို တစ်ခါမှ မစဉ်းစားမိကြဘူး။ ငါလဲ လက်နက်ကုန်ကူးချင်တယ်။ အရင်းအနှီးများလွန်းလို့ မတတ်နိုင်ဘူး။ လုပ်မလို့တော့ ကြိုးစားတာပဲ။ စီးကရက်ကုမ္ပဏီ လုပ်မလို့။ ငါတို့နိုင်ငံအပါအဝင် အရှေ့တောင်အာရှမှာ စီးကရက်ကြော်ငြာကို တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားတော့ နာမည်ရပြီးသား ဟံဆိပ်ကြီးတွေကို မကျော်နိုင်ဘူး။ ဆေးပြင်းလိပ်ကတော့ ကြော်ငြာစရာလဲမလိုဘူး။ သူ့ဈေးကွက်နဲ့ သူပဲ"

"မင့်ဟာက သောက်မယ့်လူမှ ရှိပါ့မလား"

"မင်း ဒီဆိုင်ကိုပဲကြည့်လေ။ ဆေးပြင်းလိပ်ဆိုင်က ရွှေဆိုင်ဆက် သားနားတယ်မဟုတ်လား"

ရာစစ်မှူး မဖြေနိုင်ပေ။

"သမ္မတကလင်တန်နဲ့ မော်နီကာလူဝင်းစကီး အရှုပ်တော်ပုံကို မှတ်မိတယ်မဟုတ်လား။ အဲဒီတုန်းက ငါ ချင်းရိုင်းဘက်မှာ သနုတ်ကိုင်နေရတဲ့ အချိန်။ ကလင်တန်ရဲ့ထွက်ဆိုချက်တွေကို CNN က တိုက်ရိုက်လွှင့်ပေးတာကို ကြည့်ရတယ်။ ကလင်တန်က ဆေးပြင်းလိပ်ကို ဘယ်လိုသောက်တယ်ထင်လဲ။ ဆေးပြင်းလိပ်ကို အရသာခံသောက်ဖို့ မော်နီကာလူဝင်းစကီးကိုပါ ခေါ်ရတာကွ"

ညီညီက သူ့အစ်ကိုကို တစ်တစ်ခွခွပင် သူငယ်ချင်းပြောပြသည်။

"မင့်ဟာက ဟုတ်ရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com


"မင်းမယုံရင် စမ်းကြည့်ပေါ့"

"ထွီ ရွံစရာကြီး"

"အေး ... အဲဒါကြောင့်လဲ ..."

ညီညီက စကားကို ရပ်ပစ်သည်။

"ကဲ ... ကောင်မလေးတွေ ဆင်းလာပြီး လော်ဘီထဲမှာ ယောင်လည်လည်ဖြစ်နေဦးမယ်။ ငါသူတို့ကို ခေါ်သွားပြီး ညစာကျွေး လိုက်မယ်။ မင်းကို မမလာခေါ်လိမ့်မယ်။ မင်း သူနဲ့လိုက်သွားပေတော့ သူကျွေးမယ့်ညစာက ငါတို့စားမယ့်ညစာထက်တော့ အပြတ်သားနား မှာပါ"

ရာစစ်မှူးငြိမ်နေသည်။

"အိုက်တင်ခံမနေစမ်းပါနဲ့ကိုကိုရာ။ ဪ ... ဒီနေ့ည မင်း နဲ့သူနဲ့ပတ်သက်လို့ မင်းဘာလုပ်ရမလဲဆိုတာကို သေသေချာချာ ဆုံး ဖြတ်။ မင်းက မင်းဟာ တစ်သက်လုံး သူ့ဘာလုပ်လုပ် ထောက်ခံနေ မယ်လို့ ပြောထားတာနော် ...။ သူကတော့ မင်းကို တစ်ခုခု အကူ အညီတောင်းတော့မယ်ထင်တယ်။ နောက်ဆုံးကျတော့လဲ သူအားကိုး တာ မင်းပါပဲ။ မင့်လောက် အနစ်အတာခံတာကို သူ ကမ္ဘာပတ်ပြီး ရှာပြီးပါပြီ။ တွေ့မှာလဲမဟုတ်ပါဘူး။ ဒါပေမယ့်ကိုကို သူဆိုးသမျှကို ညည်းညည်းမခံနိုင်တဲ့သူတွေဟာ သူ့ရန်သူတွေ ဖြစ်လာလောက်ပြီ"

သူတို့ညီအစ်ကို ဆေးပြင်းလိပ်ဆိုင်ထဲက ထွက်လာသည်။ သူတို့ဖုန်းဆက်ပြီး စောင့်နေသည်မှာ နာရီဝက်ခန့်ကြာပြီမို့ ဆောင်းနှင်း စက်နှင့် ဒီလိုင်လာ ဆင်းလာလောက်ပေပြီ။ သို့သော် လော်ဘီ (ခေါ် ပင်မဧည့်ခန်းဆောင်ကြီး)တွင် မချောနှစ်ယောက်ကို မတွေ့ရပေ။ (၁၀) မိနစ်ခန့်ရှာတော့မှ ဒုစ္စကိုကလပ်တွင် သူများတွေကနေတာကို ငေးငေး ကြည့်ရှုနေသော ဆောင်းနှင်းစက်တို့နှစ်ယောက်ကို တွေ့ရသည်။

"နာရီဝက် ဝမ်နင်ပေးထားရင် (၁၅) မိနစ်မှာ ရောက်ရတယ် ဟာ။ နင်တို့ ဒီလောက်ကြာရလား"

"ဟို ... ဓာတ်လှေကားထဲမှာလေ။ ခလုတ်တွေမှားနှိပ်တော့ (၂၈) ထပ်ရောက်သွားတယ်။ အဲဒီကဆင်းလာလိုက်တာ (၁၀)ထပ် ရောက်တော့ ရပ်သွားပြန်ရော။ (၁၅) ထပ်ကျတော့ ရောက်ပြီထင်ပြီး အပြင်ထွက်လိုက်တာ"

"အဲဒါ အားကစားခန်းမနဲ့ အင်ဒိုးရေကူးကန်ပဲ။ လော်ဘီနဲ့ အကွာကြီးပါ"

ဒီလိုင်လာက ဆက်ရှင်းပြသည်။

"ဓာတ်လှေကားပြန်စောင့်ပြီး ဆင်းလိုက်တာ အပေါ်ပြန် ရောက်သွားပြန်ရော။ တစ်ခြားလူတွေလဲ ပါတာကိုး။ သမီးတို့ တောကျ တာပါ"

ညီညီက ရယ်သည်။

"ကဲ ... ငါတို့အပြင်မှာ ညစာသွားစားမယ်။ ညည်းတို့ဆရာ ဧည့်သည်တွေ့စရာရှိလို့ ထားခဲ့ရမယ်။ ကုန်တိုက်တွေလဲ ငါပို့ပေး မယ်"

ဆောင်းနှင်းစက် မျက်နှာညှိုးသွားသည်ကို ရာစစ်မှူး တွေ့ သည်။

www.burmeseclassic.com

# [၁]

ဝေရီလွင်သည် ရာစစ်မှူးအား မာစီဒီး(စ်)ဘင့်(ဇ်)ကားကြီးဖြင့် လာခေါ်သည်။

"ဒီမှာလဲ စင်ကာပူမှာလိုပဲ၊ မြန်မာနိုင်ငံနဲ့တူတဲ့ ရပ်ကွက်လေး တစ်ခုရှိတယ်။ ဝန်ကြီးများရုံးပုံစံပေါ့။ ဒီရပ်ကွက်ကို တိုးချဲ့ခွင့်မပြုဘူး။ အဆောက်အအုံအသစ်တွေ ဆောက်ခွင့်မပေးဘူး"

ဝေရီလွင်က ကားကို လှည့်ပတ်မောင်းစေပြီး လိုက်လံပြသသည်။ မြန်မာနိုင်ငံနှင့် တူသည်ဆိုသောရပ်ကွက်မှာ အင်္ဂလိပ်ကိုလိုနီခေတ်၏ အမွေအနှစ်ဖြစ်ပြီး အဆောက်အအုံကတော့ ပုံစံတူသော်လည်း များစွာသေးငယ်သည်။ အထပ်မြင့်တိုက်ကြီးများကြားတွင် ဝပ်နေသော ထိုရပ်ကွက်ကို ကမ္ဘာလှည့်ခရီးသွားတွေ လာကြသည်ဟုဆို၏။ နှစ်ထပ်သုံးထပ်မှ လေးငါးထပ်ခန့် အဆောက်အအုံတွေသာ ရှိသည်။ ကွာလာလမ်ပူမြို့သည် ပွတ်သီပ်နေသောတောင်ကုန်းများ၊ တောင်ပူစာများပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ရာ မိုးပျံတံတားများ၊ အထပ်လိုက်ရှိနေသာလမ်းများနှင့် အထပ်နှစ်ဆယ်၊ သုံးဆယ်အဆောက်အအုံတွေက ထိုးထိုးထောင်ထောင်ရှိနေသည်။ ကမ္ဘာ့အမြင့်ဆုံးတွင်ပါဝင်သော တာဝါညီနောင်ကို အဝေးကပင် မကြာခဏ လှမ်းမြင်ရလေ့ရှိသည်။

"အခုသွားမှာက Thousand Club တဲ့။ တစ်ထောင်ကလပ်ဆိုတာက အသင်းသားတစ်ထောင်ပဲရှိတယ်။ ပိုလဲမပိုဘူး၊ လျော့လဲ မလျော့ဘူး။ Club Member တစ်ယောက် အကြောင်းအမျိုးမျိုးကြောင့် လျော့သွားရင် သူ့ရဲ့အမွေဆက်ခံသူက လျှောက်ထားနိုင်တယ်။ လျှောက်မယ့်သူမရှိဘူးဆိုမှ တစ်ခြားလျှောက်ထားတဲ့သူတွေထဲကနေ ရွေးယူတာ"





"ဝေရီလွင် ဒီကလပ်ရဲ့ မင်ဘာလား"

ဝေရီလွင် ရယ်လိုက်သည်။

"ဝေက ဝယ်ယူထားတာ ...။ ကလပ်မင်ဘာတစ်ယောက်က သူ့မင်ဘာကပ်ကို တစ်ခြားတစ်ယောက်ကို လွှဲပြောင်းပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် ဘုတ်က သဘောတူရတယ်"

"ဘယ်သူ့ဆီက ဝယ်တာလဲ"

"အာမက်အလီရဲ့ ဦးလေးဆီက။ သူက ကင်ဆာနဲ့ လဲနေတာကြာပြီ။ မြိုးမြိုးမြက်မြက်ကလေးရလို့ ရောင်းတာ။ လာလဲ မလာနိုင်တော့ဘူးလေ"

"မင်ဘာကဒ်က သူ့နာမည်ကြီးနဲ့ပေါ့"

"မဟုတ်ဘူးကိုကို၊ သူအ အမွေလွှဲပေးလိုက်တာ"

ရာစစ်မှူး ခေါင်းစားနေသည်။

ကလပ်ကိုရောက်တော့မှ ဤကဲ့သို့သောနေရာမျိုးကို ဘော်တန်ရုံသူဌေးများပင် အနားမကပ်နိုင်ကြောင်း သဘောပေါက်မိတော့သည်။ အဆောက်အအုံများမှာ သီးခြားအိမ်ကလေးတွေဖြစ်သည်။ လမ်းလေးတွေက ကွေ့ကောက်နေသည်။ သီးခြားအဆောင်လေးများမှာ တစ်ချို့အမြင့်တွင်ရှိပြီး တစ်ချို့ အနိမ့်တွင်ရှိသည်။ ဝေရီလွင်သည် သီးခြားအဆောင်တစ်ခုတွင် နေရာယူသည်။ စားသောက်ခန်းတွင် သူတို့နှစ်ယောက်သာရှိပေမယ့် ညှော်ခံပြုစုမည့် စားပွဲထိုးကောင်မလေးတွေက (၄) ယောက်ပင်ရှိသည်။ စားသောက်ခန်းနှင့် မလှမ်းမကမ်းတွင် ဂျကူဇီ (ခေါ်) ရေပလုံစီလေးတွေ ထွက်ပေါ်နေသော ရေချိုးကန်ရှိသည်။

"ဒီမှာကိုကို၊ ဘာမှ အားနာစရာမလိုဘူး။ ကြိုက်သလိုနေလို့ရတယ်။ ဘယ်သူမှလဲ မပြောဘူး။ ဝေတာမလေးတွေက မပိုက်ဘူးလား။ ခေါ်ရင် လာမယ်။ လိုတာလုပ်ပေးမယ်။ လောလောဆယ် ကိုကိုရယ် သုံးနွေးစိမ်ရင်း ရှန်ပိန်သောက်ကြရအောင်"

"တို့မှာ အဝတ်အစားအပို မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကိုကို ... ဒီမှာ ဝေအကုန်စီစဉ်ပြီးသားပါ"

ဝေရီလွင်က ဂျကူစီနားသွားရင်း စားပွဲထိုးကောင်မလေးတွေ က အဝတ်အစားတွေ ကူချွတ်ပေးကြသည်။ ရာစစ်မှူးလည်း ကန်ထဲ ဆင်းရသည်။ သူတို့နှစ်ယောက် ခြေထောက်တွေချင်း ထိနေကြသည်။ အအေးခန်းထဲမှာ အအေးဓာတ်နှင့် ဆန့်ကျင်စွာပင် ရေတွေက နွေ နေသည်။ ရေပလုံစီလေးတွေ ထွက်ပေါ်နေသည်။ တေးဂီတသံက ငြိမ့်ညောင်းသည်။ သူတို့သည် ရှန်ပိန်တစ်ခွက်စီကို အေးအေးဆေးဆေ ဖိမ်ဆွဲပြီး သောက်ကြသည်။

"ဝေရဲ့ပိုင်ဆိုင်မှုတွေက မနည်းဘူးကိုကို။ အဲဒီပိုင်ဆိုင်မှုတွေကို ဝေ ရန်ကုန်ကို တဖြည်းဖြည်း ရွှေ့ပြောင်းယူတယ်။ ဒီကြားထဲ ဝေ ရန်ကုန်ကို သုံးခေါက်ပြန်ရောက်တယ်။ ကိုကို့ကို ဖမ်းလို့မမိဘူး"

"တို့ ဘယ်မှမသွားဘူး"

"ဝေ့မှာလဲ အင်မတန်လျှို့ဝှက်ရတဲ့ ခရီးပဲ။ ဝေ့ကို အာမက် အလီက ချုပ်ကိုင်ထားတာ။ သူမသိအောင် လာရတယ်။ ရန်ကုန်မှာ ဝေ့စိတ်ကြိုက် ခြံကြီးတစ်ခြံ ဝယ်ပြီးပြီ။ အိမ်က သုံးထပ်အိမ်ကြီး အင်းယားကန်စပ်မှာ။ ရေကူးကန်လဲပါတယ်။ ဒါက ပြဿနာမဟုတ်ဘူး လုပ်ငန်းကိုင်ငန်းတွေရွှေ့ဖို့က ခက်တယ်။ ပထမ ကိုကို့ကို အသိမပေး ဘဲ လုပ်မလို့ပဲ။ ဒါပေမယ့် ဝေ့ရည်ရွယ်ချက်က ကိုကို့ဆီကို ပြန်လာ ဖို့လေ ..."

ရာစစ်မှူး သက်ပြင်းချမိသည်။

"ယုံရမှာလား ဝေ"

"ကိုကိုမယုံရင်လဲ ဝေက ဒီနေရာတွေကို ကျောခိုင်းတော့မှာ ဟိုမှာ ဝေ့ကို ဘယ်သူလက်ခံမှာလဲ။ ဝေထင်တယ်၊ ကိုကိုပဲရှိတာပဲ ဝေ့ကို ကိုကို လက်ခံမှာလားဟင်"

ရာစစ်မှူး ဖြေရခက်နေသည်။

"ကိုကို ဝေ့ကိုချစ်သေးရဲ့လား"

ရာစစ်မှူးမဖြေ။



"အဲဒါ ဝေအသိချင်ဆုံးပဲ"

"ဝေ့ကို တို့မုန်းတယ်လို့ တစ်ခါမှမပြောခဲ့ဖူးပါဘူး။ ဝေလုပ်ခဲ့တာတွေကို ခွင့်လွှတ်ပါတယ်လို့လဲ ပြောခဲ့တယ်။ ဝေလုပ်တာတွေက လက်လွန်ကုန်ပြီ။ ဒါပေမယ့် ပြင်နိုင်တဲ့ နောက်ဆုံးအချိန်အထိ ဝေ့ကို တို့ ဒူးမထောက်ရုံတမယ် တားခဲ့တယ်လေ။ ဒါ ဝေအသိဆုံးပဲ။ ဝေ့ကို တို့ ဘယ်လိုယုံရမလဲ။ ဝေက ခြံခုန်တာတင်မကဘူး။ တစ်ခြံလုံးကို ဖျက်ပြီးမှ ထွက်သွားတာလေ ..."

ဝေရီလွင် မျက်ရည်တွေကျလျက်မှ ရှန်ပိန်ခွက်ကို မော့သည်။ စားပွဲထိုးကောင်မလေးတစ်ယောက်က ရေခဲစိမ်ရှန်ပိန်ပုလင်းကို ယူလာပြီး ဖြည့်ပေးသည်။ စားပွဲထိုးကောင်မလေး လေးယောက်စလုံး ဘီကီနီတွေ ဝတ်ထားသော်လည်း နောက်ကျောတွင် ဝတ်ရုံရှည်တစ်ခုစီ ပါသည်။ သွက်လက်ဖျတ်လတ်သည်။

"ဝေ ရှိခိုးကန်တော့ပြီး တောင်းပန်ပါတယ်။ ကိုကို စဉ်းစား ကြည့်ပါ။ အဲဒီတုန်းက ကိုကို စဉ်းစားတွေးခေါ်ပုံနဲ့ ဝေ စဉ်းစားတွေးခေါ် ပုံက တစ်ခြားစီဖြစ်နေတာအမှန်ပဲ။ ကိုကို ညီညီနဲ့တွေ့ပြီးမှ ပြောင်းလဲ လာတာပါ။ အရင်တုန်းက ကိုကိုဟာ ဆင်းရဲတွင်းကို အသားလွတ် ဝင်တိုးနေတဲ့လူ။ အခွင့်အရေးမှန်သမျှကို လက်လွှတ်ပြီး ယုံကြည်ချက် အတွက် ခေါင်းမာမာနဲ့ အစစအရာရာ စွန့်လွှတ်နေတဲ့လူ။ ဒါပေမယ့် ဝေ့မျက်စိရှေ့မှာပဲ ကိုကို့ယုံကြည်ချက်တွေက ဘာမှဖြစ်မလာဘူး။ ဖြစ်လာစရာလဲ မမြင်ဘူး။ အနုပညာသည် ပြည်သူ့အတွက်လို့ ကိုကိုတို့ ကြွေးကြော်ခဲ့တာလဲ တကယ်တော့ ဖြစ်ခဲ့လို့လား။ အနုပညာ သည် အနုပညာအတွက်ပဲ ဖြစ်နေခဲ့တယ်။ အနုပညာသည် ငွေအတွက် ပဲဆိုရင် ပိုမှန်မယ်"

"အဲဒါတော့ မဟုတ်သေးဘူး"

ရာစစ်မှူးက စောဒကတက်သည်။

ဝေရီလွင်က လက်ကာပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကိုကိုယုံတာကို ပြောမလို့မဟုတ်လား။ တကယ်တော့ အလုမ်းဝေးပါတယ်ကိုကိုရယ်။ ဘယ်သူက ဝတ္ထုတစ်ပုဒ်ကိုရေးပြီး အလကားလိုက်ဝေမှာလဲ။ အလကားရေးပေးတယ်ထားဦး၊ ထုတ်ဝေသူက ရောင်းမစားဘဲ နေမလား။ စက္ကူမပါဘဲ ပုံနှိပ်လို့ရလား။ ဒါတွေ ပြန်မငြင်းပါရစေနဲ့တော့ ..."

"ကောင်းပြီလေ၊ လက်တွေ့ကိုပဲ ပြောရအောင်"

"ဟုတ်ပြီ။ ဝေ့အကြောင်းပြောပြမယ်။ ဝေဟာ အာမက်အလီကြောင့် ချမ်းသာလာတယ်။ သူဟာ သင်္ဘောကျင်းသူဌေးပဲ။ သင်္ဘောတွေလဲရှိတယ်။ ဒါက သူ့မျက်နှာဖုံး။ တကယ်တော့ သူဟာ လက်နက်မှောင်ခိုသမားပဲ။ ဘင်္ဂလားဒေ့(ရှ်)ကတစ်ဆင့် အိန္ဒိယကို လက်နက်တွေ မှောင်ခိုပို့တယ်။ အင်ဒိုနီးရှားနိုင်ငံက ခွဲထွက်ဖို့ကြိုးစားနေတဲ့ အာချေကိုလဲ လက်နက်တွေပို့ထယ်။ အရုတ်တွေချည်းပဲစုနေလို့ မလေးရှားက ခွဲထွက်ချင်နေတဲ့ ပီနန်ကိုလဲ သွားမြှောက်ပေးနေတယ်။ သူ့အတွက် အကာအကွယ်ပေးဖို့ ဂိုဏ်းတွေလဲ ဖွဲ့ထားတယ်။ သူ့ဂိုဏ်းတွေဟာ တစ်ခါတစ်လေ ပင်လယ်ဓားပြပဲ။ တစ်ခါတစ်ခါ သူဟာ သူ့သင်္ဘောတွေကိုသူ ပြန်ဓားပြတိုက်တယ်"

"သူ့သင်္ဘောတွေကို သူကပြန်ပြီးတော့ ..."

"ကိုကို အံ့ဩသွားလိမ့်မယ်။ ဒါက သူ့အစုရှယ်ယာဝင်ငွေတွေရဲ့ ငွေတွေကို တစ်ဘက်လှည့်နဲ့သုံးတာပဲ။ ဝေက ဂိုဏ်းတစ်ဂိုဏ်းကို တာဝန်ယူရတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဝေလဲ ကိုယ့်အကျိုးစီးပွားကို ကိုယ်လုပ်တာပဲ။ သူ့စိတ်ထဲမှာ ဘာမသင်္ကာဖြစ်လဲမသိဘူး လူ (၁၀) ယောက်ရှိတဲ့ ဝေ့ဂိုဏ်းဝင်တွေ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံရတယ်။ ကျန်သလောက်ရှိသွားတယ်။ အခု ကေအိုကေအိုသင်္ဘောပေါ်မှာ တစ်ဖွဲ့ထပ်ဖွဲ့ပြီး တင်ပေးထားရတယ်။ ဒါလဲ သူ့ရန်ရှာနေတယ်"

"ဝေနဲ့ ဒီလူကြီးရဲ့ပတ်သက်မှု ..."





ဝေရီလွင် ရုတ်တရက်ပြန်မဖြေ။ ရှန်ပိန်တစ်ခွက်ကို အေးအေးဆေးဆေး သောက်သည်။ ရာစစ်မှူးကိုလည်း သောက်ပါဦးဟု တိုက်တွန်းသည်။ ရာစစ်မှူးက ဆပ်ပြာမြှုပ်များ၏အထက်တွင် ရှိနေသမျှ ဝေရီလွင်ကို စေ့စေ့စပ်စပ်ကြည့်နေသည်။ ဝေရီလွင်သည် တစ်ခါတုန်းက သူလက်ထပ်ပေါင်းသင်းခဲ့သော မယားတစ်ဦးဟု သူမြင်ရမှာ ခက်လာသည်။ ဝေရီလွင်သည် မိန်းမအသစ်တစ်ယောက် ဖြစ်နေသည်။ ဝေရီလွင်သည် တကယ်လည်း သစ်လွင်နေသည်။

"ဝေ ဂျပန်ကနေ ဒီကိုရောက်လာတာက စရမယ်။ ဝေ ဂျပန်မှာ နကာမူရာဆိုတဲ့ သူဌေးကြီးရဲ့ စောင့်ရှောက်မှုအောက်ကို ရောက်သွားခဲ့တယ်။ ဂျပန်တွေက မိန်းမတွေကို သိပ်ဦးစားပေးတာ မဟုတ်ဘူး။ ဒီလူကြီးက စက္ကူသူဌေးကြီး။ ရုရှားနိုင်ငံ ကန်ချက်ကာကျွန်းဆွယ်က ဝါးနဲ့လုပ်တဲ့ စက္ကူပျော့ဖတ်တွေကို ဈေးချိုချိုနဲ့ဝယ်တယ်။ စက္ကူလုပ်ပြီး ပြန်ရောင်းတယ်။ နောက်တော့ ဒီလူကြီးက ရုရှားမာဖီးယားတွေဆီက မှောင်ခိုလက်နက်ဝယ်တယ်။ ဝေက သူ့ အသုံးချခံသက်သက်ပဲ။ ဝေ့သူကို တစ်ပတ်ရိုက်ပစ်ခဲ့တာ။ ဒီကျတော့ အာမက်အလီနဲ့ တွေ့တယ်။ တကယ်တော့ ဒီမှာတွေ့တာမဟုတ်ဘူး။ ဘန်ကောက်မှာ တွေ့တာ။ ဘန်ကောက်ကသူဌေးတစ်ယောက်က ဝေ့ကို မယ်ရွေးပွဲ ဝင်ပြိုင်ခိုင်းတယ်။ ဝေဆုရပေမယ့် အပျိုမဟုတ်တာပေါ်သွားတော့ ဆုပြန်ရုတ်သိမ်းခံရတယ်။ အဲဒီသူဌေးက ကန်ထုတ်လိုက်တာပေါ့။ ဝေ့ကို အာမက်အလီက ခေါ်လာတယ်"

ဝေရီလွင်ကား ယောကျာ်းများနှင့် ဆက်ဆံရသည်ကို ထမင်းစားရသောက်ပင် ပြောနေသည်။ ဝေရီလွင်နှင့်တွေ့ခဲ့သမျှ ယောကျာ်းများသည် သူမကို အလွတ်ပေးမည်မဟုတ်ပေ။ သားစားကျူးသော ကျားများပီပီ သားကောင်ကို အလုကြည့်နေလိမ့်မည်မဟုတ်။ ထို့အတွက် ရာစစ်မှူး ရင်နာရသည်။ သူပိုင်ဆိုင်ခဲ့သော ကော်ပတ်ရှပ်ကလေးကို အခြားသူတွေက လက်တစ်ဖက်ကိုဆွဲဖြုတ်လိုက်၊ ခြေတစ်ဖက်ကို ဆွဲဖြုတ်လိုက်နှင့် ဖျက်ဆီးနေတာတွေကို မြင်နေရသလို



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဝေရီလွင်အတွက်ကား အဆန်းမဟုတ်။ သူမသည် အလုပ်လုပ်နေခြင်းပင်။ သူတို့နှစ်ယောက် အလှမ်းဝေးလှသည်။

"ကိုကို ဝေနဲ့ပူးပေါင်းပါ"

"မင်းဟာ နိုင်ငံတကာဥပဒေကို လိုက်ချိုးဖောက်နေတာပဲ ညီညီလိုကောင်မျိုးပဲ"

"မှန်တယ်။ ကိုယ့်နိုင်ငံမှာ ဥပဒေနဲ့အညီ နေချင်တယ်။ ကိုကိုနဲ့ဝေဟာ တရားဝင်မကွဲရသေးတဲ့ လင်မယားပါ။ ဒါပေမယ့် ဝေတို့ အသစ်ကပြန်စရအောင်နော် ...။ နော် ... ကိုကို ...။"

(၈)

ကွာလာလမ်ပူတွင်ရှိနေတုန်း ညီညီသည် စီးပွားရေးကိစ္စကို လုံးပန်းရသည်။ ပဲခူးဘုရားကြီး၊ ဘုရားလေးဘက်မှ ဆေးရွက်ကြီးများရရှိနိုင်မည့် အခြေအနေကို ပြန်လည်မေးမြန်းရသည်။ မစ္စတာချောင်နှင့် စားအုန်းဆီများ တင်သွင်းရမည့်ကိစ္စကိုလည်း ဆောင်ရွက်ရသည်။ သူက စားအုန်းဆီအသန့်ကို လိုချင်သည်။ စားအုန်းဆီတွင် အပိုပစ္စည်းတွေက (၁၀)မျိုးမက ပါဝင်သည်။ အလှကုန်ပစ္စည်းများဖြစ်သော နှုတ်ခမ်းနီ၊ မိတ်ကပ် စသည်တို့ထုတ်လုပ်နိုင်သော ကော့စမတ်တစ် အမျိုးမျိုးနှင့် ဖယောင်းဖြစ်သည်။ ထိုပစ္စည်းများကို ထုတ်ယူပြီး စားအုန်းဆီစစ်စစ်မှာ ဈေးကြီးလှသည်။ မြန်မာနိုင်ငံတွင် ပြန်လည်ရောင်းချရန် ဈေးကမကိုက်။ မြန်မာနိုင်ငံတွင် စားနေကြသည်က သွေးတိုးရောဂါဖြစ်စေသော စားအုန်းဆီများဖြစ်သည်။ မသန့်စင်သော စားအုန်းဆီကို တင်သွင်းမှသာ အမြတ်အစွန်းအမြောက်အမြား ရရန်ရှိသည်ကိုကျတော့ ရာစစ်မှူးက ကန့်ကွက်သည်။

ရာစစ်မှူးကား လူတွေအတွက်မကြည့်ရလျှင် မနေနိုင်ပေ။ ညီညီသည် သူ့အစ်ကို၏စိတ်ဓာတ်ကို ချီးကျူးမိသည်။ သို့သော် သူ့အစ်ကို၏စိတ်ဓာတ်ကို အခြေခံ၍ စီးပွားရေးလုပ်လျှင်လည်း မရ။ သူသည် ရာစစ်မှူးကို သတင်းဌာနကြီးတစ်ခုနှင့် ဆက်သွယ်ပေးသည်။ ရန်ကုန်ရှိမီဒီယာသည် နိုင်ငံခြားသတင်းအေဂျင်စီကြီးတစ်ခုနှင့် အချိတ်အဆက်ရှိထားလျှင် အခြေခိုင်သွားမည်ဖြစ်သည်။

ရာစစ်မှူးသည် နိုင်ငံခြားသားများနှင့် ဆွေးနွေးသည်။

ရာစစ်မှူးကို ဆောင်းနှင်းစက်က ကူညီသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာစစ်မှူးသည် အချိန်မတိုင်မီမှာပင် ဆွေးနွေးပွဲကို ရပ်ပစ်လိုက်သည်။ နိုင်ငံခြားသားများ အစ်စတန်နာဟိုတယ်ကြီးရှိ Business Center မှ မျက်နှာအပျက်ပျက်နှင့် ပြန်သွားရသည်။

''အလကားကောင်တွေကွ။ ငါတို့နိုင်ငံအကြောင်း မကောင်းသတင်းချည်းပဲ လိုချင်ကြတယ်။ မင်းစဉ်းစားကြည့်။ ငါတို့နိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းမျိုးစုံကို သတင်းပို့ရမယ်တဲ့။ လူမှုရေးကျတော့လဲ ကျန်းမာရေးစောင့်ရှောက်မှုမှာ ချို့ယွင်းတာတွေ၊ ပညာရေးကဏ္ဍမှာ လိုအပ်နေတာတွေ၊ မပြည့်စုံတာတွေ ရှာကြံပြီးပေးရမယ်ကွာ။ ဆိုလိုတာက အစိုးရမကောင်းကြောင်းမှတ်ပုံ၊ ဗီဒီယို၊ သတင်းစာသားတွေ မှန်မှန်ပေးရမယ်ဆိုတော့ ဘာလုပ်မှာလဲ၊ မှုမှုတတဆိုတာတောင် လက်မခံဘူး။ နေပေါ့ကွ။ ဒီလိုအပေါ်စားအလုပ်တွေ ဘာလုပ်မှာလဲ ...''

ညီညီသည် သူ့အစ်ကိုကို အံ့အားသင့်စွာကြည့်သည်။

''ကိုကို ... မင်း ဒေါ်လာတွေအများကြီးကို လွှင့်ပစ်လိုက်တာသိရဲ့လား''

''Business Center ငှားခ ကုန်သွားတာကို မင်းနှမြောလို့လား။ ငါပြန်လျော်ပါ့မယ်''

''မဟုတ်ဘူးကိုကို၊ မင်းအတွက် ပုံမှန်ဒေါ်လာဝင်မယ့် အခြေအနေကို ပြောတာကွ''

''ငါဒေါ်လာမငတ်ဘူး။ ဒေါ်လာငတ်နေတဲ့ကောင်တွေ အများကြီးရှိတယ်။ အဲဒီဂျာနယ်လစ်(စ်)လို့ နာမည်တပ်ထားတဲ့ကောင်တွေဆီသွား။ သူလျှိုအလုပ်တော့ ငါမလုပ်ဘူး။ သူတို့ ငါ့ကိုခိုင်းနေတာ သူလျှိုအလုပ်ကွ''

''ဆရာမှန်ပါတယ်''

ဆောင်းနှင်းစက်က ရာစစ်မှူးဘက်က ထောက်ခံသည်။

''ဆရာတပည့် လိုက်လဲလိုက်ပါပေတယ်''



''မင်းလိုမျိုး နိုင်ငံခြားမှာ သူများနိုင်ငံတွေရဲ့ဥပဒေကို လက်တစ်လုံးခြား လှည့်ပတ်ပြီးနေချင်နေ၊ ကိုယ့်နိုင်ငံအကျိုးယုတ်အောင်တော့ မလုပ်နဲ့ပေါ့ကွာ''

ညီညီ ခေါင်းတညိတ်ညိတ်နှင့် ရယ်မောနေသည်။

သူတို့သည် ကွာလာလမ်ပူတွင် ရှိစဉ်အတွင်း တာဝါညီနောင် အပါအဝင် လည်စရာပတ်စရာတွေကို သွားလာကြသည်။ သူတို့ကို ဝေရိလွင်က လိုက်ပို့သည်။ ညီညီကား အလုပ်များနေသဖြင့် လိုက်ချင်မှ လိုက်သည်။

ဂျင်တင်း (Genting) (ခေါ်) အပန်းဖြေမြို့ကိုတော့ ညီညီပါ လိုက်သည်။ ကွာလာလမ်ပူသည် တောင်ကုန်းများပေါ်တွင်ရှိသော မြို့ဖြစ်လျှင် ဂျင်တင်းသည် ထိုထက်မြင့်မားသော တောင်ပေါ်စခန်းမြို့ဖြစ်သည်။ မန္တလေးနှင့် ပြင်ဦးလွင်နှယ်ပင် ဖြစ်သည်။ ရာသီဥတု အေးမြသောကြောင့် ကွာလာလမ်ပူထက် နေလို့ထိုင်လို့ကောင်းသည်။

အပန်းဖြေဖုန်ထဲသို့ နိုင်ငံခြားသားများနှင့် တရုတ်လူမျိုးများ ဝင်လို့ရသည်။ နိုင်ငံသား မူဆလင်ဘာသာဝင်မလေးများ ဝင်ခွင့်မရှိ။ ကုတ်အင်္ကျီနှင့် နက်ကတိုင်အပြည့်စီးထားမှ ဝင်ခွင့်ပြုသည်။ သို့မဟုတ် မလေးအမျိုးသားဝတ်စုံဖြစ်သည့် ဘောင်းဘီရှည်ပေါ်က ပါတိတ်ရှပ်အင်္ကျီလက်ရှည်ကို အပြင်ထုတ်ပြီး ဝတ်ထားရမည်။ အမျိုးသမီးများ ယုံလုံခြုံခြုံ ဝတ်ရမည်။

ဂျင်တင်းသည် တကယ်တော့ လောင်းကစားနည်းမျိုးစုံလှသော ကာစီနိုစခန်းကြီးဖြစ်သည်။ ဖဲဝိုင်းများမှာ မျက်စိတစ်ဆုံးပင် ဖြစ်သည်။ နှုတ်ခမ်းနီကို နီရဲနေအောင်ဆိုးပြီး စီးကာရက်ခဲထားသော တရုတ်အမျိုးသမီး ချောချောလေးတွေက ဒိုင်ခံကြသည်။ ချားဂေါ်လီ ဝိုင်းတွေကလည်း ဓပါများလှသည်။ အကြွေထည့်ပြီး ကစားနိုင်သော စက်ပေါ့တွေလည်း တစ်သီတစ်တန်းကြီးပင်။

www.burmeseclassic.com



ဒီလိုင်လာသည် အကြွေထည့်ပြီး ဆွဲချလိုက်ရာ နာနတ်သီးပုံ သုံးလုံးတစ်တန်းတည်း တူညီပြီး အဆနှစ်ရာပေါက်ကာ အကြွေတဝေါ ဝေါ ကျလာသဖြင့် ခုန်ပေါက်မြူးတူးနေ၏။

"အဲဒါ ဆက်ကစားကြည့်။ ပါသမျှကုန်မှာပဲ"

ညီညီကပြောသည်။

"ညသန်းခေါင်ကျော်ရင် ဒီစက်တွေကိုဖွင့်ပြီး ပိုက်ဆံတွေ သိမ်းတာတွေ့ရင် ငိုချင်လိမ့်မယ်။ ဒီစက်တွေမှာ တစ်နေ့ကို ဘယ်လောက်မြတ်ရမယ်ဆိုတာ ကွန်ပျူတာနဲ့ထိန်းထားပြီးသား။ တကယ်ကံထူးသူ တစ်ယောက်တစ်လေပဲ ပေါက်မှာ။ ကျန်တဲ့သူတွေကတော့ ထည့်လို့မဆုံးဘူး"

ဒီလိုင်လာကို ညီညီက မနည်းဘရိတ်အုပ်နိုင်းပြီး အကြွေစေ့များအား အမေရိကန်ဒေါ်လာဖြင့် လဲစေသည်။ ဆောင်းနှင်းစက်ကား မကစားပေ။ ဝါသနာမပါဟု ဆို၏။

ဟိုတယ်တွင်တည်းခိုရန် စီစဉ်ပြီးနောက် ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ ရေးကူးနေစဉ် ရာစစ်မှူး၊ ညီညီနှင့် ဝေရီလွင်တို့က ဂေါက် (၁၈) ကျင်းရိုက်ရန် စီစဉ်ကြသည်။

တီခုံပေါ်တွင်တင်ထားသော ဂေါက်သီးကို ဒရိုင်ဘာတုတ်ဖြင့် ဝှီးကနဲနေအောင် ရိုက်ထည့်လိုက်သော ဝေရီလွင်၏ခွန်အားမှာ အံ့ကြောက်စရာကောင်းလှသည်။ ဂေါက်သီးကို ခွပ်ကနဲ မိမိရရထိပြီးနောက် ဂေါက်သီးမှာ လေထဲတွင်ပျောက်ကွယ်သွားသည်အထိ လွင့်ထွက်သွားသည်။ ဂေါက်တန်လေးမြှောက်၍ ခါးလေးလိန်ကာ ခြေဖျားတစ်ဖက်ထောက်လျက်သား ကျန်ခဲ့သော ဝေရီလွင်၏ဟန်မှာ ကြည့်ကောင်းလှသည်။ သူမသည် စပို့ရှပ်လက်တိုတစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည်ကို ဝတ်ထားသည်။

ပထမဆုံးကျင်းကို သုံးယောက်စလုံးရိုက်ပြီး အနီးဆုံးဂေါက်သီးရှိရာသို့ လိုက်သွားကြရာ ရာစစ်မှူး၏ဂေါက်သီးပင်ဖြစ်သည်။ သူသည် ညီညီကျေးဇူးကြောင့် ဂေါက်ရိုက်တတ်နေတာ ကြာပြီဖြစ်သော်လည်း လက်က ပရိုအဆင့်သို့ မရောက်သေးပေ။ သူနှင့်ဘဝတူ ဂျာနယ်လစ်(စ်) များမှာလည်း ဂေါက်ရိုက်သူက ရှားလှသည်။ သူ့ကျန်းမာရေးအတွက် အချိန်မှန် ဂေါက်ရိုက်ဖြစ်ရန် ညီညီက ဆော်ဩနေရသည်။

"ဝေ အာမက်အလီကို ပုန်ကန်တော့မယ်ဆိုပါတော့"

"ဒီသဘောပဲကိုကို။ ဒါပေမယ့် ဝေက သူ့လက်အောက်မှာ ရှိနေတဲ့ အနေအထားမျိုး မဟုတ်တော့ဘူး"

"ဆိုလိုတာက ..."

"အစတုန်းကတော့ သူ့ကိုအားကိုးရတာပေါ့။ အခုတော့ အားမကိုးဘဲ ရပ်တည်လို့ရတယ်။ ဒါပေမယ့် သူနဲ့ပတ်သက်နေတာတွေ ရှိတယ်။ တစ်ချို့လုပ်ငန်းတွေဟာ သူပိုင်တာ။ ဒါတွေကိုတော့ ဝေ စွန့်လွှတ်နိုင်တယ်"

"သူက မမဒီလိုလုပ်ရင် လွယ်လွယ်နဲ့ လက်ခံပါ့မလား"

"ဘယ်လက်ခံမလဲ"

ညီညီဖြတ်မေးသည်ကို ဝေရီလွင်က ဖြေသည်။ ရာစစ်မှူးက သူ့ဂေါက်သီးကို ရှာသည်။ တွေ့သောအခါ ဂရင်းပေါ်သို့ ရိုက်တင်ရန် သင့်တော်မည့်တုတ်ကို ရှာသည်။ သူ ဘယ်တုတ်နှင့်ရိုက်ရမှန်းမသိ။ ကယ်ဒီ(ခေါ်) ဂေါက်အိတ်ထမ်းသည့်ကောင်မလေးက ရွေးပေးလိုက်သည်။ ဤကွင်းတွင် ကယ်ဒီလေးများမှာ လှပချောမောသော ကောင်မလေးတွေဖြစ်သည်။ သူတို့သည် ဂေါက်အိတ်များကို အလေးခံပြီး ပခုံးပေါ်မှာ မထမ်းတော့။ လှည်းလေးတွေပေါ်တင်ပြီး တွန်းချင်တွန်းသည်။ ဆွဲချင်ဆွဲသည်။

ရာစစ်မှူး ရိုက်လိုက်သည့်ဂေါက်သီးမှာ ကျင်းရှိရာ ဂရင်းအနီးတွင် ကျသည်။ ညီညီ၏ဂေါက်သီးက ဂရင်းပေါ်ကို ကျော်သွားသည်။ ဝေရီလွင်လည်း ကျင်းစပ်သို့သာ ရောက်သည်။

"ဒီကျင်းက လေးချက်ဆိုရင် ပါ နော်။ သုံးယောက်စလုံး ဗါ ရနေမလားဘဲ။ နှစ်ချက်စီမှာ ဂရင်းနားရောက်နေပြီ"

ဝေရီလွင်ကပြောသည်။ ရာစစ်မှူးက ...

www.burmeseclassic.com



"တို့ကတော့ မထင်ဘူး။ ဒီလက်က အခုမှ ဒီလောက်ဖြစ်လာတာ။ တစ်ခါတစ်ခါဆို ဂေါက်သီးကိုတောင်မထိဘဲ လွဲသေးတယ်"

သူတို့လမ်းလျှောက်ကြပြန်သည်။ ဂရင်းအပြင်က ဂေါက်သီးကို မြက်ခင်းနုနုလေးများပေါက်နေသည့် ဂရင်း(ခေါ်) ရေိယာထဲ ရိုက်တင်ရာ ရာစစ်မှူး၏ဂေါက်သီးက ဂရင်းကိုလွန်ပြီး သဲကျင်းထဲကျသည်။ ညီညီက ဂရင်းပေါ်ရောက်ပေမယ့် ကျင်းနှင့်ဝေးနေသည်။ ဝေရီလွင်ကား ကျင်းနားမှာကပ်နေ၏။

ရာစစ်မှူးသည် သဲထဲကျနေသော ဂေါက်သီးကို သီးသန့်ရိုက်တင်သောတုတ်ဖြင့် ရိုက်တင်ရလေရာ ပထမဆုံးအချက်တွင် ဂေါက်သီးက သဲကျင်းထဲသို့သာ ပြန်ဆင်းလာသည်။ နောက်တစ်ချက်လည်းမရ။ နောက်ဆုံးအချက်တွင် သဲတွေပါ ပါအောင်ခုတ်ပြီးရိုက်မှ ဂရင်းပေါ်ရောက်သည်။ ညီညီသည် ဂရင်းပေါ်ရောက်နေသော ဂေါက်သီးကို နှစ်ချက်ရိုက်မှ ကျင်းစိမ်နိုင်သည်။ ဝေရီလွင်က တစ်ချက်တည်းနှင့် ကျင်းစိမ်နိုင်ရာ ဤကျင်းအတွက် သတ်မှတ်ထားသော လေးချက်အတွင်း ကျင်းစိမ်နိုင်သဖြင့် ပါ ရသည်။ ပါ ရသည်ဆိုခြင်းမှာ သူမ၏ ရိုက်ချက်များကို ထည့်တွက်ခြင်းမပြု။ ဂေါက်ရိုက်သည်ဆိုခြင်းမှာ ရိုက်ချက်အနည်းဆုံးဖြင့် ရိုက်နိုင်သူက နိုင်သည်။

"ကိုကို အကျအဆုံးများနေပါလား။ မမကိုမမီဘူး"

ရာစစ်မှူး ရယ်ကြဲကြဲနှင့် ဝန်ခံရသည်။

"ဟုတ်တယ်၊ ငါလက်ပျက်နေတယ်"

"ဒီကြားထဲ ကိုကိုသောက်တာ များတယ်ထင်တယ်"

"များတာမဟုတ်ဘူး။ လွန်ကိုလွန်နေတာဝေ"

"ကိုကို့ကို ဂေါက်ကွင်းရောက်အောင် ညီညီ မနည်းခေါ်နေရတယ်မမ။ သူ့ကို ဒီလိုအနေအထားမျိုးဖြစ်အောင် မနည်းလုပ်ခဲ့ရတာ။ လွှယ်အိတ်လွှယ်၊ ခြေကျင်လျှောက်၊ လမ်းဘေးလက်ဘက်ရည်ဆိုင်ထိုင်တဲ့ ဂျာနယ်လစ်(စ်)ဘဝကနေ လက်ဆွဲကွန်ပျူတာကိုင်၊ ကားစီးဟိုတယ်တက်တဲ့ ဂျာနယ်လစ်(စ်)ဖြစ်အောင် မနည်းလုပ်နေရတယ်"





"မင်းဟာက ဝင်ငွေနဲ့ထွက်ငွေ မကိုက်ဘူး။ ဘဝမမေ့အောင်လဲ လမ်းဘေးလက်ဖက်ရည်ဆိုင် ထိုင်ရသေးတယ်ကွ"

"ဝင်ငွေနဲ့ ထွက်ငွေမျှရုံတင်မကဘူး။ ဝင်ငွေကောင်းအောင် လုပ်ပေးတော့လဲ ကိုကိုက ခါလွှတ်တာကိုး။ ကိုကိုက မောနင်းစတားနယူး(စ်)အေဂျင်စီကို ခါလွှတ်လိုက်တယ်လေ"

ညီညီက ရာစစ်မှူးအကြောင်း ဝေရီလွင်ကို လှမ်းတိုင်သည်။ ဝေရီလွင်က ခေါင်းညိတ်သည်။

"ကောင်းပါတယ်၊ ဒီလူတွေနဲ့ ကိုကိုနဲ့ မဖြစ်ပါဘူး။ မကြာခင်ရန်ဖြစ်မှာပဲ။ သူတို့နောက်မှာလဲ အရိပ်မည်းကြီး ရှိတယ်"

သူတို့ နောက်တစ်ကျင်းရိုက်ရန် တီခုံအသစ်သို့ ရွှေ့ပြောင်းကြသည်။ ယခုတစ်ခါ ကိုကိုသည် စိတ်ကို ပျံ့လွင့်ခြင်းမရှိစေရန် စည်း၍ အားအပြည့်သုံးပြီးရိုက်ရာ ခွပ်ကနဲအသံနှင့်အတူ ဂေါက်သီးမှာ အဝေးသို့လွင့်ထွက်သွားသည်။

"ရိုက်ချက်ကောင်းမကောင်းက အသံကြားတာနဲ့သိပါတယ်။ ဒီတစ်ခါ ကိုကို ပါ ရလိမ့်မယ်ထင်တယ်။ ဂေါက်သီးကျသွားတာ ဂရင်းနဲ့မဝေးဘူး"

ဝေရီလွင်ကပြောပြီး သူမ၏ဂေါက်သီးကို တီခုံပေါ်တင်သည်၊ ခြေထောက်တွေခွဲပြီး ဒရိုက်ဗာတုတ်ကို ဂေါက်သီးနှင့်ချိန်သည်။ ခါးဆွဲညွတ်ပြီး တင်ပါးတွေ ဘယ်ညာရမ်းကာ ချိန်ကြည့်သည်။ ဒရိုင်ဗာကိုမြှောက်ပြီး လွှဲရိုက်ချသည်။ တုတ်ကမြှောက်သွားသလို ခါးလေးသိန်သွားသည်။ ညာခြေဖျားထောက်လျက် ကျန်ခဲ့သည်။ သူမသည် ကိုယ်ဟန်ကိုမဖျက်ဘဲ ဂေါက်သီးကိုလိုက်ကြည့်သည်။

"ဂေါက်သီးလေးကတောင် ကိုကို့နားနေချင်လို့နဲ့တူတယ်။ ကိုကို့ဂေါက်သီးနား သွားကျတယ်"

ဝေရီလွင်ကပြောတော့ ရာစစ်မှူး ငြိမ်ငြိမ်နေသည်။ ဝေရီလွင်က ညီညီကို မျက်စပစ်ပြသည်။ ညီညီပြုံးနေသည်။ သူတို့အတွက် ရာစစ်မှူးသည် ချစ်စရာကောင်းသောကလေးကြီး ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီရိုက်လိုက်တော့ ရိုက်ချက်ကမကောင်း။ ဂေါက်သီးက ဖဲယားဝေး အပြင်ဘက်ကို ရောက်သွားသည်။ သူတို့ လမ်းလျှောက်သွားသည်။ ညီညီနှင့် သူ့ကယ်ဒီက ဂေါက်သီးကိုရှာသည်။

ရာစစ်မှူးက ...

"အာမက်အလီရဲ့အင်အားက ဘယ်လောက်ရှိမလဲ"

"ပေါ့သေးသေးမဟုတ်ဘူးကိုကို။ သူက ဝေ့ကို ဘာမှမဖြစ် သလိုဆက်ဆံပေမယ့် ဝေ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ပျောက်ကုန်တာ တစ်ခါမှ လက်သည်မပေါ်ဘူး။ သုံးယောက်ဆိုရင် ငါးဖမ်းလှေတစ်စီးပေါ်မှာ ဗုံးကွဲပြီးသေတာ"

"သူက တစ်ခြား အကြမ်းဖက်သမားတွေနဲ့ ပတ်သက်နေ လား"

"သူကိုယ်တိုင်က အစွန်းရောက်မဟုတ်ဘဲ ငွေကိုသာ သဲကြီးမဲကြီးရှာနေပေမယ့် အစွန်းရောက်တွေကို အကူအညီပေးပြီး ပေါင်းထားပုံရတယ်။ အစွန်းရောက်တွေက ငွေအတွက် အသက်စွန့်တာ မဟုတ်ဘူးနော်။ သူတို့ယုံကြည်ချက်အတွက် လုပ်မှာ။ သူ့မှာက ကျွမ်းကျင်တဲ့လူတွေ သပ်သပ်ရှိတယ်"

"ဝေ အသစ်မွေးထားတဲ့ သူတွေကရော"

"မျက်စိတစ်ဖက်ပျက်နေတဲ့ အောင်ဒင်နဲ့ သူ့တပည့်တွေပဲ ကိုကိုသိမှာမဟုတ်ဘူး။ သူတို့ကို အာမက်အလီကြီးမသိအောင် တစ်နှစ်လောက်အချိန်ယူပြီး စုထားခဲ့ရတယ်"

"အခု သူတို့က ဘယ်မှာလဲ"

"သင်္ဘောပေါ်မှာပဲ။ သင်္ဘောကို ပီနန်ကိုရွှေ့ခိုင်းထားတယ် ဆိုနီကုန်တွေ တင်လို့လွတ်အောင်လို့လေ"

"ဆိုနီ ..."

"ဒီလိုလေကိုကိုရဲ့။ ပီနန်ကျွန်းက မလေးရှားကျွန်းမကြီး အနောက်ဘက်မှာ သီးခြားရှိတယ်။ ပီနန်မှာက ဗုဒ္ဓဘာသာ တရုတ်တွေ ချည်းပဲ။ တစ်ချို့ မြန်မာလိုတောင် တတ်တယ်။ သူတို့က စင်ကာပူ



အားကျတယ်။ စင်ကာပူက တရုတ်တွေချည်းပဲ ခွဲထွက်လိုက်တော့ အရမ်းချမ်းသာသွားတယ် မဟုတ်လား။ အခုလဲ ပီနန်က စီးပွားရေး သိပ်ကောင်းတယ်။ အရှေ့နဲ့အနောက် ယဉ်ကျေးမှုချင်းဆုံတဲ့အရပ်လို့ တောင် ပြောတယ်။ သူပုန်ခွဲထွက်မှာကိုကြောက်တော့ မလေးရှားအစိုးရ က ပီနန်ကျွန်းအထိ ပင်လယ်ကိုဖြတ်ပြီး တံတားကြီးထိုးပစ်လိုက်တယ်။ (၈)မိုင်ကျော်မယ်။ ပီနန်ရေနက်ဆိပ်ကမ်းနဲ့ မျက်နှာချင်းဆိုင် မလေးရှား ကျွန်းမကြီးပေါ်မှာ ဆိုနီစက်ရုံကြီးဆောက်ဖို့ မြေငှားလိုက်တယ်။ စက်ရုံကြီးက ရုပ်မြင်သံကြားတွေ၊ ကက်ဆက်တွေလုပ်တာ။ အကြီးကြီး ပဲ။ ဒီတော့ ပီနန်ကလူတွေပါ တံတားကြီးကိုဖြတ်ပြီး ဆိုနီမှာ အလုပ် လာလုပ်ကြရတာပေါ့။ အလုပ်သမားက ငါးထောင်ကျော်တယ်လေ"

"တွေ့ပြီဗျို့"

ညီညီ ဝမ်းသာအားရအော်သည်။

"ကိုကိုတို့လူစုကို ဂျော့(ချ်)တောင်းကို ခေါ်သွားမယ်"

"ဂျော့(ချ်)တောင်း ..."

"ပီနန်ကျွန်းရဲ့ မြို့တော်လေ"

"အဲဒီကနေ သင်္ဘောနဲ့ ဖူခက်ကျွန်းကို ပို့ပေးမယ်"

ရာစစ်မှူး ဘာကိုစဉ်းစားရမှန်းပင် မသိ။

"အာမက်အလီက ခိုင်းထားတာရှိတယ်။ အဲဒါကို ကိုကိုတို့ ရောက်နေတာကို အကြောင်းပြုပြီး ငြင်းလိုက်တယ်။ သူက ကိုကိုဆိုတာ ဘယ်သူလဲလို့မေးတော့ ဝေက ကျွန်မယောကျ်ားလို့ ဖြေလိုက် တယ်"

ရာစစ်မှူး၏ရင်ထဲမှာ သိမ့်ကနဲတုန်သွားသည်။

"ဝေမှန်ပါတယ်နော်"

သူ ဘာမှပြန်မပြောမိ။

သူတို့သည် ညီညီရိုက်ပြီးသောအခါ ရာစစ်မှူးနှင့် ဝေရီလွင် တို့၏ ဂေါက်သီးများရှိရာသို့ လျှောက်လာရင်း လမ်းတွင်တွေ့ရသော ညီညီ့ဂေါက်သီးကို ညီညီထပ်ရိုက်တာ စောင့်ကြည့်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"လက်တော့ပျက်ပြီ၊ နှစ်ယောက်နဲ့တစ်ယောက် ဗိုင်းအနိုင်ကျင့်ခံရတော့လဲ ဘယ်လွယ်ပါ့မလဲလေ ..."

ညီညီက နောက်ပြောင်ပြီးပြောသည်။

ရာစစ်မှူးက သူ့ဂေါက်သီးကိုရိုက်လိုက်ရာ ဂရင်းပေါ်မှကျော်ပြီး တစ်ဘက်သို့ လိမ့်ဆင်းသွားသည်။ သူ စိတ်တွေမတည်ငြိမ်ပေ။ ဂေါက်သီးလုံးလေးပေါ်သို့ စုစည်း၍မရပေ။ ဝေရီလွင်၏ဂေါက်သီးသည်လည်း ဂရင်းသို့ပင်မရောက်။ ညီညီလည်း တစ်လွဲပင်။

ဝေရီလွင်သည် သူနှင့်မကွဲခင်ကပင် နိုက်ကလပ်တက်ပြီး တွဲချင်သူတွေနှင့် တွဲခဲ့သည်။ လက်ပူးလက်ကြပ်မမိပေမယ့် သတင်းတွေက ရာစစ်မှူးနားနှင့် မဆန့်။ နောက်ဆုံး နိုင်ငံခြားသွားချင်လွန်းလို့ ဆိုပြီး နိုင်ငံခြားသားကို လက်ထပ်ပြသည်။ ဟန်ပြလက်ထပ်တာ ဆိုပေမယ့် ယောကျ်ားမသိအောင်လုပ်ပြီး လက်ထပ်ပြီးမှသိတာကိုတော့ ခွင့်ပြုဖို့ခဲ့ယဉ်းသည်။ သူက ခွင့်လွှတ်ပါသည်။ မသွားပါနှင့်တော့ဆိုပြီး ဒူးမထောက်ရုံတမယ် တောင်းပန်သည်ကိုပင် လက်မခံခဲ့ပေ။

ဝေရီလွင်သည် သူ့ကို ကျောခိုင်းသွားခဲ့သည်။

ထို့နောက် ဂျပန်ရောက်တော့ အလိမ်ခံရသတဲ့။ အောက်ကျနောက်ကျအနိုင်ဆုံးအခြေအနေ ရောက်ခဲ့သတဲ့။ ပြီးတော့ မစ္စတာဝေးဆီက ဓာတ်ပုံတစ်ပုံ။ ဓာတ်ပုံရိုက်ဖို့ ကိုယ်ဟန်ပြပြီး စီးပွားရှာခဲ့သတဲ့။ ဘန်ကောက်မှာ မယ်ဘွဲ့ရခဲ့သတဲ့။ အပျိုမဟုတ်မှန်းသိလို့ မယ်ဘွဲ့ကို ပြန်ရုတ်သိမ်းရတာတော့ ဇန်ကောက်မယ်ရွေးပွဲလောကတွင် တစ်ခါမကတော့ပေ။ ဝေရီလွင်သည် မယ်ဘွဲ့အရုတ်သိမ်းခံရတာကို ဂရုမစိုက်။ ဆုကြေးနှင့် ကြော်ငြာခတွေကို ဘုံးပြီး မလေးရှားရောက်လာခဲ့သည်။ ဂျပန်က နာဂကာမှုရာနှင့်ပတ်သက်မှု။ ယခု အာမက်အလီနှင့်ပတ်သက်မှု။

ဤမျှရှုပ်ထွေးပွေလီပြီး ဂျင်ပေါ်ကထုံးနှယ် လည်လွန်းလှသော ဝေရီလွင်သည် သူ့မျက်ခုံးမွေးပေါ်သို့ ခုန်ကူးလာလေပြီလား။ ဝေရီလွင်ကား သူ့လောက်တော့ ပျင်းတောင်ပျင်းသေးလိမ့်မည်။





တကယ်တော့လည်း သူတို့နှစ်ယောက်သည် တရားဝင်ကွာရှင်းရသေးပေ။ ဝေရီလွင်လက်မှတ်ထိုးပြီးသား ကွာရှင်းစာချုပ်ကို သူ ဆွဲဆုတ်ပစ်ခဲ့သည်။ တစ်ဘက်ကလည်း သူတို့အတူမနေတာ နှစ်နှစ်ကျော်ပြီ။ အဆက်အသွယ်ပင် မရှိခဲ့သဖြင့် ဥပဒေအရ လင်မယားပြတ်တော့ပြီ။ သူမ ရန်ကုန်လာခဲ့သည်ကို သူမသိ။

ဝေရီလွင်သည် သူတို့အားလုံးကို ကွာလာလမ်ပူလေဆိပ်မှ စင်္ကာပူ။ ကျွန်း ဂျော့(ချ်)တောင်းမြို့သို့ ခေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com 

# အခန်း-၇

## (က)

မလေးရှားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ပီနန်ကျွန်း။ ကျွန်းသူကျွ သားများက အရှေ့နှင့်အနောက် ဆုံစည်းရာဟု ဂုဏ်ယူပြောကြားလေ့ ရှိသည့် ပီနန်ကျွန်း။ နယ်ချဲ့တို့သည် ပထမအင်္ဂလိပ် မြန်မာစစ် မဖြစ်မီကပင် ပီနန်ကျွန်းကို အလွယ်တကူ သိမ်းပိုက်ပြီးပေပြီ။ ပသျှ တ်ငါ အနည်းငယ်မျှသာရှိသော ပီနန်ကျွန်းတွင် ဂျော့(ချ်)တောင်းမြ ကို တည်သည်။ မလေးရှားကျွန်းဆွယ်တစ်ခုလုံးကို အင်္ဂလိပ်ရေတ သည် ဒတ်(ချ်)တို့ထက်လက်ဦးအောင် သိမ်းပိုက်ခဲ့သည်။

ပထမစစ်ပွဲ ပြီးသောအခါ အင်္ဂလိပ်တို့သည် တနင်္သာ ကမ်းရိုးတန်းနှင့် ပီနန်ကို ပူးပေါင်းလိုက်ပြီး ဂျော့(ချ်)တောင်းမှ အုပ်ချု ခဲ့သည်။ ထိုအချိန်မှစ၍ တနင်္သာရီကမ်းရိုးတန်းနှင့် ပီနန်သည် ဓ ကြောင်းခရီးဖြင့် အဆက်အသွယ်ကောင်းမွန်ခဲ့သည်။ အင်္ဂလိပ်တို့သ တနင်္သာရီကို မြန်မာဘုရင်ထံ ပြန်လည်ရောင်းချရန် ကြိုးစားခဲ့သေ လည်း မြန်မာဘုရင်က ဝယ်ယူနိုင်ခြင်းမရှိခဲ့ပေ။ သူတို့သည် တနင်္သာ ကမ်းရိုးတန်းအား ဆွေစဉ်မျိုးဆက် ဆပ်၍မကုန်နိုင်အောင် မြင့်မာ သော ဈေးနှုန်းဖြင့် ရောင်းချရန်ကြံစည်ခဲ့ခြင်းဖြစ်သည်။ သာယာဝ မင်းက စိတ်ဝင်စားဟန်မပြ။ အကယ်၍ ငွေကြေးဖြင့် (ငွေသတ္တုအစ ဖြင့်သွန်းလုပ်သော ဒင်္ဂါးများ၊ ကျွန်းထည်များ၊ သံယံဇာတမျ အရောင်းအဝယ်စာချုပ်များဖြင့်) လဲလှယ်ဝယ်ယူ၍ ရခဲ့ပါသည်ဆိုလျှ

လည်း အင်္ဂလိပ်တို့သည် ဒုတိယစစ်ပွဲတွင် တနင်္သာရီကိုပါ ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်မည်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲပေ။

ဝေရီလွင်၏အစီအစဉ်ဖြင့် သူတို့လူစု ပီနန်ကျွန်း၏မြို့တော် ဂျော့(ချ်)တောင်းသို့ ရောက်ရှိလာခဲ့ကြသည်။ မလေးရှားနိုင်ငံရှိ ပြည်နယ်အများစုကို စူလတန်(ခေါ်)ပဒေသရာဇ် အာဏာပိုင်များက အုပ်ချုပ်ပြီး ကွာလာလမ်ပူတွင် စူလတန်ဘုရင်အဖြစ် အလှည့်ကျ နန်းထိုင်ကြသော်လည်း ပီနန်ဘုရင်ခံမှာမူ စူလတန်အဖြစ် သတ်မှတ် ခြင်းမခံရသောကြောင့် နန်းထိုင်ခွင့်မရပေ။ စည်းမျဉ်းခံဘုရင်စနစ်တွင် ဘုရင်ဆိုသည်မှာ ပါလီမန်ကို ချယ်လှယ်ခွင့်မရှိဘဲ ဖိမ်ခံရုံသက်သက်ဖြစ် သော်လည်း ပီနန်မှာ ထိုအခွင့်အရေးကိုပင် မရပေ။ ပီနန်တွင် ဗုဒ္ဓ ဘာသာတရုတ်များက ရာခိုင်နှုန်းကိုးဆယ်ခန့် ရှိသည်။ ပသျှူးများ ရှိသည်။

လူမျိုး၊ ဘာသာရေး ကွာခြားမှုအပေါ်တွင် နိုင်ငံရေးလှည့် ကွက်များက ရှိနေသည်။ ထိုနိုင်ငံရေး လှည့်ကွက်များသည်ပင် ရံဖန် ခါတွင် စီးပွားရေးအတွက် အကွက်အကွင်းကောင်းကြီးဖြစ်သည်။

ဝေရီလွင်သည် ကွာလာလမ်ပူလေဆိပ်မှ ဂျော့(ချ်)တောင်းသို့ ပျံသန်းလာသော လေယာဉ်ပေါ်တွင် ရာစစ်မှုးအား တတ်နိုင်သမျှ ရှင်းပြနေခြင်းဖြစ်သည်။

"အင်ဒိုနီးရှားမှာက အရှေ့တီမောကိစ္စမှာ အရှုံးပေးလိုက်ရ ပြီ။ အဲဒါ ဘာသာရေးပါတဲ့ လူမျိုးရေးပဲ၊ ဩစတြေးလျတို့ နယူးဇီလန် တို့လိုနိုင်ငံတွေက ထောက်ခံနေတော့ ဆူဟာတိုအစိုးရက ဘာတတ် နိုင်မှာလဲ။ မလေးရှားလဲ တစ်ချိန်က စင်ကာပူကို လက်လွှတ်ဆုံးရှုံးခဲ့ တယ်။ အခုတစ်ခါ ပီနန်ကိုခွဲထွက်ဖို့ မြှောက်ပေးတာတွေရှိလာတယ်။ တစ်ခါ ပီနန်ကို အဆုံးအရှုံးမခံနိုင်ဘူး။ မလေးရှား ပင်မကမ်းခြေနဲ့ တားထိုးပစ်လိုက်တယ်။ ရေလက်ကြားလို့တောင် ပြောလို့မရဘူး။ ကယ့်ပင်လယ်ကြီးကို ဖြတ်ထိုးပစ်တာ။ (၈)မိုင်ခွဲလောက် ရှိမယ်၊ ၁၃) ကီလိုမီတာလောက်ပေါ့။ ကိုကို့ကို လိုက်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒါတွေကို မသိခဲ့ဘူး"

"ဘယ်သိမလဲ။ ကိုကိုတို့က ဘယ်မင်းသမီး ဘယ်တော့ မင်္ဂလာဆောင်မလဲ၊ ဘယ်မင်းသား အခု ဘယ်သူနဲ့တွဲနေလဲ။ ဒါတွေ လိုက်နေတဲ့ ဂျာနယ်လစ်(စ်)တွေကိုး။ ဟိုးအစကတည်းက ကိုကို ဝေပြောသားပဲ။ မင်းသမီးတွေအိမ်တွေ၊ အဆိုတော်တွေအိမ်တွေ မသွားပါနဲ့။ ကိုယ်ပဲ သိက္ခာကျတယ်ဆိုတာလေ။ တစ်ချို့က ဖြေ သလိုလို မဖြေချင်သလိုလို အိုက်တင်တွေခံပြီးတော့ သူမဟုတ်သလို လုပ်နေတာ။ တကယ်တကယ်တော့ တစ်ချို့သတင်းတွေက အရပ်ထဲ ဈေးထဲမှာ ပြန့်နေပြီ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒါတွေကလဲ ရာသီစာဖြစ်နေ တယ်"

"အဲဒီရာသီစာကို ပြောင်းပစ်ဖို့ ကိုကိုတို့မှာ တာဝန်မရှိဘူးလား ဒါမှမဟုတ်ရင်လဲ ရာသီစာထဲမှာ ဓာတ်စာလေးဘာလေး ရောထည့် ကျွေးဖို့ ကိုကိုတို့မှာ တာဝန်မရှိဘူးလား။ ဆောရီး ..."

ဝေရီလွင်က သူမ၏လက်ကို ရင်ဘတ်ပေါ်တင်ပြီး စကားကို အရှိန်သပ်သည်။

"ဒါတွေပြီးသွားပါပြီ။ ကိုကိုလဲ အရင်လိုမှမဟုတ်တော့တာ တွေကို ကိုကိုနားမလည်ခဲ့တာတွေ ရှိမယ်။ ဝေနဲ့ အယူအဆမတူဘူး ဆိုတာက အဲဒါပဲ။ ကိုကို့အပေါင်းအသင်းတွေက လမ်းဘေးမှာ မူး ပြီး ဖြစ်သလိုနေ၊ ဖြစ်သလိုစား။ တစ်ချို့ဆို အိမ်လာပြီး ဆေးလိပ် တွေ ကြမ်းပေါ်ချွေချ။ ဆေးလိပ်တို ကြမ်းပေါ်ပစ်ချ။ ကွမ်းတံတွေး တွေ့ကရာထွေး။ အဲဒီလူတွေကို ဝေမကြိုက်ခဲ့တာ။ အဲဒီအသိုင်းအဝိုင်း ထဲမှာ ကိုကို့ကို မနေစေချင်တာ။ ပြောရင်းနဲ့ ရပ်မရဘူးဖြစ်နေပြီ"

"ပြောပါ၊ ရပါတယ်၊ တို့လဲ သဘောပေါက်သင့်သလောက် ပေါက်တယ်"

"ကိုကိုတို့က အောက်ဆုံးအလွှာ၊ အနိမ့်ကျဆုံး လူတန်းစား ကို အခြေခံလူတန်းစား၊ ခွန်အားအကြီးဆုံး အင်အားစုဆိုပြီး အထင် ကြီးနေတာ။ အဆင့်အတန်းမရှိတာက မရှိတာပဲ။ သူတို့မှာ ယဉ်ကျေးမှု ရေချိန်က နိမ့်ကျသေးတယ်။ အိပ်ရာထပြီး မျက်နှာမသစ်တဲ့သူတွေ၊ ထမင်းကို လက်မဆေးဘဲ စားတဲ့သူတွေ၊ အဝတ်ညစ် တစ်ထည်တည်း ကို တစ်ပတ်လောက်ဝတ်နေတဲ့သူတွေဟာ ဆင်းရဲလို့ ဟုတ်ချင်ဟုတ် မယ်။ တစ်ချို့က ဆင်းရဲလို့မဟုတ်ဘူး။ အပြုအမူပဲ။ သူတို့ရဲ့ မယဉ် ကျေးမှုပဲ"

ရာစစ်မှူး ပြုံးလိုက်မိသည်။

ယခုတော့ ရာစစ်မှူးမှာလည်း သတ္တိတွေရှိနေပြီ။

"ဒါပေမယ့် ဝေနဲ့တို့နဲ့ လမ်းခွဲခဲ့ရတာကတော့ အဲ့ဒီအသိုင်း အဝိုင်းကြောင့် မဟုတ်ဘူးနော်"

"ရှင် ..."

"သူတို့ဟာ အမ်(မ်)ဂေါ်ကီရေးခဲ့တဲ့ Lower Depth ပြဇာတ် ထဲက အောက်ဆုံးအလွှာတွေထက်တောင် အနေအထိုင်က ဆိုးဦးမယ်။ ဒါပေမယ့် သူတို့တော်တယ်။ မခိုးဘူး၊ မဝှက်ဘူး။ သူတို့ဘဝမှာ သူတို့ တတ်နိုင်သလောက် စာရိတ္တကို စောင့်ထိန်းခဲ့တယ်။ အဖောက်ပြန်ဆုံး က ရေပေါ်ဆီလူတန်းစားပဲ။ လူတစ်ယောက်ချင်းရဲ့ လွတ်လပ်ခွင့်ကို အကြောင်းပြုပြီး ဖောက်ပြန်တယ်။ ဝေဟာ အဲဒီလူတန်းစားဖြစ်အောင် ခုန်ကူးခဲ့တယ်။ ဝေလုပ်ခဲ့တာတွေက လိုးဝါးအက်(ဘ်သ်)ထက်တော့ ဆိုးတယ်နော်"

ဝေရီလွင် ပြာပြာသလဲဖြစ်သွားသည်။

"ဝေဝန်ခံပါတယ်၊ ဝေမှားခဲ့ပါတယ်၊ ကိုကို့ကို အမှိုက်ပုံထဲက ဆွဲတင်ချင်လို့ ဝေ ကြံမိကြံရာကြံတာပါ"

"ဒါပေမယ့် ဝေက အမှိုက်ပုံထက်ဆိုးတဲ့နေရာမှာ သာယာ ခဲ့ပါတယ်"

"ဒါလဲမှန်ပါတယ်"

'ဝေ တို့နဲ့နေရတာ မပျော်ခဲ့ဘူး။ ဒါဟာ ဝေတို့ကို မချစ်လို့ ပဲပေါ့"

www.burmeseclassic.com


"အဲဒီလိုမဟုတ်ပါဘူးကိုကိုရဲ့၊ ဝေ ကိုကို့ကို အသည်းနှစ်အောင်ချစ်တာပါ။ အခုထိလဲ တစ်ပြားမှမလျော့ပါဘူး"

"တို့လဲ ဒီလိုပါပဲ။ ဝေဘာလုပ်လုပ် ခွင့်လွှတ်မယ်။ ဘာလုပ်လုပ် ချစ်နေမယ်။ ဝေက ကိုကို့ရင်ကို ခြေစုန်ကန်သွားလဲ ချစ်နေမယ်လို့ ပြောခဲ့တာပါ"

"ကဲကွာ ... ပြီးတာတွေ ပြီးပေ့စေတော့ကွာ"

"အနာဟောင်းကို ပြန်ဆွတာက ဝေပါ"

"ဝေ့အမှားပါကွာ"

ဝေရီလွင်နှင့် ရာစစ်မှူးတို့ထိုင်နေသောခုံမှာ လေယာဉ်၏လက်ဝဲဘက်ရှေ့ဆုံးခုံဖြစ်သည်။ သူတို့ကို နောက်ကလူတွေက မမြင်နိုင်ပေ။ ဝေရီလွင်သည် ရာစစ်မှူးကို အတင်းဖက်လိုက်သည်။

"သားသားလေးရေ ... အာဝါး ..."

"ဟော့ ... လူတွေမြင်ကုန်မယ်ဝေ"

"မြင်မြင်ကွာ"

ဝေရီလွင် မည်သို့ဆိုသည်ကို ရာစစ်မှူးအသိဆုံးပင်။ ဝေရီလွင်လောက် တဖွတ်ထိုးနိုင်မည့်မိန်းမ ကမ္ဘာပေါ်တွင် သူရှာရန်တွေ့မည်မဟုတ်ပေ။

"ကိုကိုရယ် ဝေ့ကိုလေ ဝေရီလွင်အသစ်တစ်ယောက်လို့ သဘောထားပြီး လက်ခံစမ်းပါ။ ကိုကို အခုအချိန်အထိ ခေါင်းလဲမညိတ်ဘူး။ ခေါင်းလဲမခါဘူးနော်"

ရာစစ်မှူးကား အချို့စာပိုဒ်များကို သူ အလွတ်ကျက်မှတ်ထားသည်အထိ သူ့ရင်ကိုလွှမ်းမိုးနေသော မဃဒေဝလင်္ကာသစ်ကို သတိရ၍နေသည်။

ဝါသနာဆိုး အမျိုးဘာဝ၊ ထိုမိန်းမကို့၊ မောဟကြီးမား လင်ယောက်ျား၌၊ အားပါးမနာ၊ ပြုတတ်စွာ၏။

ဂင်္ဂါရေကြော၊ နစ်မျောနေပြီး သေလုနီးတွင်၊ မိမိလင်ကို၊ ဆင်ခြင်မဲ့ရှောင်း သီချင်းတောင်း၏။ တစ်ကြောင်းထိုမှ၊ သေနကမင်း



တောင်ညာနှင်းလည်း မိုက်ခြင်းလွန်စွာ၊ မထောက်ညှာဘဲ၊ မီးမှာဆင်းပြီး မင်းကြီးသေကြောင်း၊ မန္တာန်တောင်း၏။

"မိန်းမတွေမှာ မောဟကြီးမားတဲ့ဝါသနာဆိုးက မပျောက်နိုင်ဘူးတဲ့ဝေ။ ကိုယ့်လင်ကို အားပါးမနာပြုတတ်တယ်လို့ ရှေးစာတွေက ဆိုတယ်"

"အိမ်မှာတုန်းက ကိုကိုကိုင်နေတဲ့ မဃဒေဝလင်္ကာသစ်က ပြောတာလား။ ဘာပဲဖြစ်ဖြစ် ဝေဟာ ဝေရီလွင်အသစ်ပါကိုကို"

"မိန်းမတွေဟာ ကိုယ့်လင်က ဂင်္ဂါမြစ်ကြောမှာမျောပြီး သေလုနီးပါးဖြစ်နေတာတောင် မဆင်မခြင်နဲ့ ကိုယ့်လင်ကို သီချင်းဆိုနိုင်းလိုဆိုနိုင်း၊ ကခိုင်းလိုခိုင်း လုပ်တတ်ကြတယ်တဲ့။ သေနကမင်းကြီးရဲ့ တောင်ညာစံဒေဝီမိဖုရားဟာ ကိုယ့်လင်မီးပုံထဲဆင်းပြီး သတ်သေဖို့ မန္တာန်ကို ပုဏ္ဏားတွေဆီမှာ တောင်းသတဲ့"

"ကိုကို ဆက်မပြောရင်ကောင်းမယ်ကွာ"

ရာစစ်မှူးက ဝေရီလွင်၏တားမြစ်မှုကို ဂရုမစိုက်ပေ။ လေယာဉ်စက်သံကို ဖုံးလွှမ်းအောင်ဆက်ပြော၏။

မိန်းမမမှတာ၊ နည်းပညာကြောင့်၊ ထင်ရာစိုက်စိုက်၊ အာရုံစိုက်က၊ သံလိုက်နှင့်အပ်၊ ခွေးနှယ်ဟပ်လျက်၊ တွပ်တွပ်ကိုက်ချင်၊ ငါးစိမ်းမြင်လျှင်၊ ငါးကင်စွန်ပစ်၊ မြေခွေးညစ်သို့၊ ရှေးချစ်ခွာပြောင်း၊ နွားနှယ်ရောင်း၏။

"မိန်းမဆိုတာကတော့ နည်းပညာတွေကလဲ စုံတယ်။ အာရုံရှင် သံလိုက်နဲ့အပ်လိုပဲတဲ့။ ငါးစိမ်းမြင်ရင် ငါးကင်ပစ်တဲ့ မြေခွေးညစ်လို ငယ်ချစ်ကိုပစ်ပြီး နွားရောင်းသလို ရောင်းလိုက်တာပဲတဲ့"

"ကိုကို ရန်ရှာနေတာပါ"

"လယ်တီဆရာတော်ဘုရားကြီးကတော့ ဘုရားဟော ငါးရာ့ငါးဆယ်နိပါတ်တော်မှာ (၉၉) ဇာတ်က မိန်းမတွေမကောင်းကြောင်းတွေ ထိုက်ဖတ်ကြည့်တော့လဲ ဟုတ်တာပဲ"


www.burmeseclassic.com

 www.burmeseclassic.com 

"ပြောပါကိုကိုရယ်၊ ကိုကို ဝေ့အပေါ်မှာ ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူးဆိုတာ ဝေသိပါပြီ"

ရာစစ်မှူးက လေယာဉ်စက်သံကို ကျော်လွှားအောင်ပြီး ရယ်မောမိသည်။

ဂျော့(ချ်)တောင်းလေဆိပ်တွင် အောင်ဒင်နှင့် မောင်ထူးသည် ဘယ်ညာတံခါးခြောက်ပေါက်ပါသော ကားကြီးတစ်စီး၊ တံခါးလေးပေါက်ပါသောတစ်စီးနှင့် ပစ္စည်းတင်ရန် ပစ်ကပ်ကားတစ်စီးတို့ဖြင့် လာကြိုသည်။

မောင်ထူးက ပစ္စည်းတွေရွေးရန် လေဘယ်ကဒ်ပြားများကို တောင်းယူကာ ပစ္စည်းရွေးရန် ထွက်သွားသည်။

"ဝေနဲ့ကိုကိုက ဖိုးဒိုးကားနဲ့ပဲပေါ့။ ပြောစရာက မပြတ်သေးဘူး ညီညီရေ။ မင်းအစ်ကို ငါ့ကို တောက်လျှောက်နှိပ်ကွပ်နေတယ် ညီညီရယ်။ ဆောင်းနှင်းစက်နဲ့ ဒီလိုင်လာရယ်က စစ်စ်ဒိုးကြီးနဲ့သွား"

"ကျွန်တော်တို့ကို ဘုရင်ခံထင်နေပါဦးမယ် မမရယ်။ မလုပ်ပါနဲ့။ ကိုကိုနဲ့ မမက ဗီအိုင်ပီပဲ"

"ဟော့ကောင်မလေးတွေ၊ . . အူကြောင်ကြောင်လုပ်မနေနဲ့၊ လေဆိပ်နဲ့ ရှန်ဂရီလာဟိုတယ်ကြားမှာ ဂျော့(ချ်)တောင်းတစ်မြို့လုံး ခြားနေတာနော်။ နောက်ခန်းက မြန်မြန်တက်"

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာလည်း သူတို့၏ပစ္စည်းများကို စိတ်မချစွာဖြင့် သမင်လည်ပြန်တကြည့်ကြည့်လုပ်ရင်း နောက်ခန်းပေါ် တက်သည်။

"စိတ်ချပါ၊ ကျွန်တော် ဘာတစ်ခုမှ မကျန်စေရပါဘူး"

မောင်ထူးကပြောသည်။ မောင်ထူးသည် ပစ္စည်းတင်သည့် ပစ်ကပ်ကားနှင့် လိုက်လာမည်ဖြစ်သည်။

"ကဲ ... ဝေနဲ့ကိုကိုနဲ့ ကားပေါ်မှာ ရှန်ပိန်တစ်ခွက်စီလောက် အချိန်ရတယ်"

ဝေရီလွင်ကပြောပေမယ့် ကားပေါ်သို့မတက်ဖြစ်သေး။ အောင်ဒင်သည် သူ့နားတွင် ရပ်နေဆဲဖြစ်သည်။ ထို့နောက် ရယ်ကြဲကြဲဖြင့် ...

"မမ ကျွန်တော် ဘာထူးခြားလဲ"

ဝေရီလွင်က သူ့မျက်နှာကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ အောင်ဒင့်မျက်နှာပေါ်တွင် နေကာမျက်မှန်ကို မတွေ့ရ။ လစ်ဟာနေသော လက်ဝဲဘက်မျက်လုံးအိမ်တွင် လက်ယာမျက်လုံးနှင့် ချွတ်စွပ်တူသော မျက်လုံးအတုတစ်လုံး တပ်ဆင်ပြီးသားဖြစ်နေသည်။ ထိုမျက်လုံးသည် လက်ယာဘက်မျက်လုံး ရွေ့သည့်အတိုင်း ရွေ့သည်။ လှုပ်ရှားသည့်အတိုင်း လှုပ်ရှားသည်။

"မျက်လုံးအတုလေးတစ်လုံး လုပ်ပေးပါဆိုတာ မမက နေကာမျက်မှန်တစ်လက်ပဲ ဝယ်ပေးခဲ့တယ်လေ။ မမက စေတနာမရှိတော့လဲ ကျွန်တော့်ဟာကျွန်တော် ပိုက်ဆံစုပြီး ..."

"မင်းအရက်မူးနေလား"

ဝေရီလွင်က ခက်ထန်သောအသံဖြင့် ဖြတ်မေးသည်။ ပြီးတော့ အောင်ဒင်မဖြေခင် ဖြတ်၍ပြောသည်။

"ငါလိုချင်တဲ့အောင်ဒင်က ဒီလိုပုံစံမျိုးမဟုတ်ဘူး"

သူမ၏အသံမှာ မိုးကြိုးပစ်သံလို ပြင်းထန်လှသည်။ သူမသည် ကားပေါ်သို့တက်ပြီး တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

ဩဩဩ



www.burmeseclassic.com

www.burmeseclassic.com

## (၁)

သူတို့လူစု ရှန်ဂရီလာဟိုတယ်ကြီးတွင် တည်းခိုကြရသည်။ ဝေရီလွင်က သူတို့ကို ဟိုတယ်မှာပဲ နေ့လယ်စာကျွေးသည်။ ထို့နောက် K-O-K-O သင်္ဘောအတွက် ရေနက်ဆိပ်ကမ်းကို သွားဦးမည်ဟုဆိုကာ ထွက်သွားသည်။ ညီညီသည် ဂျော့(ချ်)တောင်း မြို့စွန်အတော်ဝေးဝေးရှိ ရှန်ဂရီလာ ကြယ်ငါးပွင့်ဟိုတယ်ကြီးကို ရောက်ဖူးပြီးဖြစ်သည်။ သူက ဟိုတယ်ကြီးတစ်လျှောက် လိုက်လံပြသည်။ ဟိုတယ်ကြီးပေါ်တွင် ယောက်ျား၊ မိန်းမ ကြိုက်ရာဝတ်စုံများကို ချုပ်လုပ်ပေးနိုင်သော နေ့ချင်းပြီးအပ်ချုပ်ဆိုင်ပင် ရှိသည်။ စာအုပ်ဆိုင်အပါအဝင် စားသောက်ဆိုင်၊ ကုန်ပဒေသာဆိုင်များ များစွာရှိသည်။ ကစားဝိုင်းရှိသည်။

"ကဲ ... ကိုကို တို့ အခန်းပြန်ပြီး တရေးတမောအိပ်။ ငါ အပြင်ထွက်ဦးမယ်။ အလုပ်ကိစ္စလဲ ရှိတယ်။ နောက် မမနဲ့ သူလူတွေ ဆက်ဆံရေးက တစ်မျိုးပဲ။ အာမက်အလီရဲ့လူတွေလို့ ထင်ရတဲ့ကောင်တွေကလဲ ငါတို့ကို စောင့်ကြည့်နေတယ်"

"မင်းက ဘယ်လိုလုပ်သိလဲ"

"အဲဒါကိုရှင်းပြရရင် ကြာလိမ့်မယ်ကွာ။ ဒီလူကြီးကလဲ ပီနန်မှာ နှစ်ဘက်ခွတုပ်နေတာ"

"ငါတို့က မအိပ်ချင်သေးဘူး"

ရာစစ်မှူးက ပြောသည်။

"ဟုတ်တယ်ဦးညီ၊ သမီးတို့က ဒီလိုနေရာမျိုးရောက်လာပြီးမှ အိန္ဒိယသမုဒ္ဒရာကြီးကိုကျောခိုင်းပြီး အိပ်ပစ်လိုက်ရမှာနှမြောတယ်"

"ဒါဆိုလဲ ပင်လယ်ကမ်းခြေသွား။ အနောက်နိုင်ငံကလူတွေကတော့ ဒီလောက်ပူကျက်နေတဲ့ရာသီဥတုမှာလဲ နေစာလှုံတာပဲ။





သူတို့က နေလောင်ထားတဲ့အရေပြားကိုလဲ လှတယ်ထင်တာ။ နင်တို့လဲ ရေထဲဆင်းပေါ့"

"သမီးတို့ ရေထဲဆင်းမယ်"

ဒီလိုင်လာကပြောသည်။

"ငါပေးထားတဲ့ ခရက်ဒစ်ကဒ်တွေနဲ့ ကြိုက်တာဝယ်လို့ရတယ်။ ကဲ ... ကိုကိုရေ မင့်သမော်တီးတွေကို မင်းပဲဦးဆောင်တော့"

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာ ဝေးဟေးဟေးဟုဆိုကာ ပျော်မြူးသွားကြသည်။ ညီညီထွက်သွားသည်။

ရာစစ်မှူးသည် ပေါင်လည်နီးပါးခန့်တိုမည့် ရေးကူးဘောင်းဘီတိုကို ဝယ်သည်။ မျက်နှာသုတ်ပုဝါကြီးတစ်ထည် ယူသည်။ သူ့ဘောင်းဘီတွင် ပိုက်ဆံနှင့် အကြွေးဝယ်ကဒ်ပြားထည့်သည်။ အိတ်ဂုက်ကလေးတစ်ခုပါပြီး ဇစ်ပိတ်လိုက်ပါက ရေမဝင်ပေ။ ဆောင်းနှင်းစက်သည် အနီရောင်ရဲရဲနှင့် အဖြူအစင်းကြား ရေကူးဝတ်စုံကိုဝတ်၍ ထွက်လာသည်။ သူမသည် အရပ်မြင့်ပြီး ပေါင်တန်တွေရှည်သော်လည်း ရင်က မို့မောက်ခြင်းမရှိ။ နောက်ပိုင်းကလည်း ခပ်ပြားပြားပင်။ ကျစ်လျစ်မှုတော့ရှိသည်။ ဒီလိုင်လာကား သူမထက် အရပ်ပုသော်လည်း ပြည့်ဖြိုးသည်။ ဖုသည့်နေရာ ဖုသည်။ ဖောင်းသည့်နေရာ ဖောင်းသည်။ ခါးကသေးသည်။ ဆောင်းနှင်းစက်ကား ခါးသာမသေးလျှင် ယောက်ျားလေးဟုများ အပြောခံရမလားမသိ။

သူတို့သုံးဦးသည် ဓာတ်လှေကားအကြီးတွင် လူကျပ်နေသဖြင့် သူတို့နေထိုင်ရာ အထပ်(၈)ထပ်အစွန်မှ ဓာတ်လှေကားလေးကို စီး၍ ဆင်းလာကြရာ ဓာတ်လှေကားထဲတွင် သူတို့သုံးယောက်ထဲပင်။

ရာစစ်မှူးက ကောင်မလေးတွေ ရှက်မှာစိုးလို့ သူတို့ကိုမကြည့်။ ဆောင်းနှင်းစက်က မျက်နှာတွေနီပြီး မျက်လွှာချထားသည်။ ဒီလိုင်လာက ...

"ဒီမှာ ... ဒီမှာ ... ဆရာ ..."

အလန့်တကြားခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်စမ်း၊ မိဆောင်းရယ် မျက်နှာကြီးနဲ့လို့"

ရာစစ်မှူး ဆောင်းနှင်းစက်ကိုကြည့်မိသည်။

"ဟယ် ... ဒီလိုင်လာနော် ... နင် အရှက်ကိုမရှိဘူး"

"ဘာရှက်ရမှာလဲ။ ငါတို့မှာ အခုမှပဲ ငါတို့ဆရာနဲ့ နီးနီးကပ်ကပ် နေခွင့်ရတာ။ တစ်ချိန်လုံး ဒေဝီကြီးက ကပ်နေတာ။ ထမင်းတောင် လက်ဆုံစားခွင့်မရဘူး"

"ဒေဝီကြီး ..."

ရာစစ်မှူးက ရေရွတ်မိသည်။

"ဒေဝီကြီးဆိုတာ ဆရာ့ဟာကြီးပေါ့"

ဒီလိုင်လာက ပြောသည်။

ဆောင်းနှင်းစက်က ...

"ဒီလိုင်လာ ... နင် စကားအပြောအဆို ဆင်ခြင်စမ်း"

"ငါတော့ အခုမှ လွတ်လပ်ရေးရတယ်လို့ထင်တယ်။ ဆရာ့ကို လှိုင်းတွေထဲမှာ ရေထဲဆွဲနှစ်ပစ်ရမယ်"

"နေစမ်းပါဦး၊ ဒေဝီကြီးဆိုတဲ့နာမည်ကို နင် ဘယ်ကသိလာတာလဲ ဒီလိုင်လာ"

"သူ့တပည့်တွေ နောက်ကွယ်မှာခေါ်တာတဲ့။ ဒီလိုင်လာ ဒီလောက်မအပါဘူးနော်"

ရှန်ဂရီလာဟိုတယ်ကြီး၏ ပင်မအဆောက်အအုံကြီးမှာ ပင်လယ်ဘက်သို့ လခြမ်းပုံကွေးနေသည်။ ပင်လယ်ကမ်းခြေနှင့် ဟိုတယ်ကြီး၏အကြားတွင် အုန်းပင်များ၊ ရေကူးကန်လေးများနှင့် စနစ်တကျပြုပြင်ထားလေရာ နေစာလှုံသူများမှာ နေရာလပ်မရှိအောင် ပင် များပြားလှသည်။

အချို့ အနောက်နိုင်ငံသူများမှာ အဝတ်အစားမဝတ်ဘဲ မှောက်နေကြသည်။ အချို့အမျိုးသမီးများမှာ အတွင်းခံဘောင်းဘီသာ ဝတ်ပြီး စာဖတ်နေကြသည်။ အတွဲများကား အရှက်ကိုမရှိ။ လူရှေ့သူရှေ့မှာပင် ကဲချင်တိုင်းကဲနေကြသည်။

"လာမိတာ မှားပြီထင်တယ်"





ဆောင်းနှင်းစက် မျက်နှာပူစွာဖြင့် ရေရွတ်မိသည်။ သူတို့ ရေထဲဆင်းပြီး လှိုင်းစီးကြသည်။ ကြာကြာမကစားနိုင်။ သဲသောင်ပေါ် လျှောက်သွားကြသည်။ အုန်းရေသောက်သည်။ မျက်နှာသုတ်ပုဝါကြီးများနှင့် ပီနန်ထည်အဝတ်အစားများ ရောင်းသည့်ဆိုင်မှာ ဝင်ကြည့်ကြသည်။ ထို့နောက် အုန်းပင်များ၏အရိပ်အောက် ပြန်ဝင်သည်။ သူတို့သုံးယောက်ဆင်း၍ စိမ်နိုင်ရုံရေကူးကန်ထဲ ဝင်စိမ်နေကြသည်။ ရေမှာ စီးဆင်းနေသဖြင့် သူတို့ကိုယ်ခန္ဓာပေါ်မှာ ဆားငံရေတွေလည်း ဆေးကြောပြီးသားဖြစ်သွားသည်။

"ဒီနေရာကို ဒေသခံတွေမလာရဘူးနော်"

"ဂျင်တင်းလိုပဲပေါ့ မိဆောင်းရဲ့။ သူတို့နိုင်ငံသားတွေ လာခွင့် ပေးဘူး"

"အဲဒါ အဆင့်အတန်းခွဲခြားတာလား"

ဒီလိုင်လာကို ဆောင်းနှင်းစက်က ပြန်မေးသည်။

ရာစစ်မှူးက ...

"သူတို့လဲ ဟိုတယ်ဖွင့်ပြီး ငွေရှာတာပဲ။ ဒါပေမယ့် သူတို့ ယဉ်ကျေးမှုမပျက်အောင် ထိန်းတာနေမှာပေါ့။ အနောက်နိုင်ငံသားတွေ ဆိုတာကတော့ သူတို့ကိုယ်သူတို့ လွတ်လပ်တယ်ဆိုပြီး နေချင်သလို နေကြတာပဲလေ။ သူတို့ ပစ္စလက္ခတ်နေတာ သူတို့အခွင့်အရေးပဲလို့ သာကြတာကိုး။ အရှေ့နိုင်ငံတိုင်းက ဒါကို လက်မခံနိုင်ကြဘူး"

"ကြည့်ပါလား ရှက်စရာကြီး"

ဒီလိုင်လာက အတွဲတစ်တွဲကိုကြည့်ပြီး ပြောသည်။

"နင်ပဲပြော၊ ပြီးတော့ မျက်လုံးတွေက မခွာဘူး"

ဆောင်းနှင်းစက်ကပြောတော့ ဒီလိုင်လာက သူမကို ရေနှင့် ပက်သည်။ သူတို့သည် ရှန်ဂရီလာဟိုတယ်၏ ကမ်းခြေအလှကို ရှည်မခံစားနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

ဝေရီလွင်သည် ပီနန်ဆိပ်ကမ်းတွင်ရပ်ထားသော သူမ၏သင်္ဘောပေ
ရောက်နေသည်။ သင်္ဘောပွဲနင်းမှူးမှာ သူမ၏လူမဟုတ်ဘဲ အားဟု
ဆိုသူ ဖြစ်နေသည်။ အင်ဂျင်နီယာမှာလည်း မာလစ်ဆိုသူ ဖြစ်နေသည်
ဆက်သွယ်ရေးတာဝန်ခံက အားယုံဆိုသူဖြစ်နေသည်။ အောင်ဒ
မောင်ထူး၊ လှဝေး၊ ရောင်စိန်၊ သစ်မြိုင်တို့လူစုတော့ ရှိနေသေးသည်
သူမသည် သူတို့နှင့် သီးခြားတွေ့သည်။

"ဘယ်လိုဖြစ်ကုန်တာလဲ။ လူတွေကို ဘယ်သူက လဲပစ်လိုက်
ရတာလဲ"

"မစ္စတာအာမက်အလီက နိုင်းတာပါ"

အောင်ဒင်ကဖြေသည်။

"ငါတင်နိုင်းထားတဲ့ကုန်တွေလဲ မတင်ထားကြဘူး"

"မစ္စတာအာမက်အလီက ချောင်နဲ့အဇစ်ကို အရေးတ
နိုင်းစရာရှိလို့ပါတဲ့။ ကုန်တွေကို မတင်ပါနဲ့တဲ့။ မမတို့ ဖူခက်
လွတ်လွတ်လပ်လပ်သွားပါတဲ့"

"ဒါက ငါ့သင်္ဘောလေ၊ မင်းတို့ ငါခိုင်းတာလုပ်ရမှာပေ့

အောင်ဒင်က ပြန်မဖြေနိုင်။ သူတတ်နိုင်သမျှ ဖာထေး
ဆို၍ ပြီးပြီ။ ဤသင်္ဘောမှာ ဝေရီလွင်နာမည်ဖြင့် မှတ်ပုံတင်ထား
သင်္ဘောမှန်း သူတို့သိသည်။ သို့သော် အာမက်အလီကို မည်သ
အာမခံရဲ၊ ယခုလည်း သင်္ဘောပေါ်တွင် သူ့လူငါးယောက် ထပ်တင်
သေးသည်။

"သူ ငါ့ဆီဖုန်းဆက်ဖို့တော့ ကောင်းတယ်"



"သူကိုယ်တိုင်လာသွားတာပါ။ သူ မမဆီဖုန်းဆက်တယ်တဲ့၊
မရဘူးတဲ့"

"ဘာလို့မရရမှာလဲ"

သူမနှင့်အတူ ယာနီနှင့် ကာဒီတို့ပါလာသည်။ ယာနီသည်
လက်ကိုင်အိတ်ကြီးကြီးကိုလွယ်ထားရာ အထဲတွင် တစ်ကမ္ဘာလုံး
ဆက်သွယ်နိုင်သော ဂြိုဟ်တုဖုန်းအပါအဝင် တယ်လီဖုန်းငါးလုံးခန့်
ရှိသည်။ သူသည် ရာစစ်မှူးနှင့်ဆက်သွယ်ရန် ဖုန်းတစ်လုံးထားသော်
လည်း ထိုဖုန်းက အသံမပြည်တာကြာပြီ၊ အာမက်အလီနှင့် ဆက်သွယ်
ရန်မှာ သီးသန့်ဖြစ်သည်။ သူသည် တယ်လီဖုန်းနံပါတ်တွေကို ဆက်
တိုက်နှိပ်နေသည်။

"သူ ငါ့ဆီကို အချိန်မရွေး e-mail ပို့လို့ရတယ်။ တယ်လီဖုန်း
မဆက်ချင်ရင် message ချန်ထားလို့ရတယ်။ via phone လဲရတယ်။
နောက်ဆုံး လူလွှတ်လဲရတယ်။ Fax ပို့လဲရတယ်။ ဒါဟာ ငါမသိအောင်
သက်သက်လူလည်လုပ်တာ"

ဝေရီလွင်သည် ကျားရဲတစ်ကောင်နှယ် သောင်းကျန်းနေလေ
သည်။

"မင်းရဲ့မျက်လုံးတစ်ဖက်ကို အတုထည့်မပေးတာ ငါစေတနာ
မရှိလို့မဟုတ်ဘူး။ ဒီလောကက ဖြခြောက်နိုင်မှ တန်ကာကျတာ။
မင်းကို မစ္စတာဟု(ခ်)ဆိုပြီးခေါ်နေတာ ပင်လယ်ဓားပြကြီးလို့ပြောတာ။
မင်းက သိပ်ချောချင် လှချင်နေလို့လား"

ဝေရီလွင် သူ့ဘက်လှည့်မဲနေသည်ကို အောင်ဒင် သတိထား
လိုက်မိသည်။

ပီနန်ရေနက်ဆိပ်ကမ်းကွင် ကုန်သေတ္တာကြီးများမှာ တစ်သီ
တစ်တန်းကြီးဖြစ်သည်။ ကရိန်းကြီးများက ကုန်သေတ္တာကြီးများကို
လျှပ်စစ်သံလိုက်ဖြင့်ဆွဲတင်ကာ မိုးပျံရွေ့လျားလမ်းပေါ် တင်ပေးလိုက်
သည်။ မြင့်မားလှသော ရွေ့လျားလမ်းကြီးများမှာ များစွာရှိပြီး
ဆိပ်ကမ်းဘက်သို့ မျှဉ်းပြိုင်ရွေ့လျားနေကြသည်။ ထိုလမ်းများပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ကွန်တိန်နာကုန်သေတ္တာတွေ အစီအရီပါသွားကြသည်။ ထိုသေတ္တာများကို ပင်လယ်ကူးသင်္ဘောကြီးများပေါ်သို့ ကရိန်းများဖြင့် နေသားတကျ တင်သည်။ အားလုံးကို ကွန်ပျူတာများဖြင့် ထိန်းချုပ်သည်။

ဝေရီလွင်သည် ကုန်သေတ္တာများ၏အကြားရှိ အလယ်ကွက်လပ်တွင် သူ့လူတွေကို ဆုံနေခြင်းဖြစ်သည်။ သူတို့အပေါ်တွင် မိုးပျံရွေ့လျားလမ်းတစ်ခုရှိပြီး ထိုလမ်းပေါ်တွင် ကုန်သေတ္တာကွန်တိန်နာတွေ ဆိပ်ကမ်းဘက်သို့ ဦးတည်ရွေ့လျားနေသည်။

ဝေရီလွင်သည် အပေါ်သို့ မော့ကြည့်လိုက်သည်။

"ဒါကြီးတွေ အချိန်မရွေး ငါတို့ပေါ်ကျလာမယ်။ ဒီဘက်ရွှေ့စမ်း ..."

ဝေရီလွင်သည် ကုန်သေတ္တာတစ်လုံးနား ရောက်သွားသည်။

သူတို့နှင့်မလှမ်းမကမ်းရှိ ကရိန်းကြီး၏စက်ခန်းထဲတွင် စက်မောင်းသူအပြင် နှာခေါင်းကြီးကြီးချွန်ချွန်၊ ပါးစပ်ပြဲပြဲ အသားမည်းမည်းနှင့် အာမက်အလီကိုပါ တွေ့ရသည်။ အာမက်အလီသည် ဝေရီလွင်တို့ကို မှန်ပြောင်းတစ်လက်ဖြင့်ကြည့်နေသည်။

"လုပ်လိုက်ရတော့မလား သူဌေး"

"နေဦးကွ။ သူတို့နေရာရွှေ့သွားတော့ မိုက်ကရိုဖုန်းနဲ့ ဝေးသွားတယ်။ စကားသံတွေကလဲဆူတော့ ဘာမှမကြားရဘူး"

အာမက်အလီ၏နားတွင် နားရွက်များကိုဖုံးနိုင်သည်အထိ ကြီးမားသော ဟက်ဖုန်းနားကြပ်ကြီးကို တပ်ဆင်ထားသည်။

"စောစောက ပြေးလမ်းအောက်ရောက်နေတော့ လုပ်လို့မရဘူး။ ကွန်တိန်နာကိုတိုက်ချလဲ သူတို့အပေါ်မရောက်ဘဲ ဘေးချော်ကျမှာ။ သူတို့က ဒါကိုစိုးရိမ်ပြီးရွှေ့လိုက်တော့ အိုကေသွားပြီ။ ကျွန်တော် သူတို့အပေါ်ကျမှ ခလုတ်ဖြုတ်ချရင် အစုလိုက်အပြုံလိုက် ပိပြီးသေကြမှာ"

"ခဏနေဦး၊ သူတို့လူမစုံသေးဘူးထယ်ချင်း"





"သူဌေးရဲ့အဓိကပစ်မှတ်ကို ရရင်ပြီးရောမဟုတ်လား"

"ဒါကတော့ စနိုက်ပါတွေလဲရှိပါတယ်"

အာမက်အလီက မှန်ပြောင်းကို နေရာရွှေ့ကြည့်သည်။ ဝေရီလွင်တို့လူစုနှင့် မီတာ(၅၀)ခန့်အကွာ ကွန်တိန်နာများကြားတွင် သေနတ်သမားတစ်ဦးရှိသည်။ သူတို့၏နောက်တည့်တည့်မှာက တစ်ယောက်။ လက်ဝဲဘက်မှာကတစ်ယောက် ... တစ်ယောက် ... တစ်ယောက်။

"ဘယ်ဘက်ကကောင် ဘယ်ပျောက်နေလဲ"

"ကျွန်တော်တို့အောက်ဘက်နားလောက် ရောက်နေမယ်"

အာမက်အလီက မှန်ပြောင်းဖြင့်ရှာသည်။

ဦးထုပ်တစ်လုံးဆောင်းပြီး အလုပ်သမားဂျင်းအင်္ကျီပွပွ ဝတ်ထားသော သေနတ်သမားမှာ သူတို့၏အောက်ပိုင်းနားသို့ ရောက်နေသည်။ ဦးထုပ်ကြောင့် သူ့မျက်နှာကို မမြင်ရ။

"ဒီဂွမ်ရှောင်ဆိုတဲ့ကောင်က ထားတဲ့နေရာမနေဘူး"

"ပစ်ကွင်းမကောင်းလို့ဖြစ်မှာပေါ့"

"ဘာလို့မကောင်းရမှာလဲ၊ ငါ့လူက ဒီမိစ္ဆာမကို အဲဒီနေရာရောက်အောင် ခေါ်လာမှာ။ နေရာကို ငါပဲရွေးပေးထားတာ။ ငါ ချက်(Check) လုပ်ကြည့်ဦးမယ်"

အာမက်အလီသည် လမ်းလျှောက်စကားပြောခွက်ကို ကောက်ကိုင်သည်။

"ဝမ်းဖီးရှီးကြားလား"

"ကြားတယ်ဆရာ"

"တူးဖီးရှီး မြင်ကွင်းကောင်းလား"

"ကောင်းတယ်ဆရာ"

"သရီးဖီးရှီး မြင်ကွင်းကောင်းလား"

"ကောင်းတယ်ဆရာ၊ ပစ်လိုက်ရတော့မလား"

လက်ဝဲဘက်မှ ဂွမ်ရှောင်သည် လေသံလေးနှင့်ပြောသည်။ စကားသံတွေက ဆူနေသဖြင့် အသံကို မနည်းနားထောင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငွမ်ရှောင်သည် ညီညီလက်ချက်ကြောင့် ကွန်တိန်နာနှစ်လုံးကြားတွင် မှောက်နေပေပြီ။ ညီညီသည် ငွမ်ရှောင်၏ အင်္ကျီကို ကောက်ဝတ်ပြီး ဦးထုပ်ကိုဆောင်းလာသည်။ ဝေါ်ကီတော်ကီ နှင့် သေနတ်ကိုယူလာသည်။

"လူစုံအောင်စောင့်ချင်တယ်"

"ဒီမှာပဲလုပ်ပါသူဌေး၊ ရှန်ဂရီလာ့လိုနေရာမျိုးမှာ မလွယ်ဘူး နော်။ ဒါက သူဌေးနယ်မြေ၊ သူဌေးနယ်မြေထဲ တစ်ခြားသူတွေ ဝင်ကျူးကျော်တာ သဘာဝကျတယ်"

အာမက်အလီသည် ဝေရီလွင်တို့ဆီသို့ မှန်ပြောင်းဖြင့်ကြည့်နေ သည်။ ဝေရီလွင်ကား အောင်ဒင်တို့၊ မောင်ထူးတို့ရှေ့တွင် ခေါက်တုံ့ ခေါက်ပြန်လျှောက်ကာ ကျားရဲမတစ်ကောင်နှယ် ဒေါသတွေထွက်နေ သည်။

ကရိန်းကြိုး၏အဖျားမှ လျှပ်စစ်သံလိုက်တုံးကြီးသည် လေးလံသောကွန်တိန်နာ ကုန်သေတ္တာကြီးတစ်လုံးကို ဆွဲယူလိုက်သည်။ ထို့နောက် မိုးပျံပြေးလမ်းဘက်သို့ လွှဲယူလာသည်။ ကုန်သေတ္တာကြီး ရွေ့လျားသည့်အလျင်မှာ ပြေးလမ်းပေါ်တွင် ရပ်မည့်အနေအထားမျိုး ကြောင်း ညီညီသတိထားလိုက်မိသည်။ ပြေးလမ်းလွန်သည်နှင့် ဖြုတ် ချလိုက်ပါက ဝေရီလွင်တို့လူစုပေါ်သို့ တည့်တည့်မတ်မတ်ကြီး ပြုတ်ကျ တော့မည်။

သူသည် ကရိန်းကြိုးနှင့်ဆက်သွယ်ထားသော လျှပ်စစ် ကေဘယ်(လ်)ကြိုးကို ရှာတွေ့ပြီးပြီ။ ဖြုတ်ယူရန်လည်း ကြိုးစားပြီးပြီ မရ။ နည်းလမ်းမှာ တစ်လမ်းသာရှိသည်။ ရှော့ဆားကစ်(ခေါ်)ဝါယာကြိုး ချင်း ပူးဖို့သာရှိတော့သည်။ အချိန်ကမရ။ သူသည် ကရိန်း၏ခြေရင်းသို့ ဖျတ်ကနဲခုန်ကူးလိုက်သည်။ ဝါယာစတစ်ခုကို ပလပ်ပေါက်တစ်ခုတည်း ထိုးထည့်လိုက်ရာ မီးတွေပွင့်ထွက်လာပြီး ကရိန်းမှာ ဒုန်းကနဲရပ်သွား သည်။ ကွန်တိန်နာသေတ္တာကြီးက ပြေးလမ်းပေါ်တွင် လွှဲရမ်းနေရာမှ ဝုန်းကနဲပြုတ်ကျရာ ဝေရီလွင်တို့နှင့် လွဲသွားသည်။



ဝေရီလွင်တို့ အပေါ်မော့ကြည့်သည်။ မောင်ထူးက ညီညီကို မြင်သည်။ အာမက်အလီတို့ လူစုမှာမူ အောက်တည့်တည့်ရှိ ညီညီကို မမြင်။

"ဘာဖြစ်တာလဲ"

"ရှော့ဆားကစ်"

"တောက် ... စက်အားလုံးပစ်တော့"

အာမက်အလီက ပစ်မိန့်ပေးလေပြီ။

ညီညီသည် လက်ကျာဘက်အစွန်မှလူကို ပစ်ချလိုက် သည်။

"မမ ... ပြေးတော့"

ဝေရီလွင်တို့နောက်ကလူကို ညီညီ သေသေချာချာချိန်ပစ် သည်။ သေနတ်သမားနှစ်ဦး ရှင်းသွားပြီ။ ညီညီ ကွန်တိန်နာများကြား တွင် ကွေ့ကောက်၍ပြေးသည်။ အာမက်အလီနှင့် စိတ်သမားက ကရိန်းကွန်ထရိုးကေဘင်ထဲမှနေ၍ သူ့ကို ပစ္စတို(လ်)များဖြင့် လှမ်းပစ် သည်။ အကွာအဝေးမှာ မီတာ(၅၀)မကသဖြင့် ပစ္စတို(လ်)ကျည်ဆန် ကို သူမကြောက်။ ထိလျှင်လည်း ခံမှန်သလောက်သာရှိမည်။ သူ သည် သူ့လက်ထဲမှ အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်(လ်)ဖြင့် ကရိန်း ကွန်ထရိုးကေဘင်သို့ လက်မလွှတ်တမ်း ဆွဲပစ်ထည့်သည်။ ကျည်ဆန် ကုန်တော့ သေနတ်ကိုလွှင့်ပစ်လိုက်သည်။ စက်သမား ပြုတ်ကျသွား သည်။

သူသည် ကုန်တင်ယာဉ်အလတ်တစ်စီးပေါ်သို့ တက်လိုက် သည်။ သူ့အနားသို့ ဝေရီလွင်ရောက်လာသည်။ သူ ကားကို တရကြမ်း မောင်းထွက်သည်။ စက်သံတွေ ဆူညံသွားတုန်းမှာပင် သူတို့ ဆိပ်ကမ်းနယ်မြေမှ လွန်မြောက်လာပြီ။

"ဒီကားက ဘယ်ကကားလဲ"

"ခိုးလာတာ"

သူသည် လူရှင်းရာတွင် ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"လာ ..."

အားလုံး လမ်းကြားလေးတစ်ခုကို ဖြတ်ပြေးသည်။

သူတို့ကို ကားတစ်စီးက စောင့်နေသည်။

"ဒီကားက ..."

"ကျွန်တော်ကြိုငှားထားတာ"

ဝေရီလွင်က ကားပေါ်ရောက်တော့ မေးသည်။

"ငါတို့ကို ဘယ်သူလုပ်တာလဲ"

"အာမက်အလီကိုယ်တိုင်ပဲမမ။ ကရိန်းမောင်းတဲ့စက်ခန်း မှာ အဲဒီလူကြီးကိုယ်တိုင် ကွန်ထရိုးလုပ်နေတာ။ အခု သူသေနတ်သ နှစ်ယောက် သွားပြီ။ စက်သမားလဲ ပြုတ်ကျသွားတာ ကျွန်တေ မြင်လိုက်တယ်။ အာမက်အလီတော့ ဘာမှမဖြစ်ဘူး။ သူ့အခြေအနေ နောက်နာရီဝက်ဆိုရင် ကျွန်တော်သိမယ်"

"ငါတို့ အခုဘာလုပ်ရမလဲ"

"မမလူတွေ သင်္ဘောပေါ်ပြန်တင်ထား"

ကားသည် သင်္ဘောဆိပ်သို့ ပြန်မောင်းလာသည်။

"သင်္ဘောပေါ်မှာ ဟန်မပျက်နေ။ အဲဒီလူကြီးကလဲ သ မဟုတ်သလိုလို လုပ်နေမှာပဲ"

ယာနီ၏အိတ်ထဲမှ တယ်လီဖုန်းတစ်လုံး၏ မြည်သံထွက်ပေ လာသည်။ ငှက်ဆိုးထိုးသံမျိုးဖြစ်သည်။

"ဒါဟိုလူကြီးပဲ"

"မမ ဟန်မပျက်စေနဲ့"

"ဟဲလို"

"ဟဲလို ... ဒါလင် အခုဘယ်ရောက်နေလဲ"

"ဂျော့(ချ်)တောင်းမှာပေါ့"

ဝေရီလွင်က ဒေါသထွက်တာကို ထိန်းပြီးပြောသည်။

"အစီအစဉ်ပြောင်းလိုက်ရတာကို ခွင့်လွှတ်ပါ။ မင်းဆီ မာလိန်နဲ့ လက်ထောက်ကို အရေးတကြီးလိုလို့။ မာလက္ကာကို လွှ

ရောက်ပေါ်လာလို့လေ။ အားဟုန်ရယ်၊ အားယုံရယ်၊ မာလစ်ရယ် အစား ထည့်ပေးလိုက်တယ်။ လူလဲထပ်ဖြည့်ပေးလိုက်တယ်။ ကုန်က ဒီမှာ မတင်နဲ့၊ ဖူခက်ကို အေးအေးဆေးဆေးသွားကြပါ။ ညွှန်သည်တွေကိုလဲ ကောင်းကောင်းပြုစုပါ။ ယဲ့ကျိုကိုလဲ ငါပဲခေါ်ထားတယ်"

"သေနာကြီး၊ သူကများ"

"ဟဲလို ဒါလင် .. ဘာပြောလိုက်တာလဲ"

"ဘာမှမဟုတ်ပါဘူး။ ဒီလိုလုပ်မယ်လေ။ တို့ဒီမှာ နှစ်ရက် နားမယ်။ ပြီးမှ ဖူခက်ကိုသွားမယ်"

ညီညီနှင့်ဝေရီလွင် ကားပေါ်ကဆင်းလိုက်၏။

"အောင်ဒင်၊ သင်္ဘောဆီသွားတော့၊ ချက်ချင်းထွက်နိုင်အောင် လုပ်ထား"


www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၈

## (က)

ဝေရီလွင်နှင့်ညီညီသည် ရှန်ဂရီလာဟိုတယ်ကြီးသို့ ကားတစ်စီး ငှားလာလိုက်သည်။ ထို့နောက် ရာစစ်မှူး၊ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာကို ဟိုတယ်မှထွက်ခွာရန် ပြင်ဆင်စေသည်။ ရာစစ်မှူးကား ဗြုန်းစားကြီးဖြစ်လာသည်ကို နားမလည်နိုင်ပေ။

"ငါ တစ်ရေးလောက်မှေးမလို့ ..."

"သဘော်ာက ညကြီးခုတ်မျာ။ အဲဒီကျမှမှေး"

ညီညီက ခပ်ပြတ်ပြတ်ပြောသည်။

"ကုတ်အင်္ကျီနဲ့ ဘောင်းဘီတစ်ထည်လဲ ချုပ်ထားတယ်ကွ၊ အဲဒါ ဒီညနေမှရမှာ ..."

"မင်း ဘောင်ချာသာပေး။ ငွေတွေ အကုန်ချေပေးခဲ့မယ်၊ ရန်ကုန်က မင့်လိပ်စာအတိုင်း တစ်ပတ်အတွင်းရောက်နေရမယ်၊ ဒေါနကို စောင့်ပြီးလက်ခံထားဖို့ ငါဖုန်းဆက်ထားမယ်"

"မရရင် ..."

"မင်းတို့လမ်းထိပ်က စက်ကြာဆိုင်မဟုတ်ဘူး"

"ဘာတွေဖြစ်နေလဲကွာ"

"တိုက်ပွဲတစ်ပွဲဖြစ်လာတာ"

ညီညီသည် စိတ်မရှည်နိုင်တော့။ ကောင်မလေးနှစ်ယောက်ငှ ရှုပ်ပွနေသော အခန်းထဲဝင်ပြီး တွေ့ကရာဘာရာဇီယာမကျန် ပစ္စည်းတွေ လုံးထွေးပြီးထည့်ရသည်။





"ကန်တော့ဦးညီ၊ သမီးတို့လုပ်ပါ့မယ်"

"နင်တို့ အရမ်းကြာတယ်ဟာ"

"ဂျင်းဘောင်းဘီတို ဝတ်လို့ဖြစ်လား"

ဒီလိုင်လာက မေးသည်။

"နိုင်လွန်ဘောင်းဘီ ဝတ်လဲရတယ်"

"ရန်ကုန်မှာဆို မဝတ်ရဲလို့မေးတာ"

တွေ့ကရာတွေ လျှောက်ဝယ်ထားသဖြင့် ပစ္စည်းတွေက ထည့်၍မဆန့်ဘဲ ပိုနေလေပြီ။

"ဒုက္ခပါပဲ၊ ပစ္စည်းတွေပိုနေပြီ"

"အဲဒါတွေ ရန်ကုန်မှာလဲ အကုန်ရတယ်။ မယုံရင်ကြည့်၊ ရန်ကုန်က ပိုပြီးဈေးသက်သာလိမ့်မယ်။ ဒီမှာက ဟိုတယ်ဈေး၊ ကုန်တိုက်ဈေး၊ ပစ္စည်းချင်းလဲ မကွာဘူး"

ညီညီသည် တယ်လီဖုန်းဆက်၍ သေတ္တာတစ်လုံးမှာရသည်။

"ခဏနေပါဦး ..."

"မစောင့်နိုင်ဘူး။ Check in လုပ်ဖို့အရေးကြီးတယ်။ မြန်မြန်လုပ်စမ်း"

"ဘာတွေမှန်းလဲမသိဘူး"

ဝေရီလွင်သည် တစ်ခန်းလုံးပွကြဲနေသော ရာစစ်မှူး၏ပစ္စည်းတွေကို ဝိုင်းသိမ်းပေးနေသည်။ ဝယ်ထားသည့်စာအုပ်တွေ၊ စာအုပ်တွေဆိုတာ နည်းတာမဟုတ်။ သူမသည်လည်း တယ်လီဖုန်းဆက်၍ ဟိုတယ်ပေါ်ရှိ ကုန်တိုက်မှ သားရည်သေတ္တာတစ်လုံး မှာရသည်။ သို့တိုင်အောင် မဆန့်ချင်သဖြင့် ထိုးသိပ်ထည့်ရသည်။

"ဘယ်လိုတွေဖြစ်နေတာလဲဝေ၊ ကိုကိုတော့ နားမလည်တော့ဘူး"

"အာမက်အလီကြီးက ဝေ့ကိုလုပ်ကြတယ်။ ညီညီကယ်လို့သာ လို့ပဲ။ ဒီက မြန်မြန်ထွက်မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com


ရာစစ်မှူး လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ညီညီက အင်တာနေရှင်နယ်(လ်) ဗိုက်တာလုပ်လာကာမဲ့ ကိုကိုကတော့ အခြေအနေနားလည်အောင် မနည်းလုပ်ရဦးမယ်။ ဒါ ... အာမက်အလီကြီးက ဘယ်မှာလဲ"

"သူ ဒီမှာပဲရှိတယ်။ ညီညီ သူ့ကိုမြင်လိုက်တယ်။ ဒါပေမယ့် သူက အဝေးကလိုလို ဘာလိုလိုနဲ့ လှမ်းပြီးဖုန်းဆက်တယ်"

ဟိုတယ်လုလင်တစ်ဦးသည် အဝတ်အစားအိတ်မျိုးစုံကို ဒေါ်လီ (ခေါ်) လက်တွန်းလှည်းလေးပေါ်တင်ပြီး ယူလာသည်။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ ရွေး၍မပြီးနိုင်ပြန်။ ညီညီက ဖော အကြီးဆုံးအိတ်ထဲမှ ဆင်တူနှစ်လုံး ရွေးပေးလိုက်သည်။

"ကဲ ... မြန်မြန်ထည့်။ ငါလဲ အဝတ်အစား မသိမ်းရသေး ဘူး"

"ဟယ် ... ဒုက္ခပဲ။ ဦးညီက အခုမှသိမ်းမှာလား"

"ငါက ဒါမျိုးလုပ်နေကျ။ ညည်းတို့လောက်တော့ ပျင်းတောင် ပျင်းသေးတယ်"

ညီညီထွက်သွားတော့ ရာစစ်မှူးတို့အခန်းသို့လည်း အိတ်များ လာပို့သည့်လှည်းက ဝင်သွားတာတွေ့ရသည်။

လှည်းပေါ်တွင် သေတ္တာမျိုးစုံပါနေသည်။ ဝေရီလွင်က အိတ် မျိုးစုံကို စစ်ဆေးကြည့်သည်။

"ဝေမှာလိုက်တာက Echolac အမျိုးအစား။ အခွံအမာစား နီညိုရောင်၊ ဆိုက်က အလတ်စားဖြစ်ရမယ်။ ဆွဲစရာကြိုးပါရမယ် ဘီးပါရမယ်။ အဲဒီလိုပြောလိုက်တာ ဟုတ်တယ်နော်"

ဝေရီလွင်က ရာစစ်မှူးကိုမေးသည်။ သူမသည် ဟိုတယ် ကောင်တာသို့ (သို့) အခန်းဝန်ဆောင်မှုဌာနသို့ လှမ်း၍ဖုန်းဆက်လိုက် ခြင်းဖြစ်သည်။ ဟိုတယ်ကကုန်တိုက်ကို ပြောလိမ့်မည်။

"ဟုတ်တယ်၊ ဝေ အင်္ဂလိပ်လိုပြောလိုက်တာ၊ အဲဒီလို ထင်တယ်"





"ဒီထဲမှာ Echolac တစ်လုံးမှမပါဘူး။ နီညိုရောင်လဲ တစ်လုံး မှမပါဘူး"

ဟိုတယ်လုလင်သည် သေတ္တာတစ်လုံးကို ဆွဲယူပြီး ကြမ်းပေါ် သို့ချသည်။

"ဒီသေတ္တာဆိုရင် ကောင်းမယ်ထင်ပါတယ်ခင်ဗျာ"

သူ ဇစ်ကိုဆွဲပြီး သေတ္တာကိုဖွင့်လိုက်သည်နှင့် ဝေရီလွင်၏ သားရေဖိနပ်က သူ့မေးစေ့ကို ခွပ်ကန်နေအောင် ကန်ထည့်လိုက်ရာ ထိုသူ နောက်သို့ ပက်လက်လန်ကျသွားသည်။ သေတ္တာထဲက အူဇီ သေနတ်အသေးစားလေးတစ်လက် ...။

ပက်လက်လဲကျနေသော ဟိုတယ်လုလင်သည် ဦးထုပ်ကျွတ် ကျသည်။

"ဩော် ... ဒါဝတ်ပါလား"

"ဒါဝတ်လေ၊ အာမက်အလီရဲ့တပည့် ..."

ဒါဝတ်သည် အူဇီသေနတ်ကို ဒိုင်ဗင်ပစ်၍ ခုန်အုပ်ကာ ရယူ ရန်ကြိုးစားသည်။ ဝေရီလွင်သည် ဒါဝတ်၏လည်ပင်းကို ဖြတ်၍ကန်ပြီး တားဆီးသည်။ လက်တစ်ဘက်ကိုဆွဲလိမ်ပြီး ဂျင်ဆွန်ကို ဒူးဖြင့်တိုက် သည်။

"ကိုကို ... သေနတ်ကိုကောက်လိုက်"

ဝေရီလွင်က ဒါဝတ်ကို နောက်မှသိုင်းချုပ်ထားစဉ် ရာစစ်မှူး ကား ကြောင်တောင်တောင်နှင့်ရပ်နေသည်။ ဒါဝတ် အားကုန်ရုန်းသည်။ ဝေရီလွင် အံကြိတ်ပြီးချုပ်သည်။ မိန်းကလေးအားနှင့် ယောကျ်ားလေး အားက မမျှ။

"ကိုကို ... သေနတ်ကောက်လိုက်ပါဆို"

ရာစစ်မှူး နိုးကြားလာသည်။ သေတ္တာထဲက အူဇီသေနတ်ကို ပြေးကောက်လိုက်စဉ်မှာပင် ဒါဝတ်သည် လွတ်ထွက်သွားပြီး ရာစစ်မှူး ၏ဦးခေါင်းကို ပိတ်၍ကန်ထည့်လိုက်သည်။ ရာစစ်မှူး လိမ့်ထွက်သွား ပြီး သေနတ်ရှိနေရာကို လှမ်းကန်ထည့်လိုက်သည်။ ဒါဝတ် သေနတ်



www.burmeseclassic.com

www.burmeseclassic.com


ကို မမှီလိုက်။ ဝေရီလွင်က ဒါဝတ်၏ခြေထောက်တစ်ဖက်ကို ခေါက်၍ချိုးထားရာမှ ခါးကိုတက်နင်းထားသည်။

ရာစစ်မှူးသည် ဒါဝတ်၏အင်္ကျီစကို ဆွဲယူပြီး မျက်နှာကို ပိတ်ထိုးသည်။ သူ့လက်သီး အတော်နာကျင်သွားသည်။ သို့သော် သူ ဆက်တိုက်ပင်ထိုးသည်။

"ကိုကို သေနတ်သာရအောင်ယူ"

ရာစစ်မှူး သေနတ်ဘက်လှည့်ရာ ဒါဝတ်က သူ့အင်္ကျီကော်လာကို ဆွဲထားပြန်သည်။ ရာစစ်မှူး လှည့်ပြီး ဒါဝတ်၏တံတောင်ဆစ်တစ်ဖက်ကို ကန့်လန့်ခံပြီး ရိုက်ထည့်လိုက်သည်။

"အား ..."

ဒါဝတ် လက်ကျိုးသွားပြီ။

ရာစစ်မှူး သေနတ်ကိုလှမ်းယူပြီး ဒါဝတ်ကိုချိန်ထားသည်။ သူချိန်ထားသည်မှာ နှစ်ယောက်စလုံးကို ရောချိန်ထားသလို ဖြစ်နေလေရာ ဒါဝတ်သည် ကိုယ်တစ်ပတ် ပစ်လှည့်လိုက်ပြီး ဝေရီလွင်ကို သေနတ်ပြောင်းဝသို့ တွန်းပို့လိုက်သည်။ ဝေရီလွင်က ရာစစ်မှူးထံမှ သေနတ်ကိုယူလိုက်သည်။

ဒါဝတ်သည် အခန်းထဲမှ ထွက်ပြေးရန်ပြင်ရာ အခန်းထဲသို့ ခုန်ဝင်လာသော ညီညီက ရင်ညွန့်ကို ဒူးနှင့်ဖိတိုက်ချသည်။ ဆံပင်ကို လက်တစ်ဖက်ဖြင့်ဆွဲ၍ မျက်နှာမော့စေပြီး လက်ဝါးစောင်းဖြင့် လည်မျိုကို ခုတ်ချသည်။ ဒါဝတ် မှောက်သွားလေပြီ။

ညီညီက တံခါးကိုပိတ်ရင်း ...

"ဒါ ဘယ်လိုရှင်းမလဲ"

ရာစစ်မှူးက အကြီးဆုံးသေတ္တာကို ဆွဲထုတ်လိုက်သည်။

"ဇေ့မှာ ပက်ကင်လုပ်ဖို့ တိပ်တွေရှိလား"

"ရှိတာပေါ့"

ရာစစ်မှူးက ဒါဝတ်ကို တံစောင်းလှဲစေပြီး ခြေကျင်းဝတ်နှစ်ဖက်ကို မလှုပ်နိုင်အောင် တိတ်ဖြင့်ကပ်သည်။ ပါးစပ်ကို မအော်နိုင်အောင် တိတ်ဖြင့်ကပ်သည်။



"သေတောင်သေပြီးလားမသိဘူး။ တိတ်မကပ်ရင်တောင် ရတယ်"

ညီညီကပြောရင်း ဒါဝတ်၏ခြေထောက်တွေကို ကွေးနိုင်သမျှ ကွေးသည်။ ဒူးကို ရင်ဘတ်နှင့်ကပ်သည်။ ခေါင်းကို ငုံ့နိုင်သမျှ ငုံ့စေသည်။ ဒါဝတ်သည် တစ်ကိုယ်လုံး ခွေခေါက်ပြီး လုံးနေစဉ် ပတ်ကင်တိတ်ဖြင့် မလှုပ်နိုင်အောင် အထပ်ထပ်ကပ်သည်။ ထို့နောက် ဒါဝတ်၏ကိုယ်လုံးကြီးကို သေတ္တာထဲထည့်လိုက်သည်။ ထိုသေတ္တာကြီးမှာ နံပါတ်နှင့်ဖွင့်ရသောသော့ တပ်ဆင်ထားရာ နံပါတ်တွေကို တွေ့ကရာ နံပါတ်တွေ လှည့်ပစ်လိုက်သည်။

"ငါက လက်ဆွဲသေတ္တာတစ်လုံးပဲ ပါတာ၊ အဲဒါယူသွားပေး။ ရော့ ပတ်(စ်)ပို့။ ဒီမှာ အခန်းသော့။ ဒီလှည်းကြီးကို ရုတ်တရက်မတွေ့အောင် ငါလျှောက်တွန်းလိုက်ဦးမယ်။ ဟိုကောင်မလေးတွေကိုလဲ မြန်မြန်ခေါ်။ သိပ်ကြာတယ်"

ညီညီက လှည်းကြီးကိုတွန်း၍ ထွက်သွားရာ ဒါဝတ်လည်း လှည်းထဲမှသေတ္တာပေါ်တွင် လောကကြီးကိုကျောခိုင်း၍ ပါသွားလေ၏။

ရာစစ်မှူး၊ ဝေရီလွင်၊ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့သည် ပတ်(စ်)ပို့များအပ်နှံပြီး ဟိုတယ်မှထွက်ခွာရန် သတင်းပို့ကြသည်။ ညီညီ၏ ပတ်(စ်)ပို့နှင့် သော့ကိုပါပေးသည်။ သော့ဆိုသော်လည်း လိပ်စာကဒ်ပြား၏ တစ်ဝက်ခန့်သာရှိမည့် ကဒ်ပြားထူထူလေးများသာ ဖြစ်သည်။ ဟိုတယ်က သူတို့အခန်းတွေကို သွားရောက်စစ်ဆေးမည်။ ပျက်စီးပျောက်ဆုံးမှု ရှိမရှိကြည့်မည်။ မီနီဘားထဲမှ အရက်နှင့် စားသောက်စရာ၊ အဖျော်ယမကာများ မည်မျှယူ၍ စားသောက်ထားသည်ကို ကြည့်မည်။ ကျသင့်သလောက်ကို ရှင်းရသည်။

ညီညီသည် ဘာမှမဖြစ်သလိုနှင့် ရောက်လာသည်။

"ဦးညီကလဲ နောက်ကျလိုက်တာ။ ဘယ်ရောက်နေလဲ"

ဒီလိုင်လာက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသုဘသွားပို့တာပါ"

"ဘယ်သူ့အသုဘလဲ ..."

ဆောင်းနှင်းစက် တစ်စုံတစ်ရာဖြစ်နေသည်ကို ရိပ်မိသည်။ ဒီလိုင်လာကို လက်ကုပ်လိုက်သည်။

"အဆင်ပြေလား"

ရာစစ်မှူးက ညီညီကိုမေးသည်။

"လူရှင်းတဲ့ဘက်သွားပြီး ဓာတ်လှေကားနဲ့ အပေါ်ဆုံးထပ်ကို လိုက်သွားလိုက်တယ်။ သုံးထပ်လောက်အထိပဲ လူရှိတယ်။ အပေါ်ဆုံး ကျတော့ လှည်းကို ဆက်တွန်းသွားပြီး ချောင်ကျကျနေရာကို သွား တယ်။ အဲဒီမှာ တံခါးဖွင့်ကြည့်တော့ စတိုခန်းတစ်ခန်းတွေ့တယ်။ အဲဒီထဲဝင်ပြီး ဟိုသေတ္တာကြီးကို ချတယ်။ ချပြီးတော့ လှည်းကို ပြန် တွန်းထွက်လာတယ်။ အထပ်(၂၀)က ချောင်ကျကျစတိုခန်းထဲဝင်ပြီး သေတ္တာတစ်ချို့ထားတယ်။ (၁၈)ထပ်မှာ သေတ္တာတွေကို တစ်ခန်း တစ်လုံးနှုန်း သုံးလုံးချပစ်လိုက်တယ်။ လှည်းကိုတော့ အဲဒီလှည်းမျိုး တွေ တန်းစီထားတဲ့နေရာတွေမှာ ထားခဲ့တယ်"

"လုံခြုံရေးကင်မရာတွေရှိမယ်"

"ဓာတ်လှေကားတွေမှာ မျက်နှာကို ခေါင်းငုံ့ထားတယ်။ ပြန် အဆင်းမှာ (၈) ထပ်ကနေ ရိုးရိုးလှေကားကနေ ဆင်းလာတယ်"

ဟိုတယ်က သူတို့အခန်းများကို စစ်ဆေးနေသည်။ သူတို့ လူစု ရင်တမမဖြစ်ရသည်။ ကက်ဘိနက်နောက်မှ ကောင်မလေးတွေ ကလည်း ကွန်ပျူတာကို တချောက်ချောက်နှိပ်နေကြသည်။

"အားလုံးပြီးသွားပါပြီ"

သူတို့ မြန်မြန်နှုတ်ဆက်ပြီး ထွက်လာကြသည်။ ဟိုတယ်မှ ကားနှင့်ထွက်လာပြီး မြို့ထဲမှကုန်တိုက်တွင် ဆင်းသည်။ ဝေရီလွင်နှင့် ညီညီဝင်သွားပြီး လိုအပ်မည်ထင်တာတွေ သွားဝယ်သည်။ ရာစစ်မှူး က ကုန်တိုက်ကြီးထဲသို့ဝင်ရန် ခြေလှမ်းတပြင်ပြင်လုပ်နေသော ကောင်မလေးနှစ်ယောက်ကို ထိန်းနေရသည်။





"အခုအချိန်ကစပြီး နင်တို့ ဘာမှပေါ့လို့မရဘူး။ အချိန်တိုင်း အန္တရာယ်ရှိနေတယ်လို့ သိထားရမယ်။ လူတိုင်းကိုမယုံနဲ့။ စကားပြော တဲ့သူတိုင်းကို လက်ကာပြလိုက်။ သီဘောပေါ်မှာ ဝေ့လူတွေရှိသလို အာမက်အလီရဲ့လူတွေ ရှိတယ်။ အခုအချိန်မှာ ဝေဟာ အာမက်အလီ နဲ့ ပဋိပက္ခဖြစ်နေပြီ။ ရေနက်ဆိပ်ကမ်းမှာ ဝေနဲ့သူ့လူတွေအပေါ် ကွန်တိန်နာတစ်လုံး ပစ်ချခံရတယ်။ သူတို့ကို သေနတ်နဲ့ဝိုင်းပစ်လို့ ပြေးလာရတာ"

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ ယခုမှ ကြောက်ရွံ့သွားကြ သည်။

"တကယ်လားဆရာ"

"တကယ်ပေါ့။ ညီညီဝင်ပစ်လို့ သူတို့လွတ်လာတာ"

"သေနတ်နဲ့လား"

ဒီလိုင်လာက မေးသည်။

"အင်းပေါ့။ ညည်းတို့နဲ့ မျက်နှာချင်းဆိုင်အခန်းမှာ ဘာဖြစ် ခဲ့မှန်း မသိဘူးမဟုတ်လား။ တို့အတွက် အိတ်လာပို့တဲ့ကောင်က အာမက်အလီရဲ့တပည့် ဒါဝတ်ဆိုတဲ့ကောင် ဖြစ်နေတယ်။ အိတ်ထဲမှာ သေနတ်ဝှက်ယူလာတယ်"

ရာစစ်မှူးက အကျဉ်းချုပ်၍ရှင်းပြသည်။

"အဲဒီသေနတ်ကောဟင်"

ဒီလိုင်လာက မေးသည်။ ဆောင်းနှင်းစက်က...

"နင်က ဘာလုပ်မလို့လဲ"

"ပစ်ကြည့်မလို့ပေါ့ဟ"

"ဝေ့သေတ္တာထဲမှာ"

ဒီလိုင်လာသည် ဝေရီလွင်၏သေတ္တာကို လှမ်းကြည့်သည်။

"ဝါတော့ ခေါင်းကို ဘောလုံးအမှတ်နဲ့ မိမိရရ အကန်ခံလိုက် ရတယ်။ ဒါဝတ်ဆိုတဲ့ကောင်က ဘက်ခမ်းနဲ့ ရော်နယ်(လ်)ဒိုတို့ရဲ့ အဆင့် လားမသိဘူး။ မူးနေတယ်။ ကွဲသွားရင်တော်သေးတယ်။ မကွဲဘဲ ..."
"...ကြေကြ ပိုနာတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရလေဆရာရယ်၊ သမီးတို့ပစ္စည်းတွေ မနည်းသိမ်းနေ တာ။ TV ကလဲ ဖွင့်ရက်ဆိုတော့ ဘာသံမှမကြားဘူး။ ခရီးသွားကျွင့်ကလဲ မရှိဘူး"

"ငါလဲ ဒီလိုပါပဲ။ ကိုယ့်ပြည်တွင်းခရီးတွေတော့ သွားဖူးပါရဲ့ အခုခရီးက အူကြောင်ကြောင်ဖြစ်နေတယ်။ ဘယ်ကစသိမ်းရမှန်းမသိ ဒါ့ဝတ်ဝင်လာတော့လဲ ဝေလျှင်လို့။ ကန့်ထည့်လိုက်တာများ ဒီကော လွင့်ထွက်သွားတာပဲ"

ဝေရီလွင်နှင့် ညီညီ ပြန်ထွက်လာသည်။ သူတို့ ကားငှားပြီ ဆိပ်ကမ်းကိုသွားသည်။ သင်္ဘောပေါ်တက်သည်။ ပစ္စည်းတွေ နေသာ တကျမဖြစ်ခင်မှာပင် ကျောက်ဆူးနုတ်ပြီးထွက်ရန် အမိန့်ပေးလိုက် သည်။

"မစ္စတာအာမက်အလီက သူမသိဘဲ မထွက်ရဘူးလို့ ပြော ထားပါတယ်"

အားဟုန်က စောဒကတက်သည်။

"ငါနဲ့ အခုပဲတယ်လီဖုန်းရပြီးပြီ။ စကားမရှည်နဲ့။ ဖူခက်ဘ ကိုမောင်း"

အားဟုန်နှင့် အားယုံတို့ညီအစ်ကိုကို အောင်ဒင်တို့အဖွဲ့ စောင့်ကြပ်ထိန်းသိမ်းထားလိုက်သည်။ မာလစ်ကိုလည်း မောင်ထူး ထိန်းထားသည်။

"ဟန်မပျက်စေနဲ့၊ ပင်လယ်ထဲရောက်မှ သူတို့ကို သီးသ ထားဖို့ ကြိုးစားရမယ်။ ပြီးတော့ ဟိုကောင်ငါးယောက်လဲ ရှိသေ တယ်။ အခု မင်းတို့က အချုပ်သပ်ထား"

ဝေရီလွင်သည် အာမက်အလီ၏ လူများအတွက် ဘီယာ အရက်ပုလင်းများ ထုတ်ပေးလိုက်သည်။ သူတို့ဘာသာအရ အ မသောက်ကြရ။ သို့သော် အောင်ဒင်တို့လူစုက ချော့မော့၍တိုက်သည် ဖူခက်မရောက်ခင်တစ်ညမှာ အရေးကြီးလှသည်။



ဆောင်းနှင်းစက်နှင့် ဒီလိုင်လာသည် အိပ်ခန်းတစ်ခန်းတည်း တွင် အတူတကွ နေရာရသည်။ သူတို့အခန်းထဲတွင် အိပ်စင်နှစ်ခု အပေါ်အောက်ရှိသည်။ ဆောင်းနှင်းစက်ကို ဒီလိုင်လာက အပေါ်တွင် အိပ်စေသည်။ သူမက အောက်တွင်အိပ်သည်။ သူတို့၏အိပ်စင်များမှာ ခုတင်များမဟုတ်။ အဆင့်များမဟုတ်။ ပင်လယ်ကူးသင်္ဘောတို့၏ ထုံးစံ Hammock ဟမ်းမောက် (ခေါ်) ပုခက်အိပ်စင်များဖြစ်သည်။ သူတို့နှစ်ဦး ဟိုတယ်ကို လွမ်းဆွတ်နေကြသည်။ သူတို့သည် အိပ်စင် များပေါ်သို့မတက်ဘဲ အခန်းထဲရှိ ထိုင်လို့ရသမျှထိုင်ခုံများတွင် ကတ်သီးကတ်သတ် ထိုင်နေကြသည်။

"ဘာတွေဖြစ်နေလဲ နင်သိလားမိဆောင်း"

"နင် အဲဒီလောက် အ,ရသလား ဒီလိုင်လာ။ ငါတို့ ဒီကို လာရတဲ့ရည်ရွယ်ချက်ကို နင်မေ့နေပြီလား"

"ငါတို့ ရှော့ပင်ထွက်လာတာလား"

"အဲဒါဆိုရင်တော့ နင့်ကို ငါ နာရင်းပိတ်အုပ်မယ်"

ဒီလိုင်လာသည် ဆောင်းနှင်းစက်၏ဒေါသကို ရိပ်စားမိသွား သည်။ ပြာပြာသလဲ ပြန်ချော့သည်။

"မိဆောင်း၊ ဘော်ဒါအရင်းတွေနော်၊ နင် ငါ့ကို အဲ့လိုမကြည့် နဲ့။ နင့်အကြည့်ကြီးက ကြောက်စရာကောင်းတယ်"

"အဲဒါဆို နင့်အတွေးအခေါ်ကို ပြင်လေ"

ဒီလိုင်လာက ဆောင်းနှင်းစက်ကို သွား၍ဖက်ပြီး ချော့ သည်။

"သူငယ်ချင်းရာ၊ ငါတို့က အတူတူရန်းကန်ခဲ့တာပါ။ ယောက်ျားတွေချည်းပဲ ကြီးစိုးခဲ့တဲ့ Journalism လောကကို ငါတို့ အတူတူဝင်တိုးခဲ့တာပါ။ ငါတို့ကို ဆရာက ပိုးမွေးသလို မွေးခဲ့တယ် လေ"

"အဲဒါကို ညည်းသိရက်သားနဲ့ ဈေးဝယ်ဖို့၊ လျှောက်လည်ဖို့ ညည်း ဒါပဲသိသလား။ ငါတို့ကို ဆရာက ဘာဖြစ်ချင်သလဲ၊ နိုင်ငံ

www.burmeseclassic.com

တကာစံချိန်မီတဲ့ ဂျာနယ်လစ်(စ်)တွေ ဖြစ်စေချင်တယ်။ ဂျာနယ်လစ်ဇ
ကို ဆရာသင်ပေးခဲ့တယ်။ 5Ws, 1H ဆိုတာ မြန်မာလိုတော့ ဘကု
(၆) လုံးဆိုတာ ညည်းသိမှာပါ။ ဆရာ ငါတို့ကို ဘယ်လိုပြုစုပျိုးထော
ခဲ့လဲ''

''ဆရာနဲ့ငါတို့ လက်တွဲခဲ့ကြတာ (၅)နှစ်မကတော့ဘူး မိဆောင်း''

''ညည်းက ဆရာတို့လင်မယားကွဲပြီးမှ ရောက်တာ။ ငါဆို (၈) နှစ်ရှိပြီ''

''သူငယ်ချင်း၊ နင် ဘာဆိုလိုတာလဲ ငါမသိဘူး''

''နင် ဆရာ့အပေါ် ဘယ်လိုသဘောထားလဲ''

''မိဆောင်းရယ်''

ဒီလိုင်လာက ဟက်ဟက်ပက်ပက် ရယ်မောသည်။

''ဆရာဟာ ယောက်ျားကောင်းတစ်ယောက်။ အကျင့်စာရိတ္တ ဘာမှပြောစရာမရှိဘူး။ စိတ်နေသဘောထား အင်မတန်ကောင်းတယ်။ ဆရာဟာ အဆိပ်မရှိတဲ့မြွေ။ ဘာမှပြောစရာမရှိတဲ့သူ။ အဲဒါလေ ...''

''ဒီလိုင်လာ၊ နင်က ဆရာအကြောင်းပြောတာလေ။ ငါမေးတာ နင် ဆရာ့အပေါ် ဘယ်လိုသဘောထားသလဲလို့မေးတာ''

ဒီလိုင်လာက မျက်ခုံးလေးပင့်ပြီး စဉ်းစားနေသည်။

''ငါပြောရမလား''

ဆောင်းနှင်းစက်က ...

''ပြောလေ၊ လွတ်လပ်စွာပြောပိုင်ခွင့်ရှိတယ်''

''ဆရာ့ကို ငါချစ်တယ်''

ဒီလိုင်လာက ရင်ကိုကော့ပြီး ပြောသည်။

''ဆရာ့ကို ငါချစ်တယ်။ ဆရာ့လိုလူမျိုး လောကကြီးမှာ ရှာကြည့်။ ဘယ်တော့မှမတွေ့နိုင်ဘူး။ ဆရာ့ဆီက ငါဘာမှ မမျှော်လင့်ဘူး။ ဆရာက ငါ့ကိုပြန်ချစ်လိမ့်မယ်လို့လဲ ဘယ်တော့မှမမျှော်လင့်ဘူး။ ဒါပေမယ့် ဆရာ့ကို ငါချစ်တယ်''





ဆောင်းနှင်းစက်သည် ဒီလိုင်လာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဒီလိုင်လာသည် နာမည်နှင့်လိုက်အောင် ဆိုးသွမ်းသူဖြစ်သည်။ ယောက်ျားလေးများကို အရူးလုပ်ရမှာ ဝါသနာပါသောသူဖြစ်သည်။ ဒီလိုင်လာတွင် ရာဇဝင်များစွာရှိသည်။

''ကောင်းပြီဒီလိုင်လာ။ နင် ဆရာ့ကိုချစ်တယ်နော်။ နင် ဗိုင်မူးနေလို့ ပြောတာမဟုတ်ဘူးနော်''

''ဗိုင်မမူးပါဘူး။ လိုင်းသာမူးချင်တာ။ ဒီသဘောကြီး ပုခက်လွှဲသလိုကြီးဟာ''

''အဲဒါထားပါ။ နင် ဆရာ့ကိုချစ်တယ်နော်။ ဒါဆို ဆရာ့အတွက် အသက်စွန့်စရာကြုံလာရင် နင် အသက်စွန့်နိုင်မလား''

''ဘာ ...''

ဒီလိုင်လာ စဉ်းစားသည်။

''ငါပြောတာ ရှင်းရှင်းလေးပါ။ အသက်ပေးပြီး ချစ်တယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ပဲဒီလိုင်လာ''

ဒီလိုင်လာက ပြုံးလိုက်သည်။

''အေးလေ၊ မိဆောင်းရယ်၊ နင်က ငါ့ကို ဆတ်စလူးထင်မှာပေါ့။ ရုံးမှာလဲ တယ်လီဖုန်းက တဂွမ်ဂွမ်နဲ့လာ၊ ဘဲတွေကလဲ ခဏခဏလာတယ်ဆိုတော့ ငါဟာအရှုပ်ထုတ်ပေါ့၊ ဒီလိုလား''

''ငါ အဲဒါတွေ စိတ်မဝင်စားဘူး''

ဆောင်းနှင်းစက်က ပြောသည်။

''စိတ်ချသူငယ်ချင်း။ ငါက ရှုပ်ချင်သလောက် ရှုပ်မယ်။ ဆရာ့ကို ငါ ဘယ်လောက်ချစ်ချစ် ရယူပိုင်ဆိုင်ခွင့်မရှိဘူးလေ။ တန်းစီနေတောင် ထိပ်ဆုံးက မမဝေရှိလွင်။ အဲဒီနောက် ဘယ်သူတွေမှန်းမသိဘူး။ ပြီးတော့ ငါ့ရှေ့မှာ နင်ကရှိနေဦးမှာ ...''

''ဘာ ...''

ဆောင်းနှင်းစက်က ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဆောင်းရယ်၊ ဆရာ့ကို ရယူပိုင်ဆိုင်ဖို့ တန်းစီကြစတမ်း ဆိုရင် ငါက ဟိုး ... နောက်ဆုံးမှာပါ။ ငါ့ရှေ့မှာ နှင်ကလေ။ နှင်က ငါ့ရှေ့မှာ ဘာဖြစ်လို့ရောက်နေသလဲဆိုတာတော့ ဆရာ့ကိုချစ်နေတဲ့ အထဲမှာ နှင်လဲပါတယ်လေ။ အဲဒီလိုဝန်ခံလိုက်စမ်းပါ သူငယ်ချင်းရေ ..."

ဆောင်းနှင်းစက် သက်ပြင်းချလိုက်သည်။

K-O-K-O သဘော်သည် အမှောင်ထုကို တိုးဝှေ့နေသည်။ သူငယ်ချင်းနှစ်ယောက်သည် ဝိုင်ပုလင်းသောက်ပြီး လျှာသွက်နေကြသည်။ ယခုတစ်ခါတော့ ဒီလိုင်လာ၏အလှည့်သို့ ရောက်လာလေပြီ။

"နှင်ငါ့ကို နှိပ်ကွပ်ပြီးပြီ"

"ဘာနှိပ်ကွပ်လို့လဲ ဒီလိုင်လာ"

"ဆရာနဲ့ပတ်သက်လို့"

"နှင်ဝန်ခံပြီးပြီပဲ။ ဆရာ့ကိုချစ်တယ်လို့"

"နှင့်ဘက်က လိုသေးတယ်လေ။ ငါသတ္တိရှိရှိနဲ့ ဝန်ခံတယ် မိဆောင်း။ ငါ ဆရာ့ကိုပိုင်ဆိုင်ခွင့်ရဖို့ မလွယ်ဘူး။ အဲဒီအတွက် တစ်ခြားယောက်ျားတစ်ယောက်ကို ယူချင်ယူရလိမ့်မယ်။ ဘဝပေးအခြေ အနေပေါ့ဟာ။ ဒါပေမယ့် ငါတစ်သက်လုံးချစ်နေမှာက ဆရာပဲ။ နှင် ရော ဘယ်လိုလဲ"

ဆောင်းနှင်းစက် ပြန်မဖြေနိုင်ပေ။

"ဒီအထဲမှာ လှောင်နေတယ်ဟာ"

"အပြင်ထွက်မလား"

"တစ်ခွက်စီချပြီး ထွက်ရအောင်"

သူတို့နှစ်ယောက် ဝိုင်တစ်ခွက်စီသောက်ပြီး သူတို့နှစ်ယောက် ၏ ကာ...ဘင်ခန်းလေးမှ ထွက်လာသည်။ ကုန်းပတ်ပေါ်တွင် လရောင် ဖြာကျ...သည်။

"မိဆောင်း၊ နှင့်အလှည့်နော်"



"ဘာလဲ"

"ဆရာနဲ့ပတ်သက်လို့"

"အဲဒါဘာဖြစ်လဲ"

"နှင် ဒိုင်လျှိုမလုပ်နဲ့နော်"

"ဒီလိုင်လာရယ်။ နှင်တောင်မှ ဆရာ့ကိုချစ်တယ်ဆိုတာ ဝန်ခံရဲတဲ့နောက် ငါကဘာဖြစ်လို့ ဝန်မခံရဲရမှာလဲ"

"နှင်ဘယ်အချိန်က စချစ်တာလဲ"

"ငါက ဆရာနဲ့ မမဝေနဲ့ လမ်းမခွဲခင်ကတည်းက ဆရာ့ ရှေ့မှောက်မှာရောက်ခဲ့တော့ ဆရာ့အကြောင်း ပိုသိတာပေါ့။ ဆရာဟာ အင်မတန် ပညာဉာဏ်ကြီးတယ်ဟ။ စာရိတ္တကလဲ ပြောစရာမရှိဘူး။ ဒါပေမယ့် ဆရာ့မှာ မမကရှိနေတော့ ငါ့ဘက်က ဘာမှလှုပ်ရှားစရာ မရှိပါဘူး။ ဆရာ့ကို ငါ လုံးဝမပြစ်မှားခဲ့ဘူး။ ဒါပေမယ့် ဆရာနဲ့ငါ့ကို မမက မယုံကြည်ဘူးထင်တယ်။ သူတို့ပြဿနာဖြစ်မှာစိုးလို့ ငါ အလုပ် ထွက်ခဲ့တယ်"

"နှင့်ဘက်က မှားတာရှိမှာပါ။ အနည်းဆုံး မျက်လုံးနဲ့ဖြစ်ဖြစ် ပေါ့"

"ငါ့မျက်လုံးက ဘာတွေဖြစ်နေလဲ ငါမသိဘူး"

သူတို့နှစ်ယောက် ဝိုင်တစ်ခွက်စီ သောက်လိုက်ကြသည်။ သူတို့သည် သံကြိုးဖြင့်ကာရန်ထားသော ကုန်းပတ်ပေါ်တွင်ရပ်ပြီး ဝိုင်တစ်ခွက်စီကို ဖြည်းဖြည်းချင်း စုပ်ပြီးသောက်နေသည်။

"နှင် ဆရာ့ကိုချစ်တာတော့ ငါ့ထက် ပိုပါတယ်"

"သူတို့လင်မယားကွဲပြီးတော့ ငါ ဆရာ့ဆီပြန်ရောက်တယ်။ ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ဘူးဟာ။ ဆရာ့ကို ငါတတ်နိုင်သမျှ အလုပ်အကျွေးပြုတယ်။ ဆရာ့ကို ငါပိုင်ဆိုင်ဖို့ မမျှော်လင့်ပါဘူး။ ပေးဆပ်ဖို့သက်သက်ပဲ သူငယ်ချင်း။ အဲဒါအချစ်ပဲ ..."

"ကဲ ... ငါမေးမယ်။ ဆရာက မမဝေရီလွင်နဲ့ ပြန်လက်တွဲ သိမ့်မယ်လို့ နှင်ထင်လား။ အဲဒီလိုလက်တွဲခဲ့ရင်ရော ဘယ်လိုဖြစ်နိုင် မလဲ"

www.burmeseclassic.com

ဆောင်းနှင်းစက် ခဏမျှစဉ်းစားသည်။

"ဆရာက မမကို အဆုံးစွန်အထိချစ်တယ်။ ဘာပဲလုပ်လုပ် ခွင့်လွှတ်တယ်လို့ ပြောခဲ့တယ်။ အခု မမက ဆရာ့ကို ပြန်ပြီးချဉ်းကပ်နေပြီ။ ဆရာက အစကတည်းက အဆင်သင့်ပဲလေ။ ဒါပေမယ့် လမ်းခွဲသွားမှာက ဆရာမဟုတ်ဘူး။ မမပဲဖြစ်မယ်။ ဆရာက အဆိပ်မရှိဘူး။ ငါတို့ကုသိုလ်ကံမကောင်းတာက ဒီလိုလူမျိုးကို ပိုင်ဆိုင်ခွင့်မရတာပဲ။ မမကတော့ ပိုင်ဆိုင်ခွင့်ရရက်သားနဲ့ ကျောခိုင်းသွားခဲ့တာလေ"

ဒီလိုင်လာ သက်ပြင်းချသည်။

"ဘာပဲဖြစ်ဖြစ် ဆရာ့ကိုမှီခိုရတာတော့ ငါတို့အတွက် အင်မတန်ကြီးမားတဲ့ကုသိုလ်ပဲ"

ဒီလိုင်လာစကား ဆုံးလုဆုံးခင်တွင် ရေထဲသို့ တစ်စုံတစ်ရာ ပြုတ်ကျသွားသံ ခွမ်းကနဲကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး လန့်ဖျတ်သွားကြသည်။ ပွဲပိုင်းသို့ သူတို့လှမ်းကြည့်လိုက်တော့ လူနှစ်ယောက် လုံးထွေးသက်ဖြတ်နေတာ တွေ့ရသည်။ သူတို့ လှုပ်လည်း မလှုပ်ရဲ။ သင်္ဘောသည် လှိုင်းတို့အကြားဝယ် လူးလွန့်နေသည်။ တစ်စုံတစ်ယောက်သည် သူနှင့် လုံးထွေးသတ်ပုတ်နေသူအား ပခုံးပေါ်တွင် ထမ်း၍ ရေထဲပစ်ချလိုက်သည်။ လှိုင်းများသည် လရောင်တွင် တလက်လက်နှင့်ရှိသည်။ ထိုသူသည် သူတို့ဆီလျှောက်လာသည်။

"နင်တို့ ဘာဖြစ်နေကြတာလဲ။ မအိပ်ဘဲ အပြင်ထွက်ပြီး ဘာလုပ်နေကြတာလဲ"

ညီညီက သူတို့ကိုဟောက်တော့သည်။

"အိပ်မပျော်လို့"

ဒီလိုင်လာက ဖြေသည်။

"အိပ်မပျော်လဲ ကိုယ့်အခန်းထဲမှာကိုယ် ဂျက်ချထားပြီး နေစမ်းပါ။ ကံမကောင်းလို့ အကြောင်းမလှရင် နင်တို့အတွက် အန္တရာယ်ကို ငါလဲတာဝန်မယူဘူး"

"ဦးညီ စောစောက ..."





ဆောင်းနှင်းစက်က မဝံ့မရဲနှင့် မေးသည်။

"ငါတို့ရဲ့ရန်သူတွေကို ...။ ငါတို့ရဲ့ရန်သူဆိုတာက ငါတို့ကို အခွင့်အရေးရရင် သတ်ပစ်မယ့်ရန်သူတွေကို ငါလိုက်ရှင်းနေတာ။ သည်းတို့ကို မမကလဲ ကြိုပြောပြီးပြီ။ ငါ့အစ်ကိုလဲ ကြိုပြောပြီးပြီ။ ကိုယ့်အခန်းထဲ ကိုယ်နေပါ။ ငါတော့ ငါတို့ကိုအန္တရာယ်ပေးနိုင်တဲ့သူတွေရဲ့ လည်ကုပ်ကို ဂျွတ်ကနဲနေအောင်ချိုးပြီး ရေထဲပစ်ချတာ သုံးယောက်ရှိပြီ။ ငါထင်တယ်။ ဆယ်ယောက်ကျော်လောက်တော့ ကျန်ဦးမယ်"

"မြတ်စွာဘုရား"

ဆောင်းနှင်းစက် အသံထွက်အောင် ရေရွတ်မိခြင်းဖြစ်သည်။ ဒီလိုင်လာကား ဆောင်းနှင်းစက်ထက်ပို၍ ရဲတင်းသည်။ ပို၍ သတ္တိရှိသည်။ ပို၍သွက်လက်သည်။ သို့သော် ပေါ့ပေါ့တွေးတတ်သူ။

"သမီးတို့ကို အဲဒီအန္တရာယ်ပေးတတ်တဲ့သူတွေကို သမီးကလဲ ပြောက်ချင်တယ်"

"ဒီလိုင်လာ"

ဆောင်းနှင်းစက် အသံမဆုံးခင် ညီညီက ဒီလိုင်လာကို ဆွဲခေါ်သွားသည်။ သင်္ဘောဦးပိုင်း ကျောက်ဆူးကြိုးများ ခွေထားသည့်နားတွင် လူတစ်ယောက် လဲနေသည်။ လရောင်က ထင်းနေ၏။

"ကဲ ... ဒီလူကို ရေထဲပစ်ချဖို့ ဝိုင်းမစမ်းပါကွယ်"

ဒီလိုင်လာ လန့်ဖျတ်ပြီး ပြန်လှည့်ပြေးလာတော့၏။ သင်္ဘောအား ဖူခက်ဘက်သို့ ဦးတည်မောင်းနှင်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com

# (၁)

သဘော်သည် မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းနေဆဲ ရှိသည်၊ ညအမှောင်ပေမယ့် အသွားအပြန် အစုန်အဆန်ခုတ်မောင်းနေကြသော သဘော်များကို တွေ့ရသည်။ သဘော်၏ လက်ယာဘက်တွင် ကုန်းမြေရှိပေမယ့် ဝေးသည်။ လက်ဝဲဘက်တွင်ကား အဆုံးအစမရှိသော အိန္ဒိယသမုဒ္ဒရာကြီးပင်။

ရာစစ်မှူး၊ ညီညီနှင့် ဝေရီလွင်တို့သုံးယောက် ထမင်းစားခန်းတွင် စုဝေးနေကြသည်။ ဝေရီလွင်၏ ဘော်ဒီကတ် ယာနီနှင့် ကာဒီလည်းရှိသည်။

"ကျွန်တော်တော့ လည်ပင်းလိမ်ချိုးပြီး ရေထဲပစ်ချလိုက်တာ သုံးယောက်ရှိပြီ"

ညီညီက မောပန်းနေဟန်မှ သက်ပြင်းချပြီးပြောသည်။

"ဟော့ကောင်ညီညီ။ ဒီပုံတိုင်းဆို မင်းက လူသတ်မှုကျူးလွန်နေတာနော်"

ညီညီရယ်လိုက်သည်။

"အဲဒီကောင်သုံးကောင်က မင်းကိုလာသတ်မှပြော"

ဝေရီလွင်ကလည်း ...

"ကိုကို ... ဒီနေရာမှာ ဥပဒေမရှိတော့ဘူး။ သူတို့က လစ်တာနဲ့ ဝေတို့ကိုသတ်မှာပဲ။ ဝေတို့ကလဲ တတ်နိုင်သလောက် ရှင်းပစ်မှ ဖြစ်မယ်"

"အားဟုန်နဲ့ အားယုန်က ညီအစ်ကိုပဲ။ အားယုန်က မာလိန်မှူးလုပ်နေတယ်။ တက်မကိုထိန်းနေတာပေါ့။ အားယုံက ဆက်သွယ်





ရေးကို ကိုင်နေတယ်ထင်တယ်။ အဲဒီနှစ်ကောင်ကို သွားရှင်းရအောင် ကိုကိုလိုက်မလား"

"ဟော့ကောင်ညီညီ။ မင်းလုပ်တာက ..."

ညီညီက လက်ကာပြသည်။

"ငါတို့က အဲဒီကောင်တွေကိုမရှင်းရင် သူတို့က ငါတို့ကို ငမန်းစာကျွေးပစ်တော့မယ်။ အဲဒါကို မင်းလက်ခံမလား"

ညီညီ ဒေါသဖြင့်ပြောခြင်းဖြစ်သည်။

"ခဏတော့စောင့်ကြည့်ပါဦး။ အောင်ဒင်တို့ မောင်ထူးတို့ကလဲ သူတို့နေရာဝင်ဆိုရင် ချက်ချင်းဝင်နိုင်မယ် မထင်ဘူး။ ရေကြောင်းပညာမှာ ကျွမ်းကျင်မှုက လိုသေးတယ်"

ဝေရီလွင်က ထိန်းသည်။ ညီညီက ...

"ကျွန်တော်ကတော့ သုံးယောက်စလုံး ရေထဲပစ်ချရတာ သိပ်လွယ်လွန်းလို့ စိတ်ထဲမှာ မချင့်မရဲဖြစ်နေတယ်ဗျာ"

ရာစစ်မှူးက ...

"အဲဒါ မင်းက သွေးဆာတာ။ အလကားနေရင်း သွေးဆာတာ"

"မဟုတ်ပါဘူးကွာ။ ရန်သူကို လက်ပိုက်ကြည့်နေရမှာလား။ သူဦးရင် သူချ၊ ကိုယ်ဦးရင် ကိုယ်ချပဲလေ။ ကိုယ်ကလက်နှေးနေရင် သူက ကိုယ့်ကို အပြတ်ရှင်းသွားမယ်ကိုကိုရေ။ မင်းလဲ ဒါဝတ်နဲ့တွေ့ပြီးပြီပဲ။ အဲဒါကို သင်ခန်းစာယူစမ်းပါ"

"ငါက သင်ခန်းစာယူရအောင် စာမတတ်တာမဟုတ်ဘူး"

ညီညီသည် သူ့အစ်ကိုကို စိတ်တိုသွားသည်။

"ကောင်းပြီ။ စာတတ်ဘွဲ့ရ ပညာရှိကြီးဆိုတဲ့မင်းနဲ့ ဘာဘွဲ့မှမရတဲ့ငါနဲ့ ချမလား"

"မင်းက ငါ့ကို စိန်ခေါ်တာလား။ လုပ်လိုက်လေ ကြာသလားလို့"

ထမင်းစားခန်း ကျဉ်းကျဉ်းလေးထဲတွင် လူပ်လူပ်ရွရွဖြစ်ကုန်ကြသည်။ ဗျာများရသူက ဝေရီလွင်။



www.burmeseclassic.com

www.burmeseclassic.com

“ပြောလို့မရဘူးလားကွာ၊ အခုက အကျပ်အတည်းထဲမှာနော်။ ယာနီနဲ့ ကာဒီ။ ဆောင်းနှင်းစက်တို့ အိပ်မပျော်သေးရင် သွားခေါ်လာခဲ့ကွာ။ ကြာဖံကြော်ကျွေးမယ်လို့”

ဝေရီလွင့်စကားကိုတော့ မည်သူမှ မလွန်ဆန်။

“ဒီမှာညီညီ။ မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့။ မင်းတို့လို ကောင်မျိုးကို လက်ရုံးသမားလို့ခေါ်တယ်။ ငါ ဘာမှမလုပ်ချင်လို့ ကြည့်နေတာနော်”

ညီညီက ရယ်သည်။

“မမပြောသလိုပဲ။ ဒီအချိန်မှာ ရန်မဖြစ်သင့်လို့ ကြည့်နေတာ။ တစ်နေ့နေ့တစ်ချိန်ချိန်၊ တစ်နေရာရာမှာ မင်းနဲ့ငါနဲ့ တွေ့ချင်သေးတယ်”

“ရပါတယ်၊ မင်းရဲ့ (၃၂)ချောင်းသောသွားများကို ငါ ကောင်းကောင်းနှုတ်ပေးမယ်”

ညီညီက တဟားဟားရယ်မောနေသည်။ သူ့စိတ်ထဲက ဒေါသလှိုင်းကြောင့်သာ ရန်စကားပြောမိပေမယ့် တကယ်တမ်းထိုးကြကြိတ်ကြဆို သူကပဲ အရှုံးပေးမည်ဖြစ်သည်။ သူ့အစ်ကိုမှာ တကယ်ချစ်စရာကောင်းသူဖြစ်သည်။

“ဟော့ကောင် ... မင်းငါ့ကို ကြောက်တယ်မဟုတ်လား”

ရာစစ်မှူးက လှမ်းအော်သည်။

“ကြောက်ပါတယ်ဗျာ”

ညီညီကဖြေသည်။

“အဲဒီလိုလူမျိုးက အဲဒီလိုဖြေမှ နားအေးတယ်လေ”

ညီညီ့စကားအဆုံးတွင် ရာစစ်မှူးက ဆဲဆိုလိုက်ပြီး ဖန်ခွက်နှင့် လှမ်းပေါက်သည်။ သို့သော် ဝေရီလွင်က သူ့လက်ကို လှမ်းဆွဲထားလိုက်သည်။ လက်ကဖန်ခွက်ကို ဖြုတ်သည်။ ဝီစကီလက်တစ်လုံးခန့် ထည့်ပြီး ဆိုဒါရောပေးလိုက်သည်။

“အရေးကြီးဆုံးက ညီအစ်ကိုချင်း ရန်ဖြစ်ဖို့မဟုတ်ဘူးနော်။ အဲဒါက အရေးကြီးတယ်”





“ဒီကောင်လေ။ ညီညီပေါ့ ...”

“တော်တော့ကိုကို။ ကိုကို့အလွန်ချည်းပဲ”

“မင်းက ငါ့ဘက်မှာမရှိဘူးလားဝေ”

“ကိုကို ... ဝေပြောတာကို နားထောင်မှာလား”

ဝေရီလွင်က ရာစစ်မှူးကို စေ့စေ့ကြည့်၍ ပြောသောအခါ ရာစစ်မှူး နှုတ်ဆိတ်သွားသည်။ ယာနီနှင့် ကာဒီက သွားခေါ်သော ကြောင့် ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ အခန်းထဲရောက်လာသည်။

“အာမက်အလီကြီး ဖြည့်ပေးလိုက်တဲ့ လူငါးယောက်ကတော့ ရေထဲရောက်ကုန်ကြပြီ။ သုံးယောက်ကို ညီညီက တာဝန်ယူလိုက်တယ်။ အောင်ဒင်တို့လူစုက နှစ်ယောက်ရှင်းပစ်လိုက်ပြီ။ ဒါပေမယ့် အားဟာန်နဲ့ အားယုန်တို့ညီအစ်ကိုရယ်၊ မာလစ်ရယ်ကို လျှော့တွက်လို့မရဘူး။ မွခက်ရောက်ရင် ရင်ဆိုင်ရမှာတွေက ရှိသေးတယ်”

ဝေရီလွင်က ရှင်းပြသည်။

“ဝေရယ် ... ဒီကနေ ရန်ကုန်ကိုမောင်းသွားပြီး အကုန်လုံးပြန်သွားကြရင် မရဘူးလား”

ရာစစ်မှူးက ပြောသည်။

“ညီညီ ... မင်းအစ်ကိုကို မင်းပဲရှင်းပြ”

“ငါတို့နိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထွက်တဲ့အပေါက်ကပဲ ပြန်ဝင်ရမယ်။ မင်း မင်္ဂလာဒုံလေဆိပ်ကထွက်လာသလား။ အဲဒီကိုပဲ ပြန်ဝင်ရမယ်။ တာချီလိတ်ကနေ မယ်ဆိုင်ကို ထွက်မလား။ တာချီလိတ်ကိုပဲ ပြန်ဝင်ရမယ်။ မူဆယ်ကနေ ရွှေလီကို ထွက်မလား။ မူဆယ်ကိုပဲ ပြန်ဝင်ရမယ်”

“ဒါဆို ငါတို့က ကွာလာလမ်ပူကနေ ရန်ကုန်ကိုပြန်ရမှာပေါ့”

“ဝန်ကောက်ကပြန်လဲရတယ်။ မင်းရောက်ရမှာကတော့ မင်္ဂလာဒုံပဲ”


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုကိုက ပြန်ချင်နေပြီလား"

ဝေရီလွင်က လှမ်းစသည်။

"ဘာတွေမှန်းမှမသိတာ။ ခေါင်းကိုလဲ ဘောလုံးကန်သလို အကန်ခံရတာ။ ဒီတစ်ခါဆိုရင်တော့ ငါ့အလှည့်ပဲ။ ဘယ်ကောင်လာလာ အပြတ်ဖျင်းမယ်"

"ကိုကို့ကို တို့က အဲဒီလိုဖြစ်စေချင်တာ။ ရိုက်စရာနက်စရာ ရှိရင် တို့ကိုချကွာ။ ခံမယ် ..."

ဝေရီလွင်ကပြောတော့ အားလုံးဝိုင်းပြီး ဩဘာပေးသည်။ သူတို့သည် ဝီစကီ၊ ဝိုင်စသော အဖျော်ယမကာများကို သောက်သုံးနေကြသည်။ တစ်ခါတစ်ခါ ညီညီက အပြင်ထွက်ကြည့်သည်။

"ကိုကို ခဏလောက်လိုက်ခဲ့ဖမ်းပါ'

ညီညီက သူ့အစ်ကိုကို ခေါ်ထုတ်သည်။

ရာစစ်မှူး သူ့ညီနောက်လိုက်သွားသည်။

"သူ ရေချိန်လွန်နေလားမသိဘူး"

ဆောင်းနှင်းစက်က ပြောသည်။

"အဲဒီလောက်နဲ့တော့ သူ မမူးသေးဘူးညီမ"

"သမီးက စိုးရိမ်လို့ပါ"

"စိုးရိမ်သင့်ပါတယ်။ သမီးက သူ့ရဲ့အတွင်းရေးမှူးလေ။ Secretary ထက် အဓိပ္ပာယ်ပိုမြင့်တဲ့ Executive လို့တောင် ပြောလို့ရပါတယ်။ သမီး စိတ်ပူသင့်ပါတယ်"

ဝေရီလွင်ကပြောတော့ ဆောင်းနှင်းစက်စိတ်ထဲမှာ သက်သာရာရသည်။ ဒီလိုင်လာက ...

"ဦးညီက အပြင်မှာ ဖိုက်တင်ချဦးမလား"

မည်သူမျှ မဖြေနိုင်။

"သမီးလိုက်ကြည့်ချင်တယ်"

"ညည်းလိုက်မကြည့်နဲ့"

ဆောင်းနှင်းစက်က အသံမာမာဖြင့် တားသည်။





"ဒီလိုင်လာတစ်ယောက်တည်းကိုတော့ မမခွင့်မပြုနိုင်ဘူး။ လိုက်ချင်ရင် မမနောက်ကိုလိုက်"

"ဒါဆိုရင်တော့ သမီးလဲလိုက်မယ်"

ဆောင်းနှင်းစက်ကပြောသည်။

ဝေရီလွင်နောက်ကို ဆောင်းနှင်းစက်နှင့် ဒီလိုင်လာ ပါသွားသည်။ ယာနီနှင့် ကာဒီလည်းပါသည်။

"သင်္ဘောရဲ့ ဦးပိုင်းအကျဆုံးမှာ Bow Man ဆိုတာ တစ်ယောက်ထားရတယ်။ သူက သင်္ဘောရဲ့သွားရာလမ်းကို ကြည့်နေတာပါ။ တစ်ချို့က အမြင့်ဆုံးမှာထားတယ်။ အခုလိုညကျတော့ သူဟာ ဦးပိုင်းက ကျောက်ဆူးကြိုးနားမှာ ရှိလိမ့်မယ်။ သူဟာ အာမက်အလီရဲ့လူပဲ။ ကဲ ..."

အားလုံး ဝေရီလွင်နောက် လိုက်သွားကြသည်။

သင်္ဘောသည် ညအမှောင်ထုကို တိုးနေသည်။ မလေးရှားနိုင်ငံ ပီနန်ကျွန်းမှ ယိုးဒယားနိုင်ငံ ဖူခက်ကျွန်းစုသို့ ခုတ်မောင်းနေသည်။ ထိုခရီးသည် အဖြောင့်တိုင်းပါက ကီလိုမီတာ (၅၀၀) ခန့် ရှိမည်ဖြစ်ပြီး ရေမိုင်(၃၀၀)ကျော်ပေမည်။ သူတို့သင်္ဘောသည် တစ်နာရီလျှင် ရေမိုင် (၁၈) မိုင်နှုန်းဖြင့် မောင်းနှင်လျက်ရှိရာ ပုံမှန်အားဖြင့် (၁၆) နာရီခွဲကျော် မောင်းရမည်ဖြစ်သည်။ သူတို့သည် ဂျော့(ချ်)တောင်းဆိပ်ကမ်းမှ မွန်းလွဲ(၃)နာရီခန့်တွင် ထွက်ခွာလာနိုင်သောကြောင့် ဖူခက်ကျွန်းစုထဲသို့ နံနက် (၇) နာရီတွင် ဝင်နိုင်ရပေမည်။

သင်္ဘောဦးပိုင်းတွင် မည်သူ့ကိုမျှ မတွေ့ရပေ။

အောင်ဒင်သည် ဝေရီလွင်အနီးသို့ ရောက်လာသည်။ ယခုတော့ မှောင်မည်းနေသည့်တိုင် နေကာမျက်မှန်တပ်ထားသည်။

"အခုမှတော့ နှင့်မျက်မှန်ကြီးက မလိုပါဘူး"

"ရပါတယ်"

"ချွတ်လိုက်"

အောင်ဒင်လိုက်နာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က နှစ်ယောက်ရှင်းလိုက်တယ်ဆို"

"ဟုတ်ပါတယ်"

"အခုတို့ လူဘယ်နှစ်ယောက်ပါလာလဲ"

"မောင်ထူးရယ်၊ လူဝေးရယ်၊ ရောင်စိန်ရယ်၊ သစ်မြိုင်ရယ်၊ ကျွန်တော်ရယ်၊ ဒါပဲ"

"ကျန်တဲ့သူတွေရော"

"ပျောက်ကုန်တယ်"

"ဒါ ဟိုဟာကြီးလက်ချက်ပဲ၊ နင်တို့အခု အားဟုန်တို့ညီအစ်ကိုနဲ့ မာလစ်ကို မျက်ခြည်မပြတ်ကြည့်ထား"

"ဟုတ်ကဲ့"

သူတို့ ကိုယ့်အခန်းကိုယ်ပြန်၍ နားကြသည်။

သင်္ဘောအရှိန်ကျသွားသဖြင့် ဝေရီလွင်လန့်နိုးသည်။ နာရီကို ကြည့်လိုက်တော့ နံနက်(၄)နာရီ။ သူမသည် ကိုယ်လက်သုတ်သင်ပြီး အဝတ်အစားလဲသည်။

ထမင်းစားခန်းတွင် အားလုံးပြန်ဆုံသည်။

"သင်္ဘောအရှိန် ဘာဖြစ်လို့ကျသွားတာလဲ"

"အားဟုန်ကပြောတာတော့ မစ္စတာအာမက်အလီက ညွှန်ကြားတယ်တဲ့"

ဝေရီလွင်က ယာ်နီထံမှ တယ်လီဖုန်းကိုယူလိုက်သည်။

"ဘယ်လိုလုပ်တာလဲဘော့စ်"

"မောနင်းဒါလင်၊ မင်းတို့သင်္ဘောနဲ့ တစ်ထောင့်တစ်ညနဲ့ ဆုံမယ်။ မင်းတို့ကို ဆီဖြည့်ပေးမယ်၊ ကုန်နည်းနည်းတင်မယ်။ ကော်ကြေအိုက စစ်တကောင်းဘက်ကို ဆက်သွားရလိမ့်မယ်"

"ကျွန်မတို့ ဖူခက်ကို သွားဖို့ရှိတယ်လေ"

"တစ်ထောင့်တစ်ညနဲ့ ပြန်လိုက်သွားပြီး လေယာဉ်နဲ့ ကွာလာလမ်ပူကိုပြန်ပေါ့"





ဝေရီလွင် တယ်လီဖုန်းခလုတ်ကိုပိတ်ပြီး ယာ်နီကိုပေးလိုက်သည်။ ညီညီက ကုန်းပတ်ကိုထွက်ကြည့်ရာမှ အခန်းထဲပြန်ဝင်လာသည်။

"ဟိုဘက်ကသင်္ဘောတစ်စီး မီးနဲ့အချက်ပြနေတယ်"

"သူ ငါတို့ကို အပြတ်ရှင်းတော့မယ်"

"ဘယ်လိုဖြစ်တာလဲဝေ"

ရာစစ်မှူးကမေးသည်။

"တစ်ထောင့်တစ်ညသင်္ဘောက ဒီသင်္ဘောပေါ်ကို ပစ္စည်းကဲ့တင်မယ်၊ စစ်တကောင်းကိုဆက်သွားမယ်၊ ဒါလဲ စစ်တကောင်းမရောက်ခင် ပြဟ္မပုတ္တရ မြစ်ဝကျွန်းပေါ်အဝမှာတင် ပစ္စည်းလာကဲ့မှာပါ"

"ဘာပစ္စည်းတွေလဲ"

"ဘာပစ္စည်းဖြစ်မလဲ၊ ဘင်္ဂလားဒက်(ရှ်)ကိုဖြတ်ပြီး အိန္ဒိယထဲက အာသံတို့ မဏိပူရတို့မှာရှိနေတဲ့ လက်နက်ကိုင်တွေအတွက် ပစ္စည်းတွေဖြစ်မှာပေါ့"

"ဒါဆို ကိုကိုတို့က အဲဒီအထိ လိုက်သွားရမှာလား"

"ဖူခက်ကိုသွားချင်ရင် တစ်ထောင့်တစ်ညသင်္ဘောပေါ် လိုက်သွားရမယ်။ ပစ္စည်းကဲ့ချိန်၊ ဆီဖြည့်ချိန်နဲ့ဆို နည်းနည်းတော့ နောက်ကျမှာပေါ့"

"ဒါလဲကောင်းသားပဲ"

ရာစစ်မှူးက ပြောသည်။

"ကိုကို အဲဒီလောက် မညံ့ပါနဲ့ကွာ။ မင်းခေါင်းကို ဘောလုံးကြီး ထပ်အဖြစ်ခံချင်လို့လား။ ငါတို့ ဒီသင်္ဘောပေါ်ကခွာတာနဲ့ မမရဲ့ လူတွေ၊ အောင်ဒင်တို့လူစုကို ထားခဲ့ရမယ်။ တစ်ထောင့်တစ်ညပေါ်မှာ မြင်ဖူးတဲ့လူတွေနဲ့ ရင်ဆိုင်ရမယ်"

ညီညီကပြောသည်။

"အဲဒီသင်္ဘောပေါ်ရောက်တာနဲ့ အားလုံးအသတ်ခံကြရမယ်။ မိန်းကလေးတွေကတော့ အသတ်မခံရခင်"

www.burmeseclassic.com

ဆောင်းနှင်းစက်တို့ မျက်နှာငယ်သွားသည်။

"တစ်ထောင့်တစ်ညပေါ်ကကောင်တွေက ပင်လယ်ဓားပြတွေ ချည်းပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲဝေ"

"ဖွခက်သွားဖို့ကို ခဏစွန့်လွှတ်လိုက်မယ်။ သူတို့ ပစ္စည်းတင် တာကို လက်ခံလိုက်မယ်။ အားဟုန်တို့ညီအစ်ကိုနဲ့ မာလစ်ကို ကြည့် ထိန်းရမှာပဲ"

တကယ်တမ်း သင်္ဘောချင်းကပ်မိသောအခါတွင်ကား K-O-K-O ပေါ်သို့ ရောက်လာသူငါးယောက်မှာ လက်နက်ကိုင်တွေဖြစ်နေ သည်။ ပစ္စည်းအချို့ကို တင်သည်။ ကြီးကြီးမားမားတော့မဟုတ်။

"ဝါယာလက်(စ်) စက်အကောင်းတွေနဲ့ စီဖိုးယမ်းဘီလူးတွေ ဒီတိုနေတာတွေဖြစ်မယ်။ သေနတ်တော့မပါဘူး"

မောင်ထူးက ပစ္စည်းတွေသွားစစ်ဆေးပြီး သတင်းလာပို့ သည်။ လက်နက်ကိုင်ငါးယောက်မှာ မျက်နှာတွေတင်းနေသည်။

"တစ်ယောက်ကို ကျွန်တော်သိတယ်မမ။ ဒီကောင် ကျွန်တော့်အောက်မှာ လုပ်ဖူးတဲ့ကောင်။ ပရာဆစ်တဲ့။ တော်တော်လေး ရက်စက်တယ်။ ကျွန်တော် ရောလို့ရတယ်"

အောင်ဒင်သည် ပရာဆစ်ကို သွားရောက်နှုတ်ဆက်ပြီး စကားပြောနေသည်။ သင်္ဘောထဲ ဆီဖြည့်ပြီးတော့ သင်္ဘောနှစ်စင်း ခွာသွားသည်။ ဝေရီလွင်တို့ သင်္ဘောပေါ်ပါလာသည့်အတွက် ပရာဆစ် တို့ငါးယောက်က ဘာမှမပြော။ ပြန်လည်ထွက်ခွာသွားသော တစ်ထောင့်တစ်ညကလည်း ဘာမှမပြောပေ။ ဝေရီလွင်သည် မစ္စတာ အာမက်အလီထံ ဖုန်းဆက်လိုက်သည်။

ထို့နောက် ရာစစ်မှူးကို ရှင်းပြသည်။

"ဒီသင်္ဘောက ဝေပိုင်တဲ့သင်္ဘော။ ဝေပိုင်တဲ့ငွေတွေ ရင်းနှီးပြီး ဆောက်ထားတာ။ ဝေ့နာမည်နဲ့ မှတ်ပုံတင်ထားတယ်။ ဒီ သင်္ဘောပေါ်မှာ အားလုံး Luxuriate လုပ်နိုင်အောင် ပြင်ဆင်ထားပြီး ဧည့်သည်တွေလဲ သဘောကျပါတယ်လို့ ပြောထားတယ်"



ဝေရီလွင်က Luxuriate ဟု ပြောခြင်းမှာ ဖိမ်ခံခြင်းပင်ဖြစ်သည်။ အိပ်ခန်းအားလုံးမှာ ကျဉ်းသော်လည်း သန့်ပြန့်သည်။ နှစ်ယောက်ခန်း များမှာ အထက်အောက် ကုတင်နှစ်ထပ်နှင့်ဖြစ်သည်။ လေးယောက် ခန်းများမှာ ကုတင်နှစ်ထပ် နှစ်စုံပါသည်။ ဝေရီလွင်သည် လေးယောက် ခန်းတစ်ခန်းတွင် ယာနီနှင့် ကာဒီကိုပါခေါ်ပြီး အတူအိပ်သည်။ ရာစစ်မှူးနှင့်ညီညီက နှစ်ယောက်ခန်းမှာအိပ်သကဲ့သို့ ဆောင်းနှင်းစက် နှင့် ဒီလိုင်လာလည်း နှစ်ယောက်ခန်းမှာအိပ်သည်။ ထမင်းစားခန်းက သပ်ရပ်သန့်ရှင်းသည်။ အားလုံး လေအေးပေးစက် တပ်ဆင်ထားသဖြင့် ဧပြီလကုန်ပိုင်း နွေဓါတ်မှ သက်သာရာရလေသည်။

K-O-K-O သည် နံနက်ခင်းနေရောင်ခြည်နှင့်အတူ အနောက် မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းနေသည်။ သူတို့သည် ပေါင်မုန့် မီးကင်၊ ကြက်ဥမကြက်တကြက်ကြော်၊ ဒိန်ခဲနှင့် ကော်ဖီတို့ကို နံနက် စာစာအဖြစ် စားသောက်ကြရသည်။ မလေးရှားခေါက်ဆွဲကြော် ကလည်း စားလို့ကောင်းသည်။ ထမင်းချက်မှာ မလေးအဖိုးကြီးတစ်ဦး ဖြစ်သည်။

မောင်ထူးသည် မြေပုံတစ်ချပ်ကို ယူလာသည်။

"၂၅ ရက်နေ့ကတည်းက လေဖိအားနည်းရပ်ဝန်း ဖြစ်နေ တာကယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာပဲ"

"ငါတို့နဲ့ တိုးနိုင်လား"

ဝေရီလွင်က ပြန်မေးသည်။

"အခုထက်ထိတော့ လေတိုက်နှုန်းက ကီလိုမီတာ ၃၀/၄၀ ထက် မပိုဘူး။ ရွေ့တာကလဲ သိပ်နှေးလွန်းတယ်။ တစ်နေရာထဲမှာ ရနေသလိုပဲ။ ၂၆၊ ၂၇ ရက်နေ့တွေမှာ အိန္ဒိယနိုင်ငံ ဗိရှခါပတ္တနမ်မြို့ နဲ့ ဗိဂျယဝါဒါမြို့တွေဘက်ကိုတောင် ပိုနီးဦးမယ်။ မြောက်ဘက်ရွေ့ရင် ထဲ ကာလကတ္တားတောင်ဘက် ဘင်္ဂလားနယ်ထဲ ဝင်ရင်ဝင်၊ မဝင်ရင် ဘင်္ဂလားဒက်(ရှ်)ပဲ"

"ဒီနေ့အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com

''တောင်ဘက်ရွေ့လာတယ်။ အားပျော့သွားလိမ့်မယ်''

သင်္ဘောသည် ထိုနေ့က ကပ္ပလီကျွန်းစု၏အရှေ့ဘက် နိုင်ငံတကာရေပိုင်နက်ထဲကို ရောက်ရှိလာသည်။ တစ်ညလုံး နိုင်ငံတကာရေပိုင်နက်ထဲမှာပဲ ဖြတ်သန်းနေသည်။ ထိုညမှာပင် ကိုကိုးကျွန်း၏ တောင်ဘက်ရောက်လာသည်။

မောင်ထူးက ဝေရီလွင်ကို သတင်းပို့သည်။

''မုန်တိုင်းက ရုတ်တရက် အရှေ့ဘက်ကိုရွေ့နေတယ်။ ရုတ်တရက်လဲ အင်အားကောင်းလာတယ်။ လေတိုက်နှုန်းက တစ်နာရီကို ၈၀ နဲ့ ၉၀ ကီလိုမီတာကြားမှာ ရှိနေတယ်။ ဂွာဘက်ကို ဦးတည်နေတယ်''

''အခု ငါတို့ဆက်သွားရင် မုန်တိုင်းနဲ့တိုးနိုင်လား''

''တည့်တည့်ပဲမမ''

သင်္ဘောမှာ သိသိသာသာ လှုပ်လှုပ်နေလေပြီ။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့ လှိုင်းမူးပြီး အန်ကြသည်။ လှိုင်းတွေကလည်း ကြီးလာသည်။

''ဒါက မုတ်သုန်လေလား''

''မဟုတ်ဘူးမမ။ မုတ်သုန်မှ မဝင်သေးတာ။ အခုမုန်တိုင်းက ပူလွန်းလို့ဖြစ်တာ။ အပူပိုင်းမုန်တိုင်းပဲ''

''အားဟုန်ကိုသွားပြော။ ပြန်လှည့်မယ်လို့''

မောင်ထူး ပြန်ထွက်သွားသည်။ ဝေရီလွင်သည် သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေသည်။ ရာစစ်မှူးသည် သူမကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။ သူမသည် စပို့ရှပ်တစ်ထည်နှင့် ဂျင်းဘောင်းဘီတိုတစ်ထည်ကို ဝတ်ဆင်ထားသည်။ ဆံပင်တွေကို ပဝါတစ်ထည်နှင့်သိမ်း၍ စီးနှောင်ထားသည်။ ယာနီနှင့် ကာဒီသည် ခါးတိုအင်္ကျီလေးများနှင့် ဘောင်းဘီအဖြူတွေ ဆင်တူဝတ်ထားသည်။ သူတို့၏ ဝမ်းဗိုက်များနှင့်ခါးတို့ အရောင်မတူကြ။ ယာနီက ညိုသည်။ ကာဒီက ဖြူသည်။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာတို့က တစ်မျိုး



အသားမည်းမှာစိုးလို့ အင်္ကျီအဖြူလက်ရှည်တွေကို ဂျက်ကားသဖြင့် ဝတ်ထားသည်။ ... အိုက်သဖြင့် ကာကီရောင်ဘောင်းဘီတိုတွေ ဝတ်ထားသည်။

''အားဟုန်က ပြန်မလှည့်နိုင်ဘူးတဲ့။ မစ္စတာအာမက်အလီက ပြောတယ်တဲ့။ ဘင်္ဂလားပင်လယ်အော်ထဲမှာ ကျွန်တော်တို့သင်္ဘောကိုစောင့်နေတဲ့ သင်္ဘောရှိတယ်တဲ့''

''ခွေးရူးကြီး''

သင်္ဘောသည် မုန်တိုင်းရှိရာသို့ တည့်တည့်ကြီးတိုးနေလေသည်။ သူတို့၏ သင်္ဘောဦးတည့်တည့်တွင် ကောင်းကင်မှာ နီကျင်ကျင်ကြီးဖြစ်ပြီး အငှပါတွင်မူ မည်းနေသည်။ မိုးတော့မရွာ။ သို့သော်ပူလွန်းသဖြင့် အိုက်စပ်စပ်ဖြစ်နေသည်။

တစ်နေ့လုံး အပူဒဏ်ကိုခံရသည်။ ညနေ နေဝင်ရီတရောတွင် ဝေရီလွင်သည် ယာနီ၊ ကာဒီတို့နှင့်အတူ မာလိန်၏အခန်းသို့သွားရာ ဆက်နက်ကိုင်နှစ်ယောက်က သိမ်းပိုက်ပြီးပေပြီ။ ဝေရီလွင် ပြန်လှည့်လာရသည်။

အောင်ဒင် မျက်နှာအပျက်ပျက်နှင့် ရောက်လာသည်။ သူ့နောက်တွင် ပရာဆစ်က မျက်နှာထားတင်းတင်းနှင့် ပါလာသည်။

''မမတို့အားလုံး ထမင်းစားခန်းထဲမှာပဲ စုနေပါတဲ့''

''ဘာလဲ ငါ့ကို အမိန့်ပေးနေတာလား''

''သင်္ဘောကို ပရာဆစ်တို့က ထိန်းလိုက်ပြီ''

''ဒီသင်္ဘောဟာ ငါ့သင်္ဘော။ ငါဟာ ဒီသင်္ဘောရဲ့ ကပ္ပတိန်။ သင်္ဘောနာမည် ကိုကို။ ငါ့စကားကို အားလုံးနားထောင်ကြရမယ်။ မာပရာဆစ် ...''

ပရာဆစ်က မတုန်မလှုပ်နှင့် ကြည့်သည်။ ဝေရီလွင်က အေးဘာသာဖြင့်ပြောသည်။

''မင်းတို့ရှေ့မှာ မုန်တိုင်းကြီးရှိတယ်။ အဲဒါကို မင်းတို့ တည့်တည့်ဝင်တိုးမလား။ ကိုကိုးကျွန်းဖြစ်ဖြစ်၊ ပို့ဘလဲယားဖြစ်ဖြစ် ပြန်လှည့်ဖို့ ရှိရင်မရဘူးလား''


www.burmeseclassic.com

www.burmeseclassic.com


"ဒီသင်္ဘောပေါ်မှာ ပါလာတာတွေ တရားမဝင်ဘူးဆရာမ၊ မြန်မာရေတပ်က တက်ရှာနိုင်သလို အိန္ဒိယရေတပ်ကလဲ တက်ရှာရင် အားလုံးဒုက္ခရောက်ကုန်မယ်"

"ဒါဆိုရင်လဲ နောက်ပြန်လှည့်မယ်။ ငါတို့မှာ ဆီပီပါအပိုတွေ ပါတာပဲ"

"ကျွန်တော့်ဆရာအမိန့်ပဲ ကျွန်တော်နားထောင်ရမယ်"

"မင့်ဆရာက ဘယ်သူလဲ"

"ဒါတိုအာမက်အလီပါ"

ဝေရီလွင်က ရယ်မောလိုက်သည်။

"မင့်ဆရာက ငါတို့ကိုအပြတ်ရှင်းပစ်ဖို့ရော အမိန့်မပေးထား ဘူးလား"

ပရာဆစ်က လက်ထဲတွင်ကိုင်ထားသော အမ်(၁၆) မောင် ပြန်ရိုင်ဖယ်(လ်)ပြောင်းကို ရမ်းပြသည်။ သူတို့အားလုံး ထမင်းစားခန်း ထဲတွင် စုရသည်။ ရာစစ်မျူး၊ ညီညီ၊ ဆောင်းနှင်းစက်၊ ဒီလိုင်လာတို့ (၄)ယောက်နှင့် ဝေရီလွင်၊ ယာနီနှင့် ကာဒီတို့ စုစုပေါင်း(၇)ယောက် ဖြစ်ကြ၏။

"ဒါဟာ ဟိုင်းဂျက်လုပ်တာပဲ။ အစကတည်းက ဒီတရုတ် နှစ်ယောက်ကို သတ်ပစ်ရမှာ"

ဝေရီလွင်သည် တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။ အခန်း ထဲတွင် လေအေးစက်ကြောင့် အေးမြ၍သည်။ သင်္ဘောမှာ လူး၍ သည်။ သို့သော် မုန်တိုင်းနှင့်ကား ဝေးသေးသည်။

"အပြင်မှာ အောင်ဒင်ရယ်၊ မောင်ထူးရယ်၊ သစ်မြိုင်ရယ် ရောင်စိန်ရယ်၊ နောက်တစ်ယောက်က ဘယ်သူ"

"လှဝေး"

ညီညီကဖြေသည်။

"ဒီနာမည်မှ မေ့ရတယ်လို့။ ဒီငါးယောက်လဲ ပရာဆစ်တို့ သေနတ်ပြောင်းဝမှာ ရောက်နေလား။ ဘာပဲဖြစ်ဖြစ် ညကျရင် လှုပ် ရမယ်"



အားလုံး ဘာမှပြန်မပြော။

"ဝေယျာလာတဲ့ အစ္စီရော"

"အဲဒါ အခန်းထဲက သေတ္တာထဲမှာ"

ဝေရီလွင်က သူမ၏ အင်္ကျီရင်ဘတ်ထဲ နှိုက်ယူလိုက်သည်။ လက်တစ်ဝါးစာခန့် ပွိုင့်တူးဖိုက် စတားဘာရက်တာပစ္စတိုလေး ထွက်လာသည်။ ဒသမ ၂၅ လက်မအချင်းရှိ ကျည်ဆန် (၁၂) တောင့်ဆန့်သည်။ ယာနီနှင့် ကာဒီတို့၏ကိုယ်ခန္ဓာထဲမှလည်း ပစ္စတို(လ်)သေနတ် တစ်လက်စီ ထွက်လာသည်။

"မျက်လှည့်ပြလိုက်တာ ကျနေတာပဲ။ ဘယ်တုန်းက အထဲ ရောက်နေတာလဲ"

"ကိုကိုမှ ဂရုမစိုက်တာ။ ဘယ်သိမလဲ"

အားလုံး ရုတ်တရက် သဘောမပေါက်ကြ။

ဝေရီလွင်သည် သူမ၏စကားကို သူမဘာသာ ပြန်ရုက်ပြီး မျက်နှာတွေနီသွားသည်။

"သွား"

ထိုအခါကျမှ အားလုံး ဝါးကနဲ ပွဲကျသွားရတော့သည်။

"ဒီတစ်ခါ လူသာရှင်းပလေ့စေ။ တကယ်ဂရုစိုက်ပါ့မယ် ကွာ"


www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၉

## (က)

အားဟုန်သည် သူ့ရှေ့တည့်တည့်တွင်ရှိသော မှန်တိုင်းကြီးကို မမြင်ရ K-O-K-O သင်္ဘောသည် မုန်တိုင်းကြီးကို တည့်တည့်ကြီး တိုးဝင်ရန် ကြိုးစားလျက်ရှိသည်။ မာလိန်မှူး (သို့) ပဲ့နင်းမှူးကြီး၏ တာဝန်မှာ မော်တော်ကားမောင်းသူနှင့် မတူပေ။ မော်တော်ကားမောင်းသူသည် စတီယာရင်ကို ဗယ်ဘက်သို့လှည့်ပါက ဗယ်ကွေ့မည်ဖြစ်ပြီး ညာဘက် သို့လှည့်ပါက ညာကွေ့မည်ဖြစ်သည်။ သင်္ဘောနှင့်ကား မတူနိုင်ပေ။ သင်္ဘောသည် ဦးတည်ရာ ဒီဂရီသတ်မှတ်ချက်အတိုင်း မောင်းနှင် သည်။ ကမ္ဘာပေါ်တွင် ၃၆၀ ဒီဂရီရှိသည်။ မည်သည့်အရပ်သို့ သွားမည်နည်း။ သတ်မှတ်ထားသော ဒီဂရီအတိုင်း ဖြောင့်ဖြောင့်တန်း တန်းသွားစေရန် ပဲ့နင်းမှူး (သို့) မာလိန်မှာ တာဝန်ရှိသည်။ သင်္ဘော သည် လက်ျာဘက်သို့ သွေဖီသွားလျှင် လက်ကိုင်ဘီးကြီးကို လက်ဝဲ ဘက်သို့ အပတ်ပေါင်းများစွာ လိုက်လှည့်ရသည်။ ထိုအခါ သင်္ဘော သည် လက်ဝဲဘက်သို့ ဦးတည်မည်။ လက်ဝဲဘက်သို့များသွားလျှင် လက်ဝဲဘက်သို့ ပိုလှည့်ရမည်။

ဆိုရပါလျှင် သင်္ဘောတစ်စီးကို မောင်းနှင်ခြင်းမှာ မော်တော် ကားတစ်စီးကို မောင်းနှင်သည်နှင့် မတူပေ။ မော်တော်ကားတွင် စတီယာရင် (အချို့က စီယာတိုင်) က ဗယ်ဘက်သို့လှည့်လျှင် ဗယ် ဘက်သို့ကွေ့မည်။ ညာဘက်သို့လှည့်လျှင် ညာဘက်သို့ကွေ့မည်။



သင်္ဘောတွင် ဤသို့မဟုတ်။ ညာဘက်သို့ ကွေ့ချင်ပါသလား။ ဗယ်ဘက်သို့ လှည့်ရမည်။ ဗယ်ဆိုလျှင် ညာလှည့်ရမည်။

အားဟုန်သည် သူ၏ဆရာဖြစ်သူ အာမက်အလီ၏ဆန္ဒ အတိုင်း မုန်တိုင်းကို တည့်တည့်ကြီးဝင်တိုးနေသည်။ သင်္ဘောသည် မိုင် ၅၀ မှ ၆၀ နှုန်းအထိ တိုက်ခတ်နေသော လေစီးကြောင်းကို ဖြတ်သည်။ လှိုင်းတွေက ကြီးသည်။ အားဟုန်သည် လှိုင်းလုံးကြီးများ လိမ့်တက်လာရာဘက်သို့ သင်္ဘောကို ဦးတည်လိုက်သည်။ သို့နှင့် သင်္ဘော၏ဦးတည်ရာသည် ပြောင်းသွားရသည်။ မြန်မာနိုင်ငံ ရေပိုင် နက်ထဲရှိ ပါလီပါလဲ့ကျွန်းလေးများဘက်သို့ ရောက်လာသည်။ ထိုကျွန်း များသည် ဟိုင်းကြီးကျွန်းနှင့် ကိုကိုးကျွန်းစုအကြားမှ အလွန်သေးငယ် သော ကျွန်းလေးများဖြစ်သည်။

ညသည် မှောင်မိုက်နေသည်။ လေသည် ရုတ်တရက်ငြိမ်သွား သည်။ လှိုင်းတွေ လှုပ်ရှားမှုနှေးကွေးသွားသည်။ အားဟုန်သည် မြန်မာနိုင်ငံ၏ ရေပိုင်နက်မျဉ်းကြောင်းအတိုင်း ဘင်္ဂလားပင်လယ်အော် ထဲ တိုးဝင်နေသည်။

"မုန်တိုင်းကို လွန်သွားပြီထင်တယ်"

ရာစစ်မှူးက ပြောသည်။ သူတို့သည် ထမင်းစားခန်းထဲတွင် အလဲလဲအပြိုပြို ဖြစ်နေကြသည်။ မတ်တပ်ပင် ရပ်လို့မရ။ တစ်ခုခုကို ကိုင်မထားလျှင် အခန်းနံရံနှင့် ပစ်ရိုက်မိလိမ့်မည်။ သင်္ဘောသည် ကြီးမားသော လှိုင်းလုံးကြီးများထိပ်မှ ပြန်အကျတွင် အားလုံး အသည်း ထဲမှာ အေးသွားကြရသည်။ ဆောင်းနှင်းစက်နှင့် ဒီလိုင်လာ တစ်ယောက်နှင့်တစ်ယောက် ကြောက်လန့်တကြား ဖက်ထားကြသည်။ ယာနီနှင့် ကာဒီတို့လည်း တစ်ယောက်နှင့်တစ်ယောက် ဖက်ထားကြ သည်။ ဝေရီလွင်သည် ရာစစ်မှူး၏ရင်ခွင်ထဲ ရောက်နေသည်။ ဤ အချိန်သည် သူမအတွက် အလုံခြုံဆုံးပင်ဖြစ်သည်။ ဝေရီလွင် ရာစစ်မှူးရင်ထဲမှ လှုးလဲ၍ထသည်။

"မုန်တိုင်းစဲသွားတာလား"

ညီညီက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တော့ မထင်ဘူးမမ။ ဆိုင်ကလုန်းမုန်တိုင်းတွေက လေဆင်နှာမောင်းအကြီးစားပဲ။ ဝဲကတော့လို ပတ်နေတာ။ ကျွန်တော်တို့ မုန်တိုင်းကွင်းကြီးကို ဖြတ်ခဲ့ပြီး အခု အလယ်ဗဟိုချက်တည့်တည့်ကို ရောက်နေတယ်ထင်တယ်''

''ဒါဆို နောက်တစ်ခါ မုန်တိုင်းထဲဖြတ်ရဦးမှာပေါ့''

''နောက်ထပ် ဆယ့်ငါးမိနစ်၊ နာရီဝက်အတွင်းပဲ''

''အမလေးလေး ... ဝေ့သဘော်လေးတော့ ခံနိုင်ပါ့မလားပဲ။ ဝေ့မှာ စတော့ရှယ်ယာတွေဝယ်လိုက်၊ ပြန်ရောင်းလိုက်၊ ပွဲစားဝင်လုပ်လိုက်နဲ့ ရထားတဲ့ငွေတွေကို ရင်းနှီးပြီးလုပ်တာ။ ဒီသဘော်ဟာ အာမက်အလီနဲ့ ဘာမှမဆိုင်ဘူး''

''အားပျော့ချင် ပျော့သွားမှာပါ''

ရာစစ်မှူးက နှစ်သိမ့်သည်။

''ပြင်းချင်လဲ ပြင်းနိုင်တယ်''

ညီညီကပြောသည်။

''ဒီအချိန်လေးမှာ တစ်ခုခုလှုပ်ရှားရမယ်။ ယာနီနဲ့ ကာဒီ လိုက်ခဲ့''

ဝေရီလွင်သည် လက်မြန်ခြေမြန်ဖြင့် တံခါးဖွင့်လိုက်သည်။ အစောင့်၏ သေနတ်ပြောင်းဝကို ရင်ဆိုင်ရသည်။

''သန့်စင်ခန်းသွားမလို့''

ယာနီနှင့် ကာဒီကို သူမက ရှေ့မှသွားခိုင်းသည်။ သူမလိုက်သွားပြီး လှည့်ကြည့်တော့ အစောင့်က သူမနောက်က လိုက်လာသည်။ ထမင်းစားခန်း တံခါးဝတွင် နောက်ထပ်အစောင့်တစ်ယောက် ပေါ်လာသည်။ ယာနီနှင့်ကာဒီသည် သန့်စင်ခန်းဘက် ချိုးကွေ့လိုက်သည်။

ဝေရီလွင်သည် တံခါးရှေ့မှာ အစောင့်မမြင်ရနိုင်သော ခေါင်းချိုးရောက်သည်နှင့် သူမ၏နောက်မှအစောင့်ကို ရုတ်တရက် ညာခြေဖြင့်ဝိုက်ပြီး ကန်ထည့်လိုက်သည်။ သူမ၏ ညာခြေဖနောင့်သည် အစောင့်၏ ညာဘက်နားထင်ကို မိမိရရပင်ထိသည်။ အစောင့်လဲမကျခင် လက်ထဲမှ အမ်(၁၆)ကိုဆွဲယူပြီး သေနတ်ပြောင်းဖြင့် ရင်ဝကို အားကုန်ဆောင့်ထိုးထည့်သည်။ ဒင်နှင့်ရိုက်လျှင် ရနိုင်သော်လည်း ဗိုင်ဘာဒင်ဖြစ်နေသောကြောင့် ကွဲသွားမှာက သေချာသည်။

အစောင့်ဒူးညွတ်လျက် ကျသွားသည်။

ဝေရီလွင်သည် အစောင့်၏မေးဖျားအား သူမ၏ညာခြေဖမိုးဖြင့် အားကုန်ကန်ထည့်လိုက်သည်။ အစောင့် ပက်လက်လန်ထွက်သွားသည်။ ယာနီနှင့်ကာဒီသည် အစောင့်၏ ခေါင်းဘက်နှင့်ခြေဘက်ကို ခုန်ရှေ့ဝင်သည်။ ယာနီက အစောင့်၏လက်နှစ်ဘက်ကို လိန်ယှက်ပြီး ချုပ်ထားသည်။ ကာဒီက ခြေနှစ်ချောင်းကို ချုပ်ထားသည်။ သူတို့နှစ်ယောက်သည် အစောင့်အား သွက်လက်စွာပင် ရေထဲသို့ပစ်ချလိုက်ကြသည်။ သတိလစ်နေသောအစောင့်ကား အမှောင်ထုကြီးထဲ ကျသွားသည်ကိုပင် သိမည်မဟုတ်ပေ။

''ငါတို့ တံခါးရှေ့ကအစောင့်ကို ဘယ်လိုလုပ်မလဲ''

''သေနတ်နဲ့ ပစ်ထည့်မလားမမ''

''အခု အသံတွေတိတ်နေတယ်။ သေနတ်သံကြားသွားမယ် ယာနီ။ ဒီလိုလုပ်၊ ယာနီက အရှေ့ဆုံး၊ ကာဒီက အလယ်၊ ငါက နောက်ဆုံးကလိုက်မယ်။ အစောင့် ငါတို့ကိုလှမ်းကြည့်ရင် ယာနီတစ်ယောက်တည်းမြင်ရအောင် ထိန်းထား။ ကာဒီက ယာနီနောက်မှာ ကွယ်နေ။ ငါက နောက်ဆုံးက သေနတ်ပြောင်းပဲမြင်ရအောင် လိုက်မယ်။ အနားရောက်ရင် ယာနီ သူ့သေနတ်ကို မိုးပေါ်ထောင်နေအောင်သာ လုပ်ထား။ ကာဒီက သူ့နောက်ကျောရောက်အောင်ဝင်''

သူတို့သုံးယောက် ရှေ့နောက်တစ်ထပ်တည်းကျအောင် တန်းစီပြီးလျှောက်လာသည်။ သဘော်က လူးလာသည်။ အစောင့်က အားကောင်းသောလက်နှိပ်ဓာတ်မီးဖြင့် ရှေ့ဆုံးမှ ယာနီမျက်နှာကို ထိုးထားသည်။ ယာနီ မျက်လုံးတွေကျိန်းစပ်ပြီး ဘာမှမမြင်ရ။

''သေနာကြီး၊ အရသာခံပြီး ကြည့်နေတယ်ထင်တယ်။ ဘာမှ မမြင်ရဘူး''

www.burmeseclassic.com


သဘော်က လူးလွန့်လာသည်။ အစောင့်၏လက်မှ လက်နှိပ်ဓာတ်မီးက မငြိမ်။ အလင်းစက်ဝိုင်းသည် ရွေ့လျားနေသည်။ ယာနီသည် သူ့ကိုယ်ခန္ဓာပေါ် အလင်းရောင်ကျလျှင် ရပ်သည်။ မှောင်သွားလျှင် လျှောက်သည်။ ကာဒီနှင့် ဝေရီလွင်သည် သူတို့ကိုမမြင်ရအောင် သတိကြီးစွာထားနေရသည်။

ယာနီသည် အစောင့်ကိုတိုက်ခိုက်ရန် အခက်အခဲတွေ့နေသည်။

"မျက်စိရှုးတယ်။ မီးမှိတ်ထား"

ယာနီ အသံခပ်ကျယ်ကျယ်ဖြင့် အော်လိုက်သည်။

မီးမမှိတ်။ သို့သော် ယာနီအသံကို အခန်းထဲမှတစ်ယောက်တော့ ကြားမည်ပင်။

ရုတ်တရက် တံခါးပွင့်လာသည်။ ညီညီဖြစ်သည်။

အစောင့်လှည့်အကြည့်တွင် ယာနီသည် အစောင့်၏ပေါင်ခွကြားအား ဒူးဖြင့်တိုက်ရင်း သေနတ်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကာ ပြောင်းကို မိုးပေါ်ထောင်ထားလိုက်သည်။ အစောင့်က သေနတ်ကို ပြန်လုနေစဉ်မှာပင် ကာဒီသည် ယာနီ၏ခြေနှစ်ချောင်းကြားမှ လိမ့်၍ဝင်သွားသည်။ သူမ၏ကိုယ်ခန္ဓာသည် သင်းခွေကြပ်တစ်ကောင်ကဲ့သို့ လုံးကာ ယာနီ၏ ခြေနှစ်ချောင်းကြားမှပါ ဖြတ်သန်းသွားသည်။ ထို့နောက် ကာဒီသည် အစောင့်၏လည်ပင်းကို သိုင်းဖက်ကာ ချုပ်ထားသည်။

ဝေရီလွင်က အစောင့်အား တိုက်ခိုက်ရန် ယာနီ၏နံဘေးသို့ ဝင်လိုက်စဉ်မှာပင် ညီညီသည် အစောင့်၏ခါးမှ ဓားမြှောင်ကိုဆွဲထုတ်ပြီး နံဘေးသို့ ထိုးထည့်လိုက်သည်။ ဓားမြှောင်မှာ အသွားရှစ်လက်မခန့်ရှိရာ တစ်ချက်နှင့်ပင် လုံလောက်လေသည်။ သူတို့သည် အစောင့်ထံမှ သေနတ်ကိုယူပြီး အစောင့်အား ရေထဲပစ်ချလိုက်သည်။ ယာနီသည် ဝေရီလွင်နှင့်အတူ သူမတို့သုံးယောက် နေထိုင်ရာအခန်းသို့ ပြေး၍ တံခါးဖွင့်ကာ သေတ္တာတစ်လုံးကို ဆွဲယူသည်။ ထိုသေတ္တာထဲတွင် အူဇီသေနတ်ရှိသည်။



"နှစ်ယောက်တော့ ရှင်းသွားပြီ။ အခု တို့ဆီမှာ အူဇီတစ်လက်ရှိတယ်။ ကျည်ဆန်က (၁၀)တောင့်ပဲရှိတယ်။ အော်တိုမက်တစ်ပစ်ရင် မောင်းနှစ်ခါပဲဆွဲရမယ်။ နှစ်တောင့်စီ အတွဲလိုက်ပစ်ရင် ငါးခါလောက်တော့ ဆွဲလို့ရမယ်။ ဒါလဲ ထိန်းနိုင်မှ။ ဝေတို့သုံးယောက်မှာ ဘာရက်တာသုံးလက်ပါတယ်။ ကျည် (၁၂)တောင့်စီ။ သေနတ်ကိုင်ထားတဲ့ လူသုံးယောက်ကို ရှင်းရမယ်"

"ဒီအခန်းရှေ့မှာ အစောင့်မရှိတာ ကြာလို့မဖြစ်ဘူးဝေ။ ကိုကိုတို့ မြန်မြန်အပြင်ထွက်မှဖြစ်မယ်"

ဝေရီလွင်က အမ်(၁၆) ကို ညီညီထံပစ်ပေးလိုက်သည်။ အေကေ(၄၇)ကို ယာနီကိုပေးသည်။

"အေကေက တိုတယ်။ အူဇီကို ကာဒီကိုင်ထား။ ကိုကို သေနတ်ပစ်တတ်လား"

"တစ်ခါမှ ကိုင်မကြည့်ဖူးဘူး"

"မိဆောင်းတို့လဲ ရမှာမဟုတ်ဘူး။ အောင်ဒင်တို့ မောင်ထူးတို့ကို ရအောင်ဆက်သွယ်ရမယ်။ ကိုကိုရယ်၊ မိဆောင်းတို့နှစ်ယောက်ရယ် ဒီအခန်းထဲမှာပဲ စောင့်နေဦး။ ဝေတို့ပြန်လာမယ်"

ဝေရီလွင်၊ ယာနီနှင့် ကာဒီတို့သုံးယောက် ညီညီနှင့်အတူ အပြင်ထွက်လိုက်သည်။ ညသည် ပိန်းပိတ်အောင်မှောင်သည်။ မိုးစက်အချို့ သူတို့ကိုလာရောက်ထိမှန်သည်။ ရေစက်များမှာ ကြီးမားသည်။ ခဲနှင့်အပစ်ခံရသလိုပင် နာကျင်လှသည်။ သဘော်က ရုတ်တရက်ကြီး လူးလာသည်။ မုန်တိုင်းဗဟိုချက်ကို လွန်သွားပြီဟု သူတို့အားလုံး တွေးမိကြသည်။

သဘော်ဦးပိုင်းတွင် လက်နက်ကိုင်နှစ်ယောက် စောင့်နေသည်။ ပစ်ချလိုက်လျှင်ရပေမယ့် တျန်တစ်ယောက်ကို မတွေ့ရ။ သူတို့ နောက်ပြန်ဆုတ်လာကြသည်။

"သူတို့တက်လာတာ ငါးယောက်ပဲ။ သုံးယောက်ရှင်းပြီးပြီဆိုတော့ နှစ်ယောက်ကျန်တယ်။ တစ်ခုတော့ရှိတယ်၊ အားဟုန်တို့


www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနဲ့ မာလစ်က သူတို့လူတွေပဲဆိုတော့ သူတို့ကိုပါထည့်တွက်ရင် ငါးယောက်ပဲ။ မာလိန်အခန်းထဲမှာ အားဟုန်ပဲရှိမယ်။ အားယုန်က ဆက်သွယ်ရေးအခန်းထဲမှာ ရှိနေမယ်။ မာလစ်က စက်ခန်းထဲမှာရှိမယ်။ အောင်ဒင်တို့ မောင်ထူးတို့ကိုလဲ သူတို့ထိန်းရဦးမယ်လေ''

ညီညီစကားကို ဝေရီလွင် စဉ်းစားနေသည်။

သင်္ဘောသည် လက်ျာဘက်သို့ ဘေးတိုက်ကြီးရွေ့လျားနေသည်။ အားဟုန်သည် သင်္ဘောကို ထိန်းသိမ်းနိုင်ပုံမရ။ လေက သင်္ဘောကို လက်ဝဲဘက်မှ ဖိတွန်းနေသည်။

''သင်္ဘောကတော့ မုန်တိုင်းနောက် ပါနေတယ်ထင်တယ်''

လေတိုက်နှုန်းက မြန်လာသဖြင့် သင်္ဘောကုန်းပတ်ပေါ်တွင် သွားလာလှုပ်ရှားရသည်မှာ လွန်စွာမှပင် ခက်ခဲနေသည်။

''ဒီလိုလုပ်၊ ရေဒါခန်းထဲ မမသွားကြည့်မယ်။ အဲဒီထဲမှာ မာလစ်ရှိတယ်။ မင်းက မာလိန်ကိုစောင့်ကြည့်''

''သူတို့ကိုထားခဲ့မယ်။ ကျွန်တော်လိုက်လာခဲ့မယ်။ အခွင့်အရေးရရင်တော့ ဖြိုလိုက်တာပေါ့''

ဝေရီလွင်က ညီညီ၏စကား ဆုံးအောင်မစောင့်တော့၊ ရေဒါခန်းရှိရာသို့ ကျည်းမြောင်းသောလှေကားအတိုင်း တက်လာသည်။ သူမ၏လက်ထဲတွင် ပစ္စတို(လ်)သာပါသည်။ သူမသည် ဆက်သွယ်ရေးစက်ခန်းထဲသို့ မှန်ပြတင်းပိုင်းမှ ချောင်းကြည့်လိုက်သည်။ မာလစ်သည် ရေဒါကိုကြည့်လိုက်၊ ဆိုနာကိုကြည့်လိုက် အလုပ်ရှုပ်နေသည်။ မောင်ထူးက သူ့ကို ကူညီနေသည်။ မောင်ထူးသည် ဝေရီလွင်ကို မြင်သွားသည်။ သူသည် မာလိန်ကို တစ်စုံတစ်ရာပြောပြီး အပြင်ထွက်လာသည်။

''အခြေအနေမကောင်းဘူးမမ''

''ဘာဖြစ်လို့လဲ''



''အားဟုန်နဲ့ အားယုန်က ပြောမရဘူး။ မုန်တိုင်းကြီးကို ဖွတ်ဖြတ်လာတယ်။ အခု ကျွန်တော်တို့သင်္ဘောဟာ နောက်ပြန်ရွေ့နေရာကနေ အရှေ့ဘက်ကိုရွေ့နေတယ်။ မုန်တိုင်းကြီးထဲရောက်ပြီး သူရွေ့ထဲအတိုင်း ရွေ့နေတာ။ စင်ကာပူမိုးလေဝသနဲ့ အဆက်အသွယ်ရထယ်။ ဂြိုဟ်တုဓာတ်ပုံတွေလဲ ရတယ်။ ကျွန်တော်တို့ ချောင်းသာတို့ ငွေဆောင်တို့ရဲ့တောင်ဘက်က ငရုတ်ကောင်းဆိပ်ကမ်းဘက်ကို ဝင်ဆောင့်မိမယ်ထင်တယ်။ လေတိုက်နှုန်းကလဲ ကီလိုမီတာ (၁၂၀)နှုန်းကိုတောင် ကျော်မယ်တဲ့။ မုန်တိုင်းက အဆင့်(၉)လောက် ရှိနိုင်တယ်''

သင်္ဘောမှာ လှုးလှိမ့်နေသဖြင့် သူတို့သည် ဆွဲမိဆွဲရာကို ဆွဲထားကြရသည်။ လှိုင်းလုံးကြီးများက သင်္ဘောထက် များစွာမြင့်မားလာပြီး သင်္ဘောဦးကို ရေတွေကျော်လွှားသွားသည်။ သူတို့သည် အမြင့်ပိုင်းမှာရောက်နေသည့်တိုင် ရေတွေက သူတို့ကိုလာစင်သည်။

''ကျွန်တော်တို့သင်္ဘော နစ်လိမ့်မယ်ထင်တယ်''

ဝေရီလွင်သည် အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ကိုက်ထားသည်။ သူမ၏သင်္ဘောကို ဆုံးရှုံးရတော့မည်လား။

''အားဟုန်ကလဲ မလျှော်ဘူး။ ဒီလောက်ကြီးတဲ့မုန်တိုင်းကြီးရှိနေရက်က အတင်းဝင်တိုးတာ ဘယ်လောက်တုံးလဲ။ ကျွန်တော်တို့သင်္ဘောပေါ်က ပစ္စည်းလာကဲ့မယ်ဆိုတဲ့သင်္ဘောက ပြန်လှည့်သွားပြီ''

''ဒါဆို ငါတို့လဲ ပြန်လှည့်ရမှာပေါ့''

''မရတော့ဘူးမမ။ ဆီကမလောက်တော့ဘူး။ အင်ဂျင်တွေက အသားကုန်မောင်းရတာ''

''ဒါဆို အားဟုန် ဘာလုပ်နေလဲ''

''သူက ဒီမုန်တိုင်းထဲက ရုန်းထွက်ဖို့လုပ်နေတယ်။ ဒါပေမယ့် ဒီမုန်တိုင်းက တော်တော် မူရာမာယာများတာ။ အိန္ဒိယဘာလိုလို ဘင်္ဂလားဒေ့ရှ်(ရှ်)လိုလိုနဲ့ အခုတော့ မနက်(၆)နာရီ၊ (၇)နာရီလောက်ဆိုရင် ကျွန်တော်တို့ နဂရေအငူကိုများ ဝင်တိုက်မိသွားပဲ''



www.burmeseclassic.com

www.burmeseclassic.com

"အောင်ဒင်တို့ရော"

"အဲဒါ ကျွန်တော်ပြောမလို့။ သစ်မြိုင်သစ္စာဖောက်တယ်။ ပီနန်ကွန်တိန်နာဆိပ်ကမ်းမှာ မမကို တွေ့ဖို့ချိန်းတာ ဒီကောင်ပဲ။ အာမက်အလီနဲ့ ကရိုနီးမောင်းတဲ့ကောင်က ကွန်တိန်နာကို ပစ်ချလို့ရတဲ့ နေရာအထိ ဒီကောင်ခေါ်လာတာ။ ဆရာညီညီရောက်လာလို့"

"အခု သူတို့ဘယ်မှာလဲ"

"ပစ္စည်းသယ်တဲ့အခန်းထဲမှာ။ သစ်မြိုင်က ဆရာအောင်ဒင်ရယ်၊ လူဝေးရယ်၊ ရောင်စိန်ရယ်ကို ချုပ်ထားတယ်။ အင်ဂျင်ခန်းထဲမှာ အားယုန်နဲ့ သေနတ်သမားတစ်ယောက်ရှိတယ်"

ဝေရီလွင်က ...

"မင်း မာလစ်ကို ရှင်းပစ်လို့ရလား"

"အချိန်မရွေးရတယ်။ ဒါပေမယ့် ဆက်သွယ်ရေးလုပ်ငန်းတွေ ဘယ်သူလုပ်မလဲ"

"မင်း ရေဒါကြည့်တတ်တာပဲ။ ဆိုနာကြည့်တတ်တာပဲ"

"ဟုတ်ပါတယ်မမ။ အားဟုန်နဲ့ အားယုန်ကို ကျွန်တော့်အသံနဲ့ပြောတာနဲ့ သူတို့ရိပ်မိမှာပဲ"

"ဒါဆိုရင်တော့ မင်း မာလစ်ကိုထိန်းထား။ ငါတို့အနေနဲ့ ကျန်တဲ့သူတွေကိုဆက်သွယ်ဖို့ လိုအပ်ချင်မှ လိုအပ်တော့မှာ"

"သူတို့မလိုတော့ဘူးဆိုရင် ကျွန်တော်ရှင်းပစ်မယ်"

"ရော့"

ဝေရီလွင်က သူမ၏ ဘာရက်တာကို ပေးသည်။ ယာနီဆီက အေကေ(၄၇)သေနတ်ကို ယူလိုက်သည်။ သူတို့အားလုံး မိုးရေတွေ စိုရွှဲနေလေပြီ။ မောင်ထူး အခန်းထဲပြန်ဝင်သွားတော့ သူတို့သုံးယောက် စက်ခန်းဘက် ဦးစွာဆင်းသည်။ တံခါးပိတ်ထားသည်။ မှန်ပြတင်းမှ ချောင်းကြည့်တော့ အားယုန်သည် အင်ဂျင်များကို ထိန်းသိမ်းနေရသည်။ သူ့ကို အားဟုန်က ဆက်သွယ်ရေးလိုင်းဖြင့် ဆက်သွယ်သည်။ သူက မိုက်ကရိုဖုန်းဖြင့် ပြန်ပြောသည်။ အစောင့်သည် စိတ်မပါတပါဖြင့် ရပ်နေသည်။





ယာနီတို့နှစ်ယောက်ကတစ်ဘက်၊ ဝေရီလွင်ကတစ်ဘက် တံခါးကိုခွပြီး နေရာယူလိုက်သည်။

ဝေရီလွင်က တံခါးကို အေကေ(၄၇)ဒင်ဖြင့်ထုသည်။ တော်ရုံနှင့်ကြားဖို့တော့ မလွယ်။ စက်သံက ဆူသည်။ မိုးသံလေသံ လှိုင်းသံတွေက ပြင်းသည်။ ဝေရီလွင်သည် မှန်တံခါးဝိုင်းတစ်ချပ်ကို သေနတ်ပြောင်းဖြင့် ထိုးခွဲပစ်လိုက်သည်။ သူတို့သုံးယောက် ထိုင်ချလိုက်သည်။ အစောင့်သည် ပြတင်းကိုလာကြည့်သည်။ သူ့မျက်နှာကို မိုးစက်တွေ စင်တော့ ပြန်လှည့်သွားပြီး အားယုန်ကို တစ်စုံတစ်ရာပြောသည်။ အားယုန်က ပြန်လှည့်မကြည့်ဘဲ ခေါင်းညိတ်သည်။

တံခါးဖွင့်၍ထွက်လာသော အစောင့်၏လည်မျိုကို ဝေရီလွင်က သေနတ်ဒင်ဖြင့်လွှဲရိုက်သည်။ အစောင့်က သူ့လက်ထဲမှသေနတ်ဖြင့် ကာလိုက်သဖြင့် ချက်ကောင်းကိုမထိ။ ယာနီနှင့် ကာဒီ သူ့ကို အတင်းဝိုင်းချုပ်ကြသည်။ သူက သေနတ်မောင်းခလုတ်ကို ဆွဲလိုက်ရာ ကျည်ဆန်တွေ အတွဲလိုက်ထွက်ကုန်သည်။ ဝေရီလွင်သည် သေနတ်ပြောင်းကိုဆုပ်ကိုင်ထားလေရာ သူမ၏လက်တွေ ပူကုန်သည်။ သူမက သေနတ်ကို ရအောင်လုယူလိုက်စဉ်မှာပင် အားယုန်သည် ပစ္စတို(လ်)တစ်လက်ဖြင့် သူတို့ကို လှမ်း၍ပစ်တော့၏။ တံခါးဝနားတွင် ကျည်ဆန်သုံးလေးချက်မှန်သည်။

ဝေရီလွင်သည် အားယုန်ရှိရာသို့ အစောင့်၏ အေကေ(၄၇)ပြောင်းကို လှည့်ပေးလိုက်သည်။ အားယုန်လဲကျသွားသည်။ အစောင့်ကိုလည်း ကာဒီက ပစ္စတို(လ်)ဖြင့် တော့ဖြုတ်ပြီးပေပြီ။

အစောင့်ထံတွင် အေကေ(၄၇) ကျည်အိမ်အပို (၄)ခုရှိသည်။ ဝေရီလွင်က အစောင့်၏ အေကေ(၄၇)ကို ယာနီကိုပေးလိုက်သည်။ ကျည်အိမ်အပို (၂)ခုစီခွဲယူသည်။ ကာဒီသည် အားယုန်၏အလောင်းအနားနှင့် ပတ်ဝန်းကျင်မှ (၉)မီလီမီတာ ကျည်အပိုတွေ ယူလာသည်။ သူ့လက်ထဲမှ အူဇီသည် (၉)မီလီမီတာကျည်ဖြင့် ပစ်၍ရသော မောင်းပြန်သေနတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက် ပစ္စည်းများထားရာ သင်္ဘောဝမ်းထဲ ပြေးဆင်းကြသည်။ သေနတ်သံတွေ ကြားပြီးဖြစ်ရာ တိုက်ခိုက်မှုမှာ အတိအလင်းဖြစ်နိုင်သည်။ သစ်မြိုင်သည် သူတို့ကို ဆီးကြိုပစ်ခတ်သည်။

''မမ အရမ်းမပစ်နဲ့။ စီဖိုးတွေပါတယ်''

အောင်ဒင့်အသံကို မသဲမကွဲကြားရသည်။ သစ်မြိုင်သည် သင်္ဘောပဲ့ပိုင်းသို့ ရွေ့သွားသည်။ ဝေရီလွင်တို့ဆင်းပြီး အောင်ဒင်ကို ကြိုးဖြည်ပေးသည်။ အောင်ဒင်တစ်ကိုယ်လုံး ဖူးရောင်နေသည်။ လူဝေးမှာ လက်တစ်ဘက်ကျိုးနေသည်။ ရောင်စိန် သတိမရ။ ရောင်စိန်ကို အောင်ဒင်နှင့် ယာနီတို့နှစ်ယောက်က ဆွဲရသည်။ သစ်မြိုင်သည် သင်္ဘောဝမ်းထဲကိုလှျောက်ပစ်ရာ ရေတွေပန်းထွက်လာသည်။

''အရှူး ... သင်္ဘောဝမ်းထဲမှာ ပေါက်ကုန်ပြီ။ ဒီအခန်းတံခါးကို အလုံပိတ်မှဖြစ်မယ်''

အောင်ဒင်ကပြောသည်။ သူတို့အားလုံး ကျဉ်းမြောင်းသောလှေကားကို အလုအယက်တက်ရသည်။ အားလုံးအပေါ်ရောက်တော့ အောင်ဒင်က တံခါးကို အလုံပိတ်သည်။

''ဟိုဘက်က တံခါးတစ်ချပ်ရှိသေးတယ်။ သွားပိတ်မှဖြစ်မယ်''

သူတို့ ဦးပိုင်းဘက်ရွေ့လာစဉ် အောင်ဒင်က တံခါးတစ်ချပ်ကို ထပ်ပိတ်လိုက်သည်။ သစ်မြိုင်သည် တွေ့ကရာကို ပစ်ခတ်နေဆဲပင်။

ပေါက်ကွဲသံတစ်ချက်နှင့်အတူ သင်္ဘောကြီးတစ်စီးလုံး သိမ့်သိမ့်တုန်သွားသည်။ တံခါးတွေ ပွင့်ထွက်ကုန်သည်။

''ခွေးမသား သစ္စာဖောက်။ စီဖိုးတွေ ပေါက်ကွဲကုန်ပြီ။ ဒီထဲနေတာနဲ့ ထားတာနီးတယ်။ ကျွန်တော်က ခွာထားဖို့ပြောတာ။ သူတို့က လူတတ်ကြီးတွေလုပ်နေတယ်''





ညီညီသည် သေနတ်သံများကြားကတည်းက အနီးဆုံးအစောင့်ကို ပစ်ချလိုက်သည်။ ကျန်တစ်ယောက်က ပြန်ပစ်သည်။ ညီညီပြန်ပစ်သည်။ သူက ကြိုတင်ချောင်းမြောင်းနေသူမို့ အခွင့်အရေးပိုရသည်။ ပစ်မှတ်နှစ်ခုမှာ ကြိုတင်ချိန်ရွယ်ထားပြီးသား။ နှစ်ယောက်စလုံးကို သုတ်သင်လိုက်နိုင်သည်။ သူသည် အားဟုန်ထံသို့ ပြေးသည်။

''မစ္စတာဟုန်။ သင်္ဘောကို အကောင်းဆုံးထိန်းပါ။ ဒီသင်္ဘောကို ကျုပ်တို့ ပြန်ထိန်းသိမ်းထားလိုက်ပြီ။ သင်္ဘောကပ္ပတိန်က ဝေရီလွင်ပဲ''

သူသည် အားဟုန်ကို သေနတ်နှင့်ချိန်ပြီး စောင့်ကြည့်နေစဉ်မှာပင် ဗုံးကွဲသံကြားရခြင်းဖြစ်သည်။ သိမ့်ကနဲတုန်သွားစဉ်တွင် အားဟုန်က ပစ္စတိုကို ဆွဲထုတ်သည်။ မတတ်နိုင်တော့။ သူ ပစ်ချလိုက်သည်။ သူ့ဗိုက်ထဲကိုလည်း ကျည်တစ်တောင့်ဝင်သွားသည်။

သင်္ဘောကား မုန်တိုင်းသယ်ယူရာနောက်သို့ ပါသွားနေရာမှ ရေတွေဝင်ပြီး နစ်မြုပ်စပြုလာသည်။ နေကိုမမြင်ရသော်လည်း အလင်းရောင်တွေက ထင်ထင်ရှားရှားမို့ နံနက်ခင်းရောက်ပြီမှန်း သိရသည်။ နာရီကိုကြည့်တော့ (၆)နာရီထိုးလုလု။

သူ ထမင်းစားခန်းသို့ဆင်းလာတော့ ဝေရီလွင်တို့ရောက်နေပြီ။ လူ(၁၅)ယောက်ခန့်စီးနိုင်သော ဇလာအမျိုးအစား သက်ကယ်လှေချဖို့ ပြင်နေကြသည်။ အားလုံး သက်ကယ်အကျီများ ဝတ်ရသည်။

''အားလုံး ဘာမှမကြောက်နဲ့။ သတိမလစ်စေနဲ့။ သက်ကယ်အကျီဝတ်ထားရင် ရေထဲမမြုပ်နိုင်ဘူး''

ဝေရီလွင်က အားပေးသည်။

ဆောင်းနှင်းစက်နှင့် ဒီလိုင်လာက အော်ငိုသည်။

''နင်တို့မှာ သတ္တိတွေမရှိတော့ဘူးလား။ စိတ်ဓာတ်တွေ တောင့်ထားစမ်း''

ရာစစ်မှူးက သူတို့ကို ငေါက်ပစ်မှ တိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အားလုံး မြန်မြန်လုပ်။ အဓိကက ရေချိုပုံးတွေတင်။ အခု မိုးရွာတာကလဲ ရေငံတွေရွာချနေတယ်"

သူတို့လူစု အသက်ကယ်လှေကို အောက်ချသည်။ ဝေရီလွင်သည် သူမပိုင်ဆိုင်သောသင်္ဘောကြီးကို စွန့်လွှတ်ရတော့မည်မို့ ရင်ထဲမှာ ဆို့နင့်ကြေကွဲစွာ ခံစားရသည်။ တကယ်တော့ သင်္ဘောပေါ်တွင် ပေါက်ကွဲမှုမရှိသည့်တိုင် မုန်တိုင်းကြောင့် သင်္ဘောနစ်မြုပ်မှာက သေချာနေသည်။

"အောင်ဒင်၊ စက်မြန်မြန်နှိုး။ သင်္ဘောနားက မြန်မြန်ခွာ"

အောင်ဒင်သည် သက်ကယ်လှေ၏အင်ဂျင်ကို ကြိုးစားပြီး နှိုးနေသည်။ လှေက လှိုင်းနှင့်အတူ မြောက်သွားလိုက်၊ ပြန်ကျလာလိုက် ဖြစ်နေသည်။ စက်နိုးတော့ အရှေ့ရှုးရှုးသို့ တစ်ရှိန်ထိုးမောင်းထွက်သည်။ K-O-K-O သင်္ဘောကြီး နစ်မြုပ်သွားသည်ကိုကြည့်ပြီး ဝေရီလွင် ရှိုက်ကြီးတငင် ငိုကျွေးတော့၏။

(၁)

အောင်ဒင်သည် ဝေလာသက်ကယ်လှေကို ခက်ခဲစွာထိန်းသိမ်းနေရသည်။ လှိုင်းလုံးကြီးများမှာ အိမ်လောက်ကြီးမားလှသည်။ မြင့်တက်သွားလျှင် ပန်ကာသည် ရေနှင့်လွတ်သွားပြီး စက်သံ ဆူညံသွားလေ့ရှိသည်။ ကောင်းကင်တစ်ခုလုံး မည်းနက်နေရာမှ ရုံဖန်ရံခါတွင် ထိန်ထင်သွားလေ့ရှိသည်။ လျှပ်စီးမုန်တိုင်းများကြောင့် ဖြစ်မည်ထင်သော်လည်း မိုးကြိုးပစ် လျှပ်စီးလက်သည်ကို မမြင်ကြရ။

အားလုံး စက်လှေပေါ်တွင် ရပ်နေဖို့မဆိုထားနှင့်။ ထိုင်ပင်ထိုင်ရဲတော့။ ညီညီသည် ဝမ်းဗိုက်ထဲတွင် ကျည်ဆန်တစ်တောင့်ဝင်နေလေရာ အဝတ်များဆုတ်၍ သူ့ဒဏ်ရာကို ပိတ်ဆို့စည်းနှောင်ပြီးထားနေရသည်။ သူ့ဘေးနားမှာက မောင်ထူး။

"ကျွန်တော် နောက်ဆုံးရတဲ့ သတင်းအချက်အလက်တွေအရဆိုရင် ကျွန်တော်တို့ဟာ အင်မတန်ကြီးတဲ့ မုန်တိုင်းကြီးအလယ်မှာ ရောက်နေတယ်။ သင်္ဘောမမြုပ်ခင်မှာ မော်တင်စွန်းနဲ့ (၈)မိုင်လောက်ဝေးမယ်ထင်တယ်။ အခုသွားနေတာ စက်အားကြောင့်မဟုတ်ဘူး"

စက်လှေသည် အင်ဂျင်အားထက် မုန်တိုင်းက တွန်းပို့နေသဖြင့် လျင်မြန်စွာရွေ့လျားနေခြင်းပင်။ သူတို့သည် လှေနံ၏အထက်က ခေါင်းမဖော်ရဲ။ ဝပ်သူဝပ်၊ မှောက်သူမှောက်နှင့် နေရသည်။ ဝေရီလွင်သည် မကြာခဏထိတ်လန့်ပြီး ရာစစ်မှူးကို သိုင်းဖက်ထားလေ့ရှိသည်။

"ဝေသဘော ... ကိုကို ... ကိုကို"

"ကိုကိုရှိပါတယ်ဝေရယ်။ သင်္ဘောကိုကို မရှိတော့ပေမယ့် သူ့အစ်ယောက်လုံး ရှိပါသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



''ဝေ ကိုကို့ကိုချစ်တယ်''

''ကိုကိုလဲ ဒီလိုပါပဲ''

ဝေရီလွင်သည် သွေးရူးသွေးတန်း ဖြစ်ချင်နေသည်။ လှေသည် အထိန်းအကွပ်မဲ့စွာပင် လူးလိမ့်လျက်ရှိသည်။ ရံဖန်ရံခါပင် လှိုင်းထိပ်သို့ရောက်သည်။ ဝုန်းကနဲ ပြန်ကျလာသည့်အခါ လှေသည် ရေပြင်နှင့် ပြင်းထန်စွာရိုက်ခတ်မိသည်။ လှေနှင့် ရေပြင်၏ရိုက်ခတ်မှုသည် လှေကို ခါးကျိုးစေနိုင်သော အနေအထားဖြစ်သည်။

ရောင်စိန်သည် သတိလစ်နေဆဲဖြစ်သည်။ ရံဖန်ရံခါ သွေးရူးသွေးတန်း ထအော်သည်။ ထို့နောက် သူသည် ရုတ်တရက်ထလိုက်ရာ လေ၏အရှိန်နှင့် ရုတ်တရက် လွင့်သွားသည်။ သူသည် ကြောက်လန့်တကြားနှင့် လှေနံကို လက်နှစ်ဖက်နှင့်ဆုပ်ထားရာ သူ့ခန္ဓာကိုယ်နှင့် ခြေနှစ်ချောင်းမှာ လေထဲလွင့်နေသည်။

''ရောင်စိန်၊ သတိထား၊ မင်းလက်တွေမလွှတ်နဲ့''

ရောင်စိန်သည် လေထဲတွင် လွင့်ဝဲနေဆဲ။ သူနှင့်အနီးဆုံးမှာ လက်ကျိုးနေသော လူဝေး။ လူဝေးက လက်အကောင်းတစ်ဘက်ဖြင့် ရောင်စိန့်လက်တစ်ဖက်ကိုဆွဲရာ ရောင်စိန်သည် ကြောက်အားလန့်အားနှင့် လူဝေး၏လက်ကို ဖမ်းဆွဲထားသည်။

''ကျန်တဲ့လက်တစ်ဖက်ကို မလွှတ်နဲ့။ ငါ့ကို တစ်ယောက်ဆွဲထားစမ်းပါ''

ရောင်စိန်သည် လှေနံကိုကိုင်ထားသောလက်ကိုပါ လွှတ်ပြီး လက်နှစ်ဘက်ဖြင့် လူဝေး၏လက်ကို ဆွဲတော့သည်။ လူဝေး၏ ကျိုးနေသောလက်မှာ လှေနံကိုကိုင်ထားရလေရာ အသည်းခိုက်အောင်ပင် နာလွန်းလှ၏။ သူ အသံကုန်အော်ပေမယ့် သူ့ခြေထောက်ကို ဘယ်သူမှမမှီ။ ဒီလိုင်လာသည် ဆောင်းနှင်းစက်နှင့်အတူ တွားသွားနေရာမှ ရောင်စိန်၏ခြေထောက်ကို ဆွဲရန်ကြိုးစားသည်။ သို့သော် မရတော့။ ရောင်စိန်ရော၊ လူဝေးပါ လေထဲလွင့်ပါပြီး ပင်လယ်ထဲသို့ကျကာ အစအန ပျောက်သွားတော့၏။





''ရောင်စိန် ... လူဝေး ...''

အောင်ဒင်နှင့် မောင်ထူးသည် အသံကုန်အောင်ပင် အော်ဟစ်နေသည်။

''သူတို့ အသက်ကယ်အင်္ကျီတွေဝတ်ထားတယ်။ မြုပ်မှာ မဟုတ်ဘူး''

အောင်ဒင် မျှော်လင့်တကြီးပြောလိုက်စဉ် သူ့ရှေ့တွင် ငါးဖမ်းလှေများကို တွေ့လိုက်ရသည်။ ဆယ်စင်းခန့် ရှိမည်ဖြစ်သည်။ သူတို့သည် ခပ်ဝေးဝေးရှိ ကမ်းခြေဘက်သို့ ဦးတည်ရွေ့လျားနေသည်။ သူတို့၏လက်ယာဘက်တွင် ကျွန်းတစ်ကျွန်းကိုတွေ့ရရာ ဟိုင်းကြီးကျွန်း၏တောင်ဘက်ရှိ သမီးလှကျွန်းဖြစ်မည်။ စက်လှေများမှာ ပုသိမ်မြစ်ဝဘက်သို့ ဦးတည်နေကြသည်။ နစ်မြုပ်ပျက်စီးသွားသော အပျက်အစီးအစအနများ၊ မှောက်ခုံဖြစ်နေသော စက်လှေများလည်း တွေ့ရသည်။

''တို့ ပုသိမ်မြစ်ဝကို ဝင်မိတော့မယ်၊ တောင့်ထားကြဟေ့''

အောင်ဒင်၏ စကားမဆုံးခင်ပင် သေမင်းတမန် အသံနက်ကြီးကိုကြားရပြီး ကြီးမားလှသော ဒီလှိုင်းလုံးကြီးတစ်လုံးသည် သူတို့နောက်မှ လိုက်လာတော့သည်။ လှိုင်းလုံးကြီးမှာ မြင့်မားလှပြီး ပါးပျဉ်းထောင်နေသော နဂါးကြီးနှင့်တူသည်။

''အသက်ဝအောင် ရှူထားကြဟေ့''

ရာစစ်မှူးအော်လိုက်စဉ်မှာပင် လှိုင်းလုံးကြီးက သူတို့လှေကို ဝုန်းကနဲဖုံးအုပ်သွားသည်။ ချက်ချင်းလိုလိုပင် စက်လှေသည် ရေပေါ်ပြန်ပေါ်လာသည်။ လှေထဲမှာ ရေတွေဝင်နေသည်။ စက်ကလည်း ရပ်သွားသည်။ ဒီလိုင်လာသည် ရေမွန်းပြီး သတိလစ်နေရာ ဆောင်းနှင်းစက်က သူမ၏ဝမ်းဗိုက်ကိုနှိပ်ပြီး ရေအန်ထွက်အောင် လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာစစ်မှူးသည် ရေတွေခပ်ထုတ်ဖို့ လုပ်နေသည်။ သူနှင့်အတူ မောင်ထူး၊ ယာနီနှင့် ကာဒီတို့ ရေပိုင်းခတ်ကြသည်။ အောင်ဒင်က ကြိုးစားပြီး စက်ပြန်နိုးသည်။ ညီညီသည့် ဝမ်းဗိုက်ထဲမှသွေးတွေ လွှ နေလေပြီ။

ရာစစ်မှူးက လှေဝမ်းထဲ လိုက်စမ်းသည်။ လှေအက်ပြ ရေယိုနေသည်။ လက်ဖြင့်ပိတ်ကြည့်သည်။ မရ။

"ကိုကို ... ကိုကို ... ဝေ့ကိုပစ်မသွားနဲ့နော်"

"ကိုကိုတို့ လမ်းကိုမြင်နေရပြီ။ သတိထားဝေ"

ရာစစ်မှူးက အားပေးသည်။

ရေ၏အရောင်မှာ မည်းနက်နေသည်။

မိုးက သည်းထန်စွာရွာချပြီး မြင်ကွင်းက ပျောက်သွားပြ သည်။ ရာစစ်မှူးသည် သူ၏အကျီကိုချွတ်ပြီး လှေ၏အက်ကြောင်းက ဆိုသည်။ မြင်တော့မမြင်ရ။ လက်နှင့်စမ်းရခြင်းဖြစ်သည်။

သူ့ကျောပြင်ကို မိုးစက်များ လာရောက်ထိမှန်ရာ ရေစက်မျ ၏ရေလုံးကကြီးလှသဖြင့် နာကျင်လွန်းလှ၏။ မောင်ထူးက တာရပတ် ကို ပစ်ပေးသည်။ "ဆရာ ဒါနဲ့ဆို့ပြီး အပေါ်က တစ်ခုခုနဲ့ဖိထား" ဟ လည်း လှမ်းပြောသည်။

"ဆရာ့အကျီ ပြန်ဝတ်ထားမှဖြစ်မယ်။ မိုးက အက်ဆစ်မ လားမသိဘူး။ စပ်ဖျင်းဖျင်းနဲ့"

ရာစစ်မှူးသည် သူ့အကျီကို ပြန်မယူတော့ဘဲ တာရပတ်ဖြ တတ်နိုင်သမျှ ပိတ်ဆို့ပြီး သူ့ကိုယ်ခန္ဓာဖြင့် ဖိထားသည်။ ရေတွေ တတ်နိုင်သမျှ ပက်ထုတ်နေသည်။ ရေသည် လှေတစ်ဝက်ခန့် ရှိ သည်။ ရေများနေသောကြောင့် လှေသည် ရေရွေ့သည့်အတိုင် ရွေ့သည်။

"တောင့်ထားကြဟေ့"

အောင်ဒင်က စက်ကို ရအောင်နိုးသည်။ စက်နိုးသောအ လှေ၏ရွေ့လျားမှုက မြန်လာသည်။



ဝေရီလွင်သည် နောက်ပိုင်းသို့လှမ်းကြည့်သည်။ အမှောက် ထောင်နေသော နဂါးကြီးများနှယ် ဒီလှိုင်းကြီးများက လိုက်လာကြဆဲ ဖြစ်သည်ကို မြင်တွေ့လိုက်ရသည်။ သူမသည် ခေါင်းစီးပုဝါကို ဆွဲ ချွတ်ပစ်လိုက်သည်။

"ကိုကို"

"ဘာလဲဝေ"

"ဝေတို့ ဒီဘေးက မလွတ်နိုင်တော့ဘူး။ ဝေ ကိုကိုနဲ့ ဘယ် တော့မှမခွဲတော့ဘူး"

ဝေရီလွင်သည် သူမ၏ညာလက်နှင့် ရာစစ်မှူး၏ လက်ဝဲဘက် ကို ပူးချည်လိုက်သည်။ ရေထဲမှာ အမှိုက်သရိုက် အပျက်အစီး အစ အနတွေကို တွေ့ရသည်။ နစ်မြုပ်ခဲ့သော လှေသင်္ဘောများမှဖြစ်မည်။ သူတို့ ရေတော်လာသည်။ ရေချိုးပုံးထဲတွင် ရေအနည်းငယ်သာ ကျန် သည်။ ညီညီသည် သွေးလွန်နေသဖြင့် ရေအလွန်ငတ်နေသည်။ သို့သော် မျက်နှာက ခပ်ပြုံးပြုံးပင်။

"ကိုကိုရေ"

"ဘာလဲကွ"

"ငါတော့ မရတော့ဘူးထင်တယ်ကွာ"

"ဟေ့ကောင်ညီညီ။ မင်းတင်းထားစမ်း"

"ကျည်ဆန်ဝင်နေတာ ဒီလောက်မနာပါဘူးကွာ။ သွေးလွန် နေတယ်ကွ"

ညီညီရှိရာနေရာတွင် ရေတွေက နီရဲနေသည်။ ညီညီကိုယ်ခန္ဓာ မှ ထွက်လာသည့်သွေးများပင်။ ညီညီသည် ညက သေနတ်မှန်သည့် အချိန်မှစ၍ သွေးလွန်နေသည့်အချိန်မှာ မနည်းတော့။ လူတစ်ယောက် အဖို့ သွေးလွန်နေသောဒဏ်ရာကို ကုသခြင်းမပြုဘဲ ထားနိုင်သောအချိန် ကာလကို လွန်နေပြီ။

"ရန်ကုန်ပြန်ရောက်ရင် ဖေဖေနဲ့မေမေဆီ ပြန်သွားပါကွာ။ မင်းကို သူတို့ချစ်ပါတယ်။ မေမေ အိပ်ရာပေါ်လဲနေတာ ကြာပြီ။ သူတို့ မင်းကို မျှော်နေကြတယ်"

www.burmeseclassic.com



ညီညီက တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ပြောသည်။

ရာစစ်မှူးရင်ထဲတွင် ဆို့နစ်ကြေကွဲနေသည်။

"မေမေကပြောတယ်ကွ။ ငါက ငယ်ငယ်တုန်းက ဆိုးတယ်တဲ့။ ဆယ်တန်းကို နှစ်ခါလောက်ကျပြီး အောင်ပြန်တော့လဲ နိုင်ငံခြားကို ထွက်သွားလိုက်တာ အိမ်ကိုလှည့်မကြည့်တော့ဘူးတဲ့။ မင်းက ငယ်ငယ်တုန်းက လိမ္မာတယ်တဲ့။ ကြီးမှမိုက်တာတဲ့။ ငါလဲ အခုထိ မလိမ္မာဘူးတဲ့။ ငါတို့ညီအစ်ကိုက ကြီးမိုက်တွေတဲ့ကွ"

ညီညီက သူ့စကားကိုသူ သဘောကျကာ တဟားဟားနှင့် ရယ်သည်။ သူ့ရယ်သံက အသက်မပါ။ အားမရှိ၊ ချောင်းထဟွတ်ဟွတ် ဆိုးသည်။

"ဒီလိုင်လာ သတိမရတော့ဘူး"

ဆောင်းနှင်းစက်က ငိုသံပါနှင့်ပြောသည်။

"သူသေပြီလား မသိဘူး"

ဖြေသူမရှိ။ ဆောင်းနှင်းစက် ငိုကြွေးနေသည်။

"ကံပဲသမီးရေ။ ဒီအချိန်မှာ ဘုရားကလွဲပြီး အားကိုးစရာ မရှိတော့ဘူးလေ"

ရာစစ်မှူးကပြောမှ ဘုရားကိုသတိရကြသည်။

ဒီရေလှိုင်းကြီးက ဆိုးရွားလှသော အသံနက်ကြီးနှင့်အတူ အမောက်ထောင်၍ လာပြန်သည်။ အောင်ဒင်သည် ယခုတစ်ခါ သူတို့အသက်ကယ်လှေ ပျက်စီးကြေမွ၍ မသွားပါစေနှင့်ဟု ဆုတောင်းရင်းအံကြိတ်ထားလိုက်သည်။ လှိုင်းကြီးသည် သူတို့အနားမရောက်ခင် ငုပ်လျှိုးသွားရာ သူတို့သည် လှိုင်းပေါ်သို့ အလိုက်သင့် မြင့်တက်သွား၏။ ပြန်အကျတွင် ရေနှင့် ဝုန်းကနဲဆောင့်ပြန်သည်။

ညီညီ့ထံမှ ဘာသံမှ မကြားရတော့။

ဒီလိုင်လာသည်လည်း လောကကြီးကို စွန့်ခွာသွားပေပြီ။

ဆောင်းနှင်းစက် ငေးတိငိုင်တိုင် ဖြစ်နေသည်။

"မိဆောင်း။ အားတင်းထားစမ်း။ နောက်ထပ် လှိုင်းတစ်လုံး လာမယ်။ ကိုင်ထား။ မလွှတ်အောင်ကိုင်ထားစမ်း"

BURMESE CLASSIC .com



ရာစစ်မှူးက အော်ငေါက်လိုက်မှ ဆောင်းနှင်းစက် အသက်ဝင်သလိုဖြစ်သွားသည်။

နဂါးကြီးတစ်ကောင် အော်ဟစ်ညည်းညူ၍ အမောက်ကြီး ထောင်လာပြန်သည်။ ယခုတစ်ခါ ရေတွေ သူတို့လှေကို ကျော်သွားသည်။ လှိုင်းပြန်အကျတွင် လှေသည် ရေထဲမှကန်ထွက်ပြီး ပေါ်လာပြန်သည်။ လှေ၏ပတ်ပတ်လည် နံရံများတွင် ရေပေါ်ပေါ်စေသော ဖော့အမာများ တပ်ဆင်ထားသည့်အပြင် သစ်သားမှာလည်း ဖော့အားကောင်းသည့် ထင်ရှူးသားမျိုးဖြစ်သည်။ ဝေရီလွင်သည် ဤလှေမျိုးနှစ်စင်းကို နော်ဝေမှ မှာယူခဲ့သည်။ တစ်စင်းက သဘောနှင့်အတူ ပါသွားပြီ။

လှေပေါ်တွင် ညီညီမရှိတော့။ ညီညီသည် လှိုင်းကြီးမလာခင် ကပင် အသက်ဝိညာဉ် ကုန်ခမ်းသွားလေရာ လက်တွေက အားမရှိတော့။ ဘာကိုမှ ဆုပ်ကိုင်မထားနိုင်တော့။

ရာစစ်မှူးသည် အကောင်းဆုံးညီကို ဆုံးရှုံးလိုက်ရမှန်း သိသွားသည်။ ညီညီကိုရှာသည်။ မတွေ့ရ။

"ညီညီ"

သူ့အသံသည် လှိုင်းသံလေသံထဲတွင် မြုပ်နေသည်။

"ညီညီရေ"

သူ အသံကုန်အော်မိသည်။

"ဒီလိုင်လာ"

ဆောင်းနှင်းစက်ကလည်း ဒီလိုင်လာကို အော်သည်။ ဒီလိုင်လာသည်လည်း လှေပေါ်တွင်မရှိတော့။

Delilah (သို့) Dalilah ...

ရှေးဟောင်း ဂရိပုံပြင်ထဲမှ သူရဲကောင်းကြီး ဆမ်ဆင်၏ ချစ်သူရည်းစား ဒီလိုင်လာ။ သူမသည် ဆမ်ဆင်ကို သစ္စာဖောက်ပြီး ရန်သူများနှင့် သွားရောက်ပူးပေါင်းခဲ့သည်။

ဒီလိုင်လာသည် ပထမဆုံး ချစ်ဦးသူနှင့် အသည်းကွဲဖူးသည်။ ဒီနှင့် မိဘပေးထားသော နာမည်ရိုးရိုးလေးကို ကောက်ကျစ်လှည့်စား

www.burmeseclassic.com



၍ သစ္စာဖောက်တတ်သောမိန်းမဟု အဓိပ္ပာယ်ရသော ဒီလိုင်လာဟု အမည်ပြောင်းခဲ့သည်။ တကယ်တော့ ဘယ်သူ့ကိုမှ မကောက်ကျစ်ခဲ့ရ ဘယ်သူ့ကိုမှ မလှည့်စားခဲ့ရ၊ ဘယ်သူ့ကိုမှ သစ္စာမဖောက်လိုက်ရ မည်သူ့ကိုမှ မချစ်တော့သလို တစ်ယောက်သောသူမှလွဲ၍ မည်သူ့ကိုမှ မမုန်းတော့။

ယခုတော့ ဒီလိုင်လာသည် နက်ရှိုင်းလှသော ပင်လယ်ကြီးထဲတွင် ပျောက်သွယ်သွားပေပြီ။ ဆောင်းနှင်းစက် ငိုရှုံ့မဆုံး။

စက်လှေ၏အခြေအနေက ပိုဆိုးလာသည်။ လှေသည် မြုပ်လုမြုပ်ခင် ဖြစ်လာသည်။ လှိုင်းပုတ်လိုက်သောအခါ ယာနီသည် ရေထဲလွင့်ကျသွားပြန်သည်။

“ယာနီ”

ကာဒီသည် ရေထဲသို့ ချက်ချင်းခုန်ဆင်းပြီး ယာနီကို လိုက်ဆယ်သည်။ သူတို့နှစ်ယောက် တွဲမိသွားသည်။ လှေရှိရာသို့ အားကုန်ကူးခတ်လာကြသည်။ သူတို့ ရောက်လုရောက်ခင်တွင် လှေသည် ကွဲပြိုပြီး နစ်မြုပ်လေပြီ။ အင်ဂျင်ကလေးသဖြင့် အောင်ဒင်သည် အင်ဂျင်ကို ဖြုတ်ထုတ်လိုက်သည်။ လှေသည် မှောက်ခုန်ကြီးဖြစ်သွားသည်။ သူတို့အားလုံး လှေကို တွယ်ထားကြသည်။

အောင်ဒင့်မျက်နှာမှာ သစ်မြိုင်တို့၏လက်ချက်ကြောင့် ဒဏ်ရာတွေက မြင်မကောင်းအောင်ဖြစ်နေသည်။ မောင်ထူးကား အားယုန်ကို ရေဒါခန်းထဲတွင် ပစ္စတို(လ်)သေနတ်ဖြင့် ပစ်သတ်ခဲ့သည် သူတို့ကိုယ်ပေါ်တွင် လေးလံသောသေနတ်တွေ မရှိတော့။ သင်္ဘောပေါ်တွင် ထားရစ်ခဲ့လေရာ သင်္ဘောနှင့်အတူ နက်ရှိုင်းလှသော ရေအောက်သို့ ရောက်သွားလေပြီ။

ဆောင်းနှင်းစက်သည် အားပျော့နေသည်။ သူမ၏ပုံစံဟန်ပုံမရ။

“တောင့်ထားစမ်းမိဆောင်။ ဒီအကြောင်းတွေ ညည်းဆောင်းပါး ပြန်ရေးရလိမ့်မယ်သိလား။”



ထိုစကားကြောင့် ဆောင်းနှင်းစက် ထိတ်လန့်သွားသည်။ ဤအကြောင်းများကို ရာစစ်မှူးကိုယ်တိုင်ပြန်ရေးမှ လက်ရာကကောင်းတော့မည်ပေါ့။ သူမရေးဘဲ အဘယ်ကြောင့် မိမိကို လာရေးခိုင်းနေရပါသနည်း။

“ဆရာရေးရမယ်။ ဆရာမရေးလို့မဖြစ်ဘူး။ ဆရာရေးပါ”

ဆောင်းနှင်းစက် အော်ပစ်လိုက်သည်။

“ဆရာ ဘာလုပ်မလို့လဲ။ ဆရာ့ကို သမီးတို့ တန်ဖိုးထားတယ်နော်”

မွန်းတည့်နေကို မမြင်ရ။

သို့သော် အပူဒဏ်ကို အလူးအလိမ့်ခံရသည်။ မိုးက တိတ်နေပြန်သည်။ မိုးစက်များ၏ဒဏ်ကြောင့် သူတို့၏အင်္ကျီတွေ စုတ်ပြဲကုန်ပြီ။ ဆားရေကြောင့်လား၊ အက်စစ်မိုးများလားမသိ။ အဝတ်တွေ ဆွေးမြေ့ကုန်သည်။ ကာဒီသည် ယာနီကို အတင်းလိုက်ဆွဲပြီး ဆယ်ယူရာ ယာနီ့အင်္ကျီစုတ်ပြဲပြီး ရေထဲလွင့်မျောကုန်သည်။ ယာနီသည် ဘရာစီယာသာ ကျန်သည်။ ဝေရီလွင်၏ အပေါ်စပို့ရှပ်လက်တိုမှာလည်း မြင်မကောင်းအောင် စုတ်ပြဲနေပြီး အောက်ပိုင်းတစ်ဝက်ခန့်က မရှိတော့။ ဆောင်းနှင်းစက်၏တီရှပ်မှာလည်း ရှေ့ပိုင်း ထက်ခြမ်းကွဲနေသည်။

သို့သော် ယခုကဲ့သို့ ဘေးဒုက္ခဆိုးကြီး ကြုံနေရချိန်တွင် သူတို့မှာ အရှက်တရားဆိုတာ မရှိတော့။ အကြောက်တရားသာ ရှိတော့သည်။ ထိုအကြောက်တရားကြီးကသာ အရာရာကို လွှမ်းခြုံထားသည်။ ဒေါသကြီးလှသော ပင်လယ်ကြီးနှင့် မုန်တိုင်းကြီးက သူတို့ကို ဖိစီးနှိပ်စက်နေသည်။

“မိဆောင်။ လှေကိုမြဲမြဲကိုင်ထား။ ညည်းကိုယ်ပေါ်မှာ အသက်ကယ်အင်္ကျီ ရှိနေသေးတယ်။ မမြုပ်နိုင်ဘူး”

ရာစစ်မှူးက သတိပေးသည်။ သို့သော် ဖော့တုံးများဖြင့် လုပ်ထားသည့် အသက်ကယ်အင်္ကျီက ကြိုးတွေပြတ်နေပြီ။ ယာနီနှင့်

www.burmeseclassic.com



ကာဒီမှာလည်း အသက်ကယ်အင်္ကျီတွေက ပြတ်ထွက်နေသည်။ ရာစစ်မှူးသည် ပြောသာပြောရသည်။ သူ့ကိုယ်ခန္ဓာတွင် အသက်ကယ်အင်္ကျီမရှိတော့။ အင်္ကျီချွတ်ပြီး လှေဖာတုန်းက မျောပါသွားပြီထင်သည်။ ဝေရီလွင်တွင်လည်း အသက်ကယ်အင်္ကျီက ကြိုးပြတ်၍ ပါသွားလေပြီ။ အောင်ဒင်နှင့်မောင်ထူးမှာလည်း မရှိတော့။

"ဒီလှေက မမြှုပ်နိုင်ဘူး။ လှေကိုသာ မြဲမြဲကိုင်ထား"

အောင်ဒင်ကပြောသည်။ သူ့ကိုယ်တွင် အင်္ကျီပင်မရှိတော့။ ကျောပြင်တွင် မီးလောင်ကွက်တွေလို အပူလောင်ထားသည်။ ရာစစ်မှူး၏ကျောပြင်နှင့် ရင်ဘတ်တွင်လည်း ဤအတိုင်းပင်။ စပ်ဖျင်းဖျင်းနှင့် အခံရခက်လှသည်။ ရွာသွန်းခဲ့သောမိုးတွင် အက်စစ်မိုးတွေများ ပါလာခဲ့လားမသိ။

လှိုင်းကြီးများသည် အချိန်ကိုဝါးမျိုနေသည်။

သူတို့ရှေ့တွင် ကမ်းစပ်ကိုမြင်နေရသည်။ ထိုကမ်းစပ်ကို နေမဝင်ခင်မှ ရောက်ပါ့မလား။ သူတို့အားလုံး လှေတစ်ဘက်ထဲမှာ နေလိုက်သည်။ လှေကို ကမ်းဘက်သို့ဦးတည်ပြီး တွန်းကြသည်။ ခြေထောက်တွေက ခတ်သည်။ လှေက သူတို့ခြေထောက်များနှင့် ခတ်၍ ရွေ့လျားခြင်းမဟုတ်။ လှိုင်းတွေက သယ်ယူသွားသောကြောင့် ကမ်းဘက်ကို လျင်မြန်စွာရွေ့လျားနေခြင်းပင်။

ဝေရီလွင်သည် စကားမပြောတော့ဘဲ ငိုက်၍ငိုက်၍ ကျနေသည်။ သူမသည် ဆိုးပေ့ရမ်းပေ့ဆိုသော အာမက်အလီ၏ လက်ရွေးစင်လူဆိုးများနှင့် တိုက်ခိုက်ခဲ့ရသည်။ ရက်စက်ပေ၊ ကြမ်းပေ့ဆိုသော ပင်လယ်ဓားပြများနှင့် တိုက်ခိုက်ခဲ့သည်။ သူမ အလွန်ပင်ပန်းလှပြီ။ ယောက်ျားရင့်မာကြီးဖြစ်သော မိမိပင်လျှင် ဤမျှပင်ပန်းပြီး ခွန်အားဆို၍ စိုးစဉ်းမျှမကျန်ရှိတော့အောင် နုံးချိနေပါက ဝေရီလွင် မည်သို့မည်နည်း။

"ဝေ"

ရာစစ်မှူးက ဝေရီလွင်ကို နှိုးသည်။



ဝေရီလွင် ပြန်မထူး။

"ဝေ ... ဝေရေ"

"အင်း"

ဝေရီလွင် လူးလွန့်လာသည်။

သံမဏိမိန်းမသားသည် အသက်ကို ခက်ခဲစွာရှူနေရသည်။

"ဝေ သတိထား။ ကမ်းနဲ့နီးနီးလေး ကျန်တော့တယ်။ ကမ်းတောင် မြင်နေရပြီ"

ဝေရီလွင်သည် သူမ၏လက်တစ်ဖက်ကို ရာစစ်မှူး၏ လက်တစ်ဖက်နှင့် ခေါင်းစီးပဝါဖြင့် ချည်ထားခဲ့သည်။ ယခု ပဝါက ပြေလျော့ပြီး မျောပါသွားလေပြီ။

"ကိုကို"

"ကိုကိုရှိတယ်"

"ဝေတို့က လက်ချင်းပူးချည်ထားတာတောင် မမြဲဘူးနော်။ ဒေတို့ကံက ဆိုးပါတယ်။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ကံကဆိုးတာမဟုတ်ဘူး။ ဝေကဆိုးတာ။ ကံဆိုတာ အလုပ်ပဲ။ ဝေမဟုတ်ခဲ့ဘူး။ ငွေကြေးတွေက နောက်ဘဝအထိ မစောင့်တော့ဘူး"

ဝေရီလွင်၏လေသံက လေးလာသည်။

"ကိုကို့ကို အပါခေါ်ဖို့ ညီညီကို ဝေတိုက်တွန်းခဲ့တာပါ။ အစီအစဉ်တွေအားလုံး ချပေးခဲ့တာလဲ ဝေပဲ"

"ဝေရယ်"

"အခု ညီညီလဲ ဝေတို့အတွက် အသက်စွန့်သွားရပြီ"

"ကိုကိုလဲ ညီတစ်ယောက် ဆုံးရှုံးတာပါ"

"ဝေမရတော့ဘူးထင်တယ်"

ရာစစ်မှူးက အော်ပေါက်ပစ်သည်။

ဆောင်းနှင်းစက်သည် ငိုက်မြည်းနေရာမှ သတိပြန်ဝင်လာသည်။ ခြေထောက်တွေကို ခပ်သည်။ အားမရှိတော့။

"ဝေ ထိန်းထားစမ်း၊ အားမလျှော့ပစ်နဲ့။ ဝေက ကိုကို့ထက် ဘာသည်းမိန်းမပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝေသည် အဖျားတက်နေသည်။ တုန်တုန်ရီရီ ဖြစ်နေသည်။ ခွန်အားမရှိတော့။ မှန်တိုင်းကြီးက သူမ၏ကိုယ်ခန္ဓာအတွင်းမှ အားမှန်သမျှကို စုပ်ယူဝါးမျိုပြီးပြီ။

"ဝေဆိုးခဲ့တာတွေကို ကိုကိုခွင့်လွှတ်ရမယ်နော်"

"ကိုကိုက ခွင့်လွှတ်ပြီးသားပါ"

"တကယ်နော်"

"တကယ်ပေါ့"

"ကိုကို့ကို ဝေကန်တော့ပါတယ်"

ဝေရီလွင်သည် ပြောပြောဆိုဆို လှေကိုဖက်ထားသော လက်နှစ်ဖက်ကို လွှတ်ပစ်လိုက်သည်။ လှိုင်းအပုတ်တွင် သူမ၏ ကိုယ်ခန္ဓာသည် အဝေးသို့ လွင့်စဉ်သွားသည်။

"ဝေ ဒါဘာလုပ်တာလဲ"

ရာစစ်မှူး အော်လိုက်သည်။

"ငါလိုက်ဆယ်မယ်"

ရာစစ်မှူး ဝေရီလွင်ရှိရာသို့ အားတုန်ကူးတော့သည်။ သူ့နောက်သို့ ကာဒီလိုက်သည်။ ယာနီလိုက်မလို့လုပ်ပေမယ့် ဆောင်းနှင်းစက်က ဆွဲထားသည်။

"ယာနီမလိုက်နဲ့။ ယာနီ ကျန်းမာရေးမကောင်းဘူး"

တကယ်တော့လည်း ယာနီသည် ကူးခတ်နိုင်သည့်အင်အားမရှိ။

"ဆရာ"

ဆောင်းနှင်းစက် အော်ကြည့်သည်။

ပြန်ထူးသံမကြားရ။

ရာစစ်မှူးသည် ဆောင်းနှင်းစက်၏အသံကို ကြားရသော်လည်း ပြန်မထူးအား။ ဝေရီလွင်မျောပါသွားရာသို့ တရကြမ်း ကူးခတ်နေသည်။ ဝေရီလွင့်ကိုယ်ခန္ဓာကို ဖက်တွယ်မိတော့ သူ ခြေကုန်လက်ပန်းကျနေပြီ။ ကိုယ်ဖော့ပြီး ဝေရီလွင်ကို စစ်ဆေးရသည်။



"ဝေ"

ဝေရီလွင့်ရင်ကို စမ်းကြည့်သည်။ နားနှင့်ကပ်ပြီး နားထောင်ကြည့်သည်။ နှလုံးခုန်သံ မကြားရ။ အသက်လည်းမရှူတော့။ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ သွေးမခုန်တော့။

"ဝေရယ်"

ကာဒီ သူတို့ဘက်ကိုကူးလာတာ တွေ့ရသည်။

"ကာဒီ ပြန်လှည့်တော့"

"ကာဒီ ကူပြီးဆွဲပေးမယ်။ ဆရာတစ်ယောက်တည်း ဆွဲဖို့မလွယ်ဘူး"

"သူသေပြီကာဒီ။ လှေဆီရောက်အောင်ပြန်သွား"

ကာဒီကြောင်နေသည်။

"သွားလေ။ ပိုဝေးသွားမယ်"

ကာဒီကို ငေါက်လွှတ်မှ မျက်ရည်တွေကျပြီး လှေနောက်ကို ပြန်လိုက်သည်။ ရာစစ်မှူးကား ဝေရီလွင်ကို ဖက်လျက်သားကျန်ခဲ့သည်။ လောကမှာ သူအချစ်ဆုံး၊ အမြတ်နိုးဆုံးမိန်းမ၊ သူတွေ့ဖူးသမျှ မိန်းမတွေအနက် အလှဆုံး၊ အချောဆုံး၊ အထက်မြက်ဆုံးနှင့် အရက်စက်ဆုံးမိန်းမ။ ဥာဏ်များသလောက် ကံကလည်းမတရား။

ရာစစ်မှူး ဝေရီလွင်ကို မြတ်နိုးစွာဖက်တွယ်ထားသည်။ သူ့မှာ ကူးခတ်နိုင်သောခွန်အားဆို၍လည်း မရှိတော့။ လှေကိုလည်း မမြင်ရတော့။

ကာဒီသည် အတော်ကြာမှ လှေကိုမှီလာသည်။ သူမ အသက်ပင် ဝအောင်မရှူနိုင်။ သောက်စရာရေလည်း မရှိ။

"ဆရာရော"

ကာဒီမဖြေနိုင်။

"မမရော ... ကာဒီ"

"မမ ... သေသွားပြီ။ ဆရာက သူ့ကိုဖက်ပြီးကျန်ခဲ့တယ်။ ပြန်လိုက်လာမလားလို့ ကာဒီ ခဏခဏလှည့်ကြည့်တယ်။ ဆရာ မမကိုဖက်ထားတာပဲ တွေ့ရတယ်"

www.burmeseclassic.com



ဆောင်းနှင်းစက်ရော၊ ကာဒီရော ငိုကြွေးကြရတော့သည်။ အောင်ဒင်နှင့် မောင်ထူးလည်း မျက်ရည်မဆည်နိုင်။ သူတို့ချစ်သော ဒေဝီအတွက် ကြေကွဲ၍မဆုံး။ ယာနီကား သတိလစ်ချင်နေသည်။

"အဲဒါ ... အဲဒါ ... မမသေလို့ ဆရာလိုက်သေတာ။ ဆရာက ဘာမှဖြစ်တာမဟုတ်ဘူး။ မမကာ လက်ပန်းကျနေတာ"

ဆောင်းနှင်းစက် ကြေကွဲစွာရေရွတ်သည်။

သူတို့လှေသည် ညနေစောင်းတွင် ပုသိမ်မြစ်နှင့် သက်ကယ်သောင်မြစ်ကြားရှိ ပြင်ခရိုင်ဒေသကြီး၏ အနောက်ဘက်ကမ်းခြေမှ ရွာတစ်ရွာသို့ ဆိုက်ရောက်သွားသည်။ ထိုရွာလေးမှာ ခနိုမိုးအိမ်များသာ ဖြစ်သဖြင့် လုံးဝကြေမွနေပေပြီ။ ရွာသားတွေကို မတွေ့ရ။ သူတို့ မီးရောင်များမြင်ရသည့် ပြင်ခရိုင်ရွာကြီးကို လျှောက်သွားရသည်။ ဆောင်းနှင်းစက်၊ ယာနီနှင့် ကာဒီကို အောင်ဒင်နှင့် မောင်ထူးက ရအောင်တွဲခေါ်လာသည်။ ဘုန်းကြီးကျောင်းရောက်တော့ ရေချိုး အဝတ်လဲ သောက်ရသည်။ တစ်ရေးမှမနိုးအောင်ပင် အိပ်ပျော်ကုန်ကြသည်။

နောက်တစ်နေ့တွင် ရေတပ်က ဆန်အိတ်လာပေးသဖြင့် ဝေမျှ၍စားကြရသည်။ ဤအကူအညီကား သူတို့ပထမဆုံး ရရှိသော အကူအညီပင်တည်း။

ငါးရက်အကြာတွင်ရောက်လာသော တပ်မတော်(ရေ)ကို ကယ်ဆယ်ရေးအဖွဲ့ဖြင့် သူတို့ ပုသိမ်မှတစ်ဆင့် ရန်ကုန်သို့ ပြန်ရောက်လာကြသည်။

ဆောင်းနှင်းစက်ကား ရင်ထဲတွင် လှိုမ်းဆွတ်ကြေကွဲသမျှကို ပြန်ပြောရလျှင် ရင်နာလွန်းသဖြင့် စကားသိပ်မပြောတော့ပေ။ ကာဒီနှင့် ယာနီသည် မလေးရှားသို့ ပြန်သွားသည်။ အောင်ဒင်နှင့် မောင်ထူးကား နောက်တစ်ခါ ပြည်ပသို့ထွက်ခွာရန် လုံးဝမစဉ်းစားတော့ပေ။

**တင်သန့်ဦး**

၁၇-၇-၂၀၀၀